WORLD BANK GROUP

EMR

# လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

## အစီရင်ခံစာ အပိုင်း (၄)



ဒီဇင်ဘာလ၊ ၂၀၁၄

Livelihoods and Food Security Trust Fund

LIFT

# လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ

# စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ

**စတုတ္ထအကြိမ်လေ့လာမှုအစီရင်ခံစာ**

၂၀၁၄ခုနှစ်၊ဒီဇင်ဘာလ။

အသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT) အတွက်

ကမ္ဘာ့ဘဏ်နှင့်ပညာအလင်းပွင့်မြန်မာသုတေသနအဖွဲ့(EMR) တို့ပူးတွဲပြုစုပါသည်။

ဤအစီရင်ခံစာသည်ကမ္ဘာ့ဘဏ်မှ စာမူစိစစ်ရေးမူအတိုင်းစိစစ်သုံးသပ်ထားသော စာတမ်းတစ်စောင်မဟုတ်ပါ။သို့ဖြစ်ပါ၍ဤစာတမ်းပါတွေ့ရှိချက်များသည် စာရေးသူ၏အမြင်နှင့်သုံးသပ်ချက်များသာဖြစ်ပြီးကမ္ဘာ့ဘဏ်(သို့မဟုတ်)၎င်းနှင့်သက်ဆိုင်သောအဖွဲ့အစည်းများ (သို့မဟုတ်)၊ ကမ္ဘာ့ဘဏ်၏အမှုဆောင်ညွှန်ကြားရေးမှူးများ (သို့မဟုတ်)၊ ၎င်းတို့၏ကိုယ်စားပြုရာနိုင်ငံများ၏အာဘော်နှင့်အမြင်မဟုတ်ကြောင်းဖော်ပြအပ်ပါသည်။

ကမ္ဘာ့ဘဏ်သည်ဤစာတမ်းပါအချက်အလက်များ၏ထိခိုက်လွယ်ကူမှုကိုအာမခံချက်မပေးနိုင်ပါ။ ဤစာတမ်းတွင်ပါရှိသောမြေပုံများ၌ဖော်ပြထားသည့်နယ်နိမိတ်များ၊အရောင်များ၊အမည်ပေးသတ်မှတ်ချက် များ၊အခြားသတင်းအချက်အလက်များသည်၎င်းနယ်မြေ၏တရားဝင် တည်ရှိမှုအခြေအနေအပေါ် အတည်ပြုထောက်ခံသည့်သဘောမျိုးတစ်စုံတစ်ရာမရှိပါကြောင်း။

## အသိအမှတ်ပြုကျေးဇူးတင်လွှာ

မြန်မာနိုင်ငံရှိဆင်းရဲသားများနှင့်အားနည်းထိခိုက်လွယ်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက်အထောက်အပံ့ပေးကြသောသြစတြေးလျ၊ဒိန်းမတ်၊ ဥရောပသဂ္ဂ၊ နယ်သာလန်၊ နယူးဇီလန်၊ဆွီဒင်၊ဆွစ်ဇာလန်နှင့်ယူနိုက်တက်ကင်းဒမ်းနိုင်ငံများကိုကျေးဇူးတင်ပါသည်။

## ငြင်းဆိုချက်

ဤစာတမ်းပါကြသောသြစတြေးလျ၊ဒိန်းမတ်၊ဥရောပသမဂ္ဂ၊နယ်သာလန်၊နယူးဇီလန်၊ဆွီဒင်၊ဆွစ်ဇာလန်နှင့်ယူနိုက်တက်ကင်းဒမ်းနိုင်ငံများ၏ငွေကြေးဆိုင်ရာပံ့ပိုးမှုဖြစ်ပါသည်။သို့သော်ဤစာတမ်းပါသုံးသပ်ချက်များ၊ အမြင်များသည်ဥရောပသမဂ္ဂ (သို့မဟုတ်) သြစတြေးလျ၊ဒိန်းမတ်၊ဥရောပသမဂ္ဂ၊နယ်သာလန်၊နယူးဇီလန်၊ဆွီဒင်၊ဆွစ်ဇာလန်နှင့်ယူနိုက်တက်ကင်းဒမ်းနိုင်ငံများ၏တရားဝင်သဘောထားအမြင်များမဟုတ်ပါကြောင်းသိစေအပ်ပါသည်။

Livelihoods and Food Security Trust Fund

## မာတိကာ


အနှစ်ချုပ် ..... 10

အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုများနှင့်ရလဒ်များ ..... 10

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုမည်သည့်အရာကအကျိုးသက်ရောက် နေပါသနည်း။ ..... 11

အခက်အခဲရင်ဆိုင်ကျော်လွှားသည့် ပုံစံများ ..... 12

လူမှုဆက်ဆံရေးများ ..... 13

အကြံပြုချက်များ ..... 15

အခန်း (၁) - နိဒါန်း ..... 16

  လေ့လာဆန်းစစ်မှုမူဘောင် ..... 17

  သုတေသနပြုမှုနည်းလမ်း ..... 18

  အစီရင်ခံစာ၏ဖွဲ့စည်းတည်ဆောက်ပုံ ..... 23

အခန်း (၂) ..... 25

လူတွေဘာလုပ်ကြသနည်း- အသက်မွေးဝမ်းကျောင်းလုပ်ငန်း ..... 25

ရွေးချယ်မှုများနှင့်ရလဒ်များ ..... 25

  ခြုံငုံပြောင်းလဲမှုများ ..... 25

  စိုက်ပျိုးရေး ..... 26

  အထွက်နှုန်းကောင်းခြင်း ..... 26

  စိုက်ပျိုးရေးမဟုတ်သောအလုပ်မျိုးစုံ ..... 29

  ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းနှင့်ငွေပြန်လွှဲပို့ခြင်းများ ..... 32

  ရွှေ့ပြောင်းလုပ်ကိုင်မှုတိုးလာခြင်း ..... 32

  ရွှေ့ပြောင်းလုပ်ကိုင်သည့်ပုံစံများသည်ဒေသအလိုက်များစွာကွဲပြားခြားနားခြင်း ..... 33

  ရွှေ့ပြောင်းလုပ်ငန်းများကို ရွေးချယ်ရာတွင် အဆက်အသွယ်ရှိခြင်းက ပုံဖော်ပေးနေခြင်း ..... 35

  မညီမျှမှုများတိုးလာခြင်းကြောင့်ထိခိုက်နိုင်မှုအလားအလာများ ..... 37

  ဖယ်ကျဉ်းခံဆင်းရဲသားများ - အကျိုးကျေးဇူးမရရှိကြသူများ ..... 37

  ထိခိုက်လွယ်သောဆင်းရဲသားများ - အကျိုးကျေးဇူးရရှိသော်လည်း၊နည်းပါးသူများ ..... 38

  လူမှုအဆင့်အတန်းပြောင်းလဲမှုအပေါ်အမြင်များနှင့်ပြောင်းလဲမှုအတွက်စိတ်နေစိတ်ထားများ ..... 40

အခန်း (၃) –အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မည်သည့်အရာက အကျိုး
သက်ရောက်နေပါသနည်း - လုပ်သား၊မြေယာနှင့်ကြွေးမြီများကိုအထူးပြုလေ့လာခြင်း ..... 42

  လုပ်သား ..... 43

  လုပ်သားဈေးကွက်၏အလားအလာများ ..... 44

  လုပ်အားခများ၊ငွေပေးချေမှုစည်းကမ်းများနှင့်စိုက်ပျိုးရေးပုံစံများအပေါ်အကျိုးသက်ရောက်မှု ..... 44

  စက်ယန္တရားအသုံးပြုခြင်း၏အကျိုးသက်ရောက်မှု ..... 47

  မြေယာနှင့်သဘာဝသယံဇာတများ ..... 50

  မြေယာမှတ်ပုံတင်ခြင်း ..... 50

  မြေယာအငြင်းပွားမှုများ ..... 56

  သဘာဝသယံဇာတများအားစီမံခန့်ခွဲခြင်း ..... 59

ချေးငွေလက်လှမ်းမီခြင်း......61
အခန်း (၄) -အခက်အခဲများကိုရင်ဆိုင်ဖြေရှင်းသည့်နည်းလမ်းများ ......65
ပြဿနာနှင့်ထိခိုက်မှုအမျိုးအစားများ ......65
ရင်ဆိုင်ဖြေရှင်းသည့်နည်းလမ်းများ ......66
ကျေးရွာအဆင့်တုန့်ပြန်မှုများ ......67
အစိုးရ၏တုန့်ပြန်မှုများ ......70
အခန်း(၅)......72
လူမှုဆက်ဆံရေးနှင့်အဖွဲ့အစည်းများ......72
လူမှုဆက်ဆံရေးများ......72
လူမှုဆိုင်ရာအရင်းအနှီး......73
ရာဇဝတ်မှု ......76
အစိုးရနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း ......77
ဒေသခံပြည်သူများ၏လိုလားချက်အသံများတိုးမြင့်လာခြင်း ......77
အစိုးရအဖွဲ့အစည်းများအပေါ်သက်ရောက်သောဖိအားများ ......79
လူမှုဆက်ဆံရေးအတွက်ဖော်ပြချက်များ ......80
ကျေးရွာအဆင့်အဖွဲ့အစည်းများ......81
ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ ......82
လူမှုဆက်ဆံရေးများအတွက်ဖော်ပြချက်များ ......83
ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ ......85
အခန်း(၆)......86
ပြင်ပမှထောက်ပံ့ကူညီမှုများ......86
ပံ့စံများကိုခြုံငုံကြည့်ခြင်း......86
အစိုးရ၏အထောက်အပံ့များ ......87
ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များ......89
ဒေသခံပြည်သူများ၏သဘောထားအမြင်များ ......91
အလှူရှင်များ၏အထောက်အပံ့စီမံကိန်းများ ......93
သုံးသပ်ချက်များနှင့်အကြံပြုချက်များ ......96
အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ......97
အဓိကတွေ့ရှိချက်များ......97
သုံးသပ်ဖော်ပြချက်များ ......98
နိုင်ငံတော်နှင့်ပြည်သူဆက်ဆံရေး ......99
အဓိကတွေ့ရှိချက်များ......99
သုံးသပ်ဖော်ပြချက်များ ......99
ပြင်ပမှကူညီထောက်ပံ့မှုမျာ......100
အခြားအလားအလာများ......101
မြေယာ......101
လုပ်သားနှင့်စက်ယန္တရား......102

ငါးဖမ်းလုပ်ငန်း ....... 102

**ဇယားများစာရင်း**

ဇယား ( 1) - QSEM သုတေသနအစီအစဉ်တွင်လေ့လာခဲ့သည့်တိုင်းဒေသကြီးနှင့်ပြည်နယ်များ ....... 18
ဇယား( 2) -QSEM 3 နှင့် QSEM 4 လေ့လာမှုအတွင်းအဓိကသီးနှံစိုက်ပျိုးသည့် ရာသီစက်ဝန်းနှင့်ဆက်စပ်မှု ....... 22
ဇယား ( 3 ) - QSEM 4 လေ့လာမှုတွင်တိုင်းဒေသကြီး/ပြည်နယ်အလိုက်တစ်ဦးချင်းတွေ့ဆုံမေးမြန်းခြင်း (KII) နှင့်ဦးတည်အုပ်စုအလိုက်ဆွေးနွေးခြင်း (FGD) ပြုလုပ်ခဲ့သည့်အကြိမ်အရေအတွက် ....... 23
ဇယား( 4 ) - တိုင်းဒေသကြီး/ပြည်နယ်အလိုက်အသက်မွေးဝမ်းကျောင်းလုပ်ငန်း များတိုးတက်ခဲ့သည့်နယ်ပယ်များ ....... 26
ဇယား(5) - တိုင်းဒေသကြီး/ပြည်နယ်အလိုက်အဓိကသီးနှံများမှဝင်ငွေရရှိမှုအခြေအနေ ....... 28
ဇယား( 6) - ဒေသအလိုက်အဓိကသတင်းပေးသူများပြောကြားသည့်ရွှေ့ပြောင်းလုပ်ကိုင်မှုပုံစံများ ... 34
ဇယား( 7) – မိုးသီးနှံရိတ်သိမ်းခြင်း (အောက်တိုဘာလမှဒီဇင်ဘာလ) အတွက် အမျိုးသားလုပ်သားများ၏တစ်နေ့လုပ်အားခများ (ကျပ်) ....... 45
ဇယား (8) မိုးသီးနှံရိတ်သိမ်းခြင်း (အောက်တိုဘာလမှဒီဇင်ဘာလ) အတွက် (အမျိုးသားလုပ်သားများနှင့်လုပ်အားခ ကွာခြားမှုရှိသော) အမျိုးသမီးလုပ်သားများ၏နေ့စဉ်လုပ်အားခများ (ကျပ်) ....... 45
ဇယား(9) – QSEM လေ့လာမှုတွင်ပါဝင်သောကျေးရွာများရှိ ခန့်မှန်းစက်ယန္တရားအရေအတွက်နှင့်အမျိုးအစား ....... 48
သာဓက (10) – မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတိုးတက်မှု (မြို့နယ်/ကျေးရွာအရေအတွက်) ....... 51
ဇယား (11) – မြေယာဈေးကွက်မှဖယ်ကျဉ်ခံရနိုင်သည့်အလားအလာများ ....... 52
ဇယား (12) – မြေယာပြဿနာအသစ်များရှိနေသည့်ကျေးရွာအရေအတွက် (QSEM 4 သုတေသန မပြုလုပ်မီ၁၂လအတွင်း) ....... 56
ဇယား (13) – ဒေသအလိုက် ချေးငွေရင်းမြစ်များစာရင်းနှင့် အတိုးနှုန်းပြောင်းလဲမှုများ ....... 62
ဇယား(14) – ဒေသအလိုက်ကျေးရွာများရှိလူမှုဆက်ဆံရေးများ ....... 73
ဇယား (15) – ဒေသအလိုက်ရာဇဝတ်မှုကြီးများ (QSEM 2/3 နှင့် QSEM 4 တို့ကိုနှိုင်းယှဉ်ခြင်း) ....... 76
ဇယား (16) – အရပ်သားများပူးပေါင်းပါဝင်မှုတိုးတက်လာခြင်း ....... 78
ဇယား(17) – QSEM လေ့လာမှုများအတွင်းအစိုးရနှင့်အလှူရှင်များ၏စီမံကိန်းများအရေအတွက် ...... 87
ဇယား (18) – တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင်ပြောင်းလဲမှုများအားအကျဉ်းချုပ်တင်ပြခြင်း ...... 96

**ပုံများစာရင်း**

ပုံ( 1 )QSEM လေ့လာမှုအတွက်သရုပ်ခွဲဆန်းစစ်သည့်မူဘောင် ....... 20
ပုံ( 2) QSEM သုတေသနအစီအစဉ်တွင် လေ့လာခဲ့သည့် မြို့နယ်များ 21_Toc434485005_သာဓက( 4) - မန္တလေးတိုင်းဒေသကြီးတွင်စိုက်ပျိုးရေးမဟုတ်သောဝင်ငွေများရရှိသည့်ဖြေကြားသူအချိုး ....... 31
ပုံ (5) - ကျေးရွာအလိုက်ရွှေ့ပြောင်းလုပ်ကိုင်သည့်ခန့်မှန်းလူဦးရေအချိုး ....... 33
ပုံ (6) – QSEM ကျေးရွာများတွင်တွေ့ရှိရသည့်ပြင်းထန်သောသက်ရောက်မှုများ (ကျေးရွာအရေအတွက်) ....... 66
ပုံ (7) – QSEM ကျေးရွာများတွင်တွေ့ရှိရသည့်အစိုးရစီမံကိန်းအရေအတွက် (ယခင်အကြိမ်များနှင့်နှိုင်းယှဉ်ချက်) ....... 88

**သာဓကများ**


သာဓက( 1) - ဥပဒေယာဉ်ခြံများပြောင်းလဲစိုက်ပျိုးခြင်းသည်ချင်းပြည်နယ်ရှိအိမ်ထောင်စုများအား ကူညီပေးပါသည်၊ သို့သော်ချမ်းသာသူများကအကျိုးအမြတ်ပိုမိုရရှိနိုင်ကြပါသည်။ ............ 28

သာဓက (2) အကူအညီပေးရေးအစီအစဉ်များနှင့်ငွေပြန်လွှဲပို့ခြင်းများကြောင့် လူများသည်အလုပ်မျိုးစုံလုပ်နိုင်စွမ်း ရှိလာပါ သည်။ ............ 31

သာဓက (3) - အဆက်အသွယ်ရှိခြင်း၊စိုက်ပျိုးရေးမှ ဝင်ငွေနည်းပါးခြင်းနှင့်ပို့ဆောင်ဆက်သွယ်ရေး လွယ်ကူလာခြင်းကြောင့် ရွှေ့ပြောင်းလုပ်ကိုင်မှုများတိုးတက်လာပါသည်။ ............ 35

သာဓက ( 4) မန္တလေးဒေသမှတရားမဝင်ရွှေ့ပြောင်းလုပ်သားများရင်ဆိုင်ရသောအခက်အခဲများ။ ............ 37

သာဓက (5 ) ချင်းပြည်နယ်တွင်အမြဲတမ်းစိုက်ပျိုးရေးလုပ်ငန်းသို့ အသွင်ကူးပြောင်းခြင်းသည်မညီမျှမှုများကိုဖြစ်ပေါ်စေနိုင်ခြင်း ............ 39

သာဓက (6) မကွေးနှင့်ဧရာဝတီဒေသများတွင် ကျပန်းလုပ်သားများစုပေါင်း၍ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများ အတွက်ညှိနှိုင်းနိုင်စွမ်းရှိလာခြင်း ............ 46

သာဓက (7) လုပ်အားခမြင့်တက်လာခြင်းနှင့်လုပ်သားရှားပါးမှုကြောင့် စွန့်ဦးထွင်လုပ်ငန်းရှင်များ၏ရိတ်သိမ်း စက်ငှားရမ်းသည့်စီးပွားရေးလုပ်ငန်းများအောင်မြင်လာခြင်း ... 48

သာဓက (8) မြေယာမူဝါဒပြောင်းလဲမှုဆိုင်ရာ သတင်းအချက်အလက်များ မရရှိခြင်းကြောင့်လက်တစ်လုံးခြား အဂတိလိုက်စားမှုများတိုးလာခြင်း............ 51

သာဓက (9) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်အရေးဆိုရန် လွှတ်တော်ကိုအောင်မြင်စွာ အသုံးချနိုင်ခြင်းကြောင့် အနီးရှိမြို့နယ်တွင်ဆန္ဒပြမှုများဖြစ်လာစေခြင်း ............ 53

သာဓက (10) ငွေကြေးအရင်းအနှီးများခြင်းကြောင့်ချမ်းသာသူများ ကမြေယာဥပဒေအပြောင်း အလဲများမှ အကျိုးအမြတ်များစွာရရှိနိုင်ခြင်း............ 54

သာဓက (11) လူနေအိမ်များအတွက်ဝယ်လိုအားမြင့်လာခြင်းနှင့် မြေယာမှတ်ပုံတင်ကြောင့် လယ်သမားငယ်များ က မြေရောင်းနိုင်စွမ်းရှိလာခြင်းတို့ကြောင့် မြေအသုံးချမှုပြောင်းလဲခြင်းများဖြစ်ပေါ်စေခြင်း............ 56

သာဓက (12) လူနေအိမ်များအတွက်ဝယ်လိုအားမြင့်လာခြင်းနှင့် မြေယာမှတ်ပုံတင်ကြောင့် လယ်သမားငယ်များ က မြေရောင်းနိုင်စွမ်းရှိလာခြင်းတို့ကြောင့် မြေအသုံးချမှုပြောင်းလဲခြင်းများဖြစ်ပေါ်စေခြင်း............ 57

သာဓက (13) – ဖြစ်စဉ်လမ်းကြောင်းလိုက်ခြင်း - မြေယာများကို မမှန်မကန်မှတ်ပုံတင်ရန်အတွက် သတင်းအချက် အလက်ကွာဟချက်များကို အသုံးချရန်ကြိုးပမ်းမှုများ ............ 58

သာဓက (14) ရှမ်းပြည်နယ်ရှိ မြေသိမ်းမှုများကို ဖြေရှင်းရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများ ......... 59

သာဓက (15) သာဓကများကို နှိုင်းယှဉ်လေ့လာခြင်း - မကွေးနှင့် ရှမ်းဒေသတို့တွင် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု တိုးတက်စေရေးအတွက် ကျေးရွာများစုပေါင်းဆောင်ရွက်သည့် လုပ်ငန်းများ............ 60

သာဓက (16)ဒေသခံခေါင်းဆောင်များကကျေးရွာများစုပေါင်းဆောင်ရွက်သည့် လုပ်ငန်းအတွက် တိုင်းရင်းသား အုပ်ချုပ်ရေးအဖွဲ့ ၊နိုင်ငံတော်အစိုးရနှင့် NGOs များ၏အကူအညီရရှိစေရန်ပံ့ပိုးကူညီပေးခြင်း............ 67

သာဓက ( 17) – မန္တလေးဒေသတွင်ကျေးရွာရန်ပုံငွေဖြင့်လူမှုရေးအကူအညီများ ထောက်ပံ့ပေးနိုင်ခြင်း............ 68

သာဓက (18) – ရခိုင်ပြည်နယ်မှကျေးရွာသားများကထိုင်းရဲများ၏ အဖမ်းခံနေရသော ရွှေ့ပြောင်းလုပ်သားများ လွတ်မြောက် စေရေးအတွက် အလှူငွေများစုဆောင်းပေးကြခြင်း............ 69

သာဓက (19) - ချင်းပြည်နယ်တွင်ဝန်ဆောင်မှုကွာဟ ချက်များကိုဖြည့်ဆည်းပေးရန် ဆောင်ရွက်သော စုပေါင်း လုပ်ငန်း များ၌ ဒေသခံခေါင်းဆောင်မှု၏အခန်းကဏ္ဍ ............ 74

သာဓက (20)ရွှေ့ပြောင်းလုပ်သားများအားကျေးရွာ အရေးကိစ္စများမှ
ဖယ်ကျဉ်ထားခြင်းကိုဖြေရှင်းသည့်နည်းလမ်းအမျိုးမျိုး ........ 75
သာဓက (21) မကွေးဒေသရှိအရက်ဆိုင်တစ်ဆိုင်၌တိုက်ခိုက်ခံရမှုကို ဖြေရှင်းရာတွင်မမျှတမှုများနှင့်
ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦး၏အာဏာအလွဲသုံးမှုအပေါ်သဘောထားအမြင်များ ........ 76
သာဓက( 22) မန္တလေးဒေသတွင်ကျေးရွာသားများ ကရုပ်မြင်သံကြားဖမ်းစက်
များဝေပေးရာတွင်မမျှတမှုကိုကန့်ကွက်ခြင်း ........ 78
သာဓက (23) ရောဝတီနှင့်ရခိုင်ဒေသတို့တွင်အသေးစားနှင့်တစ်ပိုင်တစ်နိုင်ငါးဖမ်းသူများ အနေဖြင့်
ငါးဖမ်းခြင်းကိုကြီးကြပ်သည့် စည်းမျဉ်းများအာဏာသက်ရောက်မှုမရှိခြင်းကိုရင်ဆိုင်နေရခြင်း ........ 79
သာဓက (24) ကျေးရွာများသည်အရေးဆိုရန်အတွက် လွှတ်တော်နှင့်မီဒီယာများအား
ချိတ်ဆက်ခြင်းအားဖြင့် အခြေခံ အဆောက် အအုံများ လက်ခံရရှိရေးအတွက်ယှဉ်ပြိုင်နေကြခြင်း ..... 81
သာဓက (25) ကုန်ကျစရိတ်များခြင်းနှင့်လစာဆုကြေးများနည်းပါးခြင်းကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး
လုပ်ရန်မက်လုံးများနည်းလာခြင်း ........ 83
သာဓက( 26) ရောဝတီတိုင်းဒေသကြီးတွင်ခန့်အပ်ထားသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက
ကျေးရွာ၏လူမှုရေး သဟဇာတဖြစ်မှုကိုဖျက်ဆီးလိုက်ခြင်း ........ 84
သာဓက( 27) - ရှမ်းပြည်နယ်တွင် (VDSC) သည်ကျောင်းသုံးပစ္စည်းများအတွက်ရန်ပုံငွေခွဲဝေ
ပေးရန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်ဆွေးနွေးညှိနှိုင်းခဲ့ခြင်း ........ 85
သာဓက (28) ကျေးရွာချင်းဆက်တံတားတည်ဆောက်ရန်အတွက် ကျေးရွာသားများကအလှူငွေနှင့်
လုပ်အားထည့်ဝင်ခဲ့ပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီမှတစ်ဆင့် NGO
တစ်ခု၏အကူအညီကိုတောင်းခံခဲ့ခြင်း ........ 91
သာဓက (29)– အစိုးရ၏ရန်ပုံငွေထောက်ပံ့ရေး လုပ်ထုံးလုပ်နည်းများတွင်ပြောင်းလွယ်ပြင်လွယ်
မရှိခြင်းကြောင့် ကျေးရွာသားများ အတွက် ပြဿနာများဖြစ်ပေါ်လာခြင်း ........ 92
သာဓက(30) – မကွေးဒေသတွင်ကျေးရွာသားများနှင့်ငွေချေးစားသူများက NGO
များတည်ထောင်ထား သည့်အရင်းမပျောက် လှည့်ပတ်ရန်ပုံငွေများ ကိုပုံစံတူပြုလျက်အရင်း
မပျောက်လှည့်ပတ်ရန်ပုံငွေများ နှင့်ငွေချေးအုပ်စုများတည်ထောင်လာကြခြင်း ........ 93
သာဓက (31) – ကျေးရွာသားများကမျိုးစေ့များရယူမည့် အစားရိတ်သိမ်းစက်တစ်လုံးကို
တောင်းဆိုကြခြင်း........ 95

**လူမှုရေးနှင့်စီးပွားရေးဆိုင်ရာစောင့်ကြည့်လေ့လာမှုအစီရင်ခံစာ**

**စတုတ္ထအကြိမ်လေ့လာမှုအစီရင်ခံစာ**

## အနှစ်ချုပ်

**မြန်မာနိုင်ငံ၊အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏လူမှုရေးနှင့်စီးပွားရေးဆိုင်ရာစောင့်ကြည့်လေ့လာခြင်း (QSEM)သုတေသနအစီအစဉ်သည် မြန်မာနိုင်ငံ၏ ကျေးလက်လူနေမှုဘဝအား ထင်ဟပ်ဖွင့်ဆိုနိုင်ရန်ရည်ရွယ်သည်။** ဤသုတေသနအစီအစဉ်တွင် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနည်းဗျူဟာများကိုလည်းကောင်း၊ထိုနည်းဗျူဟာများကိုပံ့ပိုးပေးနေသည့်အချက်အလက်များကိုလည်းကောင်း၊ လူမှုရေးနှင့်အဖွဲ့အစည်းဆိုင်ရာ သွင်ပြင်လက္ခဏာများက ပြည်သူများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုများနှင့်ရလဒ်များအပေါ် မည်သို့သက်ရောက်သည်ကိုလည်းကောင်း ပိုမိုကျယ်ပြန့်စွာ လေ့လာဆန်းစစ်ထားပါသည်။ ဤသုတေသနလုပ်ငန်းတွင် တိုင်းဒေသကြီး/ပြည်နယ် (၆)ခုရှိကျေးရွာပေါင်း (၅၄) ရွာကိုလေ့လာထားပြီး၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးအဖွဲ့ (LIFT) မှလုပ်ငန်းဆောင်ရွက် နေသောစိုက်ပျိုးရေးဇုန်များဖြစ်သည့် (၁) အပူပိုင်းခြောက်သွေ့ဇုန် (မကွေးနှင့်မန္တလေးတိုင်းဒေသကြီး)၊ (၂) ကမ်းရိုးတန်းဇုန် (ရခိုင်ပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီး) နှင့် (၃) တောင်ပေါ်မြေမြင့်ဇုန် (ချင်းနှင့်ရှမ်းပြည်နယ်) တို့ကိုလွှမ်းခြုံလေ့လာထားသည်။ ဤစတုတ္ထအကြိမ်သုတေသနပြုခြင်းမှလေ့လာတွေ့ရှိချက်အစီရင်ခံစာကို၂၀၁၄ခုနှစ်မတ်လမှမေလအထိအချိန်ယူဆောင်ရွက်ထားပါသည်။

**ယခင် QSEMလေ့လာမှုများနှင့်နှိုင်းယှဉ်ပါကသိသာထင်ရှားသောပြောင်းလဲမှုအချို့ကိုတွေ့ရှိခဲ့ရပါ သည်။**

၁။ ခြုံငုံကြည့်ပါက ကျေးရွာသားများသည် ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင်ကောင်းမွန်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်ခဲ့ကြသည်။ သို့ရာတွင်ထိုပြောင်းလဲမှု အများစုမှာ လုပ်ငန်းဖွဲ့စည်းတည်ဆောက်ပုံနည်းလမ်းများပြောင်းလဲခြင်းကြောင့်ထက် ရာသီဥတုနှင့်ဈေးကွက်အခြေအနေ ကောင်းမွန်သောကြောင့် ဖြစ်ပါသည်။

၂။ ပြည်သူများနှင့်အစိုးရအဖွဲ့အစည်းများအကြားအပြန်အလှန်ဆက်ဆံရေးများမှာမပြောပ လောက်သောအပြောင်းအလဲများဖြစ်သော်လည်းသတိပြုမှတ်သားဖွယ်နည်းလမ်းများဖြင့်ပြောင်းလဲခဲ့ပါသည်။ နိုင်ငံတော်အဆင့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကြောင့် ကျေးရွာသားများက အစိုးရအဖွဲ့အစည်းများအား လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုဖိအားပေးနိုင်ခဲ့ပါသည်။

၃။ ကျေးရွာအဆင့်တွင်အစိုးရစီမံကိန်းများနှင့်ဝန်ဆောင်မှုထောက်ပံ့ပေးခြင်းများသိသာထင်ရှားစွာ တိုးတက်လာခဲ့ပါသည်။

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုများနှင့်ရလဒ်များ

***လယ်သမားများသည်စိုက်ပျိုးရေးမှဝင်ငွေကောင်းမွန်မှုကြောင့်အကျိုးအမြတ်ရှိခဲ့ပါသည်။***

ဒေသအလိုက်ပြောင်းလဲမှုများရှိနိုင်သော်လည်း ခြုံငုံကြည့်ပါကစိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေများတိုးတက်လာခဲ့ပါသည်။ အဓိကအကြောင်းရင်းမှာရာသီဥတုနှင့် ပိုးကျခြင်းကြောင့် ထိခိုက်မှုလျော့နည်းခြင်း နှင့်အဓိကသီးနှံများ၏ဈေးနှုန်းများပိုကောင်းလာခြင်းကြောင့်ဖြစ်ပါသည်။သို့ရာတွင်လယ်သမားများနှင့် မြေယာမဲ့လုပ်သားများရင်ဆိုင်နေရသည့်ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာမမြင်နိုင်သောစိန်ခေါ်မှုများမှာဆက်လက်တည်ရှိနေဆဲဖြစ်ပြီးလယ်သမားများမှာယခင်ကကဲ့သို့ပင်ပြင်းထန်သောသက်ရောက်မှုများကြောင့်ထိခိုက်လွယ်နေဆဲဖြစ်ပါသည်။ ထိုအချက်မှာချင်းပြည်နယ်တွင်ခြွင်းချက်တစ်ခု အနေဖြင့်ရှိကြောင်းတွေ့ရပါသည်။ချင်းပြည်နယ်တွင်အစိုးရက အခြေခံအဆောက်အအုံများ၌ရင်းနှီးမြှုပ်နှံ လာခြင်းနှင့် ရွှေ့ပြောင်းတောင်ယာစနစ်မှ အမြဲတမ်းစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲလာခြင်း ကြောင့် လယ်သမားများ အတွက်အကျိုးကျေးဇူးများစတင်ရရှိလာပြီဖြစ်ပါသည်။

***စိုက်ပျိုးရေးမဟုတ်သောဝင်ငွေလမ်းကြောင်းများကိုမှီခိုနေရမှုတိုးမြင့်လာပါသည်။***

ခြုံငုံကြည့်ပါကစိုက်ပျိုးရေးမဟုတ်သော ဝင်ငွေများအပေါ်မှီခိုနေရမှုမှာတိုးမြင့်လာပြီး၊ အသက်မွေးဝမ်းကျောင်းအုပ်စု၊လူမှုစီးပွားရေးဆိုင်ရာအုပ်စုများနှင့် နေရာဒေသအလိုက်အမျိုးမျိုးကွဲပြားလျက်ရှိပါသည်။ မန္တလေးနှင့်မကွေးတိုင်းဒေသကြီးတို့တွင် အထူးသဖြင့် မြေယာမဲ့များ၊ ကျပန်း လုပ်သား

များနှင့် မြေအနည်းငယ်သာပိုင်သော အိမ်ထောင်စုများသည် ဒေသတွင်းရှိ စိုက်ပျိုးရေး မဟုတ်သော ဝင်ငွေများအပေါ်ပိုမိုမှီခိုနေရပါသည်။ တွေ့ဆုံမေးမြန်းခဲ့သော ကျပန်းလုပ်သားများအနက် ၉၀%ခန့်တွင် စိုက်ပျိုးရေးလုပ်ငန်း မဟုတ် သောအခြားအစားထိုးဝင်ငွေရအလုပ်များရှိထားကြပါသည်။ မြေအနည်း ငယ်သာ ပိုင်ဆိုင်သူများအတွက် ကိန်းဂဏန်းများမှာလည်းထိုပမာဏထက်အနည်းငယ်သာ လျော့နည်း ပါမည်။

***ရွှေ့ပြောင်းလုပ်ကိုင်မှုမှာဆက်လက်၍များပြားလာနေဆဲဖြစ်ပါသည်၊သို့သော်အတွေ့အကြုံများ အရထိခိုက်နိုင်သည့်အလားအလာများရှိကြောင်းသိသာထင်ရှားသည်။***

ယခင်အကြိမ်လေ့လာမှုများတွင်တွေ့ရှိသကဲ့သို့ပင်စိုက်ပျိုးရေးလုပ်သားဈေးကွက်လျော့ကျ လာခြင်းနှင့်မြို့ပြဒေသများတွင်စီးပွားရေးအခွင့်အလမ်းများပိုမိုကောင်းမွန်နိုင်သည်ဟူသောအမြင်များ ကြောင့်ရွှေ့ပြောင်းလုပ်ကိုင်မှုများတိုးတက်လာခဲ့ပါသည်။ကျေးရွာခေါင်းဆောင်များ၏ခန့်မှန်းချက်များ အရ ကျေးရွာတစ်ရွာမှ ရွှေ့ပြောင်းလုပ်ကိုင်သူအရေအတွက်မှာ ရှမ်းပြည်နယ်တွင်ကျေးရွာစုစုပေါင်း လူဦးရေ၏၃.၈%မှမန္တလေးတိုင်းဒေသကြီးတွင်ကျေးရွာစုစုပေါင်းလူဦးရေ၏၁၁.၉% အထိရှိနေကြောင်း တွေ့ရှိရပါသည်။သို့သော်ရွှေ့ပြောင်းလုပ်ကိုင်ရန်ရွေးချယ်မှုဆိုသည်မှာအဆက်အသွယ်ရှိခြင်းကအဓိက လွှမ်းမိုးထားသည့်အတွက်ဒေသအလိုက်သော်လည်းကောင်း၊မြို့နယ်များအတွင်းရှိကျေးရွာများအလိုက် သော်လည်းကောင်း သိသာထင်ရှားသောကွဲပြားမှုများရှိနေသည်ကအရေးကြီးသောအချက်ဖြစ်သည်။ ရွှေ့ပြောင်းလုပ်ကိုင်သည့်ပုံစံများမှာလည်းကျား/မ၊အသက်အရွယ်နှင့်လူမှု-စီးပွားရေးအုပ်စုများအလိုက် ကွဲပြားကြပါသည်။အမျိုးသားများကအမျိုးသမီးများထက်ပိုမိုရွှေ့ပြောင်းလုပ်ကိုင်ကြပါသည်။အမျိုးသမီး များရွှေ့ပြောင်းလုပ်ကိုင်မှုမှာ လူမှုစီးပွားရေးအဆင့်နိမ့်သည့်အုပ်စုများတွင်သာ အများအားဖြင့် ဖြစ်ပေါ် ပါသည်။ဒေသများစွာတို့တွင်ရွှေ့ပြောင်းလုပ်ကိုင်မှု၌မအောင်မြင်သည့်ကိစ္စရပ်များပိုမိုပေါ်ပေါက်လာပါ သည်။ အထူးသဖြင့်နိုင်ငံတကာသို့ တရားမဝင်ရွှေ့ပြောင်းလုပ်ကိုင်ရန် ကြိုးစားသည့် လူများအတွက် အကျိုးဆက်များမှာပြင်းထန်ပါသည်။

***အသက်မွေးဝမ်းကျောင်းရလဒ်များကောင်းမွန်ခြင်းသည်လူမှုအဖွဲ့အစည်းအားလုံးကိုညီမျှစွာအ ကျိုးဖြစ်ထွန်းစေခြင်းမရှိပါ။***

ကျေးလက်ဒေသစီးပွားရေးတွင်လက်ရှိဖြစ်ပေါ်နေသောဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာပြောင်း လဲမှုများကြောင့်အချို့သောလူမှုအုပ်စုများကိုဖယ်ကျဉ်ခံရပြီး၊မညီမျှမှုများကိုထပ်မံဖြစ်ပေါ်စေမည့်အလာ းအလာများရှိနေပါသည်။ QSEM မှလေ့လာခဲ့သည့်ဒေသများတွင် ဖော်ထုတ်နိုင်ခဲ့သော အပယ်ခံ ဆင်းရဲသားအုပ်စုများအနက် အထင်ရှားဆုံးအုပ်စုမှာ တစ်ပိုင်တစ်နိုင် ငါးဖမ်းလုပ်သားများ ဖြစ်ကြ ပါသည်။ ထိုအုပ်စုသည် QSEM လေ့လာမှုအကြိမ်တိုင်းတွင်ငါးဖမ်းဆီးရမိမှု ဆက်တိုက်ကျဆင်း နေခြင်းနှင့် ရင်ဆိုင်နေရပါသည်။ ၎င်းတို့၏ဝင်ငွေအရင်းအမြစ်များကို နည်းလမ်းမျိုးစုံရရှိနိုင်ရန် ကြိုးစား ရာတွင်လုပ်အားမရှိခြင်းကြောင့် ကန့်သတ်ခံနေရသော (သို့မဟုတ်) အလုပ်လုပ်နိုင်သည့် မိသားစုဝင် နည်းပါးသည့်မြေယာမဲ့များ (သို့မဟုတ်) မြေအနည်းငယ်သာ ပိုင်ဆိုင်သူများသည်လည်း ထိခိုက်နိုင် သည့်အလားအလာများနှင့် ကြုံတွေ့နေရပါသည်။ လူမှုစီးပွားရေးအဆင့်နိမ့်သော အုပ်စုများမှ လူအများစုတို့သည်ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာအပြောင်းအလဲများကိုအခွင့်ကောင်းယူနိုင်ရန်အခက် အခဲများရှိနေပါသည်။

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုမည်သည့်အရာကအကျိုးသက်ရောက် နေပါသနည်း။

***ရာသီချိန်တွင်စိုက်ပျိုးရေးလုပ်သားရှားပါးမှုများဆက်လက်ဖြစ်ပေါ်နေပါသည်။***

ချင်းပြည်နယ်မှအပအခြားဒေသအားလုံးတို့တွင်ရာသီချိန်၌လုပ်သားရှားပါးမှုများဆက်လက်ဖြစ် ပေါ်ခဲ့ပါသည်။ထို့ကြောင့်လုပ်အားခများ၊ငွေပေးချေမှုစည်းကမ်းချက်များနှင့်စက်ယန္တရားအသုံးပြုခြင်းတို့ ကိုအကျိုးသက်ရောက်ခဲ့ပါသည်။ဒေသအားလုံးနီးပါးတွင်လုပ်အားခများမြင့်တက်ခဲ့ပါသည်။ကျပန်းလုပ် သားများအနေဖြင့်ယခင်အကြိမ်လေ့လာမှုများနှင့်နှိုင်းယှဉ်ပါကပိုမိုကောင်းမွန်သောငွေပေးချေမှုစည်းက မ်းချက်များကိုညှိနှိုင်းနိုင်ခဲ့ပါသည်။ မြေပိုင်ရှင်များသည်ကျပန်းလုပ်သားများအပေါ်မှီခိုနေရမှုကိုလျှော့ချ

နိုင်ရန်ကြိုးစားလာကြသည့်အတွက်အသေးစားစက်မှုလယ်ယာလုပ်ငန်းများလည်းတိုးတက်လာသည့် သာဓကများတွေ့ရှိခဲ့ရပါသည်။ စွန့်ဦးထွင်လုပ်ငန်းရှင်မြေပိုင်ရှင်ကြီးများသည် စက်ယန္တရားအသုံးပြုရန် အဓိကရင်းနှီးမြှုပ်နှံသူများဖြစ်သော်လည်း၊ဒေသတွင်း NGOs များ၏အစပျိုးထောက်ပံ့ရေး လုပ်ငန်းများ ကြောင့်လည်းပိုမိုမျှတစွာအသုံးပြုနိုင်ခဲ့ပါသည်။ထိုကဲ့သို့စက်ယန္တရားများတိုးချဲ့အသုံးပြုလာခြင်းကြောင့် ကျပန်းလုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများလျော့ကျစေသည်ဟူသောသာဓကများကို အနည်းငယ်သာတွေ့ရှိရပါသည်။

ကျပန်းလုပ်သားများသည်ရာသီချိန်များ၌ပိုမိုကောင်းမွန်သောလုပ်အားခများရရှိနိုင်သော်လည်း၊ ကျန်ရှိသောအချိန်များတွင်မူ အလုပ်အကိုင်ရှားပါးမှုကို ခံစားနေရဆဲဖြစ်ပါသည်။ ရာသီချိန်၌လုပ်အားခ တိုးမြင့်ခြင်းမှာ အလုပ်ရှိသည့်ရက် အနည်းငယ်တွင်သာ ဖြစ်ခြင်းကြောင့်နေထိုင်မှုအဆင့်အတန်းများကို တိုးတက်စေခြင်းမရှိပါ။ အကျိုးဆက်အနေဖြင့် ကျပန်းလုပ်သားများသည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြားသောဝင်ငွေရလုပ်ငန်းများကို ပေါင်းစပ်လုပ်ကိုင်ကြရပါသည်။ အခြားသောဝင်ငွေရ အခွင့် အလမ်းများ ပိုမို သေချာသည့်နေရာများတွင် အလုပ်သမားများသည် စိုက်ပျိုးရေးအလုပ်များ အပေါ် မှီခိုနေရမှုကို တစ်ဖြည်းဖြည်းလျော့ချလာကြပါသည်။

**မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းသည် အတော်အသင့်ချောမွေ့စွာတိုးတက်နေပါသည်။ သို့သော် သတိပြုဖွယ်ခြွင်းချက်အချို့လည်းရှိနေပါသည်။**

ဒေသအများစုတို့တွင် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် အဆင်ပြေချောမွေ့လျက်ရှိပါ သည်။ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ဒေသအားလုံးတို့တွင် လည်း ကောင်း၊အခြားဒေသများ၏ အစိတ်အပိုင်းများတွင်လည်းကောင်း မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းများ ချောမွေ့စွာဆောင်ရွက်လျက်ရှိပြီး သတင်းအချက်အလက်များအကန့်အသတ်ရှိခြင်း၊ ပုံမှန်မဟုတ်သော ငွေပေးရသည့်အခြေအနေများ ရှိနေခြင်းတို့ကြောင့် နည်းလမ်းမကျမှု အနည်းငယ်သာရှိပါသည်။ ယင်းလုပ်ငန်းများဆောင်ရွက်ရာတွင်အဓိကပြဿနာများမှာဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာပြဿနာများ ဖြစ်ပြီး၊ အချို့သောမြို့နယ်များတွင် မှတ်ပုံတင်ခြင်းလုပ်ငန်း တိုးတက်မှုမရှိကြပါ။ရခိုင်ပြည်နယ်တွင် မွတ်ဆလင်အများစုနေထိုင်သော မြို့နယ်အချို့၌ မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်း မရှိပါ။ ထိုနေရာများတွင် မြေပိုင်ဆိုင်မှုဆိုင်ရာပြဿနာများကို ဖြေရှင်းရာ၌မွတ်ဆလင်အများစုတို့တွင် နိုင်ငံ သားစိစစ်ရေးကတ်ပြား/ စာရွက်စာတမ်းများမရှိခြင်းကြောင့်ရှုပ်ထွေးလျက်ရှိပါသည်။ မကွေးတိုင်း ဒေသကြီးရှိ မြို့နယ်တစ်မြို့နယ်တွင် စီးပွားဖြစ်ရေနံတူးဖော်ရန် စိတ်ဝင်စားမှုများကြောင့် မြေယာမှတ်ပုံ တင်လုပ်ငန်းများတိုးတက်မှုမရှိခဲ့ ကြောင်းတွေ့ရှိရပါသည်။ ရှမ်းပြည်နယ်ရှိအချို့ဒေသများတွင် ပဋိပက္ခများ ဖြစ်နေခြင်းကြောင့်မြေစာရင်းဦးစီးဌာန၏မြေယာမှတ်ပုံတင်လုပ်ငန်းများပြီးစီးရန်အခက်အခဲ ဖြစ်နေပါသည်။

ယခင်ကတည်းကရှိခဲ့သော မြေယာအငြင်းပွားမှုများ ပြန်လည်စတင်လာခြင်းနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များက မြေယာဥပဒေပါအပြောင်းအလဲများကို အမြတ်ထုတ်ရန် ကြိုးပမ်းမှုများကြောင့်၊ မြေယာ မှတ်ပုံတင်ခြင်းလုပ်ငန်းသည်မြေယာအငြင်းပွားမှုများကိုယာယီအားဖြင့်တိုးမြင့်လာစေပါသည်။ ထို့အတူ ပင်အငြင်းပွားမှုများဖြေရှင်းရာ၌ ကျေးရွာအုပ်ချုပ်ရေးမှူးများကိုအဓိကဆက်သွယ်ရမည့်သူများအဖြစ် ရှုမြင်ထားကြသော်လည်း၊မြေယာဥပဒေအရလုပ်ပိုင်ခွင့်များကိုအသစ်ဖွဲ့စည်းထားသည့် လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီများသို့လွှဲပြောင်းပေးထားပါသည်။

## အခက်အခဲရင်ဆိုင်ကျော်လွှားသည့် ပုံစံများ

*လူမှုရေးစောင့်ရှောက်မှုများအတွက်ဒေသခံပြည်သူများကိုယ်တိုင်အဓိကအခန်းကဏ္ဍမှပါဝင်နေ ကြပါသည်။*

QSEM 4 လေ့လာမှုမတိုင်မီ (၁၂)လအတွင်းကျေးရွာသားများရင်ဆိုင်နေရသည့် စိန်ခေါ်မှု အမျိုးအစားများတွင်ပြောင်းလဲမှုအနည်းငယ်သာရှိခဲ့ပါသည်။ ဤအကြိမ်လေ့လာမှုတွင် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများမှရလဒ်များ ပိုမိုကောင်းမွန်လာသည့်အတွက် ကျေးရွာသားများရင်ဆိုင်နေရသည့် ပြင်းထန်သောထိခိုက်မှု (shocks)များသည်လည်း အချိုးညီစွာ လျော့ကျလာခဲ့ပါသည်။ အသိသာ ဆုံးသောထိခိုက်မှုများတွင် တိရစ္ဆာန်ရောဂါကျခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ရေရှားပါးခြင်းနှင့် သီးနှံ

ဈေးနှုန်းကျဆင်းခြင်းတို့ပါဝင်ပါသည်။သို့ရာတွင်သုတေသနပြုလုပ်ခဲ့သည့်ကျေးရွာများအနက်တစ်ဝက်ကျော်တွင် လုပ်သားရှားပါးမှုသည် အထင်ရှားဆုံးစိန်ခေါ်မှုတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။ အိမ်ထောင်စုအဆင့်တွင်ပြင်းထန်သောထိခိုက်မှုများမှာယခင်အကြိမ်လေ့လာမှုများနှင့်ဆင်တူသော်လည်းရွှေ့ပြောင်းလုပ်ကိုင်မှုအဆင်မပြေသည့် ကိစ္စရပ်များသိသာစွာ တိုးလာခဲ့ပါသည်။

အိမ်ထောင်စုအဆင့်တွင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းရလဒ်များပိုမိုကောင်းမွန်လာခြင်းဆိုသည်မှာအချို့သောလူများကအကြွေးများပြန်ဆပ်နိုင်သည့်အတွက် အနာဂတ်တွင်ကြုံတွေ့နိုင်သည့်ပြင်းထန်သောထိခိုက်နိုင်မှုအလားအလာများကိုလျှော့ချနိုင်ခြင်းဟုလည်းဆိုလိုပါသည်။ကျေးရွာအဆင့်တွင်မှုလူမှုရေးစောင့်ရှောက်မှုများ ထောက်ပံ့ပေးနိုင်ရန်ရည်ရွယ်ထားသည့် ကျေးရွာရန်ပုံငွေ အချို့ကိုတည် ထောင်လာကြကြောင်း တွေ့ရှိရပါသည်။အချို့သောကျေးရွာရန်ပုံငွေများမှာတည် ထောင်ကာစဖြစ်သော်လည်းငွေကြေးပိုင်ဆိုင်ရာ၌လွတ်လပ်စွာရပ်တည်နိုင်ရန်နှင့်အထောက်အပံ့များကိုစနစ်တကျပံ့ပိုးနိုင်ရန်စိန်ခေါ်မှုများရင်ဆိုင်နေရပြီဖြစ်ပါသည်။တစ်ဦးချင်း၏အရေးပေါ်ကိစ္စရပ်များကိုတုန့်ပြန်ရာတွင်ကျေးရွာသားများ၏စုပေါင်းလုပ်ဆောင်မှုများကအဓိကအခန်းကဏ္ဍမှဆက်လက်ပါဝင်နေဆဲဖြစ်ပါသည်။

## လူမှုဆက်ဆံရေးများ

***ကျေးရွာအဆင့်တွင်လူမှုရေးအရင်းအမြစ် (social capital) များဆက်လက်ခိုင်မာနေဆဲဖြစ်ပါသည်။***

ကျေးရွာအများစုတို့တွင် ကောင်းမွန်သော (သို့မဟုတ်) သင့်တင့်သောလူမှုဆက်ဆံရေးများရှိကြောင်းတွေ့ရှိရပါသည်။ သို့ရာတွင် ကျေးရွာ၏လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှု နည်းပါးသောသီးခြားလူမှုအုပ်စုများလည်း ရှိနေပြီး အချို့သောအုပ်စုများမှာ အခြေခံဝန်ဆောင်မှုများမှ ဖယ်ကျဉ်ထားခြင်းခံနေရပါသည်။ထိုအုပ်စုများတွင်ပိုမိုကောင်းမွန်သည့်စီးပွားရေးအခွင့်အလမ်းများကိုရှာဖွေရန်ပြောင်းရွှေ့ဝင်ရောက်လာသူများပါဝင်ကြောင်းကျေးရွာအနည်းငယ်တွင်တွေ့ရှိရပါသည်။အပူပိုင်းခြောက်သွေ့ဒေသတွင်မူ အထူးသဖြင့် ကွာရှင်းထားသောအမျိုးသမီးများ ပါဝင်ပြီးလူမှုရေးအရ သိက္ခာချသည့်အခြေအနေအချို့ကို ရင်ဆိုင်နေရပါသည်။ မကွေးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင်ရာဇဝတ်မှုကြီးများအနည်းငယ်တိုးလာကြောင်းကျေးရွာသားများကပြောကြားခဲ့ပါသည်။သို့သော်ဤအချက်ကကျေးရွာများတွင်လုံခြုံစိတ်ချရသည်ဟူသောအမြင်အပေါ် သိသာစွာထိခိုက်မှုမရှိပါ။

***ကျေးရွာသားများကအစိုးရအာဏာပိုင်များနှင့်ချိတ်ဆက်နိုင်သည့်နေရာများတိုးလာမှုမှာနည်းပါးသော်လည်းမှတ်သားဖွယ်ဖြစ်ပါသည်။***

ဒေသအားလုံးတွင်ဒေသခံပြည်သူများနှင့်အစိုးရအကြားချိတ်ဆက်မှုများပြောင်းလဲလာမှုမှာမှတ်သားဖွယ်ဖြစ်ပါသည်။ကျေးရွာသားများကကျေးရွာအဆင့်အဖွဲ့အစည်းများနှင့်ကျေးရွာအဆင့်၏အထက်ပိုင်းအစိုးရဌာနများအားမေးခွန်းများမေးနိုင်ခြင်းကိုနိုင်ငံအဆင့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကြောင့်တိုးတက်လာသောအချက်တစ်ခုအဖြစ်ရှုမြင်ကြပါသည်။ဤကိစ္စရပ်သည်များစွာကျယ်ပြန့်ခြင်းမရှိသေးသော်လည်းကျေးရွာသားများကတောင်းဆိုချက်များပြုလုပ်ရာတွင်မှတ်သားဖွယ်ပြောင်းလဲမှုတစ်ခုဖြစ်ပါသည်။ဤကိစ္စကိုတုန့်ပြန်ခြင်းကြောင့်လည်းကောင်း၊အထက်မှညွှန်ကြားချက်များကြောင့်လည်းကောင်း၊အစိုးရအရာရှိများနှင့်ကျေးရွာခေါင်းဆောင်များသည်လူထုနှင့်ချိတ်ဆက်ဆောင်ရွက်ရာတွင်သတိပိုထားလာကြပါသည်။တာဝန်ခံမှုရှိသောအစိုးရအဖွဲ့အစည်းများဖြစ်လာစေရေးတွင်ဤအပြောင်းအလဲများကိုသေးငယ်သော်လည်းအရေးကြီးသောအဆင့်များအဖြစ်ရှုမြင်နိုင်ပါသည်။ထိုအပြောင်းအလဲများကြောင့်မျှော်မှန်းချက်များ တိုးတက်လာစေနိုင်သည့်အတွက် ၎င်းတို့ကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန် လိုအပ်ပါသည်။

***လုပ်ပိုင်ခွင့်အာဏာကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အခန်းကဏ္ဍဖြင့်သာ တည်ထောင်ထားသည်နှင့်အမျှကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများသည်ဆက်လက်ပြောင်းလဲနေကြပါသည်။***

မူဝါဒပြောင်းလဲမှုများ၊လစာတိုးလာခြင်းနှင့်အစိုးရအကူအညီတိုးလာခြင်းတို့ကြောင့်ကျေးရွာအဆင့်တွင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏လွှမ်းမိုးမှုတိုးတက်လာပါသည်။ဆန့်ကျင်ဖက်အနေဖြင့်၊ကျေးရွာများတွင်တူညီသော တောင်းဆိုချက်များရှိသော်လည်း၊ အရေးယူဆောင်ရွက်ရန်လုပ်ပိုင်ခွင့်မှာမူ

ပိုနည်းသွားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးများက ပြောကြားခဲ့ပါသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအားရန်ပုံငွေမကောက်ခံရန်အစိုးရ၏တားမြစ်ချက်အသစ်များနှင့်အတူကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ တာဝန်များတိုးလာခြင်းကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ်ဆောင်ရွက်ရန် (သို့မဟုတ်) တာဝန်များကိုကျေပွန် အောင်ဆောင်ရွက်ရန်မက်လုံးများလျော့နည်းလာပါသည်။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာအစီအမံများတွင်ဤသို့သောပြောင်းလဲမှုများမှာအရေးကြီးသောဖော်ပြချက်များ ဖြစ်ပါသည်။ ယခင်အကြိမ် QSEM လေ့လာမှုများတွင် လူမှုရေးသဟဇာတဖြစ်မှု၊ ကျေးရွာတွင်းပြဿနာများ ဖြေရှင်းခြင်း၊ ကျေးရွာသားများနှင့် အစိုးရအရာရှိများအကြား ချိတ်ဆက်ပေးခြင်းတို့တွင် ကျေးရွာခေါင်းဆောင်များက အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။ ယနေ့အထိအပြောင်းအလဲများအရလုပ်ပိုင်ခွင့်အာဏာသည်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံတွင်စုစည်းမိနေပြီး ထိုကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက အကောင်အထည်ဖော်နေသည့်လုပ်ငန်းများကိုထောက်ပံ့ပေးမည့် သို့မဟုတ် အုပ်ချုပ်ရေးမှူးများ၏လုပ်ပိုင်ခွင့်အာဏာကို စောင့်ကြည့်စစ်ဆေးပေးမည့်အခြားအဖွဲ့အစည်းများမှာမူ ဖွံ့ဖြိုးခြင်းမရှိသေးကြောင်းဖော်ပြနေပါသည်။ သို့ဖြစ်၍ထိုကဲ့သို့သောအပြန်အလှန်ထိန်းကျောင်းမှု (check and balance) များကိုထောက်ပံ့ပေးနိုင်ရန်အတွက် လက်ရှိဥပဒေ မူဘောင်တွင်ပြင်ဆင်မှုများလိုအပ်နိုင်ပါသည်။

ပြင်ပမှကူညီထောက်ပံ့မှုများ

***တာဝန်ခံမှုဆိုင်ရာစိန်ခေါ်မှုများဆက်လက်ရှိနေသေးသော်လည်း၊ကျေးရွာသားများကအစိုးရအထောက်အပံ့များသိသာစွာတိုးလာခြင်းကိုအကောင်းမြင်ကြပါသည်။***

အစိုးရမှထောက်ပံ့ပေးသောစီမံကိန်းများအရေအတွက်သည်ယခင်အကြိမ် QSEM လေ့လာမှုကာလထက်သုံးဆနီးပါးတိုးတက်လာခဲ့ပါသည်။ဒုတိယအကြိမ်/တတိယအကြိမ် QSEM လေ့လာမှုတွင် အစိုးရစီမံကိန်း (၆၈) ခုရှိရာမှ၊စတုတ္ထအကြိမ် QSEM လေ့လာမှုတွင် (၁၆၅) ခုအထိတိုးတက်လာခဲ့ပြီး ကျေးရွာတစ်ရွာလျှင် ပျမ်းမျှ (၃) ခုနှုန်းဖြစ်ပါသည်။ အခြေခံအဆောက်အအုံများအတွက် အစိုးရထောက်ပံ့မှုမှာအသိသာဆုံးဖြစ်ပြီး၊ဒုတိယအကြိမ်/ တတိယအကြိမ် QSEM လေ့လာမှုတွင် စီမံကိန်း (၅) ခုရှိရာမှ၊စတုတ္ထအကြိမ် QSEM လေ့လာမှုတွင် (၄၀) ခုအထိ မြင့်တက်လာခဲ့ပါသည်။ ပညာရေးနှင့် ချေးငွေထောက်ပံ့ရေးစီမံကိန်းများမှာလည်းတိုးတက်ခဲ့ပြီး၊ထောက်ပံ့သည့် နယ်ပယ်များအနက်အထင်ရှားဆုံးအဖြစ်ဆက်လက်တည်ရှိနေပါသည်။စီမံကိန်းအရေအတွက်တိုးလာခြင်းကို ယခင်ကထောက်ပံ့ရေးစီမံကိန်းများအလွန်နည်းပါးခဲ့ခြင်းနှင့်ချိန်ဆကြည့်ရန်လိုအပ်ပါသည်။

ဒေသခံပြည်သူများကထိုပြောင်းလဲမှုများကိုအကောင်းဘက်မှရှုမြင်ကြပါသည်။ သို့ရာတွင် စီမံကိန်းများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် ဒေသခံများ၏ပါဝင်မှုမှာအကန့် အသတ်ဖြင့်သာရှိနေပါသည်။မြို့နယ်အဆင့် သို့မဟုတ်ထို့ထက်ပိုသောအဆင့်များက ဆုံးဖြတ်ချက်များကိုမကြာခဏပြုလုပ်ကြပါသည်။ကျေးရွာအဆင့်တွင်ပြုလုပ်ခဲ့သည့်ဆုံးဖြတ်ချက်များကိုလည်းကျေးရွာ ခေါင်းဆောင်များကပြုလုပ်လာကြပြီး၊ခေါင်းဆောင်များ ၏ပြင်ပပတ်ဝန်းကျင်တွင် ကျယ်ပြန့်စွာအကြံယူ ဆွေးနွေးခြင်းမရှိကြပါ။ မည်သည့်အဆိုပြုလွှာများအား အထောက်အပံ့ ပေးရမည်ကိုဆုံးဖြတ်ပေးသော လုပ်ငန်းစဉ်သည်လည်းပွင့်လင်းမြင်သာမှုမရှိပါ။ ကျေးရွာသားများ အနေဖြင့် ထောက်ပံ့ပေးသာပစ္စည်းများ၏အရည်အသွေးနှင့်အကောင်အထည်ဖော်ဆောင်ရွက်သည့်လုပ်ငန်းစဉ်များအပေါ်စိုးရိမ်မှုများ ရှိခဲ့ကြောင်းပြောကြားခဲ့ပါသည်။

အလှူရှင်များက ရန်ပုံငွေထောက်ပံ့သောစီမံကိန်းများတွင်မူ အပြောင်းအလဲအနည်းငယ်ရှိခဲ့ပါသည်။ရောဝတီ၊မကွေးနှင့်မန္တလေးဒေသများတွင်အလှူရှင်များကရန်ပုံငွေထောက်ပံ့သောစီမံကိန်းများတိုးတက်လာခဲ့ပြီး၊အခြားဒေသများတွင်အနည်းငယ်ကျဆင်းခဲ့ပါသည်။အလှူရှင်များကရန်ပုံငွေထောက်ပံ့သောစီမံကိန်းများအားဒီဇိုင်းရေးဆွဲရာတွင်လွှမ်းမိုးနိုင်စွမ်းများတိုးတက်လာကြောင်းကျေးရွာသားများကပြောကြားခဲ့ပါသည်။သို့ရာတွင်စီမံကိန်းများအားကျေးရွာဖွံ့ဖြိုးရေးကော်မတီများသို့လွှဲပြောင်းပေးပြီးနောက်တွင်စီမံကိန်းများ၏ရေရှည်တည်တံ့မှုအပေါ်စိုးရိမ်မှုများဆက်လက်ရှိနေဆဲဖြစ်ပါသည်။

# အကြံပြုချက်များ

***အသိသာဆုံးသောပြောင်းလဲမှုများကိုအသက်မွေးဝမ်းကျောင်းလုပ်ငန်း၊အစိုးရနှင့်ပြည်သူဆက်ဆံရေးနှင့်ပြင်ပမှကူညီထောက်ပံ့မှုများဟူသည့်အဓိကနယ်ပယ် (၃)ခုတို့တွင်တွေ့ရှိရပါသည်။***

ဤအစီရင်ခံစာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသအသီးသီးနှင့် လူမှုစီးပွားရေးအုပ်စု အမျိုးမျိုးတို့ရှိ ပြည်သူများကစိုက်ပျိုးရေး၊စိုက်ပျိုးရေးပြင်ပအလုပ်များနှင့်ရွှေ့ပြောင်းလုပ်ကိုင်ခြင်း အခွင့်အလမ်းများအား မည်သို့ပေါင်းစပ်လုပ်ကိုင်နေကြောင်းကို ပိုမိုနားလည်မှုရှိစွာတင်ပြထားပါသည်။ ဤနားလည်မှုများက စီမံချက်များဖော်ထုတ်ရေးကို အောက်ပါနည်းလမ်းများဖြင့် ထောက်ပံ့ပေး နေပါသည်။

- ဖွံ့စည်းတည်ဆောက်မှုဆိုင်ရာ ပြောင်းလဲမှုများက စိုက်ပျိုးရေးကဏ္ဍအပေါ် လွှမ်းမိုးနိုင်မှု ပိုမိုနည်းပါးသောနေရာများတွင်၊ထိခိုက်နိုင်မှုအလားအလာများလျော့ချနိုင်ရေးအတွက်ထုတ်လုပ်မှုတိုးတက်ရေးကိုဦးတည်လာကြပြီး၊ ကျပန်းလုပ်သားများအဖြစ်လုပ်ကိုင်ခြင်းနှင့်လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများခိုင်မာစေခြင်းတို့ဖြင့်ပေါင်းစပ်ဆောင်ရွက်ကြပါသည်။
- ဖွံ့စည်းတည်ဆောက်မှုဆိုင်ရာ ပြောင်းလဲမှုများက စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုရှိသောနေရာများတွင် ပြောင်းလဲမှုများကိုသေချာစေသော ထောက်ပံ့ရေးစီမံကိန်းများက မညီမျှမှုများ ဖြစ်ပေါ်နိုင်သည့်အလားအလာကို လျှော့ချ၍ အားလုံးကိုမျှတစွာ အကျိုးဖြစ်ထွန်းစေပါသည်။
- အထူးသဖြင့်အပူပိုင်းခြောက်သွေ့ဒေသရှိပိုမိုဆင်းရဲသူအိမ်ထောင်စုများအတွက်ဝင်ငွေရင်းမြစ်အမျိုးမျိုးရှိလာစေရန်ထောက်ပံ့ပေးရပါမည်။ထိုထောက်ပံ့မှုများသည်ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းကိုသာမက၊ဒေသတွင်းတွင်ရေရှည်တည်တံ့သောစိုက်ပျိုးရေးမဟုတ်သည့်အလုပ်အကိုင်အခွင့်အလမ်းများကိုလည်းဦးတည်ရပါမည်။
- မြေယာမဲ့များနှင့်မြေအနည်းငယ်သာ ပိုင်ဆိုင်သောအိမ်ထောင်စုများမှ (အမျိုးသမီးများ အပါအဝင်) အထိခိုက်လွယ်ဆုံးလူများအတွက် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းအစီအစဉ်များကို ဦးတည်ရပါမည်။

အစိုးရနှင့်ပြည်သူဆက်ဆံရေးနှင့်ပတ်သက်၍ကျေးရွာသားများ၏မျှော်မှန်းချက်များကိုစီမံခန့်ခွဲရန်အတွက်သင့်တော်သော လုပ်ငန်းစဉ်များဖော်ထုတ်ရေးကို တိုးမြှင့်ဦးတည်ရန်လိုအပ်နေပါသည်။ အလှူရှင်များသည် ၎င်းတို့၏ ကိုယ်ပိုင်စီမံကိန်းများမှတစ်ဆင့် ထိရောက်သော တာဝန်ခံမှု လုပ်ငန်းစဉ်များ၏အရေး ကြီးပုံကိုအလေးအနက်ဖော်ပြခြင်းအားဖြင့်ဤနေရာတွင်အခန်းကဏ္ဍတစ်ခုပါဝင်နိုင်ပါသည်။ အလှူရှင်များသည် (ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ အကြားဆက်ဆံရေးများအပါအဝင်) ဒေသန္တရအဖွဲ့အစည်းများ၏အခန်းကဏ္ဍနှင့်ပတ်သက်သည့်မူဝါဒများကိုအသိပေးနိုင်ရန်အတွက်အစိုးရနှင့်လည်းချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။

ပြင်ပမှကူညီထောက်ပံ့မှုများနှင့်ပတ်သက်၍ အလှူရှင်များသည်အစိုးရဌာနများက ကျေးရွာများသို့ဝန်ဆောင်မှုများမည်သို့ပေးရမည်ကိုလွှမ်းမိုးနိုင်ရန်အတွက်၎င်းတို့၏အတွေ့အကြုံများကိုအသုံးချသင့်ပါသည်။ဤလုပ်ငန်းတွင် ဒေသန္တရဖွံ့ဖြိုးရေးပြဿနာများနှင့်ပတ်သက်၍ မူဝါဒဆိုင်ရာဆွေးနွေးပွဲများတွင်ချိတ်ဆက်ပါဝင်ခြင်း၊ ဒေသန္တရအဆင့်အတွက် အစိုးရရန်ပုံငွေများ တိုးမြှင့်ပေးနိုင်မည့်ရှေ့ပြေးစီမံကိန်းများကိုစဉ်းစားခြင်း၊ (ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများအပါအဝင်) ဒေသန္တရအဖွဲ့အစည်းများအား စွမ်းဆောင်ရည်တည်ဆောက်ပေးရာတွင်အစိုးရနှင့်ပူးတွဲ အလုပ်လုပ်ခြင်းစသည်တို့ပါဝင်ပါသည်။

## အခန်း (၁) - နိဒါန်း

**လူမှုရေးနှင့်စီးပွားရေးဆိုင်ရာစောင့်ကြည့်လေ့လာမှု အစီရင်ခံစာ (QSEM) သည် မြန်မာနိုင်ငံ၏ ကျေးလက်အသက်မွေးဝမ်းကျောင်းမှုပုံစံများအားစောင့်ကြည့်ရန်နှင့်နားလည်သိရှိရန်ရည်ရွယ်သည်။** ဤသုတေသနလုပ်ငန်းတွင် မြန်မာနိုင်ငံကျေးလက်နေသူများ၏ အသက်မွေးဝမ်းကျောင်းမှု နည်းဗျူဟာ အမျိုးမျိုးနှင့်လှုပ်ရှားဆောင်ရွက်မှုများ၊ ထိုမဟာဗျူဟာများကို ပုံဖော်ပေးနေသော ပိုမိုကျယ်ပြန့်သည့် အချက်များကိုလည်းကောင်း၊ပိုမိုကျယ်ပြန့်သောလူမှုရေးနှင့်အဖွဲ့အစည်းဆိုင်ရာသွင်ပြင်လက္ခဏာများ ကလူတို့၏အသက်မွေးဝမ်းေကျာင်းလုပ်ငန်းရွေးချယ်မှုနှင့်ရလဒ်များအပေါ်မည်သို့သက်ရောက်သည် ကိုလည်းကောင်းစစ်ဆေးဆန်းစစ်ထားပါသည်။

**QSEMသည် အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့(LIFT)၏ စောင့်ကြည့်လေ့လာမှုနှင့်အကဲဖြတ်ခြင်းအစီအစဉ်အား အထောက်အကူပြုရန်ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပါသည်။** LIFTအဖွဲ့သည် မြန်မာနိုင်ငံ၏ကျေးလက်ဒေသများတွင် လုပ်ငန်းများဆောင်ရွက်နေပြီး၊ မြန်မာနိုင်ငံအနံ့အပြားရှိ ပြည်သူ(၂)သန်းအတွက် စားနပ်ရိက္ခာဖူလုံရန်နှင့် ဝင်ငွေတိုးတက်စေရန် ရည်ရွယ်၍ စုပေါင်းဆောင်ရွက်နေကြသော မိတ်ဖက်အကောင်အထည်ဖော် အဖွဲ့အစည်းများအား ရန်ပုံငွေများ ထောက်ပံ့ပေးနေပါသည်။ သို့ရာတွင် ထိုလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် စိန်ခေါ်မှုအချို့ကို ရင်ဆိုင်နေရပါသည်။ စိန်ခေါ်မှုတစ်ခုမှာ ဖွံ့ဖြိုးရေးဆိုင်ရာ စိတ်ဝင်စားမှုများနှင့် အကြောင်းအရာများ အမျိုးမျိုးကွဲပြားနေသည့် မြန်မာနိုင်ငံ၏ ဒေသအများအပြား အတွက် ဖွံ့ဖြိုးရေးအကူအညီများအား မည်သို့ပေးမည်နည်းဟူသော အချက်ဖြစ်ပါသည်။ အခြားသော စိန်ခေါ်မှုတစ်ခုမှာ လူသားချင်းစာနာသောကာလတို အကူအညီများ ထောက်ပံ့နေရာမှ ရေရှည်တည်တံ့ သောဖွံ့ဖြိုးရေးဆီသို့ မည်သို့ကူးပြောင်းရွေ့ယူမည်နည်းဟူသော အချက်ဖြစ်ပါသည်။ တတိယစိန် ခေါ်မှုမှာလက်တွေ့ဘဝများအတွင်းရှိပြောင်းလဲလျှက်ရှိသောလိုအပ်ချက်များထောက်ပံ့နိုင်မှုနှင့်၊ ပြောင်း လဲမှုများနှင့်အညီ အကြောင်းခြင်းရာအသစ်များအား LIFTထောက်ပံ့မှု အစီအစဉ်များမှ အသေအချာ ဖော်ထုတ်နိုင်စေခြင်းဖြစ်သည်။

**၎င်းအခက်အခဲစိန်ခေါ်မှုများဆိုသည်မှာ LIFT ဦးတည်ဇရိယာများအတွင်းရှိ သက်မွေးဝမ်း ကျောင်းမှုလိုအပ်ချက်၊ အခက်အခဲစိန်ခေါ်မှု၊ အခွင့်အလမ်းများနှင့် ၎င်းတို့၏ဒေသအလိုက်၊ ဦးတည် အုပ်စုအလိုက်၊ အချိန်နှင့်အမျှမည်သို့ပြောင်းလဲနေမှုစသည့်တို့အတွက်သတင်းအချက်အလက်များ လို အပ်မှုကိုဆိုလိုသည်။** သို့ဖြစ်၍ စီမံကိန်းများအား စောင့်ကြည့်လေ့လာမှုနှင့်အကဲဖြတ်ခြင်းဖြင့် လည်း ကောင်း၊ အကြောင်းအရာပိုင်းကို ပိုမိုနက်နဲစွာနားလည်စေမည့် သုတေသနလုပ်ငန်းများဖြင့်လည်း ကောင်းLIFTအဖွဲ့တွင်း လေ့လာသင်ယူမှုကိုတိုးမြှင့်ရန်အထူးအလေးအနက်ထားပါသည်။ QSEM သုတေသနသည် အသက်မွေးမှုသဘောသဘာဝများအား ပိုမိုနားလည်နိုင်ရန် ကူညီပေးခြင်း အားဖြင့် LIFT ရန်ပုံငွေဘုတ်အဖွဲ့၏မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းကို သတင်း အချက် အလက်များပေးရန်ရည်ရွယ်ထားပါသည်။

**QSEM သုတေသနလုပ်ငန်းတွင်တစ်ခုနှင့်တစ်ခု ပေါင်းစပ်ဖြည့်ဆည်းပေးနေသော အစိတ်အပိုင်း (၂)ခုရှိပါသည်။**ပထမတစ်ခုမှာ LIFT အဖွဲ့ကလုပ်ငန်းဆောင်ရွက်နေသောဒေသများကို ကိုယ်စားပြု ရွေးချယ်ထားသည့်ကျေးရွာများတွင်အကြမ်းဖျဉ်းအားဖြင့် (၆)လတစ်ကြိမ်ဆောင်ရွက်သော သုတေသန လုပ်ငန်းများဖြစ်ပါသည်။ ဤသုတေသနလုပ်ငန်းတွင် တိုင်းဒေသကြီး/ပြည်နယ် (၆)ခုရှိကျေးရွာပေါင်း (၅၄) ရွာကိုလေ့လာထားပြီး၊အသက်မွေးဝမ်းကြောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးအဖွဲ့ (LIFT) မှလုပ်ငန်း ဆောင်ရွက်နေသော စိုက်ပျိုးရေးဂေဟဇုန်များဖြစ်သည့် (၁) အပူပိုင်းခြောက်သွေ့ဇုန် (မကွေးနှင့် မန္တလေးတိုင်းဒေသကြီး)၊ (၂) ကမ်းရိုးတန်းဇုန် (ရခိုင်ပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီး) နှင့် (၃)

တောင်ပေါ်ဖုန် (ချင်းနှင့်ရှမ်းပြည်နယ်) တို့လွှမ်းခြုံပါဝင်ပါသည်။ဒုတိယတစ်ခုမှာ QSEM သုတေသနအစီအစဉ်အရကျေးရွာများသို့ကွင်းဆင်းရာမှထွက်ပေါ်လာသောပြဿနာများကိုပိုမိုနက်နဲစွာဦးတည်လေ့လာနိုင်ရန်အတွက်၊ခေါင်းစဉ်အလိုက်သုတေသနအချို့ကိုဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**ပထမအကြိမ် QSEM (QSEM 1) သုတေသနကို ၂၀၁၂ ခုနှစ်၊ မတ်လ မှ မေလအထိ ဆောင်ရွက်ခဲ့ပြီး၊ ဆင်းရဲသူများရင်ဆိုင်နေရသည့် အသက်မွေးဝမ်းကျောင်းစနစ် အမျိုးမျိုးတို့ကို နားလည်နိုင်ရန်ကြိုးစားခဲ့ပါသည်။** ပထမအကြိမ်လေ့လာမှုတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့ လွှမ်းခြုံပါဝင်ပါသည်။ ပထမအကြိမ် လေ့လာခြင်းဖြစ်သည့် အတွက်၊ QSEM 1တွင်ပိုမိုကျယ်ပြန့်သောအကြောင်းအရာများကိုဦးတည်ခဲ့ပြီး၊ (၁)LIFTအဖွဲ့ကလုပ်ငန်း ဆောင်ရွက်နေသော ဒေသများ၏ ရုပ်ဝတ္ထုအခြေခံအဆောက်အအုံ၊ စီးပွားရေး၊ လူမှုရေးနှင့် အဖွဲ့အစည်းဆိုင်ရာအကြောင်းအရာများနှင့်ထိုအချက်များသည်ဒေသအလိုက်မည်သို့ကွဲပြားပြောင်းလဲနေကြောင်းကိုလည်းကောင်း၊ (၂) ထိုအကြောင်းအရာများကကျေးရွာသားများရွေးချယ်သည့် အသက် မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ကျေးရွာသားများ၏ကောင်းကျိုးကိုမည်သို့ပုံဖော်ပေးနေသည်ကိုလည်းကောင်း၊ အသေးစိတ်နားလည်မှုများကိုထောက်ပံ့ပေးခဲ့ပါသည်။ထို့အပြင် (LIFTအဖွဲ့၏အထောက်အပံ့များ အပါအဝင်) ပြင်ပမှကူညီထောက်ပံ့မှုများ၏သဘောသဘာဝနှင့် ထိုကူညီထောက်ပံ့မှုများက ဒေသ တွင်း အကြောင်းအရာများအားမည်သို့ပုံဖော်ပေးနေသည်ကိုလည်းစူးစမ်းဖော်ထုတ်ခဲ့ပါသည်။

**ဒုတိယအကြိမ် QSEM (QSEM 2) သုတေသနကို၂၀၁၂ခုနှစ်၊စက်တင်ဘာလမှ အောက်တိုဘာလအထိဆောင်ရွက်ခဲ့ပြီး၊အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုအသေးစိတ်ဦးတည်ခဲ့ပါသည်။** QSEM 2 လေ့လာမှုကိုမန္တလေးတိုင်းဒေသကြီး၊ရှမ်းပြည်နယ်၊ဧရာဝတီတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်တို့တွင်ဆောင်ရွက်ခဲ့ပါသည်။ဤသုတေသနကို QSEM 1 သုတေသနလုပ်ငန်းကိုအခြေပြုထားပြီး၊ QSEM 1 အစီရင်ခံစာပါစိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် ကျပန်းလုပ်သားကဏ္ဍများတွင် လည်းကောင်း၊ LIFT အဖွဲ့၏အခြေပြုအချက်အလက်စာရင်းကောက်ခြင်း (baseline survey) အစီရင်ခံစာတွင် လည်းကောင်းဖော်ပြထားသည့် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် အသေးစိတ်ပိုမိုနားလည်မှုများကို တင်ပြထားပါသည်။ QSEM 2 သုတေသနတွင် ထိုအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ နှင့်ပတ်သက်သည့်ရင်ဆိုင်ဖြေရှင်းရေး မဟာဗျူဟာများကိုလည်းကောင်း၊ ယခင်တွေ့ရှိချက်များကို အခြေခံ၍လူမှုဆက်ဆံရေးနှင့် ပြင်ပထောက်ပံ့ကူညီမှုများကိုလည်းကောင်း စစ်ဆေးဆန်းစစ်ထားပါသည်။

**တတိယအကြိမ် QSEM (QSEM 3) သုတေသနကို၂၀၁၃ခုနှစ်၊ မေလမှဇွန်လအထိ ဆောင်ရွက်ခဲ့ပြီး၊ကျေးရွာအဆင့်တွင်ပြောင်းလဲမှုများကိုဦးတည်လေ့လာခဲ့ပါသည်။** QSEM 3လေ့လာမှုကို ဧရာဝတီတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင်ဆောင်ရွက်ခဲ့ပါသည်။ QSEM 3လေ့လာမှုတွင်သုတေသနစတင်ချိန်မှစ၍ မည်သည့်ပြောင်းလဲမှုများဖြစ်ပွားခဲ့သည်ကိုဦး တည်ခဲ့ပါသည်။ လေ့လာမှုအတွင်းသတ်မှတ်ဖော်ထုတ်ခဲ့သည့်ပြောင်းလဲမှုများမှာ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းပုံစံများထက်မြေယာ၊ကျေးရွာအုပ်ချုပ်မှုနှင့်ဒေသတွင်းစုစည်းမှုစသည်တို့အပါအဝင်ပိုမိုကျယ်ပြန့်သောအကြောင်းအရာများနှင့်အဓိကဆက်စပ်နေကြောင်းတွေ့ရှိခဲ့ရပါသည်။

## လေ့လာဆန်းစစ်မှုမူဘောင်

**QSEM သုတေသနအစီအစဉ်တစ်ခုလုံးတွင်ခေါင်းစဉ် (၅)ခုအတွက်အချက်အလက်များကိုပုံ (၁)တွင် ဖော်ပြထားသည့်အတိုင်းစုဆောင်းပါသည်။** ဤသို့ဖြင့် box တစ်ခုချင်းအတွင်းရှိ ခေါင်းစဉ်များအတွက်သရုပ်ဖော်ပြနိုင်မည့်ပုံတစ်ခုကိုထောက်ပံ့ပေး၍ box အမျိုးမျိုးအတွင်းရှိ အချက်များအကြားဆက်သွယ်မှုများကိုနားလည်စေရန်ရည်မှန်းထားပါသည်။ပထမအချက်အနေဖြင့်၊ QSEM သုတေသနလုပ်ငန်းသည် box တစ်ခုချင်းအတွင်းရှိခေါင်းစဉ်များအတွက် သရုပ်ဖော်ပြနိုင်မည့်ပုံတစ်ခုကို ထောက်ပံ့ပေးရန်ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံကျေးလက်ဒေသရှိ ပြည်သူများသည်မည်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်စားသောက်နေပါသနည်း။ ထိုအသက်မွေးဝမ်း ကျောင်းလုပ်ငန်းများကို မည်သည့်ပြင်ပအချက်များက သက်ရောက်နေပါသနည်း။ အခက်အခဲများ ကြုံတွေ့သောအချိန်တိုင်းတွင် ကျေးရွာသားများသည် မည်သည့်ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို အသုံးပြုပါသနည်း။ ကျေးလက်ဒေသ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် မည်သည့် အဖွဲ့အစည်းများက အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေကြပါသနည်း။ ကျေးရွာအဆင့်တွင် မည်သည့်

ပြင်ပအထောက်အပံ့များကို ပံ့ပိုးပေးနေပါသနည်း။ QSEM လေ့လာမှုသည်ရေပြင်ညီ အတိုင်းလေ့လာမှု (longitudinal study) ဖြစ်သည့်အတွက် အစီရင်ခံစာတိုင်းသည် အချိန်နှင့်အမျှ ပြောင်းလဲမှုများကိုဦးတည်ထားပါသည်။ဒုတိယအချက်အနေဖြင့်၊ QSEMသုတေသနလုပ်ငန်းသည် box အမျိုးမျိုးအတွင်းရှိအချက်အလက်များအကြားဆက်သွယ်မှုများကိုနားလည်စေရန်ရည်မှန်းထားပါသည်။ စုစည်းထားသောအချက်အလက်အမျိုးမျိုးတို့ အချင်းချင်းဆက်စပ်နေသော နည်းလမ်းများကိုဆန်းစစ်လေ့လာခြင်းအားဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား မည်သို့ရွေးချယ်သည်နှင့် ထိုရွေးချယ်မှုများကြောင့်ရလဒ်အမျိုးမျိုးတို့မည်သို့ထွက်ပေါ်လာသည်ကိုပိုမိုနက်နဲစွာနားလည်နိုင်ပါသည်။

## သုတေသနပြုမှုနည်းလမ်း

ယခင်ပြုလုပ်ခဲ့သည့် QSEM သုတေသနများကဲ့သို့ပင် ယခုသုတေသနလုပ်ငန်းတွင်လည်း ကျေးရွာသတင်းအချက်အလက်များကိုသိရှိသည့် ကျေးရွာခေါင်းဆောင်များအား တွေ့ဆုံမေးမြန်းခြင်းနှင့်အိမ်ထောင်စုများအားတွေ့ဆုံမေးမြန်းခြင်း၊ ဦးတည်အုပ်စုအလိုက်ဆွေးနွေးပွဲများပြုလုပ်ခြင်း ၊ လယ်သမားများနှင့် အမျိုးသမီးများကဲ့သို့သော သီးခြားလူမှုရေးနှင့်အလုပ်အကိုင်အုပ်စုများနှင့် အလွတ်သဘောဆွေးနွေးခြင်းစသည့် နည်းလမ်းများကို အသုံးပြုခြင်းအားဖြင့် **အရည်အသွေးကို အသေးစိတ်ဆန်းစစ်သော ကွင်းဆင်းလုပ်ငန်းများပါဝင်ပါသည်။** မေးမြန်းသည့်သူများဖြေကြားသည့် အတိုင်းအချက်အလက်များကိုကွင်းဆင်း လေ့လာသူများကသုတေသနပြုကြရသည်။

QSEM သုတေသနတွင် ကျေးရွာများမှ နမူနာရွေးချယ်ရန်အတွက် Purposive stratified sampling approach ကိုအသုံးပြုပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဇေဟဗုန် (၃)ခုဖြစ်သည့် အပူပိုင်းခြောက်သွေ့ဇုန်၊ တောင်ပေါ်ဇုန်နှင့်ကမ်းရိုးတန်းဇုန်များအနက်တစ်ခုချင်းစီမှနမူနာတိုင်း ဒေသကြီး/ပြည်နယ်(၂) ခုစီကိုရွေးချယ်သည့်အတွက်ဧရာဝတီတိုင်းဒေသကြီးအပါအဝင်စုစုပေါင်းတိုင်း ဒေသကြီး/ပြည်နယ်(၆)ခုရရှိပါသည်။ ရွေးချယ်လိုက်သောတိုင်းဒေသကြီး/ပြည်နယ်များမှာ သက်ဆိုင်ရာ စိုက်ပျိုးရေးဇေဟဗုန်များတွင် အဆင်းရဲဆုံးဖြစ်ကြပြီး၊ LIFT အဖွဲ့က လက်ရှိ လုပ်ငန်း ဆောင်ရွက်နေသည့် သို့မဟုတ် လုပ်ငန်းဆောင်ရွက်ရန်ရည်မှန်းထားသည့်ဒေသများဖြစ်ကြပါသည်။ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းစီတွင်၊ပထဝီဝင်အနေအထားအရပြန့်နှံ့တည်ရှိနေသောမြို့နယ် (၃)မြို့နယ်ကိုရွေးချယ်ခဲ့ရာ LIFT အဖွဲ့ကလုပ်ငန်းဆောင်ရွက်နေပြီး၊တိုင်းဒေသကြီး/ပြည်နယ်အတွင်း အဆင်းရဲဆုံးခရိုင်(၃)ခုမှ တစ်မြို့နယ်စီ ရွေးချယ်ခဲ့ပါသည်။သို့ဖြစ်၍စုစုပေါင်းမြို့နယ်အရေအတွက်မှာ (၁၈)မြို့နယ်ဖြစ်ပါသည်။ မြို့နယ်တစ်ခုချင်းစီတွင် အဓိကကုန်သွယ်ရေးနေရာနှင့် နီးကပ်ခြင်းနှင့် ရေအရင်းအမြစ် သို့မဟုတ် ဆက်သွယ်ရေးလမ်းများအား လက်လှမ်းမီခြင်းတို့ကို အခြေခံ၍ကျေးရွာ (၃)ရွာစီကိုရွေးချယ်ခဲ့ရာ၊ စုစုပေါင်းသုတေသနကျေးရွာ (၅၄)ရွာရရှိခဲ့ပါသည်။ ဤသုတေသနတွင် အချိန်နှင့်ရာသီအလိုက်ပြောင်းလဲခြားနားမှုနစ်ခုလုံးကို လွှမ်းခြုံလေ့လာရန်ကနဦးရည်မှန်းခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းတွင် (၁၈)လကာလအတွင်း သုတေသနလုပ်ငန်း(၂)ကြိမ်ဆောင်ရွက်ခဲ့ရသည့်အတွက်သုတေသနစရိတ်များရှုပ်ထွေးခဲ့ရပါသည်။


ဇယား ( 1) - QSEM သုတေသနအစီအစဉ်တွင်လေ့လာခဲ့သည့်တိုင်းဒေသကြီးနှင့်ပြည်နယ်များ

| တိုင်းဒေသကြီး/ ပြည်နယ် | QSEM 1 ၂၀၁၂ခုနှစ် မတ်လမှမေလ | QSEM 2 ၂၀၁၂ခုနှစ်၊စက်တင်ဘာမှအောက်တိုဘာလ | QSEM 3 ၂၀၁၃ခုနှစ် မေလမှဇွန်လ | QSEM 4 ၂၀၁၄ခုနှစ် မတ်လမှမေလ |
|---|---|---|---|---|
| ဧရာဝတီ | | | | |
| ချင်း | | | | |
| မကွေး | | | | |
| မန္တလေး | | | | |
| ရခိုင် | | | | |
| ရှမ်း | | | | |


**လက်ရှိ QSEM 4 လေ့လာမှုတွင်စီစဉ်မှုများရှုပ်ထွေးမှုရှိနေသည့်ကြားမှ၊တိုင်းဒေသကြီး/ပြည်နယ်(၆)ခုလုံးတွင်သုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။** ယခင်QSEMလေ့လာမှု(၃)ကြိမ်တွင် သတ်

မှတ်ဖော်ထုတ်ထားသောပြောင်းလဲမှု၏သဘောသဘာဝများအရ၊လေ့လာမှုတစ်ကြိမ်နှင့်တစ်ကြိမ်ကြား တွင်အချိန်ထပ်မံယူရန်နှင့် ဒေသအားလုံးရှိပြောင်းလဲမှုများကို နှိုင်းယှဥ်လေ့လာရန်လိုအပ်ကြောင်း အလေးအနက်ဖော်ပြထားပါသည်။ရလဒ်အနေဖြင့် QSEM သုတေသနအစီအစဉ်၏ နောက်ဆုံး နှစ်ကြိမ် ဖြစ်သည့် QSEM 4 နှင့် QSEM 5 တို့တွင် ယခင်လေ့လာမှုများကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ် (၄) ခုတည်းသာမဟုတ်ဘဲ၊ (၆)ခုလုံးလွှမ်းခြုံပါဝင်စေရန်ပြန်လည် ဒီဇိုင်းရေးဆွဲခဲ့ပါ သည်။သုတေသန အစီအစဉ်၏နောက်ဆုံးအကြိမ်လေ့လာမှုဖြစ်သည့် QSEM 5 ကို၂၀၁၄ခုနှစ်၊ နှစ်ကုန်ပိုင်း သို့မဟုတ် ၂၀၁၅ခုနှစ်၊နှစ်ဦးပိုင်းတွင်ဆောင်ရွက်ပါမည်။

ပုံ( 1 )QSEM လေ့လာမှုအတွက်သရုပ်ခွဲဆန်းစစ်သည့်မူဘောင




ပုံ( 2) QSEM သုတေသနအစီစဉ်တွင် လေ့လာခဲ့သည့် မြို့နယ်များ



**QSEM 4 သုတေသနသည် ဒေသအားလုံးနီးပါးရှိ သီးနှံစိုက်ရာသီစက်ဝန်း (၂)ခုကို လွှမ်းခြုံလေ့လာထားပါသည်။** QSEM4 သုတေသနလုပ်ငန်းကို QSEM 3 ပြီးနောက် (၁၀)လအကြာ၊ ၂၀၁၄ ခုနှစ်၊မတ်လမှမေလအထိ ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်၍သုတေသနတွေ့ရှိချက်များသည် မုတ်သုန်ရာသီသီးနှံစိုက်ချိန် (မုတ်သုန်ရာသီအကုန်ဖြစ်သည့်၂၀၁၃ခုနှစ်၊ ဒုတိယနှစ်ဝက်တွင်သီးနှံများ ရိတ်သိမ်းပါသည်)နှင့်ဆောင်းသီးနှံစိုက်ချိန် (၂၀၁၄ခုနှစ်၊အစောပိုင်းကာလ) နှစ်ခုလုံးကိုလွှမ်းခြုံထားပါသည်။

ဇယား( 2) -QSEM 3 နှင့် QSEM 4 လေ့လာမှုအတွင်းအဓိကသီးနှံစိုက်ပျိုးသည့်ရာသီစက်ဝန်းနှင့်ဆက်စပ်မှု




**သုတေသနလုပ်ငန်းတွင် အဖွဲ့ဝင်(၄)ဦးစီ ပါဝင်သောသုတေသနအဖွဲ့ (၆) ဖွဲ့ပါဝင်ပါသည်။** သုတေသနအဖွဲ့တစ်ဖွဲ့ချင်းစီသည်တိုင်းဒေသကြီး/ပြည်နယ်တစ်ခုစီကိုလွှမ်းခြုံတာဝန်ယူပြီးသက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရှိ QSEM သုတေသနအတွက် ရွေးချယ်ထားသောကျေးရွာ (၉) ရွာတွင် တစ်ရွာလျှင် (၃) ရက်နှင့် (၄) ညအိပ်ကြာလုပ်ငန်းများဆောင်ရွက်ပါသည်။

**သုတေသနလုပ်ငန်းစဉ်အတွင်းတွေ့ဆုံမေးမြန်းမှုပေါင်း (၄၈၅) ကြိမ်နှင့်ဦးတည်အုပ်စုလိုက်ဆွေးနွေးပွဲပေါင်း (၂၀၀) ကြိမ်ဆောင်ရွက်ခဲ့ပြီး၊တုန့်ပြန်ဖြေကြားသူစုစုပေါင်း (၁၄၇၄) ဦးရှိခဲ့ပါသည်။** အဓိကအချက်အလက်ပေးသူများတွင် ကျေးရွာသားများကျယ်ပြန့်စွာ ပါဝင်ခဲ့ရာ၊ ကျေးရွာခေါင်းဆောင်များ၊ အခြားအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဘာသာရေးခေါင်းဆောင်များ၊ အကူအညီနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ခဲ့သူများ လယ်သမားများ၊ ငါးဖမ်းလုပ်သားများ၊ ကျပန်းလုပ်သားများနှင့်အခြား အလုပ်လုပ်ကိုင်ကြသူများ၊ (အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများ၊ မသန်စွမ်းသူများ သို့မဟုတ် ထိခိုက်ဒဏ်ရာရထားသူများ၊ သက်ကြီးရွယ်အိုများအပါအဝင်) ထိခိုက်လွယ်သောအုပ်စုများ၊ လူငယ်များနှင့်အမျိုးသမီးငယ်များ စသည်တို့ဖြစ်ကြပါသည်။ ထို့အပြင်ချမ်းသာသောအုပ်စုများအတွင်း၌လည်းတွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ပါသည်။၎င်းအကြိမ်တွင်သုတေသနပြုသူများကဖြေကြားပေးသော ချမ်းသာသူအုပ်စုအမျိုးမျိုးကို ကိုယ်စားပြုနိုင်ရန်အတွက် ယခင် QSEM လေ့လာမှုများတွင်သတ်မှတ်ထားသောချမ်းသာမှုအဆင့်များကိုပြန်လည်သတ်မှတ်ခဲ့ပါသည်။

**လက်ခံရရှိသောသတင်းအချက်အလက်များကိုလေ့လာသုံးသရာတွင်အဆင်ပြေစေရန်၊တူညီသောခေါင်းစဉ်များအတွက်အုပ်စုအမျိုးမျိုးတို့၏အမြင်များကိုရရှိနိုင်ရန်တတ်နိုင်သမျှကြိုးစားခဲ့ပါသည်။** ကျေးရွာ၊မြို့နယ်နှင့်တိုင်းဒေသကြီး/ပြည်နယ်အလိုက်နှိုင်းယှဉ်လေ့လာနိုင်ရန်အတွက် ၊ ကျေးရွာတိုင်းတွင်စံသတ်မှတ်ထားသောအချက်အလက်များကိုစုဆောင်းရယူခဲ့ပါသည်။သုတေသီများအနေနှင့်ထပ်မံ၍တွေ့ရှိသောအကြောင်းအရာများကို အသေးစိတ်လေ့လာနိုင်စေရန်အတွက်သာဓက (case study) များကိုလည်းစုဆောင်းခဲ့ပါသည်။

ဇယား ( 3 ) - QSEM 4 လေ့လာမှုတွင်တိုင်းဒေသကြီး/ပြည်နယ်အလိုက်တစ်ဦးချင်းတွေ့ဆုံမေးမြန်းခြင်း (KII) နှင့်ဦးတည်အုပ်စုအလိုက်ဆွေးနွေးခြင်း (FGD) ပြုလုပ်ခဲ့သည့်အကြိမ်အရေအတွက်

| တိုင်းဒေသကြီး/ ပြည်နယ် | KII အရေအတွက် | ကျား | မ | FGD အရေအတွက် | ကျား | မ |
|---|---|---|---|---|---|---|
| ဧရာဝတီ | ၇၅ | ၄၇ | ၂၈ | ၃၁ | ၈၅ | ၇၉ |
| ချင်း | ၇၂ | ၃၅ | ၃၇ | ၃၆ | ၁၀၅ | ၅၃ |
| မကွေး | ၈၆ | ၅၃ | ၃၃ | ၃၅ | ၈၈ | ၈၀ |
| မန္တလေး | ၈၇ | ၄၀ | ၄၇ | ၃၅ | ၁၁၂ | ၇၂ |
| ရခိုင် | ၇၄ | ၄၇ | ၂၇ | ၃၂ | ၁၃၆ | ၃၅ |
| ရှမ်း | ၉၁ | ၅၆ | ၃၅ | ၃၁ | ၁၁၀ | ၃၅ |
| စုစုပေါင်း | ၄၈၄ | ၂၇၇ | ၂၀၇ | ၂၀၀ | ၆၃၆ | ၃၅၄ |

**ဤအကြိမ် QSEM 4 သုတေသနလုပ်ငန်းတွင်အချက်အလက်များအား လေ့လာသုံးသပ်ရာတွင် ထပ်တိုးအဆင့် (၂) ဆင့်ဖြင့်ဆောင်ရွက်ထားပါသည်။** ပထမအဆင့်မှာထပ်မံတိုးချဲ့ထားသော ကျေးရွာအဆင့် သုတေသနကိုချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ကျေးရွာတစ်ရွာစီတွင်ဆောင်ရွက်ခဲ့ပါသည်။ ယခင်အကြိမ် QSEM လေ့လာမှုများမှ ထွက်ပေါ်လာသော ခေါင်းစဉ်များကို အသေးစိတ်စူးစမ်းဖော်ထုတ်နိုင်ရန်အတွက် ထိုကျေးရွာတစ်ရွာစီတွင်သုတေသီ (၂) ဦးတို့က (၁) ပတ်ကြာလုပ်ငန်းဆောင်ရွက်ခဲ့ကြပါသည်။ဒုတိယအဆင့်မှာ QSEM လေ့လာမှုအတွင်း ပါဝင်သည့် ကျေးရွာများအနက်လေးပုံတစ်ပုံနီးပါးသည် QSEM နှင့်လုပ်ငန်းသဘာဝချင်းဆက်စပ်နေသော်လည်း၊ သီးခြားစီဆောင်ရွက်နေသည့်ကမ္ဘာ့ဘဏ်၏ ` Poverty and Social Impacts Analysis in Support of the Myanmar National Electrification Plan Preparation´ လေ့လာမှု လုပ်ငန်း [1]တွင်လည်း ပါဝင်နေခြင်းဖြစ်ပါသည်။ထိုလေ့လာမှုသည်မြို့ပြနှင့်ကျေးလက်ဒေသနှစ်မျိုးလုံးရှိစွမ်းအင်အသုံးပြုမှု၊ငွေပေးချေသည့်နည်းလမ်းများနှင့်စွမ်းအင်ဝန်ဆောင်မှုများ၏အရည်အသွေးတို့ကိုနားလည်နိုင်ရန်ရည်ရွယ်၍ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

## အစီရင်ခံစာ၏ဖွဲ့စည်းတည်ဆောက်ပုံ

**ဤအစီရင်ခံစာကိုယခင် QSEM လေ့လာမှုများတွင်တွေ့ရှိခဲ့ရသည် ပြောင်းလဲမှု အချက်အလက်များကို အခြေခံ၍အထက်တွင်ဖော်ပြထားသည့် QSEM လေ့လာဆန်းစစ်မှု မူဘောင်နှင့်ဖွဲ့စည်းတည်ဆောက်ထားပါသည်။**

- အခန်း(၂)တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ပြောင်းလဲမှုများဖြင့် စတင်ထားပြီး၊ စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်မှုတိုးလာခြင်း၊ ယာယီနှင့်အမြဲတမ်းပြောင်းရွှေ့လုပ်ကိုင်မှုများတိုးလာခြင်းစသည်တို့အတွက်ပြောင်းလဲမှုများကိုဆွေးနွေးထားပါသည်။ထို့အပြင်ထိုပြောင်းလဲမှုများသည်လူမှုစီးပွားရေးအုပ်စုအမျိုးမျိုးကိုမည်သို့သက်ရောက်နေကြောင်းကိုလည်းသတ်မှတ်ဖော်ထုတ်ထားပါသည်။

---

[1] စွမ်းအင်သုတေသနအဖွဲ့သည်ကျေးရွာ (၁၃)ရွာတို့တွင် QSEM သုတေသနအဖွဲ့များနှင့် ပူးတွဲလုပ်ဆောင်ခဲ့ပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကိုကိုယ်စားပြုနိုင်ရန်နှင့်အစိုးရ၏လျှပ်စစ်စွမ်းအားဖြန့်ဖြူးရေးနည်းလမ်း (၄) ခု (အစိုးရဝန်ဆောင်မှု၊ပုဂ္ဂလိကကုမ္ပဏီမှဝန်ဆောင်မှု၊ကျေးရွာသို့မဟုတ်အသေးစားနှင့်အလတ်စားလုပ်ငန်းများ - SME မှဖြန့်ဖြူးခြင်း၊ ဆိုလာပြားများ/မီးစက်များဖြင့် တစ်ဦးချင်းချိတ်ဆက်မှုများ) အနက်တစ်နည်းနည်းကို ကိုယ်စားပြုနိုင်ရန်အတွက် ကျေးရွာများကိုရွေးချယ်ခဲ့ပါသည်။

[2] ရွှေ့ပြောင်းတောင်ယာစနစ်ကိုခုတ်လှဲမီးရှို့စိုက်ပျိုးနည်းစနစ် (swidden cultivation) သို့မဟုတ်အလှည့်ကျပလပ်မြေစနစ် (တောင်ယာ) ဖြင့်စိုက်ပျိုးခြင်းဟုလည်းသုံးနှုန်းကြပါသည်။

- အခန်း(၃)တွင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုသက်ရောက်နေသောအချက်များ၏ပြောင်းလဲမှုများအားဆက်လက်ဖော်ပြထားပြီး၊စက်ယန္တရားများပိုမိုအသုံးပြုလာခြင်း၊လုပ်သားရှားပါးမှုကြောင့်ထိခိုက်မှုများ၊မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတိုးတက်မှုများနှင့်မြေယာအငြင်းပွားမှုများကိုဦးတည်ဆွေးနွေးထားပါသည်။
- အခန်း(၄)တွင် ပြင်းထန်သောထိခိုက်မှုများနှင့် ရင်ဆိုင်ဖြေရှင်းသည့်လုပ်ငန်းစဉ်ပုံစံများတွင်ပြောင်းလဲမှုအနည်းငယ်ကိုဖော်ပြထားပြီး၊အိမ်ထောင်စုများအားအရေးပေါ်ကိစ္စရပ်များအတွက်ကူညီပေးနိုင်မည့်ကျေးရွာရန်ပုံငွေများကအဖွဲ့အစည်းပုံစံဖြင့်ထွက်ပေါ်လာမှုကိုမှတ်ချက်ပြုထားပါသည်။
- အခန်း(၅)တွင်ပြည်သူများ အချင်းချင်းဆက်ဆံရေးနှင့်ပိုတိုးလာနေသည့် ပြည်သူနှင့် အစိုးရကြားဆက်ဆံရေးတို့ကိုသတ်မှတ်ဖော်ထုတ်ထားသော၊လူမှုဆိုင်ရာဆက်ဆံရေးတွင်ပြောင်းလဲမှုများကိုသရုပ်ခွဲဆန်းစစ်ထားပါသည်။
- အခန်း(၆)တွင်အစိုးရ၏အထောက်အပံ့များထင်ရှားစွာတိုးလာခြင်းကိုလည်းကောင်း၊ အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ကူညီထောက်ပံ့မှုများအပေါ်ပြည်သူများ၏အမြင်များကိုလည်းကောင်းစစ်ဆေးဆန်းစစ်ထားပါသည်။
- အခန်း (၇) တွင်ရရှိခဲ့သည့်သင်ခန်းစာများနှင့်အကြံပြုချက်များဖြင့်နိဂုံးချုပ်ထားပါသည်။

# အခန်း (၂)

# လူတွေ့ဘာလုပ်ကြသနည်း- အသက်မွေးဝမ်းကျောင်းလုပ်ငန်း

## ရွေးချယ်မှုများနှင့်ရလဒ်များ

ဤအခန်းတွင်ခြုံငုံလေ့လာဆန်းစစ်မှုမူဘောင်၏ Box – 1 တွင်ဖော်ပြထားသော "မည်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများရွေးချယ်လုပ်ကိုင်ကြသနည်း" ဟူသောအချက်ကို ကိုယ်စား ပြုလျက်ပြည်သူများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုများနှင့်ရလဒ်များ၏ပုံစံများပြောင်းလဲ ပုံကိုလေ့လာဆန်းစစ်ထားပါသည်။

QSEM 4 လေ့လာမှုတွင်မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍတွင်ဖြစ်ပွားနေသော ဖွဲ့စည်း တည်ဆောက်မှု ဆိုင်ရာပြောင်းလဲမှုများက ကျေးလက်ဒေသကျေးရွာများရှိ ဆင်းရဲသောပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား မည်သို့သက်ရောက်နေသည်ကို တွေ့ရှိခဲ့ရပြီး၊ထိခိုက်နိုင်မှု အလားအလာအချို့ကိုလည်းမီးမောင်းထိုးပြနိုင်ခဲ့ပါသည်။

ပြည်သူများ၏လူနေမှုဘဝများနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုများမှာနည်းလမ်း များစွာတွင်တူညီကြပါသည်။ရာသီဥတုနှင့်ဈေးနှုန်းများကောင်းမွန်မှုကြောင့်အချို့ဒေသများရှိလယ်သမ ားများအတွက်ယခင်ကထက်ပိုမိုကောင်းမွန်သောနှစ်တစ်နှစ်ဖြစ်ခဲ့ပါသည်။သို့ရာတွင်ယခင်အကြိမ်လေ့ လာမှုများကဲ့သို့ပင်ပြင်းထန်သောထိခိုက်မှုများအပေါ်ထိခိုက်လွယ်နေဆဲဖြစ်ပြီး၊လုပ်သားနှင့်အကြွေးဆို င်ရာစိန်ခေါ်မှုများဆက်လက်တည်မြဲနေဆဲဖြစ်ပါသည်။မြေယာမဲ့လုပ်သားများသည်လည်းအလုပ်အကိုင် များကိုတစ်နှစ်ပတ်လုံးလုံလောက်စွာရရှိရေးအတွက်အခက်အခဲများရင်ဆိုင်နေရပါသည်။

ပြည်သူများရွေးချယ်ခဲ့သည့်လုပ်ငန်းအချို့မှာပိုမိုကျယ်ပြန့်သောဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အပြောင်းအလဲများကိုတုန့်ပြန်ထင်ဟပ်နေပါသည်။အပူပိုင်းခြောက်သွေ့ဒေသတွင်ငွေပြန်လွှဲပို့ခြင်းများ တိုးလာခြင်းနှင့်စိုက်ပျိုးရေးလုပ်ငန်းမှဝင်ငွေရရှိရန်မသေချာမှုများကြောင့်အိမ်ထောင်စုများသည်စိုက်ပျိုး ရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများသို့ဦးတည်လာကြပါသည်။ချင်းပြည်နယ်တွင်မူ၊အ ခြေခံအဆောက်အအုံဆိုင်ရာရင်းနှီးမြှုပ်နှံမှုများတိုးတက်လာခြင်းနှင့်အတူ၊အမြဲတမ်းစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲလာမှုကြောင့်အကျိုးကျေးဇူးများစတင်ရရှိနေပြီဖြစ်ပါသည်။တိုင်းဒေသကြီး/ပြည်နယ်အားလုံး နီးပါးတွင်၊ရွှေ့ပြောင်းလုပ်ကိုင်မှုများတိုးတက်လာခဲ့ပါသည်။

ထိုသို့သောအကျိုးကျေးဇူးများအပြင်၊ QSEM 4 လေ့လာမှုတွင်ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြောင်းလဲမှုများကြောင့်ဆင်းရဲသူများအပေါ်ထိခိုက်နိုင်မှုအလားအလာများကိုလည်းမီးမောင်းထိုးပြထား ပါသည်။အချို့သောကျေးရွာများတွင်မညီမျှမှုများတိုးလာကြောင်းတွေ့ရပြီး၊အပယ်ခံအိမ်ထောင်စုများ အားလူမှုရေးမှဖယ်ကျဉ်ထားခြင်းနှင့်၎င်းတို့၏ပြုမူဆောင်ရွက်နိုင်စွမ်းတို့အတွက်အတားအဆီးများရှိနိုင် ခြင်းကိုလည်းကောင်း၊ ထိုအပယ်ခံအိမ်ထောင်စုများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရာတွင် နောက်ကျ ကျန်ရစ်နေနိုင်သည့်အလားအလာများကိုလည်းကောင်းထင်ရှားစွာဖော်ပြနေပါသည်။ဤအခန်းတွင်ဆင် းရဲသောအိမ်ထောင်စုအမျိုးအစားများကိုအဆိုပြုထားပြီး၎င်းတို့၏ပြုမူဆောင်ရွက်နိုင်စွမ်းနှင့်ပတ်သက် သည့်အမြင်များနှင့်မဟာဗျူဟာ (နည်းလမ်း) များကိုဆန်းစစ်လေ့လာထားပါသည်။

## ခြုံငုံပြောင်းလဲမှုများ

**ဒေသအများစုတို့တွင် ပြည်သူများက ယခင်ကထက် ပိုကောင်းသော နှစ်တစ်နှစ်ဖြစ်ကြောင်း ပြောကြားခဲ့ကြပါသည်။**ယခင်အကြိမ် QSEM လေ့လာမှုများတွင်ရာသီဥတုကြောင့်ဒုက္ခရောက်ရခြင်း၊ သီးနှံများဆုံးရှုံးခြင်းနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်အနည်းငယ်သာပြောင်းလဲခြင်းတို့ကိုလေ့လာဖော်ထုတ်ခဲ့ပါသည်။ဤအကြိမ်လေ့လာမှုတွင်မူ၊ဒေသအားလုံးနီးပါးရှိပြည်သူများက ယခင် (၁၂) လ(တစ်နှစ်)ကထက် ပိုမိုကောင်းမွန်လာကြောင်းပြောကြားခဲ့ကြပါသည်။ ထိုသို့ပိုကောင်းလာရသည့် အကြောင်းရင်းများတွင်စိုက်ပျိုးရေးလုပ်ငန်းမှဝင်ငွေကောင်းခြင်း၊စိုက်ပျိုးရေးမဟုတ်သောအလုပ်များတိုး လာခြင်းနှင့်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့ပါဝင်ပြီး၊အောက်ပါဇယားတွင်ဖော်ပြထားသည့်အတိုင်းဒေသပေါ် မူတည်၍အမျိုးမျိုးကွဲပြားနေပါသည်။ အချို့သောတိုးတက်မှုများမှာတစ်ဦးချင်းသို့မဟုတ်အစိုးရက ထိန်း

ချုပ်နိုင်ခြင်းမရှိသည့် (ရာသီဥတုကောင်းမွန်ခြင်းကဲ့သို့သော) အချက်များပေါ်မူတည်နေပါသည်။ အခြားသောတိုးတက်မှုများမှာမူမြန်မာနိုင်ငံတွင်ကျယ်ပြန့်စွာဖြစ်ပေါ်နေသော ဖွံ့စည်းတည်ဆောက်မှုဆိုင်ရာပြောင်းလဲမှုများနှင့်ချိတ်ဆက်နေကြပါသည်။ သို့ရာတွင်အပယ်ခံအုပ်စုများနှင့် ထိခိုက်လွယ်အုပ်စု အချို့မှာမူထိုပြောင်းလဲမှုများကိုအခွင့်ကောင်းယူရန် ပိုမိုခက်ခဲနေကြောင်းနှင့်ယခုနှစ်တွင်အနည်းငယ်ပိုဆိုးလာကြောင်းသို့မဟုတ်အနည်းငယ်သာတိုးတက်လာကြောင်းတွေ့ရှိရပါသည်။

ဇယား( 4 ) - တိုင်းဒေသကြီး/ပြည်နယ်အလိုက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးတက်ခဲ့သည့်နယ်ပယ်များ

| | စိုက်ပျိုးရေး | စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများ | ရွှေ့ပြောင်းလုပ်ကိုင်ခြင်း |
|---|---|---|---|
| ဧရာဝတီ | X | | X |
| ချင်း | X | | |
| မကွေး | | X | X |
| မန္တလေး | | X | X |
| ရခိုင် | | | X |
| ရှမ်း | X | | X |

## စိုက်ပျိုးရေး

### အထွက်နှုန်းကောင်းခြင်း

*`နာဂစ်မုန်တိုင်းတိုက်ပြီကတည်းကကျွန်တော်တို့ရွာမှာဒီနှစ်ကအထွက်နှုန်းအကောင်းဆုံးပဲ။´ (ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဌ၊ဧရာဝတီတိုင်းဒေသကြီး)*

ခြုံငုံ၍ကြည့်ပါကအချို့သော သီးနှံများ၏ဈေးနှုန်းများ မြင့်တက် လာခြင်း နှင့်ပြင်းထန်သော ထိခိုက်မှု(Shocks)များ နည်းပါးခြင်း ကြောင့် စိုက်ပျိုးရေးလုပ်ငန်းမှရ လဒ်များတိုးတက်လာခဲ့ပါသည်။ သိုသော်ဒေသ အားလုံးတွင် မဟုတ်ပါ။

**ခြုံငုံ၍ကြည့်ပါကစိုက်ပျိုးရေးလုပ်ငန်းမှဝင်ငွေများတိုးတက်လာခဲ့ပါသည်။သို့သော်ဒေသအလိုက်ကွဲပြားမှုများရှိကြပါသည်။**ယခင်လေ့လာမှုများနှင့်နှိုင်းယှဉ်ပါက QSEM 4 လေ့လာမှုအတွင်းတွင်သီးနှံအချို့မှ ဝင်ငွေများ ပိုကောင်းလာကြောင်းတွေ့ရှိရပါသည်။ အကြောင်းရင်းများမှာ ဈေးနှုန်းများမြင့်လာခြင်း(ရှမ်းပြည်နယ်တွင်ပြောင်း၊မကွေးတိုင်းဒေသကြီးတွင်နှမ်း၊ဧရာဝတီတိုင်းဒေသကြီးတွင်စပါး) နှင့် အထွက်နှုန်းများတိုးလာခြင်းတို့ကြောင့်ဖြစ်ပါသည်။ သို့ရာတွင်သီးနှံအမျိုးအစားနှင့်ဒေသအလိုက်ကွဲပြားမှုများရှိ နေပြီး၊အချို့ဒေသများတွင်ဝင်ငွေပိုကောင်းလာခြင်းမရှိကြောင်းတွေ့ရှိရပါသည်။ (ဇယား-၅တွင်ဖော်ပြထားပါသည်။) အပူပိုင်းခြောက်သွေ့ဒေသရှိလယ်သမားများသည် ဤနှစ်အတွင်းအမျိုးမျိုးကြုံ တွေ့ခဲ့ရပါသည်။ မကွေးတိုင်းဒေသကြီးရှိ အချို့သောကျေးရွာများတွင်နှမ်းနှင့်ကြံမှ ဝင်ငွေကောင်းမွန်ခဲ့သော်လည်း၊မြေပဲကဲ့သို့သောအခြားသီးနှံများမှာပုံမှန်အတိုင်းသာရရှိခဲ့ခြင်းသို့မဟုတ်ဝင်ငွေနည်းခြင်းများဖြစ်ခဲ့ပါသည်။မန္တလေးတိုင်းဒေသကြီးအတွင်းရှိကုလားပဲနှင့်မြေပဲစိုက်တောင်သူများမှာဈေးနှုန်းများကျဆင်းခြင်းကြောင့်ဝင်ငွေမကောင်းခဲ့ကြပါ။ရခိုင်ပြည်နယ်ရှိလယ်သမားများမှာယခင်နှစ်ကထက်ပိုမိုကောင်းမွန်ခဲ့ပြီး၊စပါးနှင့်မြေပဲမှဝင်ငွေအနည်းငယ်တိုးလာခဲ့ပါသည်။သို့ရာတွင်ယခင်နှစ်များကအခြေအနေအလွန်ဆိုးခဲ့သဖြင့်ရခိုင်ပြည်နယ်မှလယ်သမားများကတစ်နှစ်လုံးအတွက်ဆိုပါကဝင်ငွေများကောင်းမွန်ခြင်းမရှိကြောင်းပြောကြားခဲ့ပါသည်။

**ဤတိုးတက်မှုများမှာ လယ်သမားများက ထိန်းချုပ်နိုင်စွမ်းမရှိသည့်ရာသီဥတုနှင့်ရောဂါပိုးမွှားကြောင့်ပြင်းထန်သောထိခိုက်မှုများ (shocks) လျော့နည်းလာခြင်းနှင့်အဓိကသီးနှံဈေးနှုန်းများပိုကောင်းလာခြင်းကြောင့်ဖြစ်ပါသည်။** ယခင်အကြိမ် QSEM လေ့လာမှုများအတွင်းတွင် အချို့သော လယ်သမားများက ကြိုတင်မခန့်မှန်းနိုင်သော ရာသီဥတုနှင့် ရောဂါပိုးမွှားကျရောက်မှုတို့ကြောင့်သီးနှံ ထွက်ရှိမှုအရည်အသွေးနိမ့်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ဤနှစ်တွင်မူ အထူးသဖြင့် ဧရာဝတီတိုင်း ဒေသကြီးရှိစပါးစိုက်လယ်သမားများကမိုးစပါးထွက်ရှိမှုအရည်အသွေးမှာယခင်နှစ်ကထက်ပိုကောင်းခဲ့ကြောင်းပြောကြားခဲ့ပါသည်။ထိုသို့ထွက်ရှိမှုအရည်အသွေးမြင့်လာခြင်းကြောင့်ဈေးနှုန်းများလည်းပိုမိုရရှိခဲ့ပါသည်။ဥပမာအားဖြင့်ဧရာဝတီတိုင်းဒေသကြီး၊လပွတ္တာမြို့နယ်တွင် ဒေသသုံးစပါးမျိုးဖြစ်သည့် မနောသုခစပါးမှာယခင်နှစ်ကတင်း(၁၀၀) လျှင်၃၃၀၀၀၀ကျပ် (အမေရိကန်ဒေါ်လာ၃၄၀ခန့်) ရှိရာမှ ယခုနှစ်တွင်၄၅၀၀၀၀ကျပ် (အမေရိကန်ဒေါ်လာ၄၆၀ခန့်) အထိမြင့်တက်လာခဲ့ကြောင်း တုန့်ပြန်ဖြေကြားသူများကပြောကြားခဲ့ကြပါသည်။ ဇယား(၅)တွင်ဖော်ပြထားသည့်အတိုင်း၊ အခြားသောအဓိက သီးနှံ

ဈေးနှုန်းများလည်းမြင့်တက်လာခဲ့သဖြင့်၊အချို့သောဒေသများတွင်လယ်သမားများကငှင်းတို့၏အသက်မွေးဝမ်းကျောင်းမဟာဗျူဟာ(နည်းလမ်း)များကိုပင် ပြောင်းလဲလာကြပါသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်တောင်ပိုင်းရှိသုတေသနပြုလုပ်သည့် ကျေးရွာများအားလုံးတွင် ပြောင်းဈေးနှုန်းမြင့်တက်လာခြင်းကြောင့်လယ်သမားများသည်မြေပဲနှင့်နှမ်းကိုလျှော့စိုက်၍ပြောင်းကို ပိုမိုစိုက်ပျိုးလာကြပြီး၊ယခင်ကထွန်ယက်စိုက်ပျိုးခြင်းမရှိသည့်မြေများတွင်လည်းစိုက်ပျိုးလာကြပါသည်။မြို့နယ်တစ်မြို့နယ်တွင်ထိုကဲ့သို့စိုက်ပျိုးမှုပုံစံပြောင်းလာခြင်းကြောင့်ပြောင်းမျိုးစေ့ပြတ်လပ်မှုဖြစ်ပေါ်ခဲ့ပြီး၊လယ်သမားများကဆန္ဒပြသည်အထိဆိုးရွားခဲ့ပါသည်။ဆန့်ကျင်ဖက်အားဖြင့်ယခင်နှစ်များကမူမြေများစွာပိုင်ဆိုင်သောလယ်သမားကြီးများသည်စိုက်ပျိုးရေးမှဝင်ငွေရရှိရန်မသေချာမှုကြောင့်သူတို့၏မြေအချို့ကိုမစိုက်ပျိုးဘဲပလပ်ထားကြပါသည်။

သို့ရာတွင်လယ်သမားများနှင့်မြေယာမဲ့လုပ်သားများရင်ဆိုင်နေရသည့်ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ မမြင်နိုင်သောစိန်ခေါ်မှုများမှာမူဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။ယင်းတို့တွင် လုပ်သား၊ချေးငွေ၊ ပြင်းထန်သောသက်ရောက်မှု (shock) များအပေါ် ထိခိုက်လွယ်မှုတို့နှင့်ပတ်သက်သည့်စိန်ခေါ်မှုများပါဝင်ပါသည်။

**သို့ရာတွင် လယ်သမားများနှင့် မြေယာမဲ့လုပ်သားများရင်ဆိုင်နေရသည့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာမမြင်နိုင်သောစိန်ခေါ်မှုများမှာမူဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။**ယခု QSEM 4 လေ့လာမှုတွင်ခြုံငုံကြည့်ပါကလယ်သမားများသည်စိုက်ပျိုးရေးလုပ်ငန်းမှရလဒ်များပိုမိုကောင်းမွန်လာပြီး၊ပြင်းထန်သောသက်ရောက်မှုများ (Shocks) များကြုံတွေ့ရမှုလျော့နည်းသော်လည်း၊ shocks များအပေါ်ထိခိုက်လွယ်မှု (Vulnerability)မှာမူ ဆက်လက်ရှိနေဆဲဖြစ်ပါသည်။ လယ်သမားများသည် ရာသီချိန်များတွင်လုပ်သားရှားပါးမှုနှင့်ရင်ဆိုင်နေရပြီး၊ရာသီချိန်လုပ်အားခများလည်းတိုးမြင့်လာပါသည်။မြေယာမဲ့လုပ်သားများသည်လည်းဆက်လက်ရုန်းကန်နေရဆဲဖြစ်ပါသည်။လုပ်သားရှားပါးမှုကြောင့်ပိုမိုကောင်းမွန်သောအလုပ်စည်းကမ်းချက်များအတွက်ညှိနှိုင်းနိုင်စွမ်းရှိလာသော်လည်း၊ရာသီချိန်မဟုတ်ပါကလယ်ယာလုပ်ငန်းခွင် အလုပ်အကိုင်များရှားပါးသည့်အတွက် စားဝတ်နေရေးလိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် ရုန်းကန်နေရပါသည်။ လုပ်သားများနှင့်ပတ်သက်သည့်အပြောင်းအလဲများကို အခန်း (၃)တွင် ထပ်မံလေ့လာတင်ပြထားပါသည်။

ဤအချက်အတွက်ခြွင်းချက်တစ်ခုမှာ ချင်းပြည်နယ်တွင်ဖြစ်ပြီး၊ လယ်သမားများသည်စိုက်ပျိုးရေးကဏ္ဍတွင်ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာပြောင်းလဲမှုများကျယ်ပြန့်စွာပြုလုပ်နေခြင်းကြောင့်အကျိုးအမြတ်ရရှိနေကြပါသည်။လက်ရှိတွင်လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများတွင်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နေခြင်းနှင့်အတူ၊ရွှေ့ပြောင်းတောင်ယာစနစ်[2] မှအမြဲတမ်းစိုက်ပျိုးရေးစနစ်သို့ပြောင်းလဲနေခြင်းကြောင့် အကျိုးအမြတ်များထွက်ပေါ်လာနေပါသည်။ ချင်းပြည်နယ်ရှိ QSEM သုတေသန ကျေးရွာ (၉) ရွာအနက် (၇) ရွာတွင်အိမ်ထောင်စုများ၏၅၀% မှ၇၀% ခန့်သည်ရွှေ့ပြောင်းတောင်ယာစနစ် မှ လှေခါးထစ်စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲနေပြီး၊ အဓိကအားဖြင့် ဟင်းသီးဟင်းရွက်များ သို့မဟုတ် လိမ္မော်၊ မျောက်ဒို နှင့် ထောပတ် ကဲ့သို့သော ဉယျာဉ်ခြံသီးနှံများ စိုက်ပျိုးလာကြပါသည်။ လှေခါးထစ်စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲရန် အဓိကတွန်းအားပေးသူမှာ အကူအညီပေးရေးအစီအစဉ်များဖြစ်ပြီး ဉယျာဉ်ခြံသီးနှံများသို့ပြောင်းလဲစိုက်ပျိုးသည်မှာ ပိုမိုချမ်းသာသော လယ်သမားများ ဖြစ်ပါသည်။ ထိုကဲ့သို့အမြဲတမ်းစိုက်ပျိုးရေးစနစ်များသို့ပြောင်းလဲလာခြင်းမှာ လူအင်အားသုံး၍လုပ်ကိုင်ရခြင်းနှင့် မိရိုးဖလာစိုက်ပျိုးနည်းကို မလုပ်ကိုင်တော့သည့်တုန့်ပြန်မှုများဖြစ် ကြောင်းတွေ့နိုင်သည်။သို့ရာတွင် QSEM သုတေသနပြုလုပ်ရာကျေးရွာများတွင်မူ ထိုသို့သောတုန့်ပြန်မှုထက်လက်ရှိဈေးကွက်ချိတ်ဆက်မှုများ ပိုမိုကောင်းမွန်လာခြင်းကြောင့် ဝင်ငွေအရင်းအမြစ်များအမျိုးအစား စုံလင်စေရန်နှင့်ဝင်ငွေအမြင့်ဆုံးရရှိစေရန်ဖြစ်ကြောင်းတွေ့ရှိရပါသည်။

[2] ရွှေ့ပြောင်းတောင်ယာစနစ်ကိုခုတ်လှဲမီးရှို့စိုက်ပျိုးနည်းစနစ် (swidden cultivation) သို့မဟုတ်အလှည့်ကျပလပ်မြေစနစ် (တောင်ယာ) ဖြင့်စိုက်ပျိုးခြင်းဟုလည်းသုံးနှုန်းကြပါသည်။

ဇယား(5) - တိုင်းဒေသကြီး/ပြည်နယ်အလိုက်အဓိကသီးနှံများမှဝင်ငွေရရှိမှုအခြေအနေ

| | ကုလားပဲ | ငရုတ် | ပြောင်း | ဝါ | ကြက်သွန်ဖြူ | မျောက်ငို[3] | ကြက်သွန်နီ | စပါး | မြေပဲ | ပဲစဉ်းငုံ | ကြံ | နှမ်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| QSEM 4 ရှိအခြေအနေ (QSEM 3 နှင့်နှိုင်းယှဉ်ခြင်း) | | | | | | | | | | | | |
| ရှမ်း | | | | | | | | | | | | |
| မကွေး | | | | | | | | | | | | |
| ရခိုင် | | | | | | | | | | | | |
| ဧရာဝတီ | | | | | | | | | | | | |
| QSEM 4 ရှိအခြေအနေ (QSEM 2 နှင့်နှိုင်းယှဉ်ခြင်း) | | | | | | | | | | | | |
| ချင်း | | | | | | | | | | | | |
| မန္တလေး | | | | | | | | | | | | |

| | | |
|---|---|---|
| (dark blue) | ဈေးနှုန်းနှင့်အထွက်နှုန်းပိုကောင်း | (ဝင်ငွေများစွာမြင့်မား) |
| (light blue) | ဈေးနှုန်းသို့မဟုတ်အထွက်နှုန်းပိုကောင်း | (ဝင်ငွေပိုမြင့်မား) |
| (beige) | ဈေးနှုန်းတူ၊အထွက်နှုန်းတူ | (ဝင်ငွေတူညီ) |
| (orange) | ဈေးနှုန်းသို့မဟုတ်အထွက်နှုန်းလျော့ | (ဝင်ငွေပိုနည်း) |
| (dark red) | ဈေးနှုန်းနှင့်အထွက်နှုန်းလျော့ | (ဝင်ငွေများစွာပိုနည်း) |

သာဓက( 1) - ဥယျာဉ်ခြံများပြောင်းလဲစိုက်ပျိုးခြင်းသည်ချင်းပြည်နယ်ရှိအိမ်ထောင်စုများအား ကူညီပေးပါသည်၊ သို့သော်ချမ်းသာသူများကအကျိုးအမြတ်ပိုမိုရရှိနိုင်ကြပါသည်။

ချင်းပြည်နယ်မြောက်ပိုင်း၊ ထန်တလန်မြို့နယ်ရှိ QSEM သုတေသနကျေးရွာများအနက် တစ်ရွာ၏ အတွေ့အကြုံအရ အိမ်ထောင်စုများသည် တစ်ပိုင်တစ်နိုင်ရွှေ့ပြောင်းတောင်ယာစနစ်မှ ဈေးကွက်အခြေခံသည့် ဥယျာဉ်ခြံစိုက်ပျိုးရေးစနစ်သို့ ရေရှည်ပြောင်းလဲမှုကြောင့် အကျိုးအမြတ်များရရှိနေကြောင်းနှင့် သို့ရာတွင် ဆင်းရဲသားများအနေဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်ရန်အခွင့်အလမ်းပိုနည်းနေကြောင်းဖော်ပြနေပါသည်။

ဤကျေးရွာရှိ လယ်သမားအများစုသည်လွန်ခဲ့သော(၁၀)စုနှစ်မတိုင်မီအချိန်အထိရွှေ့ပြောင်း တောင်ယာလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြပါသည်။ ကျေးရွာခေါင်းဆောင်များကအိမ်ထောင်စုတစ်စုချင်းသို့အနှိမ့်ဆုံးအနေဖြင့် မိသားစုတစ်ပိုင်တစ်နိုင်စားသောက်နိုင်၍ ရောင်းချရန် အနည်းငယ်ပိုလျှံစေသည့်စိုက်ပျိုးဧရိယာ ရရှိစေရန် ကျေးရွာပိုင်မြေကိုခွဲဝေပေးပါသည်။ သို့ရာတွင် ၂၀၀၆ခုနှစ်မှစ၍ လယ်သမားများကအထူး သဖြင့် လိမ္မော်သီးအပါအဝင်ဥယျာဉ်ခြံသီးနှံများပြောင်းလဲစိုက်ပျိုးလာကြပါသည်။ဤသို့ပြောင်းလဲစိုက်ပျိုးမှုကိုအမေရိကန်နိုင်ငံတွင်အခြေစိုက်သည့်ဂျူးလူမျိုးအုပ်စုတစ်စု၏ထောက်ပံ့မှုဖြင့်တစ်ဦးချင်းလုပ်ငန်းရှင်များကစတင်ခဲ့ကြပါသည်။ ဥယျာဉ်ခြံလုပ်ငန်းစတင်လုပ်ကိုင်ချိန်တွင်လက်တစ်ဆုပ်စာလူနည်းစုကသာပါဝင်ခဲ့သော်လည်း၊လျင်မြန်စွာပြန့်နှံ့လာခဲ့ရာရှစ်နှစ်ကြာပြီးနောက်သုတေသနပြုလုပ်ချိန်တွင်ယင်းကျေးရွာရှိအိမ်ထောင်စု (၂၀၀)အနက် (၁၄၀)တို့တွင် အနည်းဆုံးလိမ္မော်ခြံတစ်ခြံစီပိုင်ဆိုင်နေပြီဖြစ်ပါသည်။

ကျေးရွာသားများစွာတို့ကထိုခြံများကြောင့်၎င်းတို့အခြေအနေပိုကောင်းလာခဲ့ကြောင်းပြောကြားခဲ့ပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်သည် ၎င်းတို့၏လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိကြောင်း သို့မဟုတ် ကျောင်းလခပေးခြင်းကဲ့သို့သောရင်းနှီးမြှုပ်နှံမှုများကိုပြုလုပ်ပေးနိုင်ခြင်းမရှိကြောင်းလည်းပြောကြားခဲ့ကြပါသည်။ လူများကကနဦးစတင်စိုက်ပျိုးသူများကိုညွှန်ပြခဲ့ပြီး၎င်းတို့ကယခင်ကထက်လုပ်သားနည်းပါးစွာဖြင့်ဝင်ငွေမည်သို့ရှာဖွေရမည်ကို ပြသခဲ့ကြောင်းပြောခဲ့ပါသည်။ ပထမဆုံးသောစမ်းသပ်စိုက်ပျိုးမှုကို ၂၀၀၆ခုနှစ်တွင် လိမ္မော်ပင် (၂၀၀)ပင်ဖြင့်စတင်ခဲ့ပြီး၊ (၃)နှစ်အကြာတွင် ဝင်ငွေစတင်ရရှိကြောင်း သိလာပြီးနောက်၊ နှစ်စဉ်တစ်နှစ်လျှင် အပင်သစ် (၅၀)မှ (၁၀၀) အထိတိုးချဲ့စိုက်ပျိုးခဲ့ပါသည်။သုတေသနပြုလုပ်ချိန်၌ထိုလယ်သမားတွင်လိမ္မော်ပင် (၆၀၀)ခန့်ရှိနေပြီး၊ နှစ်စဉ်ဝင်ငွေ (၁၆)သိန်းခန့် ရရှိနေပါသည်။ သူ၏ခြံမှတစ်နှစ်လျှင် တစ်ကြိမ်သာ ဝင်ငွေရရှိသော်လည်း၊ သူ့အနေဖြင့် ယခင်ကဲ့သို့ ပင်ပန်းခံလုပ်စရာမလိုတော့ဘဲ သူ၏ကလေးများကိုလည်း ထန်တလန်မြို့ကျောင်းတွင်ထားနိုင်ပြီး မော်တော်ဆိုင်ကယ်အသစ်တစ်စီးကိုလည်း ဝယ်နိုင်ခဲ့ပါသည်။ ထိုအခြေအနေများမှာ

[3]သစ်သီးတစ်မျိုး။

ယခင်က `အိပ်မက်´ တစ်ခုသာဖြစ်ခဲ့ပါသည်။

သို့ရာတွင်ပိုမိုဆင်းရဲသောကျေးရွာသားများစွာတို့မှာမူရွှေ့ပြောင်းတောင်ယာနှင့်လိမ္မော်ခြံတို့ကိုတစ်ပြိုင်နက်တည်း ပူးတွဲလုပ်ဆောင်နိုင်ခြင်းမရှိကြပါ။ လိမ္မော်ခြံများကိုစတင်တည်ထောင်ရာတွင် ဈေးပိုကြီးပြီးဝင်ငွေလည်းကောင်းနိုင်သည့် ကိုင်းကူးစပ်မျိုးများအစား လိမ္မော်စေ့ကိုသာ ပျိုးထောင်စိုက်ပျိုးကြရပါသည်။ပိုမိုဆင်းရဲသူများအတွက် မြေယာမှတ်ပုံတင်ရာတွင် ကုန်ကျစရိတ်များပြားမှုကလည်း အခက်အခဲဖြစ်စေပါသည်။ အိမ်ထောင်စု (၂၀၀)အနက် (၁၉) စု (အချမ်းသာဆုံးနှင့်လိမ္မော်ခြံအများဆုံးပိုင်ဆိုင်သူများ) ကယခင်ကျေးရွာပိုင်မြေများကိုသူတို့၏စိုက်ပျိုးမြေအဖြစ်မှတ်ပုံတင်ခဲ့ကြပါသည်။ဆင်းရဲသူများအတွက်မူမြေမှတ်ပုံတင်ကြေး၁၀၀၀၀ကျပ်ဆိုသည်မှာနောက်နှစ်များစွာထုတ်လုပ်မှုမရှိနိုင်သေးသောလိမ္မော်ခြံလုပ်ငန်းအတွက်စွန့်စားမှုတစ်ခုဖြစ်နေပါသေးသည်။

ထိုသို့သောအခြေအနေများရှိနေသော်လည်း ကျေးရွာသားများက ဥယျာဉ်ခြံလုပ်ငန်းကို ပြောင်းလဲဆောင်ရွက်ရန် အကောင်းဘက်မှရှုမြင်ကြပါသည်။ ထွက်ကုန်များကို အနီးဆုံးဈေးကွက်သို့ ပို့ဆောင်ရန်မှာလည်း အခက်အခဲတစ်ခုဖြစ်ပါသည်။လိမ္မော်သီးများရွာသို့ရောက်ရန်လူသို့မဟုတ်လားဖြင့်မိနစ် (၃၀)မှ (၆၀) အထိကြာမြင့်ပြီး ထန်တလန်မြို့သို့ ဆက်လက်ပို့ဆောင်ရာတွင်ဆိုးရွားသော လမ်းအတိုင်းကားဖြင့် (၂)နာရီ ကျော်ကြာမြင့်ပါသည်။ ကျေးရွာသားများက လက်ရှိလမ်းကိုပြုပြင်နိုင်ပါက လိမ္မော်သီးများကို ကားကြီးများဖြင့်သယ်ဆောင် နိုင်ပြီး၊ဝင်ငွေတိုးတက်လာနိုင်ကြောင်းပြောကြားခဲ့ကြပါသည်။

## စိုက်ပျိုးရေးမဟုတ်သောအလုပ်မျိုးစုံ

*`ကျွန်တော်တို့ရွာကအမျိုးသမီးတွေကဆေးလိပ်ခုံတွေမှာလုပ်ကြတယ်။သူတို့မှာနေ့စဉ်ဝင်ငွေရှိတယ်။*´လယ်သမားတစ်ဦး၊မန္တလေးတိုင်းဒေသကြီး။

*`ဒီနှစ်တော့ကျွန်မတို့ထန်းရည်နဲ့အသုပ်ဆိုင်လေးဖွင့်နိုင်ခဲ့တယ်၊ကျွန်မတို့အနေနဲ့ဒီနှစ်ကတော့သိပ်မဆိုးဘူးလို့ပြောနိုင်ပါတယ်*´မုဆိုးမတစ်ဦး၊မကွေးတိုင်းဒေသကြီး။

ရာသီချိန်မဟုတ်ချိန်များတွင် လယ်ယာလုပ်ငန်းခွင်မှအလုပ်ရရှိရန်ခက်ခဲခြင်း၊ရာသီဥတုနှင့်စိုက်ပျိုးရေးမှဝင်ငွေတိုကိုကြိုတင်မခန့်မှန်းနိုင်ခြင်းတို့ကြောင့်အိမ်ထောင်စုများသည်လွှဲပို့ငွေများ၊ အကူအညီပေးရေးအစီအစဉ်များ၊ အခြားရင်းမြစ်များမှအရင်းအနှီးများကိုအသုံးပြုကာစိုက်ပျိုးရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများကိုမျိုးစုံလုပ်ဆောင်လာကြပါသည်။

**စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းမျိုးစုံလုပ်လာခြင်းသည် စီးပွားရေးစနစ်များ၊ပြင်းထန်သောထိခိုက်မှုများနှင့် ပြင်ပအကူအညီများက အပူပိုင်းခြောက်သွေ့ဒေသရှိ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုများအပေါ် အကျိုးသက်ရောက်နေကြောင်း မီးမောင်းထိုးပြနေပါသည်။** ဤနေရာတွင်ရာသီချိန်မဟုတ်ချိန်များ၌စိုက်ပျိုးရေးလုပ်သားဈေးကွက်လျော့ရဲနေခြင်း၊ရာသီဥတုဖောက်ပြန်ခြင်း၊ (လူမှုကွန်ယက်များ၏ပံ့ပိုးမှုကြောင့်) လွှဲပို့ငွေများတိုးလာခြင်းတို့သည်ပြင်ပအကူအညီများနှင့်ပေါင်းစပ်၍ စိုက်ပျိုးရေးမဟုတ်သော အလုပ်မျိုးစုံလုပ်ဆောင်စေရန် တွန်းအားပေးနေပါသည်။ယခင်အကြိမ်လေ့လာမှုများတွင် ဖော်ထုတ်ထားသကဲ့သို့ပင် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေရရှိနိုင်မှုနှင့် လယ်ယာလုပ်ငန်းမှ အလုပ်အကိုင်အခွင့်အလမ်းတို့ကို ကြိုတင်မခန့်မှန်းနိုင်ခြင်းကြောင့် ကျေးရွာသားများက စိုက်ပျိုးရေးမဟုတ်သောတစ်ဆင့်ခံ ဝင်ငွေရလမ်းကြောင်းများတွင် ရင်းနှီးမြှုပ်နှံလာကြပါသည်။ ဤလမ်းကြောင်းကိုအထူးသဖြင့်မကွေးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင်ပိုမိုတွေ့ရှိရပါသည်။

**မကွေးနှင့်မန္တလေးဒေသများတွင်ဒေသတွင်းရှိစိုက်ပျိုးရေးမဟုတ်သောအလုပ်မျိုးစုံလုပ်ဆောင်မှုတိုးတက်ခဲ့ပါသည်။စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းငယ်များတိုးလာခြင်းနှင့်စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းမှဝင်ငွေအပေါ်မှီခိုနေရမှုမှာနည်းပါးသေးသော်လည်း၊သတိပြုဖွယ်ဖြစ်ပါသည်။**မကွေးတိုင်းဒေသကြီးရှိမင်းဘူးမြို့နယ်တွင်၊ထိုသို့တိုးတက်မှုမှာသိသာထင်ရှားပြီး၊ရေနံလက်ယက်တွင်းများတူးဖော်ခြင်းတိုးတက်လာသောကြောင့်ဖြစ်ပါသည်။ QSEM လေ့လာမှုတစ်ခုနှင့်တစ်ခုကြားကာလတွင် ကျေးရွာအများစုတို့၌ တစ်ပိုင်တစ်နိုင်နှင့် အသေးစားလုပ်ငန်းများပိုမိုဖွင့်လာကြသည့်အတွက် အခြားမြို့နယ်များတွင်တိုးတက်မှုမှာမသိသာသော်လည်းသတိပြုဖွယ်ဖြစ်ပါသည်။ ဤအချက်ကို LIFT အဖွဲ့၏ကာလလယ်အကဲဖြတ် ဆန်းစစ်ခြင်းတွင်လည်းဖော်ထုတ်ထားပါသည်။ယင်းအစီရင်ခံစာတွင် `ကုန်သွယ်ခြင်းနှင့်ရောင်းဝယ်ခြင်းစသည့် အသေးစားလုပ်ငန်းများ´မှဝင်ငွေရရှိသည်ဟုဖြေကြားသူအရေအတွက်၇.၈% မှ ၁၄.၄၅% အထိတိုးတက်လာခဲ့ကြောင်းဖော်ပြထားပါသည်။[4]

---


[4] LIFT, Medium Survey Results: April 2014, 37. ဤကိန်းဂဏန်းသည်အပူပိုင်း ခြောက်သွေ့ဒေသတစ်ခုတည်းအတွက်မဟုတ်ဘဲ၊ LIFT အဖွဲ့မှလုပ်ငန်းဆောင်ရွက်နေသောဒေသအားလုံးအတွက်ဖြစ်ပါသည်။

**စိုက်ပျိုးရေးမှမဟုတ်သောဝင်ငွေကိုမှီခိုနေရမှုမှာအသက်မွေးဝမ်းကျောင်းနှင့်လူမှုစီးပွားရေးအုပ်စုအလိုက်အမျိုးမျိုးကွဲပြားနေပါသည်။မြေယာမဲ့များ၊ကျပန်းလုပ်သားများနှင့်မြေယာအနည်းငယ်သာပိုင်ဆိုင်သူများမှာလယ်သမားကြီးများ၊လယ်သမားလတ်များထက်ပိုမိုမှီခိုနေကြရပါသည်။**

အောက်ပါပုံ (၃)နှင့် (၄)တို့တွင်စိုက်ပျိုးရေးမှအပအခြားသောလုပ်ငန်းများဖြင့် ဝင်ငွေရရှိသောအိမ်ထောင်စုဝင်တစ်ဦးသို့မဟုတ်တစ်ဦးထက်ပိုရှိသည့်အိမ်ထောင်စုများ၏အချိုးကိုဖော်ပြထားပါသည်။ အပူပိုင်းဒေသနှစ်ခုလုံးတွင် တွေ့ဆုံမေးမြန်းခဲ့သော ကျပန်းလုပ်သားနှင့် မြေယာမဲ့အိမ်ထောင်စုများအနက်၉၀%ကျော်တွင် စိုက်ပျိုးရေးမှမဟုတ်သော ဝင်ငွေရင်းမြစ်များရှိကြပါသည်။ လယ်သမားငယ်များအတွက်မူ အလုပ်မျိုးစုံလင်သည့်အဆင့်မှာ အနည်းငယ်နိမ့်ပြီး၊ စိုက်ပျိုးရေးကိုသာမှီခိုနေရသည့်အိမ်ထောင်စုမှာ၂၀%နီးပါးရှိနေပါသည်။လယ်သမားကြီးများ နှင့် လယ်သမားလတ်များမှာ မှီခိုရမှုပိုမိုနည်းပါးပြီး၊ စိုက်ပျိုးရေးကိုသာ မှီခိုနေရသည့်အိမ်ထောင်စု ၃၀% မှ ၅၀% အထိသာရှိပါသည်။ မန္တလေးဒေသရှိလယ်သမားကြီးများမှာမူခြွင်းချက်ဖြစ်ပါသည်။


**ဤပုံစံများအရကျပန်းလုပ်သားများသည်တစ်နှစ်ပတ်လုံးထောက်ပံ့ပေးနိုင်မည့်စိုက်ပျိုးရေးအလုပ်များကို လုံလောက်စွာ မရရှိနိုင်သည့်အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်းဖော်ပြနေပါသည်။**ဤအကြောင်းကိုနောက်လာမည့်အခန်းတွင်ဆက်လက်ဖော်ပြပါမည်။ဤပုံစံများကိုအခြားဒေသများထက်အပူပိုင်းခြောက်သွေ့ဒေသများတွင် သတိပြုဖွယ်ပိုမိုတွေ့ရှိရပါသည်။ အခြားသောဒေသ (၄) ခုတွင်အသက်မွေးဝမ်းကျောင်းအုပ်စုနှင့်အခြားဝင်ငွေရင်းမြစ်များအပေါ်မှီခိုနေရမှုတို့အကြားဆက်စပ်မှုများမှာယခုကဲ့သို့ရှင်းလင်းခြင်းမရှိပါ။ရှမ်းပြည်နယ်ရှိချမ်းသာသောအုပ်စုများနှင့်ရခိုင်ပြည်နယ်ရှိမြေယာမဲ့များမှအပ၊အခြားမည်သည့်အုပ်စုတွင်မဆိုအခြားဝင်ငွေရင်းမြစ်များကိုမှီခိုနေရသူ၈၀% ထက်မပိုပါ။ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်ရှိမြေအနည်းငယ်သာပိုင်ဆိုင်သူများအတွက်မူ၊စိုက်ပျိုးရေးမဟုတ်သောအခြားဝင်ငွေရင်းမြစ်များကိုမှီခိုနေရသူများမှာဖြေဆိုသူများ၏တစ်ဝက်ထက်ပင်နည်းပါးပါသည်။[5]

ပုံ(3)-တိုင်းဒေသကြီး/ပြည်နယ်အလိုက်အဓိကသီးနှံများမှဝင်ငွေရရှိမှုအခြေအနေ[6]




[5] ဧရာဝတီဒေသရှိအသေးစားနှင့်အလတ်စားမြေပိုင်ရှင်များတွင်လည်းဆင်တူသောကိန်းဂဏန်းများကိုတွေ့ရပါသည်။သို့ရာတွင်ဧရာဝတီဒေသရှိရွှေ့ပြောင်းလုပ်သားအချက်အလက်များတွင်ရှေ့နောက်မညီညွတ်မှုများရှိနေသောကြောင့်ထိုသို့နှိုင်းယှဉ်ရာတွင်ခိုင်မာမှုနည်းပါးပါသည်။

သာဓက( 4) - မန္တလေးတိုင်းဒေသ




ကြီးတွင်စိုက်ပျိုးရေးမဟုတ်သောဝင်ငွေများရရှိသည့်ဖြေကြားသူအချိုး

**အကူအညီအစီအစဉ်များနှင့်လွှဲပို့ငွေများသည် ထိုသို့သောလုပ်ငန်းများ၏ နည်းပညာနှင့်အရင်းအနှီးအတွက် အရေးကြီးသောရင်းမြစ်များဖြစ်ကြပါသည်။** စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများကို တည်ထောင်ရာတွင် ကျေးရွာသားများသည် အကူအညီ အမျိုးအစား (၃)မျိုးမှအကျိုးကျေးဇူးရကြပါသည်။ ပထမအမျိုးအစားမှာ အကူအညီအစီအစဉ်များက အသက်မွေးဝမ်းကျောင်းလုပ်ငန်းကျွမ်းကျင်မှုများအတွက် သင်တန်းများပေးခြင်းဖြစ်ပါသည်။ ထိုသင်တန်းများမှပို့ချလိုက်သော ကျွမ်းကျင်မှုများအတွက် ဈေးကွက်ရှိထားပြီးသောနေရာများသို့မဟုတ် NGO များကဲ့သို့သောပြင်ပအဖွဲ့များက ဈေးကွက်အသစ်များနှင့် ချိတ်ဆက်ပေးနိုင်သောနေရာများတွင်ထိုနည်းလမ်းသည်အောင်မြင်ခဲ့ပါသည်။ ဥပမာအားဖြင့် မန္တလေးတိုင်းဒေသကြီးရှိ QSEM မှလေ့လာခဲ့သည့်ကျေးရွာအချို့တို့တွင် ကျေးရွာသားများသည် စက်ချုပ်ခြင်း သို့မဟုတ် ဆံပင်အလှပြုပြင်ခြင်းသင်တန်းများကြောင့် အကျိုးကျေးဇူးရရှိခဲ့ကြပါသည်။ ဒုတိယအမျိုးအစားမှာကျေးရွာသားများအနေဖြင့်ချေးငွေလက်လှမ်းမီမှုများတိုးလာခြင်းဖြစ်ပါသည်။တတိယအမျိုးအစားမှာရွှေ့ပြောင်းလုပ်သားများထံမှလွှဲပို့ငွေများသည်စီးပွားရေးလုပ်ငန်းအသစ်များစတင်ရာတွင်အရေးပါသောအရင်းအနှီးများဖြစ်ကြပါသည်။

သာဓက (2) အကူအညီပေးရေးအစီအစဉ်များနှင့်ငွေပြန်လွှဲပို့ခြင်းများကြောင့် လူများသည်အလုပ်မျိုးစုံလုပ်နိုင်စွမ်း ရှိလာပါသည်။

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၏သမီးသည် သူငယ်ချင်းဖြစ်သူ၏ ဆေးလိပ်ခုံလုပ်ငန်းတွင် လုပ်ကိုင်ခြင်းအားဖြင့်မိသားစုဝင်ငွေကို ဖြည့်ဆည်းပေးလေ့ရှိပါသည်။ သူမသည်ထိုလုပ်ငန်းကိုလေ့လာပြီးနောက်၊သူမကိုယ်ပိုင်ဆေးလိပ်ခုံလုပ်ငန်းကိုစတင်ရန်အတွက်အသေးစားချေးငွေအဖွဲ့အစည်းတစ်ခုထံမှငွေကျပ် (၁၀၀၀၀၀) ချေးငွေလျှောက်ထားခဲ့ပါသည်။သူမ၏ဖခင်ဖြစ်သူထံမှလည်းထောက်ပံ့မှုရရှိခဲ့ရာ ပြန်ပြင်ထားသောမိသားစုနေအိမ်ကို လုပ်သားများအတွက် အလုပ်ရုံအဖြစ် အသုံးပြုခွင့်ပေးခဲ့ပါသည်။သုတေသနပြုလုပ်ချိန်တွင် သူမ၏ဆေးလိပ်ခုံလုပ်ငန်း၌လုပ်သား (၁၀)ဦးရှိနေပြီး၊ ကုမ္ပဏီများစွာအတွက် စီးကရက်များလိပ်ပေးနေရပြီဖြစ်ပါသည်။သူမအတွက်တစ်ပတ်လျှင်ဝင်ငွေ (၃၀၀၀၀) ကျပ်ခန့်ရနိုင်ပြီး၊ ထိုဝင်ငွေကိုရွှေဝယ်ခြင်းနှင့်မိသားစု၏သနပ်ခါးခြံတိုးချဲ့ရန်အတွက်အရင်းအနှီးအဖြစ်သုံးစွဲနေပါသည်။

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်မှ နောက်ထပ်စွန့်ဦးထွင်ကျေးရွာသားတစ်ဦးသည် NGO အဖွဲ့တစ်ဖွဲ့ကျေးရွာရှိ အမျိုးသမီး(၆)ဦးအား အပ်ချုပ်စက်များနှင့်အပ်ချုပ်သင်တန်းများပေးသည်ကို တွေ့ရှိပြီးနောက်တွင်အထည်ချုပ်လုပ်ငန်းတစ်ခုကိုစတင်နိုင်မည့်အခွင့်အလမ်းတစ်ခုကိုသတိပြုမိခဲ့ပါသည်။သင်တန်းပြီးဆုံးချိန်တွင်ထိုလုပ်ငန်းရှင်ကအထည်ချုပ်စက်ရုံတစ်ခုအတွက်စက်ချုပ်သမားအသစ်များနှင့်အထည်ချုပ်ပေးရန်သဘောတူညီချက်ရယူခဲ့ပါသည်။ သုတေသနပြုလုပ်ချိန်တွင် သင်တန်းတက်ခဲ့သူ (၆) ဦးအနက် (၅) ဦးတို့သည် သူ၏လုပ်ငန်းတွင် အချိန်ပြည့်အလုပ်လုပ်နေပြီဖြစ်ပါသည်။ မြေယာမဲ့အိမ်ထောင်စုမှအမျိုးသမီးတစ်ဦးက သူမအနေဖြင့်စိုက်ပျိုးရေးလုပ်သားအဖြစ်တစ်ရက်လျှင်၁၄၀၀ကျပ်ရရှိခဲ့ရာမှစက်ချုပ်ခြင်းဖြင့်တစ်ရက်လျှင်၂၀၀၀ကျပ်မှ ၃၀၀၀ကျပ်အထိတိုးမြင့်ရရှိကြောင်းပြောကြားခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးမြိုင်မြို့နယ်တွင်နေထိုင်သူတစ်ဦးသည် မိသားစုစားဝတ်နေရေးအတွက် လွန်ခဲ့သော

(၇)နှစ်မှစ၍ ထိုင်းနိုင်ငံသို့ထွက်ခွာသွားခဲ့ပါသည်။ ထိုသို့သွားရောက်နိုင်ရန်အတွက် သူပိုင်မြေ (၃)ဧကကို ငှားထားခဲ့ပြီး၊ ကျွဲနွားများကိုလည်း ရောင်းချခဲ့ရပါသည်။ သို့ရာတွင် ထိုင်းနိုင်ငံသို့ ရောက်ရှိပြီးနောက် ပင်လယ်ငါးဖမ်းလုပ်ငန်းတွင် လုပ်ကိုင်ခြင်းဖြင့်မိသားစုထံငွေများစွာ ပြန်ပို့ပေးနိုင်ခြင်းမရှိကြောင်း တွေ့ရှိလာရပါသည်။ ထို့ကြောင့်မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ပွဲစားမှတစ်ဆင့် ကြိုးစားခဲ့ပြီးမလေးရှားနိုင်ငံရှိ တိရစ္ဆာန်အစာစက်ရုံတွင် ကားမောင်းသူအဖြစ်(၅)နှစ်ကြာ လုပ်ကိုင်ခဲ့ပါသည်။ ထိုစက်ရုံတွင် လုပ်ကိုင်ခြင်းဖြင့် မြန်မာနိုင်ငံရှိ မိသားစုထံသို့တစ်လလျှင် (၂၀၀၀၀၀)ကျပ်ခန့်လစဉ်ပြန်ပို့ပေးနိုင်ခဲ့ပါသည်။ ထိုလွှဲပို့ငွေများသည် သူ့မိသားစုအတွက်အထောက်အပံ့များစွာဖြစ်စေပြီး၊အခြားသူများအားငွေချေးခြင်းကိုပင်လုပ်နိုင်ခဲ့ပါသည်။လွန်ခဲ့သော (၂)နှစ်ကမူ၊သူ၏အမျိုးသမီးကစုဆောင်းထားသောလွှဲပို့ငွေများဖြင့် ကျေးရွာတွင်ကုန်စုံဆိုင်တစ်ဆိုင် ဖွင့်ရန် အကြံပြုခဲ့ပါသည်။

ထိုသူသည် မလေးရှားနိုင်ငံတွင် နေထိုင်ရန် ဗီဇာထပ်မံရရှိခဲ့သော်လည်း၊ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလတွင် မိသားစုနှင့်အတူနေထိုင်နိုင်ရန် မြန်မာနိုင်ငံသို့ပြန်လာခဲ့ပါသည်။ သူပြန်ရောက်သည့်အထိမ်းအမှတ်အဖြစ် မိသားစုက အလှူကြီးတစ်ခုပြုလုပ်ခဲ့ရာ ကျပ်သိန်း(၅၀)ခန့်ကုန်ကျခဲ့ပြီး၊ ယင်းအနက် (၂၃)သိန်းခန့်ကို အမျိုးများ ကထည့်ဝင်လှူဒါန်းခဲ့ကြပါသည်။ယခုအချိန်တွင်ထိုမိသားစု၌ကုန်စုံဆိုင်တစ်ဆိုင်အပြင်၊ဆိတ်မွေးမြူခြင်းကိုလည်း လုပ်ကိုင်လျက်ရှိရာဆိတ်ကောင်ရေ (၂၀) ခန့်မွေးမြူထားရာမှ (၃)လလျှင်ဝင်ငွေကျပ် (၅၀၀၀၀၀) ခန့်အထိ ရရှိနေပါသည်။ထိုမိသားစုသည်ထိုသို့သောစုပေါင်းဝင်ငွေများဖြင့်တိုက်အိမ်အသစ်တစ်လုံးကိုတည်ဆောက်နေပါသည်။

အိမ်ထောင်စုများသည် အလုပ်မျိုးစုံလုပ်ခြင်းအားဖြင့် တစ်နှစ်ပတ်လုံးပုံမှန်ဝင်ငွေ ရရှိလာကြပါသည်။ အပူပိုင်းခြောက်သွေ့ဒေသရှိတောင်သူလယ်သမားများမှာ စိုက်ပျိုးရေးရာသီစက်ဝန်းအားဖြင့် ရိတ်သိမ်းချိန်တွင်သာဝင်ငွေရရှိနိုင်ပြီး၊ကျပန်းလုပ်သားများအတွက်စိုက်ပျိုးရေးကိုအခြေခံသည့်လုပ်ငန်းမှာရက်အနည်းငယ်အကန့်အသတ်ဖြင့်သာရှိနေပါသည်။တစ်နှစ်ပတ်လုံးအတွက်တည်ငြိမ်သောပုံမှန်ဝင်ငွေရရှိစေရန်အတွက်စိုက်ပျိုးရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများကိုရှာဖွေရခြင်းဖြစ်ကြောင်းတစ်ညီတစ်ညွတ်တည်းဖြေကြားကြသည်။အချို့သောဖြေကြားသူများကမူအလုပ်မျိုးစုံလုပ်ခြင်းဖြင့်၎င်းတို့၏အကြွေးပမာဏကိုလျှော့ချနိုင်ကြောင်းသို့မဟုတ်ချေးယူရသောငွေကြေးပမာဏကိုလျှော့ချနိုင်ကြောင်းပြောကြားခဲ့ကြပါသည်။

## ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းနှင့်ငွေပြန်လွှဲပို့ခြင်းများ

*`ကျွန်တော့်သူငယ်ချင်းတွေတစ်ခြားမှာအလုပ်သွားလုပ်ပြီးပိုအဆင်ပြေနေတာမြင်ရတော့ကျွန်တော်လည်းအဲဒီလိုသွားလုပ်ချင်လာတယ်။ဒါကြောင့်ကျွန်တော်သွားဖို့ဆုံးဖြတ်လိုက်တာပါ။´*

မန္တလေးတိုင်းဒေသကြီးမှ

လုပ်သားအခက်အခဲများနှင့်စိုက်ပျိုးရေးလုပ်ငန်းတွင်မသေချာမှုများကြောင့်ရွေ့ပြောင်းအလုပ်လုပ်ကိုင်မှုများမှာဆက်လက်၍များပြနေပြီး၊ယင်းရွေ့ပြောင်းလုပ်ကိုင်မှုများကိုလည်းအလုပ်လုပ်ကိုင်မည့်နေရာများရှိလှုမှုကွန်ယက်များခိုင်မာစွာတည်ရှိနေမှုကပံ့ပိုးကူညီပေးနေပါသည်။


**အဆက်အသွယ်ရှိခြင်းနှင့်စီးပွားရေးဆိုင်ရာအခြေခံအကြောင်းရင်းများအရလူများမှာအသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုများကိုမည်သို့ရွေးချယ်ဆောင်ရွက်ကြသည်ကိုရွှေ့ပြောင်းလုပ်ကိုင်မှုများဖြစ်စဉ်ကဖော်ပြနေသည်။** ရာသီချိန်မဟုတ်ချိန်များတွင် စိုက်ပျိုးရေးလုပ်သားဈေးကွက် လျော့ကျမှုများနှင့်စိုက်ပျိုးရေးမဟုတ်သော အလုပ်မျိုးစုံလုပ်ရန် တွန်းအားပေးနေသော ရာသီဥတုဖောက်ပြန်မှုများကြောင့် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှုများ ပိုမိုများပြားနေပြီး၊ ယင်းရွှေ့ပြောင်းလုပ်ကိုင်မှုများမှာ အဆက်အသွယ်ရှိခြင်းကြောင့်ပို၍လုပ်ဆောင်ကြခြင်းဖြစ်သည်။ QSEM 3 လေ့လာမှုအတွင်းတွင် ထိုသို့သော ရွှေ့ပြောင်းလုပ်ကိုင်မှုများကြောင့်ဖြစ်ပေါ်လာသည့် ငွေလွှဲပို့ခြင်းများနှင့်ရာသီချိန်တွင် စိုက်ပျိုးရေးလုပ်သားထပ်မံကျပ်တည်းမှုများကိုတွေ့ရှိခဲ့ရပါသည်။ဤ QSEM4 လေ့လာမှုတွင်လည်း တူညီသောပုံစံများကို တွေ့ရှိရပါသည်။ သို့ရာတွင် ရွှေ့ပြောင်းလုပ်ကိုင်သည့်ပုံစံများမှာမူ အနည်းငယ်ကွဲပြားမှုရှိပါသည်။

## ရွှေ့ပြောင်းလုပ်ကိုင်မှုတိုးလာခြင်း

**ရွှေ့ပြောင်းလုပ်ကိုင်မှုမှာများပြားလာနေဆဲဖြစ်ပါသည်။**သုတေသီများကကျေးရွာခေါင်းဆောင်များအားမိမိတို့ကျေးရွာများမှရွှေ့ပြောင်းလုပ်ကိုင်သူမည်မျှရှိကြောင်းခန့်မှန်းခိုင်းခဲ့ပါသည်။

ပုံ (၅)တွင် QSEM 2/3နှင့် QSEM 4 ကြားကာလအတွင်းကျေးရွာအလိုက်စုစုပေါင်းလူဦးရေနှင့် နှိုင်းယှဉ်ပါကရွှေ့ပြောင်းလုပ်ကိုင်သူအချိုးမည်မျှရှိကြောင်းတိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းအလိုက် စုစည်းထားသည့်ပျမ်းမျှအချက်အလက်များကိုခန့်မှန်းဖော်ပြထားပါသည်။ [6] ပုံများတွင်ဖော်ပြထားသည့် အတိုင်း၊ရွှေ့ပြောင်းလုပ်ကိုင်သည့်အဆင့်များမှာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အမျိုးမျိုးကွဲပြားနေ သော်လည်း၊ ဒေသအားလုံး၏တစ်ဝက်တွင်ကျေးရွာလူဦးရေအနက် အနည်းဆုံး၁၀% ခန့်သည် ရွှေ့ ပြောင်းလုပ်ကိုင်နေကြပါသည်။

ပုံ (5) - ကျေးရွာအလိုက်ရွှေ့ပြောင်းလုပ်ကိုင်သည့်ခန့်မှန်းလူဦးရေအချိုး




## ရွှေ့ပြောင်းလုပ်ကိုင်သည့်ပုံစံများသည်ဒေသအလိုက်များစွာကွဲပြားခြားနားခြင်း

*'ပထမတော့လူတစ်ယောက်စ၊နှစ်ယောက်စလောက်ပဲရွှေ့ပြောင်းပြီးအလုပ်လုပ်ကြတယ်။အခု ဆိုအိမ်ထောင်စုတစ်စုလုံးထွက်သွားကြပြီ။အိမ်ထောင်စုနှစ်စုလောက်ထွက်ပြီးပြီးပြီ၊ကြည့်ရတာ ရန်ကုန်ထက်ကိုဝင်ငွေပိုကောင်းပုံရတယ်။'*

ဧရာဝတီတိုင်းဒေသကြီးမှကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး။

**ရွှေ့ပြောင်းလုပ်ကိုင်သည့်ပုံစံများသည်ဒေသအလိုက်ကွဲပြားနေပြီး၊သက်ဆိုင်ရာဒေသများကလုပ် သားဈေးကွက်များအား လက်လှမ်းမီမှုအခြေအနေကိုထင်ဟပ်နေပါသည်။** ဥပမာအားဖြင့် ဧရာဝတီတိုင်း ဒေသကြီးသည်ရန်ကုန်နှင့်နီးကပ်မှုရှိခြင်း၊သို့မဟုတ်ရန်ကုန်သို့ယခင်သွားရောက်လုပ်ကိုင်ဖူးသူများနှင့် ချိတ်ဆက်မိခြင်း၊ချင်းပြည်နယ်တွင်ပြည်ပသို့ပြောင်းရွှေ့လုပ်ကိုင်ခြင်းကိုပိုမိုကြိုက်နှစ်သက်ပြီး၊ ရှမ်းပြည် နယ်တွင်မူအနည်းငယ်သာရှိပါသည်။မကွေးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင်ပြည်ပသို့ ပြောင်းရွှေ့ လုပ်ကိုင်မှုနည်းပါးသော်လည်း၊ သိသာထင်ရှားသောအဆင့်တစ်ခု အထိရှိနေပါသည်။ ချင်းပြည်နယ်တွင်ထုံးစံအတိုင်းခရီးတစ်ထောက်နားရန်မလေးရှားသို့ပထမဆုံးထွက်ခွာလေ့ရှိပြီး၊အမေရိ ကန်နိုင်ငံသို့အမြဲတမ်းအဖြစ်ပြောင်းရွှေ့လုပ်ကိုင်လေ့ရှိပါသည်။သို့ရာတွင် ထိုသို့သွားရောက်ကြသည်မှာ လျော့နည်း လာနေပြီး၊အဓိကအားဖြင့်ချင်းပြည်နယ်တွင် လည်းစီးပွားရေးအခွင့်အလမ်းများ တိုးတက်လာခြင်းကြောင့် ဖြစ်ကြောင်းဖြေဆိုသူများပြောကြားခဲ့ပါသည်။ဒေသအားလုံးတွင် ပြည်ပသို့ ရွှေ့ပြောင်းအလုပ်လုပ်နိုင် သည့်နိုင်ငံအရေအတွက်တိုးလာခဲ့ပါသည်။ ယခင်ကအဓိက အားဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့သာဦးတည်၍ပြောင်းရွှေ့လုပ်ကိုင်ကြသော်လည်း၊ယခုအခါ

[6] ဤအချက်အလက်များသည်အကြောင်းအမျိုးမျိုးကြောင့်ပိုမိုခန့်မှန်းမိခြင်းရှိနိုင်ပါသည်။ထိုကိန်းဂဏန်းများမှာကျေးရွာခေါင်းဆောင်များကအကြမ်းဖျင်းခန့်မှန်းထားခြင်းသာဖြစ်ပါသည်။ကျေးရွာခေါင်းဆောင်များအားအရေအတွက်တွက်ချက်ခိုင်းသောအခါတွင်ပိုမိုခန့်မှန်းတတ်ကြပါသည်။ဥပမာအားဖြင့်ယခင်နှင့်ယခုနှစ်ရွှေ့ပြောင်းလုပ်ကိုင်သူများအားပေါင်းလိုက်ခြင်းမျိုးဖြစ်ပါသည်။ အချက်အလက်ရရှိနိုင်သည့်အခြားသောရင်းမြစ်များမရှိပါ။ LIFT အဖွဲ့၏ကာလလယ်အစီရင်ခံစာတွင်အိမ်ထောင်စုများအနက် (လူဦးရေမဟုတ်ပါ) ၁၀% ခန့်သည်ပြောင်းရွှေ့အလုပ်လုပ်ကိုင်သူများထံမှငွေလွှဲပို့ခြင်းပုံစံတစ်မျိုးမျိုးကို လက်ခံရရှိနေကြောင်းခန့်မှန်းထားပါသည်။ရွှေ့ပြောင်းလုပ်ကိုင်သူအားလုံးတို့ကငွေပြန်လွှဲပို့ခြင်းမပြုကြောင်းယူဆပါက၊အိမ်ထောင်စုမဟုတ်ဘဲလူဦးရေကိုဖော်ပြထားသော QSEM ၏တွက်ချက်မှုများသည်မြင့်မားသော်လည်း အလွန်အကျွံမများ နိုင်ကြောင်းဖော်ပြနေပါသည်။

အရှေ့တောင်အာရှ (ဥပမာ-ဘရူနိုင်း)၊ အရှေ့အလယ်ပိုင်းဒေသများအထိအခွင့် အလမ်းများရှိလာကြပါသည်။ ရခိုင်ပြည်နယ်ရှိကျေးရွာတစ်ရွာတွင်မူဂျပန်နိုင်ငံအထိပင် သွားရောက်လုပ်ကိုင်နေကြပါသည်။

**ရာသီအလိုက်ရွှေ့ပြောင်းလုပ်ကိုင်မှုများမှာအပူပိုင်းခြောက်သွေ့ဒေသတွင်သာသိသိသာသာတွေ့ရသည်။** မန္တလေးတိုင်းဒေသကြီးရှိရွှေ့ပြောင်းလုပ်ကိုင်သူ အိမ်ထောင်စုများအနက် ၈၀% နီးပါးမှာ ရာသီအလိုက် ရွှေ့ပြောင်းလုပ်ကိုင်ကြပြီး၊ မကွေးတိုင်းဒေသကြီးတွင် ၄၀% ခန့်ရှိပါသည်။ မန္တလေးတိုင်းဒေသကြီးတွင်ရာသီအလိုက်ရွှေ့ပြောင်းလုပ်ကိုင်မှုများမှာ အသက်အရွယ်နှင့်များစွာ ဆက်စပ်နေပါသည်။ ဖြေကြားခဲ့သည့်အိမ်ထောင်စုများတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများအနက်သုံးပုံ တစ်ပုံမှာအသက်(၂၀)အောက်ဖြစ်ပြီး ၊ ထိုသူများအနက် တစ်ယောက်မှအပကျန်သူအားလုံးမှာ ရာသီအလိုက်ရွှေ့ပြောင်းလုပ်ကိုင်သည့်အခွင့်အလမ်းများကိုသာရှာဖွေကြပါသည်။ များစွာသောရွှေ့ပြောင်းလုပ်ကိုင်သူများမှာစိုက်ပျိုးရေးရာသီချိန်မဟုတ်သည့် အချိန်များတွင် အလုပ်ရှာဖွေရန် တရုတ်နိုင်ငံ နယ်စပ် သို့မဟုတ်ရှမ်းပြည်နယ်အထိ သွားရောက်ကြပါသည်။မကွေးတိုင်းဒေသကြီးတွင် မူအသိသာဆုံးသော ရာသီအလိုက်ရွှေ့ပြောင်းလုပ်ကိုင်မှုများကိုရေနံတူးခြင်းဖြင့် အကျိုးအမြတ် ရရန်ကြိုးစားနေသည့်မြို့နယ်တွင်တွေ့ရှိရပါသည်။

ဇယား( 6) - ဒေသအလိုက်အဓိကသတင်းပေးသူများပြောကြားသည့်ရွှေ့ပြောင်းလုပ်ကိုင်မှုပုံစံများ

| တိုင်းဒေသကြီး/ပြည်နယ် | ရွှေ့ပြောင်းလုပ်ကိုင်သူအရေအတွက်[7] | တစ်ဦးချင်းတွေ့ဆုံမေးမြန်းသူအရေအတွက် | တစ်ဦးချင်းတွေ့ဆုံသူများအနက်မှရွှေ့ပြောင်းလုပ်သားမိသားစုများရှိသည့် % | ရွှေ့ပြောင်းလုပ်ကိုင်မှုအမျိုးအစား | | | ကျား/မ | |
|---|---|---|---|---|---|---|---|---|
| | | | | ပြည်ပ | ပြည်တွင်း | ရာသီအလိုက် | ကျား | မ |
| ဧရာဝတီ[8] | ၁၈ | ၇၇ | - | ၁၇% | ၈၃% | ၀% | ၆၁% | ၃၉% |
| ချင်း | ၃၉ | ၇၃ | ၃၆% | ၉၅% | ၀% | ၅% | ၈၂% | ၁၈% |
| မကွေး | ၅၁ | ၈၈ | ၃၈% | ၂၄% | ၃၅% | ၄၁% | ၆၅% | ၃၅% |
| မန္တလေး | ၆၃ | ၈၇ | ၃၀% | ၆% | ၁၃% | ၈၁% | ၅၉% | ၄၁% |
| ရခိုင် | ၂၈ | ၇၆ | ၂၆% | ၃၉% | ၅၇% | ၄% | ၇၉% | ၂၁% |
| ရှမ်း | ၂၈ | ၈၇ | ၂၆% | ၇၁% | ၄% | ၂၅% | ၆၄% | ၃၆% |

[7] တစ်ဦးချင်းတွေ့ဆုံရာ၌၎င်းတို့၏မိသားစုဝင်များတွင်လက်ရှိအချိန်၌ရွှေ့ပြောင်းလုပ်သားအဖြစ်လုပ်ကိုင်နေသူရှိမရှိမေးမြန်းခဲ့ပါသည်။သို့ဖြစ်၍ရွှေ့ပြောင်းလုပ်ကိုင်နေသောမိသားစုဝင်အရေအတွက်စုစုပေါင်းကိုကိုယ်စားပြုစေပါသည်။အဓိကသတင်းပေးသူတစ်ဦးအတွက်ရွှေ့ပြောင်းလုပ်ကိုင်နေသည့်မိသားစုဝင်တစ်ဦးထက်ပိုရှိနိုင်ပါသည်။အဓိကသတင်းပေးသူများအားရွေးချယ်ရာတွင်ရွှေ့ပြောင်းလုပ်သားနှင့်ပတ်သက်သည့်အတွေ့အကြုံရှိသူများကိုသာရွေးချယ်ခဲ့သည့်အတွက်အိမ်ထောင်စုအတွင်းရွှေ့ပြောင်းလုပ်ကိုင်သူရှိနေသည့်အဓိကသတင်းပေးသူများအားနမူနာပိုမိုကောက်ယူမိသည့်အလားအလာရှိပါသည်။
[8] ဧရာဝတီတိုင်းဒေသကြီးတွင်ရွှေ့ပြောင်းလုပ်သားနှင့်ပတ်သက်သည့်မေးခွန်းများဖြင့်အချက်အလက်စုဆောင်းရာတွင်အခြားဒေသများနှင့်မှတ်တမ်းတင်မှုပုံစံမတူညီသည့်အတွက်နှိုင်းယှဉ်၍မရနိုင်ပါ။

> လူမှုကွန်ယက်အဆက်အသွယ်များသည်ရေ့ပြောင်းလုပ်ကိုင်သူများအားအလုပ်အကိုင်ရရှိစေနိုင်ပြီး၊အဆင်မပြေမှုများလျော့နည်းစေခြင်းနှင့် ရေ့ပြောင်းလုပ်ကိုင်ခြင်းများထပ်မံ၍လုပ်ဆောင်ခြင်းများဖြစ်စေပါသည်။

### ရွှေ့ပြောင်းလုပ်ငန်းများကို ရွေးချယ်ရာတွင် အဆက်အသွယ်ရှိခြင်းက ပံ့ပိုးပေးနေခြင်း

**ရွှေ့ပြောင်းလုပ်ကိုင်မှုအတွက်ရွေးချယ်မှုများကိုဆောင်ရွက်ရာတွင်အဆက်အသွယ်သည်လွန်စွာအရေးကြီးပါသည်။**

**ရွှေ့ပြောင်းလုပ်ကိုင်မှုပုံစံကွဲပြားမှုများကိုကျေးရွာအဆင့်တွင်ပိုမိုသိသာစွာတွေ့နိုင်ပြီး၊ရွှေ့ပြောင်းလုပ်ကိုင်မှုအခွင့်အလမ်းများအားပံ့ပိုးကူညီရာတွင်အဆက်အသွယ်ရှိခြင်း၏အရေးကြီးပုံကိုထင်ဟပ်နေပါသည်။**မြို့နယ်တစ်မြို့နယ်အတွင်းတွင်မှုရွှေ့ပြောင်းလုပ်ကိုင်သည့်နှုန်းများအမျိုးမျိုးကွဲပြားနေကြောင်းပုံမှန်တွေ့ရှိရပါသည်။ဥပမာအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ရွှေ့ပြောင်းလုပ်ကိုင်သူအရေအတွက်မှာကျေးရွာတစ်ရွာတွင်လူဦးရေ၏ ၁.၇%၊ ဒုတိယရွာတွင် ၇.၆% နှင့်တတိယရွာတွင် ၁၅.၆% ရှိကြောင်းတွေ့ရှိရပါသည်။ထိုကိန်းဂဏန်းများအရရွှေ့ပြောင်းလုပ်ကိုင်မှုအခွင့်အလမ်းများကိုပံ့ပိုးကူညီရာတွင်အဆက်အသွယ်ရှိခြင်း၏အရေးပါမှုကိုထင်ဟပ်ပေါ်လွင်စေပါသည်။

သာဓက (3) - အဆက်အသွယ်ရှိခြင်း၊စိုက်ပျိုးရေးမှဝင်ငွေနည်းပါးခြင်းနှင့်ပို့ဆောင်ဆက်သွယ်ရေးလွယ်ကူလာခြင်းကြောင့် ရွှေ့ပြောင်းလုပ်ကိုင်မှုများတိုးတက်လာပါသည်။

> **မကွေးတိုင်းဒေသကြီး၊မြိုင်မြို့နယ်ရှိဝေးလံသောကျေးရွာတစ်ရွာတွင်သီးနှံဈေးနှုန်းများလျော့နည်းလာခြင်းနှင့်လူမှုကွန်ယက်များအားကောင်းလာခြင်းကြောင့်ဤနှစ်အတွင်းရွှေ့ပြောင်းလုပ်ကိုင်သူနှစ်ဆအထိတိုးတက်လာခဲ့ပါသည်။**ဤကျေးရွာတွင်ထန်းလျက်ချက်ခြင်းသည်အဓိကဝင်ငွေရင်းမြစ်တစ်ခုဖြစ်သော်လည်း၊လွန်ခဲ့သော (၃)နှစ်မှစ၍ထန်းလျက်ဈေးနှုန်းများကျဆင်းခဲ့ပါသည်။သို့ရာတွင်ကျေးရွာသားများအနေဖြင့်စက်ာပူနိုင်ငံနှင့်သွားလာရေးလွယ်ကူသောတရုတ်နိုင်ငံနယ်စပ်မှရွှေလီမြို့များသို့သွားရောက်အလုပ်လုပ်ကိုင်သူများအဆင်ပြေနေကြောင်းသိရှိထားပြီး၊ထိုရွှေ့ပြောင်းလုပ်သားများ၏အိမ်များပြင်ဆောက်နိုင်ခြင်း၊ဘာသာရေးပွဲတော်များတွင်ပိုမိုလှူဒါန်းနိုင်ခြင်းတို့ကိုသတိပြုမိကြပါသည်။
>
> **အဆက်အသွယ်ရှိခြင်းကြောင့် ရွှေ့ပြောင်းလုပ်သားများ အလုပ်အကိုင်ရှာဖွေနိုင်စွမ်းရှိကြပါသည်။** ရွှေလီမြို့သို့ သွားရောက်အလုပ်လုပ်သောကျေးရွာသားများသည်ကျောက်ပြားစက်ရုံများတွင်အလုပ်ရနိုင်သည့် အခွင့်အလမ်းများကိုရှာဖွေကြပါသည်။၎င်းတို့အခြေကျပြီးနောက်တွင်အချင်းချင်းဆက်သွယ်ရေးကွန်ယက်များဖွဲ့စည်းကြပါသည်။အချို့သူများက ဆောက်လုပ်ရေးသို့မဟုတ်(ဥပမာဘတ်စ်ကားလက်မှတ်ရောင်းခြင်းကဲ့သို့သော) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လစာကောင်းသောအလုပ်များကို ရှာတွေ့ကြပါသည်။ ခရီးစရိတ်များသက်သာခြင်းကြောင့်လည်း ထိုရွှေ့ပြောင်းလုပ်သားများသည်မိမိတို့ရွာသို့အနည်းဆုံးတစ်နှစ်လျှင်(၂)ကြိမ်ပြန်လာနိုင်ကြပါသည်။
>
> **အဆက်အသွယ်ရှိခြင်းကြောင့် ရွှေ့ပြောင်းလုပ်သားများ၏ ထိခိုက်ခံရမှုအလားအလာများကို လျှော့ချနိုင်ပြီး၊ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းဖြင့်ရရှိသည့် အကျိုးအမြတ်များကို ကျေးရွာရှိ လူမှုစီးပွားရေးအုပ်စုအမျိုးမျိုးအကြားတွင်ပိုမိုကျယ်ပြန့်စွာခံစားကြရပါသည်။**ဤကျေးရွာရှိဘုန်းတော်ကြီးတွင်စက်ာပူနိုင်ငံမှအဆက်အသွယ်များရှိသည့်အတွက်ကျေးရွာသားများအားအိမ်ဖော်အလုပ်အကိုင်များရရှိရန်ကူညီပေးနိုင်ခဲ့ပါသည်။ယခုနှစ်တွင် ထိုဘုန်းတော်ကြီးကနိုင်ငံကူးလက်မှတ်၊လေယာဉ်လက်မှတ်နှင့် လုပ်ငန်းပါမစ်များအတွက် ကုန်ကျစရိတ်များကျခံပေးပြီး၊ စက်ာပူသွားမည့်အမျိုးသမီးများကိုပိုမိုကူညီနိုင်ခဲ့ပါသည်။ထိုအမျိုးသမီးများစက်ာပူသို့ရောက်ရှိပါကထိုဘုန်းတော်ကြီး၏သူငယ်ချင်းကကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ပေးပါသည်။အမျိုးသမီးများအနေဖြင့်အလုပ်ရရှိပြီး၊ပထမဆုံးလစာလက်ခံရရှိသည်နှင့်တစ်ပြိုင်နက်ကိုယ်စားလှယ်အတွက် ကုန်ကျစရိတ်များကိုပေးချေရပြီး၊ ဘုန်းတော်ကြီးကစိုက်ထုတ်ထားသော ကုန်ကျစရိတ်များကို အရစ်ကျပြန်ဆပ်ရန် စီစဉ်ထားပါသည်။ ထိုအစီအစဉ်အရ အကျိုးအမြတ် (၂)ခုရှိပါသည်။ ပထမတစ်ခုမှာ ဘုန်းတော်ကြီးအနေဖြင့် အမျိုးသမီးများအား လာရောက်ကြိုဆိုသောကိုယ်စားလှယ်ကိုသိရှိထားသည့်အတွက် ထိုအမျိုးသမီးအား လူကုန်ကူးခြင်းမခံရကြောင်း သေချာစေပါသည်။ ဒုတိယအချက်မှာ ရွှေ့ပြောင်းအလုပ်လုပ်ရန်အတွက် အကျိုးဆောင်ခနှင့်ကနဦး ကုန်ကျစရိတ်များမှာအမေရိကန်ဒေါ်လာ၂၀၀၀မှ၃၀၀၀ကြားရှိပြီး၊ ထိုကုန်ကျစရိတ်များကို အမျိုးသမီးအလုပ်လုပ်ပြီး၊ လစာရသည့်အချိန်တွင်မှပြန်လည်ပေးဆပ်ရမည်ဖြစ်သည့်အတွက်ကျေးရွာရှိပိုမိုဆင်းရဲသောအိမ်ထောင်စုများပင်၎င်းတို့ဆန္ဒရှိပါကစက်ာပူသို့သွားရောက်အလုပ်လုပ်ကိုင်နိုင်စွမ်းရှိလာကြပါသည်။ထိုဘုန်းတော်ကြီးသည်အမျိုးသားများအားစက်ာပူတွင်အလုပ်ရှာဖွေရန်ကူညီပေးနေသော်လည်းအမျိုးသမီးများနှင့်မတူသည်မှာအမျိုးသားများအနေဖြင့်အကျိုးဆောင်ခများနှင့်ကနဦးကုန်ကျစရိတ်များကိုကြိုတင်ပေးထားရပါသည်။

**ယခင် QSEM လေ့လာမှုများတွင်တွေ့ရှိသကဲ့သို့ပင်၊ရွှေ့ပြောင်းလုပ်ကိုင်သည့်ပုံစံများတွင် ကျား/မ၊ အသက်အရွယ်နှင့် လူမှုစီးပွားရေးအုပ်စုများအကြား ကွဲပြားမှုများ ရှိနေပါသည်။** အပြောင်းအလဲများလည်း များစွာရှိနေပါသည်။ ပထမတစ်ချက်မှာ အမျိုးသားများသည်အမျိုးသမီးများ ထက်ပိုမိုရွှေ့ပြောင်းလုပ်ကိုင်နေကြပါသည်။အပူပိုင်းခြောက်သွေ့ဒေသနှင့်ရှမ်းပြည်နယ်တို့တွင်ထိုခြားန ားမှုမှာမသိသာဘဲ ရွှေ့ပြောင်းလုပ်ကိုင်သူများ၏ ၃၅% မှ ၄၁% အထိသည် အမျိုးသမီးများ ဖြစ်ကြပါသည်။ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်မူ ရွှေ့ပြောင်းလုပ်ကိုင်သူများအနက် ၈၀ % ခန့် မှာအမျိုးသားများ ဖြစ်ကြပါသည်။ ဒုတိယအချက်မှာ အမျိုးသမီးရွှေ့ပြောင်းလုပ်ကိုင်သူများသည် အဓိကအားဖြင့် စီးပွားရေးအဆင်မပြေသည့်သူများမှ ဖြစ်ကြပါသည်။ ဤကိစ္စမှာ ရခိုင်ပြည်နယ်တွင်မူ ခြွင်းချက်ဖြစ်ပြီး၊စီးပွားရေးအခြေအနေမျိုးစုံမှအမျိုးသမီးများရွှေ့ပြောင်းလုပ်ကိုင်ကြကြောင်းတွေ့ရှိကြပါ သည်။အခြားဒေသအားလုံးတွင်မူမြေယာမဲ့များ၊မြေအနည်းငယ်သာပိုင်ဆိုင်သူအိမ်ထောင်စုများမှအမျိုး သမီးများသာရွှေ့ပြောင်းလုပ်ကိုင်ကြပါသည်။အမျိုးသားရွှေ့ပြောင်းလုပ်ကိုင်သူများအတွက် လူမှုစီးပွား ရေးအခြေအနေနှင့်ရွှေ့ပြောင်းလုပ်ကိုင်မှုအကြား ဆက်စပ်မှုမှာ သိသာထင်ရှားမှုမရှိပါ။ ဤအချက်က အမျိုးသမီးများရွှေ့ပြောင်းလုပ်ကိုင်ရခြင်းမှာ စီးပွားရေးလိုအပ်ချက်က လွှမ်းမိုးထားသည့် နည်းဗျူဟာ တစ်ရပ်ဖြစ်ပြီး၊အခြားရွေးချယ်စရာများရှိနေပါက၊အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ ရွှေ့ပြောင်း လုပ်ကိုင်မည်မဟုတ်ကြောင်းဖော်ပြနေပါသည်။

**ရွှေ့ပြောင်းအလုပ်လုပ်ကိုင်လိုသောအမျိုးသမီးများနှင့်လူငယ်များပို၍များပြားလာသည်။**ယခင် လေ့လာမှုများအတွင်းတွေ့ရှိထားသကဲ့သို့ပင်၊အမျိုးသမီးများရွှေ့ပြောင်းလုပ်ကိုင်မည့်နေရာကိုဆုံးဖြတ် ရာတွင်ပုဂ္ဂိုလ်ရေးလုံခြုံစိတ်ချရမှုကိုအလေးထားစဉ်းစားကြသည့်အတွက်ပြည်ပနိုင်ငံများသို့ရွှေ့ပြောင်း လုပ်ကိုင်လိုသည့်ဆန္ဒနည်းပါးကြပါသည်။သို့ရာတွင်လေ့လာခဲ့သည့်ဒေသအများစုတို့၌အမျိုးသမီးများ အကြားတွင် (အထူးသဖြင့်မြို့ကြီးများတွင် အလုပ်လုပ်ရန် အပါအဝင်) ပြည်တွင်း၌ရွှေ့ပြောင်း လုပ်ကိုင်ရန်စိတ်ဝင်စားမှုများတိုးလာကြောင်းတွေ့ရှိရပါသည်။ထို့အတူပင်ငယ်ရွယ်သူများအကြားတွင် လည်းရွှေ့ပြောင်းအလုပ်ရှာဖွေသူများတိုးလာကြောင်း တွေ့ရှိရပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် အိမ် ထောင်စုများမှ ရွှေ့ပြောင်းလုပ်ကိုင်သူများအနက်၇၀% နီးပါးသည်အသက် (၃၀) နှစ်အောက်များ ဖြစ်ကြပါသည်။ရာသီအလိုက်ရွှေ့ပြောင်းအလုပ်အကိုင်ရှာဖွေနေသောပိုမိုငယ်ရွယ်သူများလည်းများပြား ကြောင်းတွေ့ရှိရပါသည်။ယင်းတို့တွင်မိမိတို့ဒေသတွင်းရှိလဖက်ရည်ဆိုင်များသို့မဟုတ်တရုတ်နယ်စပ် တွင်အလုပ်အကိုင်များရှာဖွေနေသောမကွေးတိုင်းဒေသကြီးရှိဆယ်ကျော်သက်များလည်းပါဝင်ပါသည်။ မန္တလေးဒေသမှလူငယ်များသည်ဥပမာအားဖြင့်ဖရဲခင်းများတွင်အကူလုပ်သားအဖြစ် (၄)လကန်ထရိုက် အလုပ်များလုပ်ရန်ရှမ်းပြည်နယ်သို့အုပ်စုလိုက်သွားနေကြပါသည်။ရှမ်းပြည်နယ်တောင်ပိုင်းတွင်လည်း ဘိန်းခင်းများတွင် ရာသီအလိုက်ရွှေ့ပြောင်းအလုပ်လုပ်သူများပို၍ များလာကြောင်း စွပ်စွဲမှုများရှိနေပါ သည်။

*`ဒီရွာကအိမ်ထောင်စုတစ်စုဘဲထွက်သွားဖူးတယ်၊ကျွန်တော်တို့ရွာမှာတော့အဲဒါပထမဆုံးဘဲ ´*

ရောဝတီတိုင်းဒေသကြီးမှကျေးရွာရပ်မိရပ်ဖတစ်ဦး

ယေဘုယျအားဖြင့်ရွှေ့ ပြောင်းအလုပ်လုပ်ကိုင်ရာ တွင်အဆင်မပြေမှုအခက် အခဲများစွာကိုရင်ဆိုင် တွေ့ကြုံရနိုင်ပါသည်။ သို့သော်နိုင်ငံရပ်ခြားသို့ တရားမဝင်သွားရောက်အ လုပ်လုပ်ရန်ကြိုးစားသောအ ခါများတွင်အကျိုးဆောင်များ နှင့်ပတ်သက်၍တစ်စုံ တစ်ရာမှားယွင်းပါကဖြေရှင်း ပေးနိုင်သည့်နေရာမရှိပါ။

**နောက်ဆုံးအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာများတွင် အိမ်ထောင်စုလိုက်ရွှေ့ပြောင်း လုပ်ကိုင်မှုများ ပို၍များပြားလာကြောင်း အစီရင်ခံချက်များရှိထားပါသည်။** လေ့လာခဲ့သည့်ကျေးရွာ (၉)ရွာအနက် (၈)ရွာတို့တွင်အိမ်ထောင်စုအချို့တို့သည်အဓိကအားဖြင့် ရန်ကုန်မြို့သို့မိသားစုလိုက် ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ကြောင်းကျေးရွာခေါင်းဆောင်များကပြောကြားခဲ့ပါသည်။အထက်ပါမှတ်ချက်စ ကားကဲ့သို့ပင်ထိုသို့ရွှေ့ပြောင်းခြင်းမှာကျေးရွာအတွက်အတွေ့အကြုံသစ်များဖြစ်နေပြီး၊အချို့သောမြေ ယာမဲ့အချို့အနေဖြင့်၎င်းတို့၏အနာဂတ်အတွက်အခြားနေရာများကိုမျှော်ကြည့်နေကြောင်းဖော်ပြနေပါ သည်။

**ခြုံငုံ၍ကြည့်ပါကရွှေ့ပြောင်းလုပ်ကိုင်ခြင်းကြောင့်ဝင်ငွေများတိုးလာသော်လည်း၊အချို့သောရွှေ့ ပြောင်းလုပ်ကိုင်မှုပုံစံများသည်ထိခိုက်နိုင်မှုအလားအလာမြင့်မားကြောင်းဖော်ပြနေပါသည်။**သုတေသီများ သည်ဒေသအချို့တို့တွင်ရွှေ့ပြောင်းလုပ်ကိုင်မှုအဆင်မပြေသောကိစ္စရပ်များကိုမှတ်တမ်းတင်နိုင်ခဲ့သ ည်။ပြည်ပနိုင်ငံများသို့တရားမဝင်ရွှေ့ပြောင်းအလုပ်လုပ်ရန်ကြိုးစားကြသောလူများအတွက်ထိုသို့သော မအောင်မြင်မှု၏ အကျိုးဆက်များသည် အလွန်ပြင်းထန်ကြပါသည်။ သာဓက (၄)တွင် မန္တလေးတိုင်း ဒေသကြီးမှမအောင်မြင်သောရွှေ့ပြောင်းလုပ်ကိုင်မှုအကြောင်းကိုနမူနာတင်ပြထားပါသည်။

၂၀၁၃ခုနှစ်တွင်မန္တလေးဒေသမှ ညီအစ်ကိုနှစ်ဦးတို့သည် (၄၅) ရက်အတွင်း အလုပ်ရစေရမည် ဟူသည့်ပွဲစား၏ကတိစကားကိုအခြေခံ၍ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန်ထွက်ခွာသွားခဲ့ကြပါသည်။သူတို့သည်တစ်လလျှင် (၈)ကျပ်တိုးဖြင့်ငွေကျပ်(၈၀၀၀၀၀) (အမေရိကန်ဒေါ်လာ၈၂၀) ကိုချေးယူကာ၊ပွဲစားအတွက်ငွေကျပ်(၆၅၀၀၀၀) (အမေရိကန်ဒေါ်လာ၆၆၀)ကိုလည်းကောင်း၊ထိုင်းနိုင်ငံနယ်စပ်ရှိမြဝတီမြို့မှကိုယ်စားလှယ်အတွက်အကျိုးဆောင်ခ(၁၂၀၀၀၀)ကျပ်(အမေရိကန်ဒေါ်လာ၁၂၀)ကိုလည်းကောင်း၊ ခရီးစရိတ်အတွက်(၃၀၀၀၀)ကျပ် (အမေရိကန်ဒေါ်လာ၃၁) ကိုလည်းကောင်းပေးခဲ့ကြပါသည်။ သို့ရာတွင်မြဝတီသို့ရောက်ရှိပြီးနောက်တွင် ဗီဇာလျှောက်ထားရန်အတွက်ထိုင်းနိုင်ငံရှိကုမ္ပဏီတစ်ခုမှအလုပ်ခန့်စာလိုအပ်ကြောင်းသိရှိရပါသည်။ထိုအလုပ်ခန့်စာစောင့်နေစဉ်အတွင်းတွင်ကိုယ်စားလှယ်၏အိမ်၌တစ်လကြာနေခဲ့ရပါသည်။ထိုသို့စောင့်နေရသည်ကိုစိတ်မရှည်တော့သည့်အတွက်မှတ်ပုံတင်ထားခြင်းမရှိသောကိုယ်စားလှယ်တစ်ဦးနှင့်ဆက်သွယ်၍အလုပ်လုပ်ရန်ကြိုးစားခဲ့ကြပါသည်။ထိုကိုယ်စားလှယ်ကသူတို့ကို ထိုင်းနိုင်ငံသို့ပို့ပေးမည့်အစား အခြားသောရွှေ့ပြောင်းလုပ်သား (၇၀၀) ခန့်ရှိသည့် ဂိုဒေါင်တစ်ခုသို့ပို့ခဲ့ပါသည်။ထိုဂိုင်ဒေါင်တွင်နေထိုင်ရသည့်ဘဝမှာအလွန်ကြမ်းတမ်းပြီး၊ထမင်းအနည်းငယ်နှင့်ငါးခြောက်ကိုသာနေ့စဉ်စားကြရပါသည်။သူတို့တွင်ဝဲယားနာများပေါက်လာပြီး၊အခြားသောရောဂါများလည်းဖြစ်ပွားလာပါသည်။

ထိုဂိုဒေါင်တွင် (၆)လကြာစောင့်နေပြီးနောက်၊ရွှေ့ပြောင်းလုပ်သား (၆)ဦးကဦးဆောင်၍ ကိုယ်စားလှယ်၏လုပ်ရပ်အားမြန်မာနိုင်ငံ၊အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသို့တိုင်ကြားခဲ့ပါသည်။သို့ရာတွင်ဝန်ကြီးဌာနမှဝန်ထမ်းများကလည်းမည်သည့်အကူအညီမှမပေးခဲ့ကြပါ။သူတို့ကရဲစခန်းသို့တိုင်ကြားခဲ့သော်လည်း၊အကျိုးမရှိခဲ့ပါ။သူတို့အားပထမဆုံးကိုယ်စားလှယ်နှင့်ဆက်သွယ်ပေးခဲ့သည့်ပွဲစားအားဆက်သွယ်ခဲ့သော်လည်း၊ထိုပွဲစားကမည်သည့်ကိစ္စပင်ဖြစ်ပါစေ၊သူနှင့်မသက်ဆိုင်ကြောင်းပြောကြားခဲ့ပါသည်။များမကြာမီတွင်သူတို့၏ကိုယ်စားလှယ်ကကိုယ်စားလှယ်ရုံးခန်းမီးလောင်သွားသည့်အတွက် သူတို့၏ မှတ်ပုံတင်ကတ်ပြားများနှင့်နိုင်ငံကူးလက်မှတ်အတုများမီးထဲပါသွားကြောင်းပြောကြားခဲ့ပါသည်။ သူတို့အနေဖြင့် ရွာသို့ပြန်လာရန်မှတစ်ပါး အခြားရွေးချယ်စရာနည်းလမ်းမရှိခဲ့တော့ပါ။

သုတေသနပြုလုပ်သည့်အချိန်တွင် သူတို့၏အကြွေး တစ်စိတ်တစ်ပိုင်းကိုပြန်လည်ပေးဆပ်ရန်အတွက် နွားတစ်ကောင်ကို ရောင်းချခဲ့ရကြောင်းသိရပါသည်။ သူတို့က ကျပန်လုပ်သားများအဖြစ် ဆက်လက်လုပ်ကိုင်နေပြီး၊အကြွေးများပိုမိုတင်ရှိကာ၊သူတို့နိုင်ငံခြားသို့ရွှေ့ပြောင်းအလုပ်လုပ်ရန်မကြိုးစားမီအချိန်ကထက်စီးပွားရေးအခြေအနေများစွာဆိုးရွားနေပါသည်။

## မညီမျှမှုများတိုးလာခြင်းကြောင့်ထိခိုက်နိုင်မှုအလားအလာများ

**အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ပို၍အဆင်ပြေကောင်းမွန်လာကြသော်လည်း သက်မွေးဝမ်းကျောင်းအုပ်စုများအားလုံးကိုညီမျှစွာအကျိုးဖြစ်စေခြင်းမရှိပါ။သို့ဖြစ်၍ကျေးလက်စီးပွားရေးကဏ္ဍတွင်လက်ရှိဖြစ်ပေါ်နေသောဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာပြောင်းလဲမှုများသည် အချို့သောလူမှုအုပ်စုများအားဖယ်ကျဉ်ထားခြင်းသို့မဟုတ်မညီမျှမှုများကိုတိုးမြှင့်စေခြင်းဟူသည့် ထိခိုက်မှုအလားအလာများရှိနေကြောင်းကိုတွေ့ရှိရသည်။** QSEM လေ့လာမှုအတွင်းတွင်လွန်ခဲ့သော(၁၂)လအတွင်းတိုးတက်ခဲ့သောရလဒ်များကိုမခံစားကြရသောသို့မဟုတ်အကြပ်အတည်းများကိုပိုမိုကြုံတွေ့ခဲ့ရသောအုပ်စုအနည်းငယ်ကိုတွေ့ရှိခဲ့ရပါသည်။ ထိုအုပ်စုများကိုအတန်းအစား(၂)မျိုးခွဲခြားနိုင်ပါသည်။ အုပ်စုတစ်စုကို အပယ်ခံဆင်းရဲသားများဟုခေါ်နိုင်ပြီး၊ လုပ်အား သို့မဟုတ် မြေယာမှအိမ်ထောင်စုအတွက်ဝင်ငွေ လုံလောက်အောင် လုံးဝမစွမ်းဆောင်နိုင်သူများ သို့မဟုတ် ဝင်ငွေတိုးတက်စေရန်အတွက် အလုပ်မျိုးစုံ လုပ်ခြင်း၊ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့ကိုမလုပ်နိုင်သူများဖြစ်ကြပါသည်။ နောက်အုပ်စုတစ်စုကိုထိခိုက် လွယ်သောဆင်းရဲသားများဟုခေါ်နိုင်ပြီး၊သူတို့သည်ယခုနှစ်တွင်အခြေအနေပိုမိုကောင်းမွန်သော်လည်း၊ချေးငွေသို့မဟုတ်မြေယာအရင်းအနှီးများကိုပိုမိုလက်လှမ်းမီသူများကဲ့သို့သက်မွေးဝမ်းကျောင်းတိုးတက်ပြောင်းလဲမှုများတွင်အခွင့်ကောင်းများမယူနိုင်သူများဖြစ်ကြပါသည်။

## ဖယ်ကျဉ်းခံဆင်းရဲသားများ - အကျိုးကျေးဇူးမရရှိကြသူများ

**အုပ်စုအနည်းငယ်တို့သည်၎င်းတို့၏လုပ်အားသို့မဟုတ်မြေယာသို့မဟုတ်အခြားသောကုန်ထုတ်အရင်းအနှီးများမှအိမ်ထောင်စုအတွက်ဝင်ငွေလုံလောက်အောင်လုံးဝမစွမ်းဆောင်နိုင်သူများဖြစ်ကြပြီး၊ယခုနှစ်တွင်အခြားသူအများစုတို့ကအခြေအနေပိုကောင်းလာကြသော်လည်း၊သူတို့ကမူအခြေအနေပိုဆိုးလာကြသူများဖြစ်ကြပါသည်။** QSEM လေ့လာခဲ့သည့်ကျေးရွာများတွင်လွန်ခဲ့သောနှစ်အတွင်းအကြပ်အတည်းကြုံတွေ့ခဲ့သည့်အသိသာဆုံးသောအုပ်စုမှာတစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်သားများဖြစ်ပါသည်။ထိုသူများသည် QSEM ၏အစောပိုင်းလေ့လာမှုများတွင်အခြေအနေအလွန်ဆိုးရွားနေခဲ့ပြီး၊ နောက်ပိုင်း

အချို့သောအပယ်ခံလူမှုအုပ်စုများသည်ဤကဲ့သို့သောတိုးတက်မှုများမှအကျိုးအမြတ်မရရှိကြဘဲ၊ နောက်ကျကျန်နေခဲ့မည့်အလားအလာများရှိနေပါသည်။ထိုအုပ်စုများတွင်တစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်သားများ၊မြေယာမဲ့များသို့မဟုတ်မြေအနည်းငယ်သာပိုင်သည့်လယ်သမားများပါဝင်ပါသည်။ထိုအုပ်စုများသည်အရင်းအနှီးများကိုလက်လှမ်းမမီသူများ၊အလုပ်ဖြစ်နိုင်သည့်မြေယာပမာဏမရှိသူများဖြစ်ကြပြီး၊(မိသားစုဝင်နည်းခြင်းအပါအဝင်) မိသားစုလက္ခဏာများကြောင့်ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်း၊အလုပ်မျိုးစုံလုပ်ခြင်းနှင့်လုပ်သားအဖြစ်အခြားဝင်ငွေရှာရန်မတတ်နိုင်သူများဖြစ်ကြပါသည်။

အကြိမ်များတွင် တိုးတက်မှုအနည်းငယ်ရှိသော်လည်း၊ ခြုံငုံ၍ကြည့်ပါက ငါးဖမ်းမိမှု ဆက်တိုက်ကျဆင်းနေခြင်းနှင့်ကြုံတွေ့နေရပါသည်။တစ်ပိုင်တစ်နိုင်ငါးဖမ်းခြင်းကိုမှီခို၍အသက်မွေးနေသည့် အိမ်ထောင်စုများကိုဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာ (၉)ရွာလုံးတွင် လည်းကောင်း၊ရခိုင်ပြည်နယ်ရှိ ကျေးရွာ(၇) ရွာတွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးရှိကျေးရွာ (၂) ရွာတွင်လည်းကောင်း တွေ့ရှိရပါသည်။ တစ်ပိုင်တစ်နိုင်ငါးဖမ်းခြင်းလုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီးရှိ အိမ်ထောင်စုများအနက်၁၃% ခန့်၏ အဓိက ဝင်ငွေရင်းမြစ်ဖြစ်ကြောင်း QSEM 2 လေ့လာမှုတွင် ဖော်ထုတ်ထားပါသည်။ ရခိုင်ပြည်နယ်ရှိကျေးရွာများအနက် အနည်းဆုံးတစ်ဝက်ခန့်တွင် ငါးဖမ်းဆီးရမှုနည်းလာခြင်းနှင့်ငါးပိုမို ဖမ်းမိရန်ငါးဖမ်းကိရိယာသစ်များ အတွက်အရင်းအနှီးမရှိခြင်းတို့ပေါင်းစပ်ခြင်းကြောင့်တစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်သားများ၏အခြေအနေများပိုဆိုးလာခဲ့ပါသည်။ဧရာဝတီတိုင်းဒေသကြီးတွင်တစ်ပိုင်တစ်နိုင်ငါးဖမ်းခြင်းကိုအဓိကဝင်ငွေရင်းမြစ်အဖြစ်မှီခိုနေရသည့်လူများသည် အဓိကငါးတစ်မျိုးဖြစ်သည့် ငါးသလောက် ငါးမျိုးဖမ်းဆီးရမှုနည်းလာခဲ့ပြီး၊ မကွေးတိုင်းဒေသကြီးတွင် မှုငါးဖမ်းသူများကမြစ်၏အခြေအနေပြောင်းလဲမှုများကြောင့်ငါးဖမ်းဆီးရမှုနည်းလာကြောင်းပြောကြားခဲ့ကြပါသည်။

*'ငါးဖမ်းမိတာတစ်ဖြည်းဖြည်းနည်းလာတယ်။အခုဆိုရင်အရင်ကပုံမှန်ဖမ်းမိနေတဲ့ပုစွန်ထုပ်ကြီးတွေဘယ်ရှေးရှိမှန်းတောင်မသိတော့ဘူး'*

ရခိုင်ပြည်နယ်ရှိတစ်ပိုင်တစ်နိုင်ငါးဖမ်းသူတစ်ဦး။

*'ငါးဖမ်းမိတာတော့မဆိုးပါဘူး။ဒါပေမဲ့ငါးဈေးကသိပ်မကောင်းဘူး။ငါးတွေကထိခိုက်ဒဏ်ရာတွေရထားကြတယ်။ဘာကြောင့်လဲဆိုတော့ငါးကြီးတွေကငါးသေးတွေကိုစားနေကြတယ်'*

ဧရာဝတီတိုင်းဒေသကြီးမှငါးဖမ်းလုပ်ငန်းရှင်ငယ်တစ်ဦး။

**ဖယ်ကျဉ်ခံရနိုင်သည့်အလားအလာရှိသောအိမ်ထောင်စုများတွင်အိမ်ထောင်စုငယ်များ၊မြေယာမဲ့အိမ်ထောင်စုများ သို့မဟုတ် လယ်သမားငယ်အိမ်ထောင်စုများ ပါဝင်ပါသည်။ ထိုအိမ်ထောင်စုများတွင်အလုပ်လုပ်စွမ်းရှိသည့်မိသားစုဝင်နည်းပါးသည့်အတွက်အလုပ်မျိုးစုံလုပ်ခြင်း၊ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းသို့မဟုတ်လုပ်အားဖြင့်ဝင်ငွေတိုးတက်ရှာဖွေခြင်းတို့ကိုမလုပ်နိုင်ကြပါ။** ပုံမှန်အတိုင်းဆိုပါက ထိုအိမ်ထောင်စုများတွင် အရင်းအနှီးအဖြစ်အသုံးပြုနိုင်သည့်မြေယာလုံးဝမရှိကြပါ။သူတို့တွင်အပေါင်ပစ္စည်းအဖြစ် သုံးနိုင်သည့် မြေယာမရှိသည့်အတွက် ချေးငွေရရှိနိုင်မှုနည်းပါးပြီး၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စုများထက်အတိုးနှုန်းများပိုမြင့်မားကြပါသည်။အထူးသဖြင့်အပူပိုင်းခြောက်သွေ့ဒေသတွင်၊ မြေယာအနည်းငယ်သာပိုင်ဆိုင်သူများအပါအဝင် ဤအိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းမှဝင်ငွေတိုးတက်လာမှုကြောင့်အကျိုးအမြတ်မခံစားကြရဘဲ၊၎င်းတို့၏ဝင်ငွေရင်းမြစ်များမျိုးစုံလာစေရန်လည်းမတတ်နိုင်ကြပါ။ အထက်တွင်ဆွေးနွေးခဲ့သည့်အတိုင်းပင်၊မကွေးနှင့်မန္တလေးဒေသတို့ရှိတွေ့ဆုံမေးမြန်းခဲ့သောမြေယာအနည်းငယ်သာပိုင်ဆိုင်သည့်အိမ်ထောင်စုများအနက် ၂၀% အောက်တွင်သာစိုက်ပျိုးရေးမဟုတ်သည့်အခြားဝင်ငွေရင်းမြစ်များမရှိကြကြောင်းတွေ့ရှိရပါသည်။ထိုအိမ်ထောင်စုများသည်မိသားစုဝင်နည်းပါးသည့်အိမ်ထောင်စုများသို့မဟုတ်သက်ကြီးရွယ်အိုများ၊ကလေးငယ်များကဲ့သို့သောအလုပ်မလုပ်နိုင်သူများရှိနေသည့်အိမ်ထောင်စုများဖြစ်ကြပါသည်။သို့ဖြစ်၍ထိုမိသားစုဝင်များအနေဖြင့်ရွှေ့ပြောင်းလုပ်ကိုင်ရန်သို့မဟုတ်အခြားဝင်ငွေရင်းမြစ်များကိုရှာဖွေရန်သို့မဟုတ်သူတို့၏လုပ်အား ဖြင့်ဝင်ငွေပိုမိုရှာဖွေရန်စွမ်းဆောင်ရည်များနည်းသွားပါသည်။

## ထိခိုက်လွယ်သောဆင်းရဲသားများ - အကျိုးကျေးဇူးရရှိသော်လည်း၊နည်းပါးသူများ

အခြားသောလူမှုအုပ်စုများသည်အကျိုးအမြတ်ရရှိနိုင်ကြသော်လည်း၊အရင်းအနှီးသို့မဟုတ်မြေယာများစွာပိုင်ဆိုင်သူများထက်ပိုနည်းကြပါသည်။လျှပ်စစ်မီးမရှိခြင်းကဲ့သို့သောဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာအဟန့်အတားများကြောင့်လည်းအတားအဆီးများဖြစ်စေပါသည်။

**အခြားသောလူမှုအုပ်စုများသည်အကျိုးအမြတ်ရရှိကြသော်လည်း၊အရင်းအနှီးသို့မဟုတ်မြေယာများစွာပိုင်ဆိုင်သူများထက်ပိုနည်းကြပါသည်။**အသက်မွေးဝမ်းကျောင်းလုပ်ငန်းပုံစံများပြောင်းလဲသည့်နေရာများတွင်လူမှုစီးပွားရေးအဆင့်ပိုနိမ့်သူများ၊မြေယာအနည်းငယ်သာပိုင်ဆိုင်သူများနှင့်ကျပန်းလုပ်သားများသည်ထိုပြောင်းလဲမှုများကိုပြုလုပ်ရာတွင်အခက်အခဲများပိုမိုကြုံတွေ့ရပါသည်။

**မြေယာအနည်းငယ်သာပိုင်ဆိုင်သူများနှင့်ကျပန်းလုပ်သားများသည်စိုက်ပျိုးရေးပုံစံများကိုပြောင်းလဲရန်သို့မဟုတ်စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်ပိုမိုခက်ခဲကြောင်း တွေ့ရှိရပါ**

**သည်။** ချင်းပြည်နယ်တွင် စိုက်ပျိုးရေးပုံစံများ ပြောင်းလဲခြင်းနှင့် အပူပိုင်းခြောက်သွေ့ဒေသတွင် စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံခြင်းမှထွက်ပေါ်လာသော အကျိုးကျေးဇူးများကို ပိုမိုချမ်းသာသူများကသာ အချိုးမညီစွာခံစားကြရပါသည်။ ဤအချက်တွင် ချင်းပြည်နယ်တွင် ပိုမိုသိသာပြီး၊အထူးသဖြင့်ဥယျာဉ်ခြံများပြောင်းလဲစိုက်ပျိုးရာတွင်ဖြစ်ပါသည်။အောက်ပါသာဓကလေ့လာမှုတွင်ဆွေးနွေးထားသည့်အတိုင်းပင်၊ထိုပြောင်းလဲမှုများကိုအရင်းအနှီးအလွယ်တကူရရှိနိုင်သည့်ပိုမိုချမ်းသာသောလယ်သမားများနှင့် စွန့်ဦးထွင်လုပ်ငန်းရှင်များက ဦးဆောင်ခြင်းဖြစ်ပါသည်။ လူမှုစီးပွားရေးအဆင့်ပိုနိမ့်သည့်အုပ်စုများသည်ထိုသို့ ရင်းနှီးမြှုပ်နှံရန်မတတ်နိုင်ကြသည့်အတွက် ပြောင်းလဲမှုများကိုလည်းပိုမိုနှေးကွေးစွာဆောင်ရွက်ကြရပါသည်။

**စိုက်ပျိုးရေးမဟုတ်သည့်ဝင်ငွေရင်းမြစ်များမျိုးစုံစေရန်ဆောင်ရွက်ရာတွင်လည်းဆင်တူသောအဟန့်အတားများကိုတွေ့ရှိရပါသည်။**ဥပမာအားဖြင့်မကွေးတိုင်းဒေသကြီးတွင်ရေနံတူးဖော်ခြင်းအတွက် ပိုက်များ၊စက်များကဲ့သို့သောပစ္စည်းကိရိယာများရရှိရန်အသုံးစရိတ်အရင်းအနှီးအနည်းငယ်လိုအပ်ပါသည်။ကျပန်းလုပ်သားများအနေဖြင့် ထိုကုန်ကျစရိတ်များရရှိရန် (၅)ဦး၊ (၆)ဦးစသည်ဖြင့် အုပ်စုလိုက်စုစည်းထည့်ဝင်ရန်လိုအပ်ပါသည်။ပိုမိုချမ်းသာသူများအနေဖြင့်ထိုကုန်ကျစရိတ်များကိုမိမိတို့ကိုယ်တိုင်ကျခံနိုင်ကြပြီး၊ရလဒ်အနေဖြင့်အကျိုးအမြတ်များကိုတစ်ဦးတည်းခံစားနိုင်ပါသည်။

**ပိုမိုကျယ်ပြန့်သောဖွံ့ဖြိုးတည်ဆောက်မှုဆိုင်ရာအတားအဆီးများကလည်းမချမ်းသာသူများအတွက်အခွင့်အလမ်းများကိုကန့်သတ်နေပါသည်။**ချေးငွေလက်လှမ်းမမီခြင်းသို့မဟုတ်လျှပ်စစ်မီးလိုင်းမရှိခြင်းကဲ့သို့သောပြဿနာများသည် စီးပွားရေးထုတ်ကုန်များအတွက် အရေးပါသောအချက်များဖြစ်ပြီး၊ ကျပန်းလုပ်သားများ သို့မဟုတ် မြေအနည်းငယ်သာပိုင်ဆိုင်သူများအတွက် အတားအဆီးများဖြစ်နေပါသည်။လျှပ်စစ်မီးမရရှိခြင်းသည်ထိုအဟန့်အတားများအတွက်ဥပမာတစ်ခုဖြစ်ပါသည်။ QSEM ကျေးရွာအချို့တို့တွင်လျှပ်စစ်မီးရရှိခြင်းကိုအသေးစိတ်သုတေသနပြုလုပ်ခဲ့ပါသည်။ QSEM ကျေးရွာ (၁၃) ရွာအနက် (၉) ရွာတို့၌ဆိုလာပြားများ၊မီးစက်များစသည့်တစ်ဦးချင်းလုပ်ငန်းများ ကြောင့်လျှပ်စစ်မီးရရှိကြပါသည်။[9] သို့ရာတွင်ထိုကျေးရွာ (၉)ရွာအနက်တစ်ရွာ သို့မဟုတ် နှစ်ရွာတွင်သာ အားလုံးရရှိကြပါသည်။ အခြားကျေးရွာများတွင် လျှပ်စစ်မီးရရှိမှုမှာ အိမ်ထောင်စုအားလုံး၏ ၃၈% မှ ၆၇% အထိသာရှိကြောင်းတွေ့ရှိရပါသည်။လျှပ်စစ်မီးရရှိရေးအတွက်အဓိကအခက်အခဲတစ်ခုမှာဓါတ်အားလိုင်းနှင့်ချိတ်ဆက်ရသည့်ကုန်ကျစရိတ်များဖြစ်ပါသည်။လျှပ်စစ်မီးလိုင်းရှိပြီးသော ကျေးရွာများတွင် တစ်အိမ်ထောင်လျှင် ၃၅၀၀ကျပ်မှ၅၀၀၀ကျပ်အထိ ကုန်ကျပြီး၊အသုံးပြုခမှာမူ အသုံးပြုမှုနှင့် ဝန်ဆောင်မှုအမျိုးအစားပေါ်မူတည်၍တစ်လလျှင်၂၀၀၀ကျပ်မှ၂၅၀၀၀ကျပ်အထိကုန်ကျနိုင်ပါသည်။ထိုကုန်ကျစရိတ်များကြောင့်ဆင်းရဲသော ကျေးရွာသားများအနေဖြင့် လျှပ်စစ်မီးမသုံးနိုင်တော့ဘဲ၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများရွေးချယ်ရာတွင်လည်း၊အခွင့်အရေးများလက်လွတ်သွားပါသည်။

## သာဓက (5 ) ချင်းပြည်နယ်တွင်အမြဲတမ်းစိုက်ပျိုးရေးလုပ်ငန်းသို့အသွင်ကူးပြောင်းခြင်းသည်မညီမျှမှုများကိုဖြစ်ပေါ်စေနိုင်ခြင်း

**ချင်းပြည်နယ်တွင်စိုက်ပျိုးရေးစနစ်များပြောင်းလဲရာတွင်လူမှုစီးပွားအုပ်စုအမျိုးမျိုးတို့ကကွဲပြားခြားနားစွာတွေ့ကြုံနေကြရကြောင်းဖော်ပြချက်များရှိနေပါသည်။**အကျိုးအမြတ်ပြန်လည်ရရှိမှုမှာကနဦးရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်အရင်းအနှီးရရှိနိုင်မှုနှင့်ယေဘုယျအားဖြင့်ဆက်နွယ်နေပါသည်။အလယ်အလတ်နှင့်ဆင်းရဲသောလယ်သမားများသည် ကုန်ကျစရိတ်မရှိသလောက်နည်းပါးသော မျိုးစေ့များကို ဝယ်ယူကြရပြီး၊စိုက်ခင်းမှဝင်ငွေပြန်လည်ရရှိရန် (၅) နှစ်ကျော်ကြာခဲယဉ်းစွာစောင့်ဆိုင်းကြရပါသည်။ အခြားတစ်ဖက်တွင်မူ ပိုမိုချမ်းသာသောလယ်သမားများကရှမ်းပြည်နယ်မှ ကိုင်းကူးစပ်မျိုးများကို တစ်ပင်လျှင်၃၀၀ကျပ်နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးနိုင်သဖြင့်၊အသီးသီးရန်၂နှစ်မှ၃နှစ်အထိသာစောင့်ရပြီး၊အထွက်နှုန်းလည်းပိုကောင်းကြပါသည်။ပိုမိုချမ်းသာသောလယ်သမားများသည်အရင်းအနှီးပိုမိုသုံးစွဲရုံသာမက၊အရည်အသွေးပိုကောင်းသောလိမ္မော်ပင်များကိုရင်းနှီးမြှုပ်နှံနိုင်သည့်အတွက်၊ထိုအရင်းအနှီးများမှဝင်ငွေများသေချာပေါက်ပြန်ရသောပထမဦးဆုံးနှင့်တစ်ခုတည်းသောအုပ်စုဖြစ်လာပါသည်။

**လူမှုစီးပွားအုပ်စုများအကြားတွင်ဈေးကွက်သို့ဝင်ရောက်နိုင်မှုအမျိုးမျိုးကွဲပြားနေခြင်းကြောင့်ပြောင်းလဲရာတွင်အခြေခံအားဖြင့်ပိုမိုပြန့်ကြဲမှုများကိုဖော်ပြနေပါသည်။**ပိုမိုချမ်းသာသောလယ်သမားများသည်လိမ္မော်စိုက်ပျိုးခြင်းကို

[9] ကျေးရွာ (၂)ရွာတို့သည်မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးရရှိကြပါသည်။အခြားကျေးရွာ (၃)ရွာတို့သည်အသေးစားရေအားလျှပ်စစ်ဖြင့်လျှပ်စစ်မီးရရှိရာအစိုးရ၊ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့်ကျေးရွာကိုယ်တိုင်တို့ကတစ်ခုစီကိုစီမံခန့်ခွဲပါသည်။ကျန်ရှိနေသောကျေးရွာ (၄)ရွာတို့မှာဒေသခံများကိုယ်တိုင်စီမံခန့်ခွဲသောမီးစက်များမှလျှပ်စစ်မီးရရှိပါသည်။

အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ်ပြောင်းလဲခဲ့ကြပါသည်။သို့ရာတွင် အလယ်အလတ်နှင့် ပိုမိုဆင်းရဲသောကျေးရွာသားများအနေဖြင့်ဆုံးရှုံးမှုလျော့နည်းစေရန်ကြိုးစားရပြီးနေ့စဉ်စားသောက်မှုအတွက်ရွှေ့ပြောင်းတောင်ယာစနစ်ကိုဆက်လက်ဆောင်ရွက်နေရပါသည်။ထိုလုပ်ငန်းအပေါ်အမြင်များသည်လည်းကွဲပြားခြားနားကြပါသည်။ပိုမိုချမ်းသာသော တောင်သူလယ်သမားများက လိမ္မော်စိုက်ပျိုးခြင်းကိုသူတို့အား ချမ်းသာစေမည့်အခွင့်အလမ်းတစ်ခုအဖြစ်ဖော်ပြခဲ့ကြပြီး၊ဒေသတွင်းတွင်အခြေခံအဆောက်အအုံများတိုးတက်လာခြင်းကြောင့်ဈေးကွက်လက်လှမ်းမီမှုဆိုင်ရာအတားအဆီးများကိုရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်းထောက်ပြခဲ့ပါသည်။အလယ်အလတ်နှင့် ပိုမိုဆင်းရဲသောတောင်သူလယ်သမားများအနေဖြင့် လိမ္မော်စိုက်ပျိုးခြင်းကိုအခြေခံကုန်ကျစရိတ်များကိုကာမိနိုင်သည့်ရင်းနှီးမြှုပ်နှံမှုတစ်ခုသို့မဟုတ်လုပ်အားလိုအပ်မှုနည်းပါးသည့်လုပ်ငန်းတစ်ခုအဖြစ်ဖော်ပြခဲ့ကြပါသည်။

**ရွှေ့ပြောင်းတောင်ယာစနစ်ဆိုသည်မှာသမိုင်းစဉ်တစ်လျှောက်တွင်ကျေးရွာအတွင်း၌စီးပွားရေးအဆင့်များအတော်အသင့်တစ်ပြေးညီဖြစ်ခဲ့ပြီး၊ထိုသို့စီးပွားရေးအခြေအနေညီမျှမှုသည်လည်းကျေးရွာ၏လူမှုဆိုင်ရာစံနှုန်းများနှင့်နီးကပ်စွာဆက်စပ်နေသည်ဟုဆိုလိုခဲ့ပါသည်။သို့ရာတွင်ချင်းပြည်နယ်ရှိကျေးရွာများတွင်ထိုဆိုလိုချက်ပြောင်းလဲနေကြောင်းဖော်ပြချက်များရှိလာပြီဖြစ်ပါသည်။**တောင်သူလယ်သမားများသည်ရိုးရာအစဉ်အလာအရကျေးရွာပိုင်မြေကိုအသုံးပြုရန်နှစ်စဉ်ခွဲဝေကြပါသည်။ကျေးရွာပိုင်မြေကိုခွဲဝေခြင်းလုပ်ငန်းစဉ်ကိုလူမှုဆိုင်ရာလုပ်ထုံးစည်းမျဉ်းများဖြင့်လွှမ်းမိုးထားပါသည်။လိမ္မော်ခြံများပြောင်းလဲစိုက်ပျိုးလာခြင်းကြောင့်မြေယာများကိုတစ်ဦးချင်းကထိန်းချုပ်ခြင်းများတိုးလာပြီး၊အခြားသောကျေးရွာသားများနှင့်မမျှတသောနှုန်းဖြင့်ဒေသခံလယ်သမားအချို့ထံချမ်းသာကြွယ်ဝမှုများစုစည်းရောက်ရှိသွားနိုင်ပါသည်။သို့ဖြစ်၍ကျေးရွာပိုင်မြေကိုစီမံခန့်ခွဲခြင်းနှင့်လူမှုဆိုင်ရာလုပ်ထုံးစည်းမျဉ်းများကိုပစ်ပယ်လိုက်ခြင်းဖြင့်ဒေသတွင်းအုပ်ချုပ်မှုဆိုင်ရာဖွဲ့စည်းတည်ဆောက်မှုများနှင့်လူမှုဆက်ဆံရေးများတွင်ပိုမိုကျယ်ပြန့်သောပြောင်းလဲမှုများဖြစ်လာနိုင်ပါသည်။

## လူမှုအဆင့်အတန်းပြောင်းလဲမှုအပေါ်အမြင်များနှင့်ပြောင်းလဲမှုအတွက်စိတ်နေစိတ်ထားများ

**ရုပ်ပိုင်းဆိုင်ရာနှင့်စီးပွားရေးပတ်ဝန်းကျင်တို့တွင်အမှန်တကယ်ပြောင်းလဲမှုများသာမကလူအများတို့သည်၎င်းတို့၏အနာဂတ်မျှော်မှန်းချက်များကိုကိုယ်တိုင်ဆန်းစစ်ခြင်းများကလည်းသူတို့၏အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းဗျူဟာများကို ပုံဖော်ပေးနေပါသည်။** တုန့်ပြန်ဖြေကြားသူများအား အနာဂတ်အပေါ်၎င်းတို့၏အမြင်များနှင့်၎င်းတို့၏ အနာဂတ်မျှော်မှန်းချက်များကို လွှမ်းမိုးနေသည့်အချက်များအားမေးမြန်းခဲ့ပါသည်။ထိုအမြင်များသည်လူမှုစီးပွားရေးအုပ်စုများအကြားတွင်အတော်အသင့်ကွဲပြားခြားနားနေကြပါသည်။ဤနေရာတွင်အနာဂတ်ကာလစီးပွားရေးအခွင့်အလမ်းနှင့်ပတ်သက်သည့်အမြင်များကိုအကျိုးသက်ရောက်နေသောအထင်ရှားဆုံးအချက် (၅)ချက်ကိုဖော်ပြထားပါသည်။

**ပထမအချက်မှာစီးပွားရေးအခွင့်အလမ်းများပိုမိုကောင်းမွန်ခြင်းသည်အခြေခံအဆောက်အအုံများတွင်ရင်းနှီးမြှုပ်နှံမှုများနှင့်ချိတ်ဆက်နေကြောင်းလူများကတစ်ညီတစ်ညွတ်တည်းဖြေကြားခဲ့ပါသည်။** အထူးသဖြင့်လမ်းများကဲ့သို့သော အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုအချို့ကိုမြင်တွေ့ရသောကျေးလက်နေပြည်သူများအနေဖြင့်အနာဂတ်ကာလစီးပွားရေးအခွင့်အလမ်းများအပေါ်အကောင်းအမြင်ဆုံးဖြစ်ပါသည်။ချင်းပြည်နယ်တွင်လမ်းပန်းဆက်သွယ်ရေးမှာအခြေခံအားဖြင့်နည်းပါးသော်လည်း၊တစ်စုံတစ်ခုသောအတိုင်းအတာအထိ တိုးတက်လာခဲ့ပါသည်။ ကျေးရွာသားများကသူတို့၏စီးပွားရေးအခွင့်အလမ်းများအားအကောင်းမြင်ရခြင်း၏အကြောင်းရင်းတစ်ခုအဖြစ်ထိုအချက်များနှင့်လက်ရှိအခြေခံအဆောက်အအုံဆိုင်ရာ အခြားရင်းနှီးမြှုပ်နှံမှုများကို ဖော်ထုတ်ပြောကြားခဲ့ပါသည်။ ထို့အတူပင်ဧရာဝတီတိုင်းဒေသကြီးရှိကျေးရွာအချို့တို့တွင်လည်း၊ကျေးရွာများနှင့်မြို့နယ်ရုံးစိုက်ရာမြို့များအကြားဆက်သွယ်ပေးသည့် တံတားများတည်ဆောက်ပေးခြင်းကြောင့် ကျေးရွာသားများအားမော်တော်ဆိုင်ကယ်များဝယ်ယူရင်းနှီးမြှုပ်နှံစေခဲ့ပြီး၊မြို့နယ်အတွင်းတွင်ဆိုင်ကယ်တက္ကစီဆွဲခြင်းအလုပ်များရရှိစေနိုင်ခဲ့ပါသည်။

*'အခုဆိုရင်လမ်းပန်းဆက်သွယ်ရေးစနစ်တွေကအတော်လေးကောင်းနေပြီ၊အဲဒီတော့ကျွန်တော်တို့ကကြက်တွေ၊ဝက်တွေမွေးနိုင်တယ်၊ကော်ဖီခြံတွေစိုက်နိုင်တယ်။အရင်ကဆိုရင်ဒီပစ္စည်းတွေကို ရွာထဲမှာဘဲရောင်းရတယ်၊အခုတော့မြို့ပေါ်အထိပို့နိုင်ပြီ '*

ချင်းပြည်နယ်မှလယ်သမားတစ်ဦး။

**ဒုတိယအချက်မှာစိုက်ပျိုးရေးမဟုတ်သောအခွင့်အလမ်းများနှင့်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့ကိုအသက်မွေးဝမ်းကျောင်းလုပ်ငန်းတိုးတက်ရေးနည်းဗျူဟာများ၏အရေးကြီးသောရှုထောင့်များအဖြစ်ပိုမို**

**သတ်မှတ်လာကြခြင်းဖြစ်ပါသည်။** အထက်တွင်ဆွေးနွေးခဲ့သည့်အတိုင်းပင်၊ကျေးလက်ဒေသနေပြည်သူများသည် စိုက်ပျိုးရေးအစားထိုးလုပ်ငန်းများ သို့မဟုတ် စိုက်ပျိုးရေးဝင်ငွေကို ဖြည့်ဆည်းပေးမည့် နည်းလမ်းများကို ပိုမိုရှာဖွေလာကြပါသည်။ ယင်းနည်းလမ်းများတွင် ဒေသတွင်းရှိ စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများကိုမျိုးစုံလုပ်ခြင်းသို့မဟုတ်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့လည်းပါဝင်ပါသည်။ပြည်သူများက အသက်မွေးဝမ်းကျောင်း တိုးတက်စေမည့် နည်းဗျူဟာများကို စဉ်းစားသောအခါတွင် ထိုနည်းလမ်းများကို စိုက်ပျိုးရေးအစားထိုးလုပ်ငန်းများအဖြစ်ပိုမိုရှုမြင်လာကြပါသည်။

*'တစ်ခြားမှာ အလုပ်သွားလုပ်တာက စီးပွားရေးအခြေအနေပိုကောင်းစေတယ်။ အခုဆိုရင် ကျပန်းအလုပ်သမားတွေကတစ်ယောက်ပြီးတစ်ယောက်မော်တော်ဆိုင်ကယ်တွေပိုင်နေကြပြီ၊ '*

မန္တလေးတိုင်းဒေသကြီးရှိချမ်းသာသောလယ်သမားတစ်ဦး။

*'လူတစ်ယောက်မှာလယ်မြေတစ်ကွက်မှမပိုင်လို့ဆိုပြီး၊ဒီလူကိုဆင်းရဲတယ်လို့ယူဆလို့မရဘူး၊ အရင်နှစ်တွေနဲ့နှိုင်းယှဉ်ရင်အခုဆိုအလုပ်အကိုင်ခွင့်အလမ်းတွေဆက်တိုက်ရလာကြတယ် '*

မကွေးတိုင်းဒေသကြီးရှိမြေယာမဲ့ကျပန်းလုပ်သားတစ်ဦး။

**မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကြောင့်မြေယာပိုင်ဆိုင်မှုကိုတန်ဖိုးရှိသောပစ္စည်းတစ်ခုအဖြစ်ပိုမိုခိုင်မာစွာမှတ်ယူလာကြပါသည်။** စိုက်ပျိုးရေးကိုမှီခိုနေရသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှ ရှောင်ခွာနေကြသော်လည်း၊ ဒေသခံများအနေဖြင့် မြေယာပိုင်ဆိုင်မှုကို အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ်ဆက်လက်ရှုမြင်ကြပါသည်။ မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်သည် အနာဂတ်တွင် အားထားနိုင်မည့်ပိုင်ဆိုင်မှုတစ်ခုအဖြစ်မြေယာ၏ အရေးကြီးပုံကို ပိုမိုသဘောပေါက်လာစေပါသည်။ဥပမာအားဖြင့်အပူပိုင်းခြောက်သွေ့ဒေသတွင်လယ်သမားများ၏မြေယာများကိုမှတ်ပုံတင်လိုက်ခြင်းကြောင့် အနာဂတ်ကာလတစ်ချိန်ချိန်တွင် လိုအပ်လာပါက ဤပိုင်ဆိုင်မှုကိုကောင်းမွန်စွာ ရောင်းချနိုင်သည် ဟူသောအသိရှိလာပြီး စိတ်ချလုံခြုံမှုကိုထောက်ပံ့ပေးကြောင်း လယ်သမားများက ပြောကြားခဲ့ပါသည်။ နောက်အခန်းတွင် ဆွေးနွေးထားသည့်အတိုင်းပင် မြေယာမှတ်ပုံတင်ခြင်းကြောင့်မြေယာရောင်းဝယ်မှုများတိုးတက်မှုမရှိလာသေးသော်လည်း၊လက်ရှိအခြေအနေကိုဤသို့ရှုမြင်နေကြပါသည်။အောက်တွင် ကိုးကားထားသည့်အတိုင်းပင်၊မြေယာမဲ့များကလည်းသူတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးတက်စေမည့်အရေးကြီးသောအဆင့်တစ်ခုအဖြစ်မြေယာဝယ်ယူရန်ဆက်လက်ဦးစားပေးနေကြပါသည်။

*'မြို့မှာနေမယ်ဆိုရင်ရွှေစုဖို့အရေးကြီးတယ်၊ရွာမှာနေမယ်ဆိုရင်တော့မြေရှိထားဖို့အရေးကြီးတယ် '*

မကွေးတိုင်းဒေသကြီးရှိမြေယာမဲ့ကျပန်းလုပ်သားတစ်ဦး။

**ဒေသအားလုံးတို့တွင်အကြွေးဆပ်ခြင်းဆိုသည်မှာစီးပွားရေးအဆင့်တိုးတက်လာစေရန်ဆောင်ရွက်ရသည့်ပထမဆုံးလုပ်ဆောင်ချက်တစ်ခုဖြစ်ပါသည်။** သီးနှံများမှဝင်ငွေကောင်းမွန်သည့် ဒေသများတွင်တောင်သူလယ်သမားများက အကြွေးများပြန်ဆပ်နိုင်ခဲ့ခြင်းကို တစ်ညီတစ်ညွတ်တည်း ဖော်ပြခဲ့ကြပြီး၊ ယခင်နှစ်က စီးပွားရေးရလဒ်များပိုမိုကောင်းမွန်ခြင်း၏အဓိက အကျိုးကျေးဇူးတစ်ခုအဖြစ် သတ်မှတ်ဖော်ပြကြပါသည်။

*'ကျွန်တော်တို့ဒီနှစ်တော့ကြွေးရှင်တွေဆီမှာ အကြွေးတော်တော်လေး လျော့သွားတယ်၊ ကျွန်တော်တို့မှာငွေပိုငွေလျှံလေးလဲရှိလာတော့ရွှေဝယ်စုနိုင်ခဲ့တယ်၊ဝက်ကလေးတွေလည်းမွေးထားနိုင်တယ် '*

ရခိုင်ပြည်နယ်မှကျပန်းလုပ်သားတစ်ဦး။

*'ကျွန်တော်မနှစ်ကအထိအကြွေးတွေရှိနေသေးတယ်၊ဒီနှစ်တော့ကျွန်တော့်ပြောင်းတွေရောင်းပြီးကတည်းကအကြွေးအားလုံးဆပ်လိုက်ပြီ '*

ရှမ်းပြည်နယ်ရှိလယ်သမားလတ်တစ်ဦး။

*`ဒီနှစ်တော့နမ်းတစ်တင်းကို၅၀၀၀၀စျေးရတယ်၊ဒီတော့အကြွေးရှိတဲ့လူတွေကသူတို့မဆပ်ရသေးတဲ့ကြွေးတွေအကုန်ဆပ်နိုင်ကြတယ် ´*

မကွေးတိုင်းဒေသကြီးရှိလယ်သမားတစ်ဦး။

**ပညာရေးဆိုသည်မှာကုန်ကျစရိတ်များ၍ရေရှည်ဖြစ်သော်လည်း၊အနာဂတ်အတွက်အရေးကြီးသောရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ်သတ်မှတ်ကြပါသည်။**အဆင့်မြင့်ပညာရေးကိုစီးပွားရေးလုပ်ငန်းများတိုးတက်စေရေးအတွက်အရေးကြီးသောရေရှည်လမ်းကြောင်းတစ်ခုအဖြစ်သတ်မှတ်ထားကြသော်လည်း၊ ကာလတိုတွင်မူဝန်ထုပ်ဝန်ပိုးအတော်အသင့်ဖြစ်စေကြောင်းစဉ်းစားကြပါသည်။ မိသားစုများအနေဖြင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံရမည့်ကုန်ကျစရိတ်များနှင့် (အနာဂတ်တွင်အကျိုးအမြတ်များရရှိနိုင်မည့် အလားအလာရှိနေသော်လည်း) လက်ရှိဝင်ငွေအခွင့်အလမ်းဆုံးရှုံးမှုများကိုထိန်းညှိနိုင်ရန် ရုန်းကန်နေကြရပါသည်။

*`ပထမဆုံးကတော့ကျွန်တော့်ကလေးတွေဆယ်တန်းအောင်ဖို့လုပ်ရမယ်၊ပြီးရင်သူတို့ကိုပညာဆက်သင်ဖို့အားပေးမယ်၊အစိုးရဝန်ထမ်းလုပ်ခိုင်းမယ် ´*

ချင်းပြည်နယ်ရှိလယ်သမားငယ်တစ်ဦး။

`ကျွန်တော်ကလေးတွေကျောင်းပြီးသွားရင်တော့ကျွန်တော်တို့မိသားစုအခြေအနေဒီထက်ပိုကောင်းလာပါလိမ့်မယ် ´

မကွေးတိုင်းဒေသကြီးရှိလယ်သမားလတ်တစ်ဦး။

*`နောက် (၅) နှစ်မှာကျွန်တော်အလုပ်မလုပ်နိုင်တော့ရင်ကျွန်တော့်သားကို ကျောင်းထွက်ခိုင်းပြီးမလေးရှားကိုလွှတ်မယ် ´*

ချင်းပြည်နယ်ရှိလယ်သမားတစ်ဦး။

## အခန်း (၃) –အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မည်သည့်အရာက အကျိုးသက်ရောက်နေပါသနည်း - လုပ်သား၊မြေယာနှင့်ကြွေးမြီများကိုအထူးပြုလေ့လာခြင်း

ဤအခန်းတွင် ပြည်သူများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုများကို အကျိုးသက်ရောက်နေသောဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အခြေအနေများ၏ပြောင်းလဲတိုးတက်မှုများကို ဆန်းစစ်လေ့လာထားပါသည်။ ပုံ (၁) လေ့လာဆန်းစစ်မှု မူဘောင်၏ Box 2 တွင်ပါဝင်သည့် `အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မည်သည့်အရာက အကျိုးသက်ရောက်နေပါသနည်း´ ဖြင့် ကိုယ်စားပြုနိုင်ပါသည်။

ဤအခန်းသည်ကျေးလက်နေအိမ်ထောင်စုများ၏အဓိကအရင်းအနှီး (၃)ခုဖြစ်သည့်လုပ်သား၊ မြေယာနှင့်ကြွေးမြီတို့အတွက်စျေးကွက်အပြောင်းအလဲများနှင့်ယင်းတို့ကိုအကျိုးသက်ရောက်နေသော မူဝါဒအပြောင်းအလဲများကိုဦးတည်ဆွေးနွေးထားပါသည်။

ရာသီချိန်လုပ်သားစျေးကွက်သည်အလွန်ကျပ်တည်းပါသည်။ QSEM 4 လေ့လာမှုအရ လယ်သမားများသည်ရာသီချိန်များတွင် လုပ်သားရှာဖွေရန်အခက်အခဲများ ရင်ဆိုင်နေရဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤအချက်ကြောင့် အချို့သောဒေသများတွင် စိုက်ပျိုးရေးဆိုင်ရာလုပ်အားခများ မြင့်တက်လာခဲ့ပြီး၊ လုပ်သားများသည်လည်းလုပ်ငန်းခွင်အခြေအနေများကို ယခင်ကထက်ပိုကောင်းအောင်ညှိနှိုင်းနိုင်စွမ်းရှိလာပါသည်။ သို့ရာတွင်လုပ်သားများသည် ရာသီချိန်မဟုတ်သောအချိန်များ၌ အလုပ်အကိုင်လုံလောက်စွာရရှိရန် ရုန်းကန်နေရဆဲဖြစ်သည့်အတွက် ခြုံငုံကြည့်ပါက သိသာသော အကျိုးကျေးဇူးများကိုမတွေ့မြင်ရပါ။တစ်ချိန်တည်းတွင်ပင်ထိုသို့လုပ်သားရှားပါးမှုကြောင့်အချို့သော လယ်သမားများကအသေးစားစက်ယန္တရားများဝယ်ယူအသုံးပြုမှုတိုးတက်လာပါသည်။သို့ရာတွင်ထိုသို့

ဝယ်ယူသုံးစွဲမှုမှာနည်းသေးသည့်အတွက်၊ကျပန်းလုပ်သားများ၏အလုပ်အကိုင်အခွင့်အလမ်းများအပေါ် ကြီးမားစွာသက်ရောက်ခြင်းမရှိခဲ့ပါ။

မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည်ခြွင်းချက်အချို့ရှိနေသော်လည်းချောမွေ့စွာတိုးတက် နေပါသည်။ရခိုင်ပြည်နယ်တွင်နိုင်ငံသားအဖြစ်မှတ်ပုံတင်ခြင်းနှင့်ပတ်သက်သည့်ပြဿနာများရှိနေပြီး၊ မကွေးတိုင်းဒေသကြီးတွင်ရေနံတူးခြင်းလုပ်ငန်းများကြောင့်မြို့နယ်အချို့တို့တွင်မြေယာမှတ်ပုံတင်လုပ် ငန်းဆောင်ရွက်နိုင်ခြင်းမရှိပါ။

မြေယာဥပဒေအသစ်သည်လည်းမြေလွတ်မြေရိုင်းများ၌လယ်ယာလုပ်ငန်းစတင်လုပ်ကိုင်မည့် လူများနှင့်မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေများပိုမိုရရှိရေးအတွက်မြေအမည်ပေါက်ပိုင်ဆိုင်မှုကိုအပိုင်း ပိုင်းခွဲထားလိုသည့်လူများအတွက်မက်လုံးအသစ်များကိုဖန်တီးပေးခဲ့ပါသည်။

ယခင်QSEMလေ့လာမှုအကြိမ်များတွင် တွေ့ရှိထားသည့်အကြွေးတင်ရှိမှုစနစ်များမှာ ဆက် လက် တည်ရှိနေဆဲဖြစ်ပါသည်။ သို့သော်အချို့ဒေသများတွင် ချေးငွေရင်းမြစ်များ တိုးလာပြီး၊ အချို့ ဒေသများတွင် အတိုးနှုန်းများလျော့ကျခဲ့ပါသည်။

## လုပ်သား

*'အရင်တုန်းကဆိုရင်လက်လုပ်လက်စားအုပ်စုတွေကကျွန်တော့်လယ်ကိုလာပြီး၊အလုပ်လာ တောင်းကြတယ်၊ကျွန်တော်ကတစ်ခြားလယ်တောကိုသွားပြီးအလုပ်ရှာပါလို့ပြောလိုက်ရတယ်၊အခုတော့ ကျွန်တော်အလုပ်သမားလိုရင်တခြားရွာကိုသွားပြီးရှာရတယ်၊အများဆုံးကျွန်တော်ရှာနိုင်ရင်အလုပ်သမ ား သုံးယောက်လေးယောက်လောက်ပဲရတယ်'*

မန္တလေးတိုင်းဒေသကြီးမှတောင်သူလယ်သမားတစ်ဦး။

*'အရင်ကဆိုရင်ကျွန်မနေ့စားအလုပ်တစ်ခုရဖို့အရမ်းခက်တယ်၊အခုရွာထဲမှာအလုပ်တွေအများ ကြီးရှိတယ်၊ တောထဲထင်းတက်ခုတ်တာတို့ ကန်သင်းရိုးဖို့တာတို့စသည်ဖြင့်ပေါ့။ ကျွန်မမှာနားရက် တောင်သိပ်မရှိဘူး'*

ရခိုင်ပြည်နယ်မှအမျိုးသမီးလုပ်သားတစ်ဦး။

*'သီးနှံရိတ်သိမ်းချိန်ရောက်ရင်ကျွန်တော့်မှာခြေထောက်တွေနာတဲ့အထိအလုပ်သမားလိုက်ရှာရတယ်'*

ဧရာဝတီတိုင်းဒေသကြီးမှမြေပိုင်ရှင်တစ်ဦး။

*'အလုပ်မရှိတုန်းကဆိုရင်လယ်သမားတွေကအပေါ်စီးကဆက်ဆံတာကိုခံကြရတယ်၊အခုကျွန် တော်တို့မှာအလုပ်အကိုင်တွေအများကြီးရှိလာတော့ကျွန်တော်တို့ဘာတွေလုပ်မယ်၊ဘာတွေမလုပ်နိုင် ဘူးဆိုတာသူတို့ကိုပြောနိုင်လာပြီ'*

မန္တလေးတိုင်းဒေသကြီးမှမြေယာမဲ့လုပ်သားတစ်ဦး။

**လယ်သမားများနှင့်မြေယာမဲ့ကျပန်းလုပ်သားများသည်ကျေးလက်ဒေသရှိစိုက်ပျိုးရေးလုပ်သား ဈေးကွက်တွင် ယှဉ်ပြိုင်မှုအခက်အခဲများကြုံတွေ့နေရပါသည်။** တစ်ဖက်တွင် ကျပန်းလုပ်သားများသည် သူတို့၏စားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တစ်နှစ်ပတ်လုံးလုံလောက် သောအလုပ်လုပ်ရက်ရရှိရန်အခက်အခဲများရင်ဆိုင်နေရပါသည်။အခြားတစ်ဖက်တွင်လည်းလယ်သမား များသည် ရာသီချိန်များတွင် လုံလောက်သောလုပ်သားရရှိရန် အခက်အခဲများကြုံတွေ့နေရပါသည်။ LIFTအဖွဲ့၏ ကာလလယ်အစီရင်ခံစာတွင် ဖော်ပြထားသကဲ့သို့ပင် လယ်ယာလုပ်သားတစ်ဦးက မိုးရာသီတွင် မျှော်မှန်းနိုင်သည့်ပျမ်းမျှအလုပ်လုပ်ရက်မှာ အမျိုးသားများအတွက် (၄၉) ရက်ဖြစ်ပြီး၊ အမျိုးသမီးများအတွက် (၄၂) ရက်ဖြစ်ပါသည်။ သို့သော်ရာသီချိန်မဟုတ်သော အချိန်များတွင်

အမျိုးသားများအတွက် (၁၂)ရက်နှင့်အမျိုးသမီးများအတွက် (၁၆) ရက်သာရှိပါသည်။ [10] အလုပ်အကိုင်ရရှိမှုမညီမျှခြင်းကြောင့်ကျပန်းလုပ်သားများသည်သူတို့၏ စားဝတ်နေရေးအတွက်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းအပါအဝင်အစားထိုးလုပ်ငန်းများကိုရှာဖွေလာကြပါသည်။အပြန်အလှန်အားဖြင့်ရာသီချိန်များတွင်လုပ်သားရရှိမှုအပေါ်ပြန်လည်ထိခိုက်စေပါသည်။လယ်သမားများသည်ရရှိနိုင်သောလုပ်သားထက်ပိုမိုလိုအပ်နေဆဲဖြစ်ပါသည်။ဤအပိုင်းတွင်ထိုသာဓကအတွက်ဖော်ပြချက်အချို့ကိုဆွေးနွေးထားပါသည်။

## လုပ်သားဈေးကွက်၏အလားအလာများ

အခြားသောလူမှုအုပ်စုများသည်အကျိုးအမြတ်ရရှိနိုင်ကြသော်လည်း၊အရင်းအနှီးသို့မဟုတ်မြေယာများစွာပိုင်ဆိုင်သူများထက်ပိုနည်းကြပါသည်။လျှပ်စစ်မီးမရှိခြင်းကဲ့သို့သောဖွံ့စည်းတည်ဆောက်မှုဆိုင်ရာအကန့်အသတ်များကြောင့်လည်းအတားအဆီးများဖြစ်စေပါသည်။

**ချင်းပြည်နယ်မှအပကျန်ဒေသအားလုံးတွင်ရာသီချိန်များ၌လုပ်သားရှားပါးမှုဆက်လက်ဖြစ်ပေါ်နေပါသည်။** ရာသီချိန်တွင် လုပ်သားရှားပါးမှုကို ဧရာဝတီတိုင်းဒေသကြီးရှိကျေးရွာ (၉)ရွာလုံးတွင်လည်းကောင်း၊ အပူပိုင်းခြောက်သွေ့ဒေသရှိ ကျေးရွာအားလုံးနီးပါး (မကွေးဒေသတွင်ကျေးရွာ၉ရွာအနက်၇ရွာ၊ မန္တလေးဒေသတွင် ကျေးရွာ ၉ ရွာအနက် ၈ ရွာ) တွင်လည်းကောင်းခံစားနေရပါသည်။ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့ရှိကျေးရွာ (၅) ရွာစီတွင်လုပ်သားရရှိရန်အခက်အခဲများရှိနေကြောင်းကျေးရွာသားများကရှုမြင်ကြပါသည်။ ရာသီချိန်တွင်လုပ်သားရှားပါးမှု မကြုံတွေ့ရသည့်တစ်ခုတည်းသောဒေသမှာချင်းပြည်နယ်ဖြစ်ပါသည်။ ချင်းပြည်နယ်တွင်လူအများစုတို့ကမိသားစုလုပ်အားကိုသာမှီခိုကြပါသည်။

**ရာသီချိန်မဟုတ်သောအချိန်များ၌ အလုပ်အကိုင်မရနိုင်ခြင်းဟူသောအချက်က ရာသီချိန်များတွင် လုပ်သားရှားပါးခြင်းကိုကြီးမားစွာ လွှမ်းမိုးနေပါသည်။** ကျေးလက်ဒေသများတွင် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းများ တိုးတက်လာခြင်းနှင့် စိုက်ပျိုးရေးမဟုတ်သော အစားထိုးအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာခြင်းကြောင့် စိုက်ပျိုးရေးလုပ်သားများ ရှားပါးလာရခြင်းဖြစ်ကြောင်းမြေပိုင်ရှင်များနှင့်ကျပန်းလုပ်သားများကပြောကြားခဲ့ကြပါသည်။သို့ရာတွင်ကျပန်းလုပ်သားများသည်တစ်နှစ်ပတ်လုံး၏အချိန်အများအပြားတွင်အလုပ်အကိုင်ရှားပါးမှုများကြုံတွေ့နေရပြီး၊ဆက်လက်ရပ်တည်နိုင်ရန်အတွက်စိုက်ပျိုးရေးလုပ်ငန်းနှင့်စားဝတ်နေရေးအတွက်အခြားဝင်ငွေရနည်းလမ်းများကိုပေါင်းစပ်ရန်ကြိုးစားနေရပါသည်။အခြားသောလုပ်ငန်းများကစိုက်ပျိုးရေးလုပ်သားလုပ်ခြင်းထက်ပိုမိုသေချာမှုရှိပါက၊လုပ်သားများသည်စိုက်ပျိုးရေးလုပ်သားအဖြစ်လုပ်ကိုင်ခြင်းအပေါ်မှီခိုနေရမှုကိုဆက်လက်လျှော့ချသွားမည့်အလားအလာရှိနေပါသည်။

## လုပ်အားခများ၊ငွေပေးချေမှုစည်းကမ်းများနှင့်စိုက်ပျိုးရေးပုံစံများအပေါ်အကျိုးသက်ရောက်မှု

ဒေသအားလုံးနီးပါးတွင်ရာသီချိန်လုပ်အားခများမြင့်တက်ခဲ့ပါသည်။သို့သော်ထိုလုပ်အားခတိုးမြင့်မှုကရာသီချိန်မဟုတ်ချိန်များ၌စိုက်ပျိုးရေးအလုပ်များမရရှိနိုင်မှုကိုကာမိခြင်းမရှိပါ။

**လုပ်သားရှားပါးမှုသည် လုပ်အားခများ၊ ငွေပေးချေမှုစည်းကမ်းများ၊ စိုက်ပျိုးရေးပုံစံများနှင့်စက်ယန္တရားအသုံးပြုမှုတို့အပေါ် အကျိုးသက်ရောက်မှုများရှိပါသည်။**

ဒေသအားလုံးနီးပါးတွင် ရာသီချိန်လုပ်အားခများမြင့်တက်လာခဲ့ပါသည်။ လုပ်အားခမြင့်တက်မှုမှာ ချင်းပြည်နယ် (ဤဒေသတွင် အမျိုးသမီးများအတွက်သာ အနည်းငယ်မြင့်တက်ခဲ့ပါသည်။) နှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် မသိသာကြပါ။ အခြားသောဒေသများတွင် ရာသီချိန်လုပ်အားခများသည် အမျိုးသားနှင့်အမျိုးသမီးနှစ်ဦးလုံးအတွက် တစ်ရက်လျှင် (၅၀၀) ကျပ်မှ (၂၀၀၀)ကျပ်အကြားတိုးမြင့်လာခဲ့ပါသည်။ အများဆုံးတိုးမြင့်မှုအဖြစ် မကွေးတိုင်းဒေသတွင် နှစ်ဆအထိ တိုးမြင့်လာခဲ့ရာ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှု တိုးလာခြင်းကြောင့် လုပ်သားရှားပါးခြင်း၊ နှမ်းဈေးနှုန်းကောင်းခြင်းကြောင့် အချိန်မီ ရိတ်သိမ်းနိုင်ရန်အတွက် လုပ်သားများအားလုပ်အားခပိုပေးရခြင်းနှင့် ငွေပေးချေမှုစည်းကမ်းများပြောင်းလဲခြင်းတို့ပေါင်းစပ်ခြင်းကြောင့်တိုးမြင့်လာခြင်းဖြစ်ပါသည်။

[10] လေ့လာမှုတွင်ဖော်ပြထားသကဲ့သို့ပင်ဤကိန်းဂဏန်းများသည်ဒေသအလိုက်သော်လည်းကောင်း၊ဒေသတစ်ခုအတွင်းတွင်လည်းကောင်းသိသာစွာကွဲပြားနေကြပါသည်။

ဇယား( 7) – မိုးသီးနှံရိတ်သိမ်းခြင်း (အောက်တိုဘာလမှဒီဇင်ဘာလ) အတွက်အမျိုးသားလုပ်သားများ၏တစ်နေ့လုပ်အားခများ (ကျပ်)

| | အမျိုးသားလုပ်သား | | | |
|---|---|---|---|---|
| | ရာသီချိန်မဟုတ်သောအချိန် | | ရာသီချိန် | |
| | ၂၀၁၂[11] | ၂၀၁၃ | ၂၀၁၂ | ၂၀၁၃ |
| **ဧရာဝတီ** | ၁၀၀၀-၂၀၀၀ | ၂၀၀၀-၃၀၀၀ | ၂၀၀၀-၃၅၀၀ | ၃၀၀၀-၄၀၀၀ |
| **မကွေး** | ၁၅၀၀ | ၁၅၀၀-၃၅၀၀ | ၂၀၀၀ | ၂၀၀၀-၄၀၀၀ |
| **ရခိုင်** | ၂၀၀၀-၃၀၀၀ | ၂၀၀၀-၂၅၀၀ | ၂၀၀၀-၃၀၀၀ | ၂၅၀၀-၃၀၀၀ |
| **ရှမ်း** | ၂၀၀၀-၅၀၀၀ | ၂၀၀၀-၅၀၀၀ | ၄၅၀၀-၅၀၀၀ | ၆၀၀၀ |
| **ချင်း** | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| **မန္တလေး** | ၁၅၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀-၂၅၀၀ |

ဇယား (8) မိုးသီးနှံရိတ်သိမ်းခြင်း (အောက်တိုဘာလမှဒီဇင်ဘာလ) အတွက် (အမျိုးသားလုပ်သားများနှင့်လုပ်အားခ ကွာခြားမှုရှိသော) အမျိုးသမီးလုပ်သားများ၏နေ့စဉ်လုပ်အားခများ (ကျပ်)

| | အမျိုးသမီးလုပ်သား | | | |
|---|---|---|---|---|
| | ရာသီချိန်မဟုတ်သောအချိန် | | ရာသီချိန် | |
| | ၂၀၁၂ | ၂၀၁၃ | ၂၀၁၂ | ၂၀၁၃ |
| **ရခိုင်** | ၁၅၀၀-၂၅၀၀ | ၁၅၀၀-၂၀၀၀ | ၁၅၀၀-၂၅၀၀ | ၂၀၀၀-၂၅၀၀ |
| **ချင်း** | ၁၀၀၀-၅၀၀၀ | ၁၅၀၀-၆၀၀၀ | ၁၀၀၀-၅၀၀၀ | ၁၅၀၀-၆၀၀၀ |

**ရာသီချိန်မဟုတ်သောအချိန်များ၌လုပ်အားခတိုးတက်မှုများမှာသိသာခြင်းမရှိပါ။** ဧရာဝတီ၊မကွေး နှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ရာသီချိန်မဟုတ်သောအချိန်များ၌ လုပ်သားများက လုပ်အားခတိုး တောင်းခြင်းအနည်းငယ်ရှိခဲ့ပါသည်။ ထိုသို့တိုးမြင့်မှုမှာရာသီချိန်ကဲ့သို့ သိသာထင်ရှားခြင်းမရှိပါ။ အခြား ပြည်နယ်များတွင်ရာသီချိန်မဟုတ်သောအချိန်များ၌လုပ်အားခတိုးမြင့်မှုများကိုမတွေ့ရှိရပါ။

**ရခိုင်ပြည်နယ်မှအပ ကျန်ဒေသများတွင် အမျိုးသားနှင့် အမျိုးသမီးများသည် တူညီသောအလုပ် အတွက်တူညီသောလုပ်အားခများ ဆက်လက်ရရှိကြပါသည်။** ဒေသအများစုတို့တွင် တူညီသောအလုပ် များအတွက် အမျိုးသားနှင့်အမျိုးသမီးတို့အကြား လုပ်အားခကွာခြားမှု အနည်းငယ်သာ ရှိပါသည်။ သို့ရာတွင်ယခင်အကြိမ် QSEM လေ့လာမှုများတွင်တွေ့ရှိခဲ့သည့်အတိုင်းပင်အမျိုးသမီးများလုပ်ရသည့် လုပ်ငန်းအမျိုးအစားများမှာ လုပ်အားခနည်းသော အလုပ်များဖြစ်ကြပါသည်။ ဤကိစ္စအတွက်အဓိက ခြွင်းချက်တစ်ခုကိုရခိုင်ပြည်နယ်တွင်တွေ့ရပါသည်။ရခိုင်ပြည်နယ်တွင်အမျိုးသမီးများသည်တူညီသော အလုပ်များအတွက်ပင် တစ်နေ့လုပ်အားခ (၅၀၀) ကျပ်ခန့်လျော့နည်း၍ရရှိကြသည်။ချင်းပြည်နယ်တွင် လည်း ကွဲပြားခြားနားမှုအချို့ရှိပါသည်။ သို့သော် ချင်းပြည်နယ်တွင် ငှားရမ်းထားသော လုပ်သားများ အပေါ်မှီခိုမှုနည်းပါးသည့်အတွက်ထိုကွဲပြားခြားနားမှုများသည်လည်းသိသာထင်ရှားမှုမရှိကြပါ။

**ကျပန်းလုပ်သားများ၏ လုပ်အားခတိုးမြင့်လာခြင်းသည် ၎င်းတို့၏ နေထိုင်မှုအဆင့်အတန်းကို တိုးမြင့်စေခြင်းမရှိပါ။** ဒေသအများစုတို့တွင် အထူးသဖြင့် ရာသီချိန်လုပ်အားခများသည် ရာခိုင်နှုန်း အားဖြင့် ၁၀ % မှ ၂၅ % အထိ တိုးမြင့်ခဲ့သော်လည်း တစ်နှစ်ပတ်လုံး အလုပ်လုပ်ရက်အားလုံးအနက် အနည်းငယ်အတွက်သာ တိုးမြင့်ခြင်းဖြစ်သည့်အတွက် ထိုအကျိုးကျေးဇူးများကို အကန့်အသတ်ဖြင့် သာရရှိကြပါသည်။ကျပန်းလုပ်သားများအလုပ်လုပ်သောရက်အားလုံး၏သုံးပုံတစ်ပုံမှတစ်ဝက်အထိသာ လုပ်အားခအမြင့်ဆုံးနှုန်းဖြင့်ရရှိကြောင်းကျေးရွာသားများကပြောကြားခဲ့ပါသည်။ထို့အပြင်ထိုသို့တိုးမြင့်မှု

[11] ၂၀၁၂ခုနှစ်၊အောက်တိုဘာလမှဒီဇင်ဘာလအထိသည် QSEM 3 လေ့လာမှုတွင်ပါဝင်သောမှတ်သုန်ရာသီဖြစ်ပါသည်။ ၂၀၁၃ခုနှစ်၊အောက်တိုဘာလမှဒီဇင်ဘာလအထိသည် QSEM 4 လေ့လာမှုတွင်ပါဝင်သောမှတ်သုန်ရာသီဖြစ်ပါသည်။

များကို မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုမြင့်မားခြင်းနှင့်လည်း ဆက်စပ်စဉ်းစားရပါမည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွနှုန်းမှာ (၆)% ခန့်ဟုခန့်မှန်းထားပါသည်။[12]

သို့ရာတွင်ကျပန်းလုပ်သား အနေဖြင့်ရာသီချိန်များ၌ ငွေပေးချေမှုစည်းကမ်းများ ကိုယခင် QSEM လေ့လာမှုများနှင့် နှိုင်းယှဉ်ပါကပိုမိုညီနွှိုင်းလာနိုင်ကြပါသည်။

**သို့ရာတွင် လုပ်သားများသည် ယခင်လေ့လာမှုကာလများကထက် ပိုမိုစိတ်တိုင်းကျကောင်းမွန်သောငွေပေးချေမှုစည်းကမ်းများကိုပိုမိုညှိနှိုင်းနိုင်စွမ်းရှိခဲ့ပါသည်။**ထိုသို့ညှိနှိုင်းမှုများမှာဒေသအလိုက်ကွဲပြားသော်လည်းလုပ်သားများအားမျက်နှာသာပေးသောအခြေအနေများသာဖြစ်ပြီး၊လယ်သမားများအနေ ဖြင့်ကျပန်းလုပ်သားများငှားရမ်းရာတွင် အခက်အခဲများတွေ့နေရသည့် နောက်ထပ် သာဓကတစ်ခုဖြစ်ပါသည်။ငွေပေးချေမှုစည်းကမ်းပြောင်းလဲမှုများတွင်ယခင်နေ့စားနှုန်းကိုအခြေခံထားရာမှလုပ်သားများ၏လုပ်အားထုတ်လုပ်နိုင်စွမ်းကိုတိုးတက်စေသောဧရိယာအလိုက်ငွေပေးချေခြင်း၊ယခင်ကတစ်နေ့တာအလုပ်ကိုအခြေခံ၍တွက်ချက်ခြင်းထက်ပိုမိုမြင့်မားသောဈေးနှုန်းများရရှိခြင်းစသည်တို့ပါဝင်ပါသည်။ရခိုင်နှင့်ရှမ်းပြည်နယ်ဧရိယာနစ်ခုလုံးတွင်အချို့သောကျေးရွာများရှိလုပ်သားများသည်ငွေကြေးလှည့်ပတ်သုံးစွဲမှုဆိုင်ရာပြဿနာများကိုကျော်လွှားနိုင်ရန်အတွက်သူတို့၏ လုပ်အားခများအနက် တစ်ဝက်ကိုလျှော့ ဈေးဖြင့်တောင်းခံလေ့ရှိသည့်ထုံးစံရှိပါသည်။ ဤအကြိမ်လေ့လာမှုများတွင် လယ်သမားများသည် လုပ် သားများအားတစ်ရာသီလုံးအတွက် လုပ်အားခအပြည့်အဝကိုကြိုတင် ထုတ်ပေးသည့်အပြင်ပုံမှန်နှုန်းများအတိုင်းလည်းပေးခဲ့ကြောင်းတွေ့ရှိရပါသည်။ထို့အတူပင်ရခိုင်ပြည်နယ်တွင်လည်းစီးပွားဖြစ်ငါးဖမ်းလုပ်ငန်းတွင်လုပ်ကိုင်သည့်လုပ်သားများအတွက် အခြေအနေများ တိုးတက်လာခဲ့ပါသည်။ လုပ်သားများကို ကြိုတင်ငွေ (၂၀၀၀၀၀) ကျပ်အထိထုတ်ပေးခဲ့ပြီး ယင်းအနက်တစ်ဝက်မှာအတိုးမဲ့ ချေးငွေဖြစ်ကာ ကျန်တစ်ဝက်မှာ အတိုးပေးရသည့် ချေးငွေဖြစ်ပါသည်။ ယခင်ကမူငွေကျပ် (၁၀၀၀၀၀) ကျပ်ကိုသာ အတိုးဖြင့်ချေးငွေ အဖြစ်ကြိုတင် ထုတ်ပေးတတ်ကြပါသည်။သာဓက (၆) တွင်ငွေပေးချေမှုနည်းလမ်း ပြောင်းလဲမှုများကြောင့် လုပ်ငန်းခွင်အခြေအနေများမည်သို့ ပိုမိုကောင်းမွန်လာကြောင်းကို အသေးစိတ် ဖော်ပြထားပါသည်။

**ကျပန်းလုပ်သားများသည်ညှိနှိုင်းနိုင်သည့်အနေအထားခိုင်မာသောကြောင့်ပိုမိုကောင်းမွန်သောလုပ်ငန်းခွင်အခြေအနေများအတွက်လည်းညှိနှိုင်းနိုင်စွမ်းရှိခဲ့ကြပါသည်။** အထက်ပါသာဓက(၆)တွင်မကွေးတိုင်းဒေသကြီးရှိကျေးရွာအားလုံးနီးပါးတွင် လုပ်သားအုပ်စုခေါင်းဆောင်များက အလုပ် ချိန်များလျှော့ချရန်ညှိနှိုင်းနိုင်ခဲ့သည့်အတွက်လုပ်သားများအားမည်သို့အကျိုးကျေးဇူးဖြစ်စေခဲ့ကြောင်းသတ်မှတ်ဖော်ထုတ်ထားပါသည်။ဧရာဝတီတိုင်းဒေသကြီးတွင်ထုံးတမ်းစဉ်လာအရလယ်သမားကြီးများသည်လုပ်သားအနည်းငယ်ကိုလယ်ယာလုပ်ငန်းနှင့်အိမ်အလုပ်များပါလုပ်ဆောင်ရန်ရေရှည်စနစ်ဖြင့် (သူရင်းငှားအဖြစ်) ငှားရမ်းထားလေ့ရှိပါသည်။ သို့ရာတွင်လုပ်သားများက အောက်ပါ သာဓကတွင်ဖော်ပြထားသည့်အတိုင်းစည်းကမ်းချက်အမျိုးမျိုးကိုညှိနှိုင်းနိုင်ခဲ့သည့်အတွက်ယခုအခါထိုစနစ်ပြောင်းလဲခဲ့ပါသည်။

**ဆွေးနွေးညှိနှိုင်းရာတွင်တစ်ရွာတည်းနေလုပ်သားများနှင့်ရာသီအလိုက်လုပ်သားများအကြားကွဲပြားခြားနားမှုများရှိကြပါသည်။**တစ်ရွာတည်းမှလုပ်သားများသည်လယ်သမားများထံမှလုပ်အားခများကိုကြိုတင်ထုတ်ယူတတ်ကြသည့်အတွက်ဆွေးနွေးညှိနှိုင်းရာတွင်အင်အားနည်းပါသည်။သို့ရာတွင်ရာသီအလိုက်ရွှေ့ပြောင်းလုပ်သားများအားလုပ်အားခမြင့်မားစွာမပေးလိုသည့်လယ်သမားများသည်ဒေသခံလုပ်သားများအားလုပ်အားခတိုးမြှင့်ပေးသည့်ဥပမာများရှိခဲ့ပါသည်။

သာဓက (6) မကွေးနှင့်ဧရာဝတီဒေသများတွင် ကျပန်းလုပ်သားများစုပေါင်း၍ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများအတွက်ညှိနှိုင်းနိုင်စွမ်းရှိလာခြင်း

**QSEM 4 လေ့လာမှုအရအချို့သောဒေသများတွင်စိုက်ပျိုးရေးလုပ်သား များကအလုပ်ရှင်ထံမှ လုပ်အားခကြိုတင်ငွေတောင်းခံခြင်းဖြင့်ငွေလှည့်ပတ်မှုပြဿနာများကိုကျော်လွှားတတ်ကြသည့်အလေ့အထသည်ပိုမိုကောင်းမွန်လာသောညှိနှိုင်းရေးအင်အားများကြောင့်ပြောင်းလဲခဲ့ကြောင်းတွေ့ရှိရပါသည်။**ယခင်ကမူထိုကြိုတင်ငွေများကိုအတိုးနှုန်းမြင့်မားစွာဖြင့်ယူကြရပါသည်။

**ဥပမာအားဖြင့်မကွေးတိုင်းဒေကြီးရှိကျေးရွာအချို့တွင်လုပ်သားများသည်ကြိုတင်လုပ်အားခငွေများတောင်းခံမည့်အစားလုပ်သားအုပ်စုဖွဲ့ကာလုပ်အားခတစ်နေ့လျှင် (၅၀၀)ကျပ်မှ(၁၀၀၀)ကျပ်အထိတိုးမြှင့်ပေးရန် အလုပ်ရှင်**

[12] "Inflation Expected to Rise as Burma's Economy Grows", The Irrawaddy, 2 April, 2014 (http://www.irrawady.org/ business/inflation-expected-rise-burmas-economy-grows.html တွင်ကြည့်ပါ။

**နှင့်ညှိနှိုင်းကြပါသည်။**သူတို့သည်အလုပ်လုပ်ရက်ပိုရရှိရေး(၄ရက်ဖြင့်ရိတ်သိမ်းပေးရမည့်အစား၆ရက်ဖြင့်ရိတ်သိမ်းခြင်း)၊တစ်နေ့အလုပ်ချိန်လျှော့ချရေး (အလုပ်ချိန်၇နာရီမှ၁၁နာရီအစား၊၇နာရီမှ၁၀နာရီအထိသာအလုပ်လုပ်ခြင်း) တို့ကိုညှိနှိုင်းခဲ့ကြပါသည်။လုပ်သားများအနေဖြင့်သူတို့အားအလုပ်ရှာပေးသောလုပ်သားအုပ်စုခေါင်းဆောင်အတွက်ဝန်ဆောင်ခများလည်းပေးစရာမလိုတော့ပါ။အကယ်၍ထိုအုပ်စုခေါင်းဆောင်သည်အနီးရှိကျေးရွာမှလုပ်သားများကိုခေါ်ယူပေးနိုင်ပါကထိုလုပ်သားများ၏တစ်နေ့တာလုပ်အားခကိုမြေပိုင်ရှင်ထံမှရရှိနိုင်ပါမည်။ မကွေးတိုင်းဒေသကြီးရှိအခြားကျေးရွာများတွင်လယ်သမားများ သည်သီးနှံရိတ်သိမ်းချိန်၌ နေ့စားခဖြင့်ပေးမည့် အစားဧရိယာအလိုက်စတင်ပေးလာကြပါသည်။မြေတစ်ကွက်အတွက်လက်ရှိဈေးနှုန်းမှာစိုက်ပျိုးထားသည့်သီးနှံပေါ်မူတည်၍ (၁၅၀၀၀)ကျပ်မှ (၂၀၀၀၀)ကျပ်အထိရှိပါသည်။ ထိုသို့ပုတ်ပြတ်ပေးခြင်းဖြင့်လုပ်သားများပိုမို လျင်မြန်စွာအလုပ်လုပ်စေရန်မက်လုံးတစ်ခုကိုဖန်တီးပေးနိုင်ပြီး၊လုပ်သားများအတွက်လည်းတစ်နေ့လျှင်လုပ်အားခ (၅၀၀)ကျပ်မှ (၁၀၀၀)ကျပ်ထိပိုမိုရရှိနိုင်ပါသည်။

**အခြေအနေများပြောင်းလဲခြင်းကိုဧရာဝတီတိုင်းဒေသကြီးတွင်လည်းတွေ့ရှိရပါသည်။**ဥပမာအားဖြင့်လပွတ္တာမြို့နယ်တွင်လယ်ဧက (၆၀)ခန့်ပိုင်ဆိုင်သည့်ချမ်းသာသော လယ်သမားကြီးတစ်ဦးသည် သူ၏လုပ်သားများ အတွက်လုပ်ငန်းစည်းကမ်းချက်များကိုပြောင်းလဲပေးခဲ့ပါသည်။သူ့သားနှစ်ယောက်လုံးသည်ကျောင်းတက်နေရသည့်အတွက်မိုးရာသီတွင် သူရင်းငှားလုပ်သား(၃)ဦးကိုလည်းကောင်း နွေရာသီတွင်သူရင်းငှားလုပ်သား(၂)ဦးကိုလည်းကောင်းတစ်ရာသီလျှင် (၁၂၀၀၀၀)ကျပ်နှုန်းဖြင့် ငှားရမ်းထားခဲ့ပါသည်။ထိုနှုန်းမှာ ယခင်နှစ်ကပေးခဲ့သောနှုန်းအတိုင်းဖြစ်ပါသည်။သို့ရာတွင်လုပ်သားများအနေဖြင့်ထင်းခုတ်ခြင်း၊ရေခပ်ခြင်းစသည့်အိမ်လုပ်ငန်းများကိုလုပ်ပေးရန်မလိုအပ်တော့ပါ။ `တစ်နေ့တာလယ်လုပ်ငန်းပြီးရင် အိမ်ပြန်ပြီးကိုယ့်အိမ်မှာကိုယ် ထမင်းစားဖို့ကျွန်တော်ပြောခဲ့တယ်။သူတို့တွေဒီကအိမ်လုပ်ငန်းတွေလုပ်ဖို့စဉ်းစားစရာမလိုတော့ဘူး။ကျွန်တော်ကလည်းသူတို့ကိုအဲဒီအလုပ်တွေကိုမခိုင်းတော့ဘူး။ဒီမှာအလုပ်သမားကအရမ်းရှားနေတော့အလုပ်ကိုလျှော့ခိုင်းပြီးသူတို့ကိုပျော်အောင်ထားနေရတယ်´ ဟုလယ်သမားကြီးကပြောခဲ့ပါသည်။

လုပ်သားရှားပါးမှုများကြောင့်အချို့သောလယ်သမားများ၏စိုက်ပျိုးရေးအလေ့အထများကိုပြောင်းလဲစေပြီးအသေးစားစက်ယန္တရားများအသုံးပြုမှုကိုတိုးတက်စေပါသည်။ သို့ရာတွင်ထိုပြောင်းလဲမှုများသည်ကျပန်းလုပ်သားများ၏အလုပ်ရရှိနိုင်မှုအပေါ်ထိခိုက်မှုမရှိသေးပါ။

**အမျိုးသားနှင့်အမျိုးသမီးတို့၏ဆွေးနွေးညှိနှိုင်းနိုင်သည့်အနေအထားများသည်လည်း**ပိုမိုအားထုတ်ညှိနှိုင်းခဲ့ရကြောင်းတွေ့ရှိရပါသည်။ထို့အတွက်ရှင်းပြချက်(၂)ခုရှိပါသည်။ပထမတစ်ခုမှာအမျိုးသားများသည်ရွှေ့ပြောင်းလုပ်ကိုင်ရန်အလားအလာပိုရှိသည့်အတွက်သူတို့၏လုပ်အားအပေါ်တောင်းဆိုချက်များသည်လည်းပိုမြင့်မားပါသည်။ထို့ကြောင့်လယ်သမားများသည်အမျိုးသားများအားလုပ်အားခပိုပေးလိုကြပါသည်။ဒုတိယအချက်မှာအမျိုးသားများအားခိုင်းသောအလုပ်အမျိုးအစားသည်အမျိုးသမီးများ၏အလုပ်ထက်ပိုမိုတောင်းဆိုမှုများပြားပါသည်။ထို့ကြောင့်လယ်သမားများသည်အမျိုးသားများအားလုပ်အားခပိုပေးလိုကြပါသည်။

**နောက်ဆုံးအနေဖြင့်လုပ်သားရှားပါးမှုများကြောင့်လယ်သမားများ၏စိုက်ပျိုးရေးအလေ့အထများကိုပြောင်းလဲစေခဲ့ပါသည်။**ဒေသအချို့တို့တွင်လယ်သမားများသည်လုပ်သားရှားပါးမှုများကိုတုန့်ပြန်ရန်အတွက်သူတို့၏ပုံမှန်အလေ့အထများကိုပြောင်းလဲနေကြောင်းဥပမာများရှိခဲ့ပါသည်။ထိုဥပမာများသည်လုပ်အားခများအမြင့်ဆုံးဖြစ်ခဲ့သည့်ဧရာဝတီတိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့တွင်အထင်ရှားဆုံးဖြစ်ပါသည်။ဧရာဝတီတိုင်းဒေသကြီးရှိကျေးရွာတစ်ရွာတွင်လယ်သမားလတ်များသည်ပျိုးထောင်ပြီးစိုက်ပျိုးမည့်အစားအစေ့ကြဲခြင်းအားဖြင့်ငှားရမ်းရမည့်လုပ်သားအရေအတွက်ကိုလျှော့ချခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီးရှိအခြားသောနေရာများတွင် မြေအနည်းငယ်သာ ပိုင်ဆိုင်သူများအကြားကုန်ကျ စရိတ်မျှခံခြင်းနှင့်ပတ်သက်သည့်သာဓကများလည်းတိုးတက်လာခဲ့ပါသည်။ဥပမာ - ထွန်ယက် သည့်အချိန်တွင် ကျွဲနွား များကို ငှားရမ်းခြင်းမျိုးဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးတွင်မြေပိုင်ရှင်ကြီး များသည် လုပ်သားများ အပေါ်မှီခိုနေရမှုကိုလျှော့ချရန် အတွက်သူတို့မြေ၏ တစ်စိတ်တစ်ပိုင်းတွင်သာစိုက်ပျိုးကြပြီး၊ ကျန်ရှိ သောမြေများကိုငှားရမ်းခဲ့ပါသည်။ နောက်ထပ်ကျေးရွာ တစ်ရွာတွင်လယ်သမားအချို့သည်သူတို့၏ မြေများကိုမစိုက်ပျိုး ဘဲလုပ်ထားပြီးရေနံတူးခြင်း လုပ်ငန်းတွင်အာရုံစိုက်၍လုပ်ကိုင်ကြပါသည်။

## စက်ယန္တရားအသုံးပြုခြင်း၏အကျိုးသက်ရောက်မှု

`*စက်တွေကိုသုံးလိုက်ရင်အလုပ်သမားနည်းနည်းပဲသုံးရတော့တယ်၊ပြီးတော့ဧကအများအကြီးကိုအချိန်နည်းနည်းနဲ့လုပ်နိုင်တယ်* ´ရှမ်းပြည်နယ်မှအလယ်အလတ်လယ်သမားတစ်ဦး။

*`စက်တွေကအချိန်ကုန်သက်သာတယ်၊ကျွဲနွားတွေလိုကျောင်းစရာစားကျက်မြေလည်းမလိုဘူး၊ တိရစ္ဆာန်အစာကျွေးရဖို့လည်းစိတ်မပူရဘူး၊အလုပ်ကိုလည်းအချိန်မီပြီးနိုင်တယ်´*ရောဝတီတိုင်းဒေသကြီးမှချမ်းသာသောလယ်သမားတစ်ဦး။

**အသေးစားစက်ယန္တရားများအသုံးပြုမှုအနည်းငယ်တိုးတက်လာခဲ့ပါသည်။**ယခင် QSEM လေ့လာမှုများနှင့်နှိုင်းယှဉ်ပါက၊ချင်းပြည်နယ်နှင့်မကွေးတိုင်းဒေသကြီးတို့မှအပသုတေသနပြုလေ့လာသည့်ဒေသအားလုံးတို့တွင်ကျေးရွာသားများပိုင်ဆိုင်သော စက်ယန္တရားအမျိုးအစားနှင့်အရေအတွက်များတိုးလာခဲ့ပါသည်။ဇယား (၉)တွင်မန္တလေး၊ရခိုင်နှင့်ရှမ်းပြည်နယ်တို့အတွက် QSEM လေ့လာခဲ့သည့် ကျေးရွာများတွင်စက်ယန္တရားပိုင်ဆိုင်မှုကိုနှိုင်းယှဉ်ဖော်ပြထားပါသည်။

ဇယား(9) – QSEM လေ့လာမှုတွင်ပါဝင်သောကျေးရွာများရှိခန့်မှန်းစက်ယန္တရားအရေအတွက်နှင့်အမျိုးအစား

| | မန္တလေးတိုင်းဒေသကြီး | | ရခိုင်ပြည်နယ် | | ရှမ်းပြည်နယ် | |
|---|---|---|---|---|---|---|
| | QSEM 2 | QSEM 4 | QSEM 3 | QSEM 4 | QSEM 3 | QSEM 4 |
| **လယ်ထွန်စက်** | ၁၉ | ၃၁ | ၂ | ၄ | ၈၀ | ၉၀ |
| **ရိတ်သိမ်းစက်** | - | - | - | - | ၂ | ၂ |
| **ခြွေလှေ့စက်** | ၀ | ၂ | - | ၁ | - | - |
| **ပြောင်းစင်းစက်** | - | - | - | - | ၁၄ | ၁၄ |
| **အခြား** | ၀ | ၂ | - | - | - | - |

**ဒေသအားလုံးတွင်စက်ယန္တရားအသုံးပြုမှုမှာအမျိုးမျိုးကွဲပြားနေပါသည်။အချို့သောဒေသများတွင်နည်းပါးသောပမာဏဖြင့်စတင်အသုံးပြုသည့်အဆင့်တွင်သာရှိနေသေးပါသည်။**QSEM လေ့လာမှု တွင်မြင်ပုံတွေ့ရှိချက် များအရ LIFT အဖွဲ့၏ကာလလယ်အစီရင်ခံစာတွင်ဖော်ထုတ်ထားသော စက်ယန္တရားပိုင်ဆိုင်မှုနည်းပါးသည်ဟူသောအချက်ကိုအတည်ပြုနေပါသည်။ [13] သို့ရာတွင်အထက်ပါဇယားတွင်မီးမောင်းထိုးပြထားသည့်အတိုင်းပင်ဒေသများအလိုက်ကွဲပြားခြားနားမှုများကိုတွေ့ရှိရပါသည်။ ရှမ်းပြည်နယ်တွင်ကျေးရွာတစ်ရွာလျှင် စက်ယန္တရားပျမ်းမျှ၁၂စီးနှုန်းပိုင်ဆိုင်ကြပါသည်။မန္တလေးတိုင်းဒေသကြီး၌ QSEM 2 လေ့လာမှုတွင်ထွန်စက်ပိုင်ဆိုင်မှု၁၉စီးပိုင်ဆိုင်ရာမှ QSEM 4 လေ့လာသည့် အချိန် တွင် ၃၅စီးအထိနှစ်ဆနီးပါး တိုးတက်ပိုင်ဆိုင်လာကြပါသည်။ သို့ရာတွင်ရခိုင်ပြည်နယ်ရှိကျေးရွာ (၉)ရွာတို့တွင်မူစိုက်ပျိုးရေးစက်ယန္တရားများမရှိသလောက်နည်းကြပါသည်။ကျေးရွာ (၉)ရွာလုံးတွင် QSEM 3 လေ့လာချိန်၌ထွန်စက် (၂)စီးသာရှိပြီး၊ QSEM 3 လေ့လာချိန်၌ထွန်စက် (၄)စီးရှိကာ၊ QSEM 4 လေ့လာချိန်တွင် ခြွေလှေ့စက်(၁)စီးသာပိုင်ဆိုင်ပါသည်။ စက်ယန္တရားပိုင်ဆိုင်မှုအတိုင်းအတာကိုသီးခြားအကြောင်းအရာတစ်ခုအဖြစ်ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ အချို့သော ဒေသ များတွင် စက်ယန္တရားပိုင်ဆိုင်မှု တိုးတက်လာသော်လည်း အရေအတွက်နည်းပါး နေပါသည်။ အချို့သောကျေးရွာများမှာမူစိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းအတွက်လူသားလုပ်အားကိုသာလုံးဝမှီခိုနေရဆဲဖြစ်ပါသည်။

**စက်ယန္တရားပိုင်ဆိုင်မှုတိုးတက်လာခြင်းသည်လုပ်သားရရှိနိုင်မှုအပေါ်စိုးရိမ်မှုများကိုအခြေခံထားကြောင်းတွေ့ရှိရပါသည်။**အောက်တွင်ဆက်လက်ဆွေးနွေးသည့်အတိုင်း၊မြေပိုင်ရှင်များအနေဖြင့်လုပ်သားရှားပါးမှုတည်ရှိနေနိုင်ကြောင်းဆက်လက်မှတ်ယူကြပါသည်။ထိုသို့လုပ်သားရှားပါးခြင်းအတွက်တုန့်ပြန်မှုတစ်ခုမှာစက်ယန္တရားများအသုံးပြုရန်ဖြစ်ပြီး၊ ကျပန်းလုပ်သားများအပေါ် မှီခိုနေရမှုကိုလျှော့ချနိုင်ကာ၊ ထုတ်လုပ်မှုကိုထိန်းသိမ်းနိုင်/ တိုးတက်စေနိုင်ပါသည်။

သာဓက (7) လုပ်အားခမြင့်တက်လာခြင်းနှင့်လုပ်သားရှားပါးမှုကြောင့် စွန့်ဦးတွင်လုပ်ငန်းရှင်များ၏ရိတ်သိမ်းစက်ငှားရမ်းသည့်စီးပွားရေးလုပ်ငန်းများအောင်မြင်လာခြင်း

| |
|---|
| ဧရာဝတီတိုင်းဒေသကြီးတွင်စွန့်ဦးထွင်လုပ်ငန်းရှင်တစ်ဦးသည်စိုက်ပျိုးရေးလုပ်ငန်းတွင်ကျပန်းလုပ်သားတစ်ဦးနှင့် |

[13]LIFT

မှလေ့လာခဲ့သည့်ကျေးရွာများတွင်ဒေသအားလုံးအတွက်လက်တွန်းထွန်စက်ပိုင်ဆိုင်သည့်အိမ်ထောင်စု၆.၆%၊လယ်ထွန်စက်ပိုင်ဆိုင်သည့်အိမ်ထောင်စု၁% နှင့်ခြွေလှေ့စက်ပိုင်ဆိုင်သည့်အိမ်ထောင်စု၁.၇% ရှိပါသည်။

LIFTရန်ပုံငွေဖြင့်ဆောင်ကျေးရွာများ၏ပိုင်ဆိုင်မှုများမှာသိသာစွာနည်းပါးပြီး၊လက်တွန်းထွန်စက်၂.၆%၊လယ်ထွန်စက်၀.၇% နှင့်ခြွေလှေ့စက်၀.၅% သာရှိပါသည်။

ကုန်စုံဆိုင်ငယ်ပိုင်ရှင်တစ်ဦးအဖြစ်စတင်ခဲ့ပါသည်။သူသည်တစ်ဖြည်းဖြည်းငွေကြေးစုဆောင်းမိလာသည်နှင့်အမျှ၊ဓါတ်မြေသြဇာဖြန့်ဖြူးရေးလုပ်ငန်းကိုစတင်လုပ်ကိုင်ခဲ့ပြီး၊အခြားလယ်သမားများအားဓါတ်မြေသြဇာကိုအကြွေးဖြင့်ရောင်းချခဲ့ပါသည်။လယ်သမားများကသူ၏အကြွေးကိုအချိန်မီမဆပ်နိုင်သောအခါများတွင်၊ထိုလယ်သမားများ၏လယ်မြေတစ်စိတ်တစ်ပိုင်း၌ဝင်ရောက်စိုက်ပျိုးရန်ညှိနှိုင်းရပါသည်။ထိုသို့စိုက်ပျိုးခြင်းဖြင့်သူ၏ကုန်ကျစရိတ်အချို့ကိုပြန်လည်ရရှိစေပါသည်။သို့ရာတွင်လွန်ခဲ့သောနှစ်ကမူအထွက်နှုန်းများအလွန်နည်းပါးခဲ့ပြီး၊လယ်သမားအများစုတို့ကသူ၏ဓာတ်မြေသြဇာကြွေးများကိုအချိန်မီပြန်မဆပ်နိုင်ခဲ့ကြပါ။သို့ဖြစ်၍ပုံမှန်မရှိသောထို (စိုက်ပျိုးရေး) လုပ်ငန်းကိုမကြိုက်တော့သဖြင့်အသက်မွေးဝမ်းကျောင်းသည့်နည်းလမ်းကိုပြန်လည်စဉ်းစားခဲ့ပါသည်။

ထိုအချိန်တွင်အနီးရှိကျေးရွာမှလယ်သမားများသည်ရိတ်သိမ်းစက်များကိုပိုမိုအသုံးပြုနေပြီးသူ၏ရွာရှိလယ်သမားများသို့ပင်ငှားရမ်းနေကြောင်းသိရှိခဲ့ရပါသည်။ထို့ကြောင့်သူသည်ရိတ်သိမ်းစက်တစ်လုံးကို၁၉၆၀၀၀၀ကျပ်ဖြင့်ဝယ်ယူရန်ဆုံးဖြတ်ခဲ့ပါသည်။ယင်းအနက် (၁၁)သိန်းမှာသူ၏ကိုယ်ပိုင်စုဆောင်းငွေဖြစ်ပြီး၊ကျန်ငွေကိုတစ်လလျှင်၂% အတိုးနှုန်းဖြင့်ချေးယူခဲ့ရပါသည်။ထို့နောက်ထိုစက်ကိုစပါးရိတ်သိမ်းရာသီတွင်တစ်ဧကလျှင်၂၅၀၀၀ကျပ်မှ၃၀၀၀၀ကျပ်နှုန်းဖြင့်ငှားရမ်းခဲ့ပါသည်။လုပ်အားခများမြင့်တက်နေပြီးလုပ်သားများရှားပါးနေသည့်အတွက်၊လယ်သမားများအနေဖြင့်ထိုစက်ကိုငှားရမ်းအသုံးပြုရသည့်ကုန်ကျစရိတ်သည်ရိတ်သိမ်းရာသီချိန်တွင်အလုပ်သမားငှားရမ်းခထက်ဈေးသက်သာပါသည်။သို့ဖြစ်၍ထိုသူ၏ရိတ်သိမ်းစက်သည်လယ်မြေ၇၅ဧကကိုရိတ်သိမ်းပေးနိုင်ခဲ့ပြီး၊သူ၏ဝင်ငွေလည်းသိသာစွာမြင့်တက်လာခဲ့ပါသည်။

ယခုအခါသူ့မိသားစု၏စီးပွားရေးအခြေအနေသည်ပိုမိုခိုင်မာလာပြီဖြစ်ပါသည်။ရိတ်သိမ်းစက်ဝယ်ယူရန် ချေးယူထားသော ငွေများကိုလည်းပြန်ဆပ်နိုင်ခဲ့ပါသည်။သူသည်ထိုစက်မှရသောအကျိုးအမြတ်များဖြင့်ရိတ် သိမ်းချိန်ရာသီတွင်စပါးဈေးနိမ့်နေချိန်၌ ဝယ်ယူထားပြီး၊နောက်ပိုင်းဈေးတက်ချိန်တွင် ပြန်ရောင်းခြင်းဖြင့် စပါးပွဲစားလုပ်ငန်းကိုစတင်ခဲ့ပါသည်။ထိုအလုပ်မှာသူတို့၏အကြွေးများကိုပြန်ဆပ်နိုင်ရန်အတွက် စပါးများကို ချက်ချင်းရောင်းချရသောလယ်သမားများမလုပ်ကိုင်နိုင်သည့်အခွင့်ထူးတစ်ရပ်ဖြစ်ပါသည်။ထိုသူသည် လယ်မြေ များဝယ်ယူနိုင်လောက်အောင် ချမ်းသာနေပြီဖြစ်သော်လည်း၊ ထိုမျှော်မှန်းချက် သည်သူ့အတွက် စိတ်ဝင်စားစရာမကောင်းကြောင်းရှင်းပြခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော်မြေဝယ်၍စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သော အခါထည့်သွင်းရမည့်သွင်းအားစုများကိုရာသီချိန်တိုင်းဝယ်ယူရမည်ဖြစ်သည့်အတွက် အကြွေးသံသရာထဲသို့ ရောက်သွားနိုင်သော ကြောင့်ဖြစ်ပါသည်။

**အသေးစားစက်ယန္တရားများအသုံးပြုခြင်းကိုစွန့်ဦးတီထွင်မြေပိုင်ရှင်ကြီးများကစတင်ခြင်းဖြစ်ပြီး၊ထိုသူများကလုပ်အားခကုန်ကျစရိတ်များမြင့်မားခြင်းနှင့်လုပ်သားရှားပါးခြင်းတို့ကိုအခွင့်ကောင်းယူ၍စက်များကိုလည်းအခကြေးငွေဖြင့်ငှားခဲ့ကြပါသည်။**ဖြစ်စဉ်အများစုတို့တွင်ကျေးရွာများ၌စိုက်ပျိုးရေးသုံးစက်ယန္တရားများ ကိုစတင်မိတ်ဆက် ပေးသူများမှာမြေပိုင်ရှင်ကြီးများဖြစ်ကြပါသည်။ သူတို့သည်အရင်းအနှီး များတတ်နိုင်ကြပြီး၊အခြားဒေသများ၌ထိုစက်များ၏အကျိုးကျေးဇူးများကိုလည်းတွေ့မြင်ထားပြီးဖြစ်ပါသည်။မြေပိုင်ရှင်ကြီးများသည်မူလကထိုစက်များကိုမိမိတို့ပိုင်မြေများတွင်အသုံးပြုရန်ဝယ်ယူခဲ့ခြင်းဖြစ်သော်လည်း၊ယေဘုယျအားဖြင့်အလယ်အလတ်လယ်သမားများသို့လည်းပြန်ငှားလာကြပါသည်။သာဓက (၇)တွင်ဧရာဝတီတိုင်းဒေသကြီးမှစွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးသည်ငွေချေးငှားခြင်းမှရရှိလာသောမြေယာတွင်လယ်စိုက်ခြင်းဖြင့်စတင်ခဲ့ပြီး၊နောက်ပိုင်းတွင်ထိုဒေသတစ်လျှောက်၌စက်ယန္တရားများဝယ်ယူရင်းနှီးမြှုပ်နှံခဲ့ပုံကိုဥပမာတစ်ခုအနေဖြင့်ဖော်ပြထားပါသည်။

**NGOs အဖွဲ့များသည်လည်းစိုက်ပျိုးရေးသုံးစက်ယန္တရားများအသုံးပြုနိုင်ရန်အထောက်အပံ့များစွာ ပေးခဲ့ကြပါသည်။**ဧရာဝတီ၊မန္တလေးနှင့်ရခိုင်ဒေသများရှိအချို့သောကျေးရွာများတွင် NGOs အဖွဲ့များကထောက်ပံ့ သောအစီအစဉ်များကြောင့်စက်ယန္တရားများကိုအသုံးပြုနိုင်ကြပါသည်။ ဥပမာအားဖြင့် ဧရာဝတီတိုင်း ဒေသကြီးတွင်နိုင်ငံတကာNGO အဖွဲ့တစ်ဖွဲ့ကစိတ်ဝင်စားသော လယ်သမားများ အတွက် စက်ယန္တရားများဝယ်ယူနိုင်ရန်ရန်ပုံငွေဖြည့်ဆည်းထောက်ပံ့ပေးခဲ့ပါသည်။ထို NGO အဖွဲ့သည်ငွေကျပ် ၁၄သိန်း (အမေရိကန်ဒေါ်လာ၁၄၃၀) အထိတန်ဖိုးရှိသော စက်ယန္တရာများ ဝယ်ယူရန်အတွက်ဝယ်ဈေး၏၇၀% အထိထောက်ပံ့ ပေးခဲ့ပါသည်။သို့ဖြစ်၍လယ်သမားအနေဖြင့် စက်တန်ဖိုး၏၃၀%ကို သာကြိုတင် ပေးသွင်းရပြီး၊ NGO မှထောက်ပံ့ပေးသော ငွေကို ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသို့ပြန်ပေးရပါသည်။

**စက်ယန္တရားများပိုမိုအသုံးပြုလာခြင်းကြောင့်ကျပန်းလုပ်သားများ၏အလုပ်အကိုင်အခွင့်အလမ်းများကိုလျော့နည်းစေခြင်းမရှိသေးကြောင်းတွေ့ရှိရပါသည်။**စက်ယန္တရားများတိုးချဲ့အသုံးပြုလာခြင်းကြောင့်အလုပ်အကိုင်အခွင့်အလမ်းများကိုလျော့နည်းစေသည်ဟူသောစိုးရိမ်မှုများကိုဖော်ပြသည့်တုန့်ပြန်ဖြေ

ကြားသူအနည်းငယ်သာရှိပါသည်။ဤကိစ္စရပ်မှာဖြစ်လာခြင်းမရှိသေးပါ။ဤအဆင့်တွင်စက်ယန္တရားများကိုစတင်အသုံးပြုသည့်အရေအတွက်နည်းပါးခြင်းနှင့်အသုံးပြုသည့်ပမာဏနည်းပါးနေခြင်းတို့ကြောင့်ကျပန်းလုပ်သားဈေးကွက်အပေါ်အကျိုးသက်ရောက်မှုရှိရန်မလုံလောက်သေးကြောင်းဖြေကြားသူများကသုံးသပ်ထားပါသည်။

## မြေယာနှင့်သဘာဝသယံဇာတများ

**လုပ်အားအရင်းအနှီးအပြင်မြေယာသည်လည်းကျေးလက်နေအိမ်ထောင်စုများအတွက်အဓိကအရင်းအနှီးတစ်ခုဖြစ်ပါသည်။သို့ဖြစ်၍မြေပိုင်ဆိုင်မှုအပေါ်စိတ်ချရမှုအတိုင်းအတာသည်လည်းသူတို့၏အသက်မွေးဝမ်းကျောင်းသည့်နည်းလမ်းများကိုပုံဖော်ရာတွင်အရေးကြီးပါသည်။**နောက်ဆုံးအကြိမ် QSEM လေ့လာမှုအစီရင်ခံစာတွင်လယ်ယာမြေဥပဒေနှင့်မြေလွတ်၊မြေလပ်၊မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေတို့နှင့်အညီမြေယာမှတ်ပုံတင်လုပ်ငန်းများအားအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းနှင့်ပတ်သက်သည့်အသေးစိတ်တွေ့ရှိချက်များကိုမှတ်တမ်းတင်ထားပြီးဖြစ်ပါသည်။ထိုအစီရင်ခံစာတွင်ဒေသအများစုတို့၌လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီများအားထိရောက်စွာဖွဲ့စည်းနိုင်ခြင်းနှင့်အတူ၊မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကိုကြီးမားစွာစတင်ခဲ့ကြောင်းသတ်မှတ်ဖော်ထုတ်ထားပါသည်။လယ်သမားများအနေဖြင့်မြေယာမှတ်ပုံတင်ထားခြင်းဖြင့်သူတို့၏မြေပိုင်ဆိုင်မှုများပိုမိုစိတ်ချရပြီး၊မြေသိမ်းခံရခြင်းမှကာကွယ်ပေးနိုင်သည်ဟူသောအမြင်ရှိသည့်အတွက်လယ်ယာမြေများအားမှတ်ပုံတင်ရန်စိတ်ဝင်စားမှုမြင့်မားကြောင်းထိုအစီရင်ခံစာတွင်မှတ်တမ်းတင်ထားပါသည်။သို့ရာတွင်ထိုအချိန်ကလယ်ယာမြေဥပဒေဥပဒေများပြဌာန်းလိုက်ခြင်းကြောင့်အသေးစားလယ်သမားများကသူတို့၏မြေများကိုရောင်းချလိုက်ရပြီး၊ရေရှည်တွင်ပိုမိုဆင်းရဲသူများဖြစ်လာနိုင်ခြင်းရှိမရှိကိုပြောကြားရန်စောလွန်းနေပါသည်။

> မြေပိုင်ရှင်များသည်မြေယာမှတ်ပုံတင်များကိုဆက်လက်ရရှိနေပြီး၊ယင်းသည်မြေပိုင်ဆိုင်မှုအတွက်လုံခြုံစိတ်ချရမှုတိုးတက်စေသည့်နည်းလမ်းတစ်ခုဖြစ်ပါသည်။အချို့သောဒေသများတွင်ပုံစံမမှန်မှုအနည်းငယ်ရှိနေသော်လည်း၊မြေယာမှတ်ပုံတင်လုပ်ငန်းသည်ချောမွေ့စွာဆက်လက်လုပ်ဆောင်လျက်ရှိနေပါသည်။

**ခြုံငုံကြည့်ပါက QSEM 3 လေ့လာမှုနောက်ပိုင်းတွင် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ပြဿနာများတည်ငြိမ်လာခဲ့သော်လည်း၊မြန်မာနိုင်ငံကျေးလက်ဒေသမြေယာများနှင့်ပတ်သက်၍ရှုပ်ထွေးမှုများ၊နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ၊မြေယာနှင့်ချေးငွေဈေးကွက်များမှလူမှုဆိုင်ရာဖယ်ကျဉ်ခံရမှုအလားအလာများဆက်လက်တည်ရှိနေသေးကြောင်းဖော်ပြနေပါသည်။** QSEM 4လေ့လာမှုကို မြေယာဆိုင်ရာဥပဒေများပြဌာန်းပြီး၂နှစ်အကြာတွင်ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ထိုဥပဒေများအရမြေယာစီမံခန့်ခွဲရေးတွင်သိသာထင်ရှားသောပြောင်းလဲမှုများကိုစတင်မိတ်ဆက်ပေးနိုင်ခဲ့ပါသည်။မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည်အတော်အသင့်ချောမွေ့စွာဆက်လက်လုပ်ဆောင်နေသော်လည်း၊ အချို့သော ဒေသများတွင် ပြဿနာများတွေ့ကြုံနေရပါသည်။ မြေယာပိုင်ဆိုင်မှု အထောက်အထား လက်မှတ်များဖြင့်မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေများကိုရရှိနိုင်သောကြောင့်အချို့သောလူမှုအဖွဲ့အစည်းများ (ရခိုင်ပြည်နယ်ရှိအချို့မြို့နယ်များမှမွတ်ဆလင်များ၊အကြီးစားစီးပွားရေး လုပ်ငန်းအကျိုး အမြတ်များရှိနိုင်သည့် ဒေသများမှလယ်သမားငယ်များ ၊ပဋိပက္ခဒေသ/ဝေးလံခေါင်းပါးသော ဒေသ များမှပြည်သူများ) အားမြေယာ ဈေးကွက်မှ ဖယ်ကျဉ်ခံရနိုင်သည့် အလားအလာများကို မီးမောင်းထိုးပြနေပါသည်။

## မြေယာမှတ်ပုံတင်ခြင်း

**မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည်အချို့ဒေသများတွင်အတော်အသင့်ချောမွေ့စွာတိုးတက်နေသော်လည်း၊အချို့ဒေသများတွင်မူထိုသို့မဟုတ်ပါ။** QSEM 3 အစီရင်ခံစာတွင်ဖော်ပြခဲ့သည့် အတိုင်း၊ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းသည် QSEM ကျေးရွာများအနက် အနည်းဆုံးတစ်ဝက်ကျော်တွင် တိုးတက်မှုများရှိခဲ့ပါသည်။ဇယား (၁၀) တွင်တိုးတက်မှုအသေးစိတ်ကိုဖော်ပြထားပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်ရှိမြေယာအမျိုးအစားအချို့တို့အတွက်မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းများပြီးစီးခဲ့ပါသည်။သို့ရာတွင်ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ရှိအချို့သောမြို့နယ်များ၊ရှမ်းပြည်နယ်ရှိအချို့ကျေးရွာများတွင်ပြဿနာများကြုံတွေ့ခဲ့ရပါသည်။

သာဓက (10) – မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတိုးတက်မှု (မြို့နယ်/ကျေးရွာအရေအတွက်)

| | မြို့နယ် (၃မြို့နယ်အနက်) | | ကျေးရွာ (၉ရွာအနက်) | |
|---|---|---|---|---|
| | QSEM 3 | QSEM 4 | QSEM 3 | QSEM 4 |
| ဧရာဝတီ | ၂ | ၃ | ၄ | ၉ |
| မကွေး | ၂ | ၂ | ၆ | ၆ |
| ရခိုင် | ၁ | ၁ | ၃ | ၃ |
| ရှမ်း | ၂ | ၃ | ၃ | ၅ |
| ချင်း | | ၃ | | ၉ |
| မန္တလေး | | ၃ | | ၉ |

သာဓက (8) မြေယာမူဝါဒပြောင်းလဲမှုဆိုင်ရာ သတင်းအချက်အလက်များ မရရှိခြင်းကြောင့်လက်တစ်လုံးခြား အဂတိလိုက်စားမှုများတိုးလာခြင်း

မြေပုံမြို့နယ်သည်ရခိုင်ပြည်နယ်တွင် မြေယာမှတ်ပုံတင်လုပ်ငန်း မဆောင်ရွက်သည့်မြို့နယ်(၁၀)မြို့နယ်တွင် ပါဝင်နေသော်လည်း (အောက်တွင်ကြည့်ပါ)၊မြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများက မြေတိုင်းခြင်းနှင့် မြေယာမှတ်ပုံတင်ရန်ကနဦးလျှောက်ထားသူ များ၏အမည်များ ကိုစုဆောင်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ကြပါသည်။လယ်မြေ (၄)ဧကပိုင်ဆိုင်ထားသောလယ်သမား တစ်ဦးကမူမြို့နယ်မြေစာရင်းဦးစီးဌာနမှ မြေတိုင်းစာရေးနှင့်တွေ့ဆုံခဲ့ရာထိုသူက မြေယာမှတ်ပုံတင်လက်မှတ်ရရှိရေးအတွက် တစ်ဧကလျှင်ငွေကျပ် (၅၀၀၀) ပေးရမည်ဟုတောင်းခံခဲ့ကြောင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ ထိုဝန်ထမ်းကပင်မြေယာမှတ်ပုံတင်လက်မှတ်ရရှိပြီးပါကမြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေများလျှောက်ထားရာတွင်သုံးနိုင်သည်ဟုလည်း ထိုလယ်သမားအား ပြောကြားခဲ့ပါသည်။လယ်သမားအနေဖြင့် သူ၏လယ်မြေအားလုံးမှတ်ပုံတင်ရန် ကုန်ကျမည့် ငွေကျပ် (၂၀၀၀၀) ကိုမတတ်နိုင်ပါ။ထို့အပြင်သူသည် ထိုဝန်ထမ်း၏ငွေကြေးတောင်းခံမှုကို သံသယရှိ သဖြင့် သူ၏လယ်မြေအားမှတ်ပုံတင်ရန်လျှောက်ထားခြင်းမပြုတော့ပါ။သူသည်နှစ်စဉ်မြေယာခွန်များပေးဆောင်ထားပြီးဖြစ်သည့်အတွက်မြေယာမှတ်ပုံတင်ပြုလုပ်ရာတွင်ငွေကြေးထပ်မံမပေးသင့်တော့ဟုထင်မြင်ထားပါသည်။သုတေသနပြုလုပ်ချိန်တွင်ကျေးရွာရှိလယ်သမား (၄၀)ဦးအနက်၃ဦး၊၄ဦးခန့်သာဝန်ထမ်းကတောင်းခံသော ငွေကြေးကို ပေးခဲ့ကြောင်းတွေ့ရှိရပါသည်။ခြုံငုံ၍ကြည့်ပါကလယ်သမားများသည်မြေယာမှတ်ပုံတင်ခြင်းအတွက်လုပ်ထုံးလုပ်နည်းများကိုမသိရှိကြပါ။ငွေကြေးတောင်းခံသောမြေတိုင်းစာရေးကသူတို့လယ်မြေများ၏အတိုင်းအတာအတိအကျကိုပေးရန်တောင်းခံခဲ့သည့်အချိန်တွင်ပင်လယ်သမားများအနေဖြင့်ထိုလုပ်ငန်း၏ရည်ရွယ်ချက်ကိုနားမလည်ခဲ့ကြပါ။

**မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တွင်အဓိပ္ပာယ်ကွဲပြားမှုများကြောင့်တရားမဝင်ငွေကြေးပေးရမှုများဖြစ်ပေါ်ခဲ့သော်လည်းမြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တွင်ပုံစံမမှန်မှုအများစုမှာအသေးအဖွဲကိစ္စရပ်များသာဖြစ်ပါသည်။**ခြုံငုံကြည့်ပါကမြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည်အတော်အသင့်ရိုးရှင်းပါသည်။အချို့သောဒေသများတွင်မူမြေယာမှတ်ပုံတင်ခြင်းကြောင့် (အောက်တွင်ဆွေးနွေးထားသကဲ့သို့) အငြင်းပွားမှုများတိုးတက်ဖြစ်ပေါ်လာခဲ့ပါသည်။ကျေးရွာအချို့တို့တွင်မြေပိုင်ရှင်များသည်အုပ်ချုပ်ရေးပိုင်းမှအမှားများကိုသတိပြုမိခဲ့ပါသည်။ဥပမာအားဖြင့်ဧရာဝတီတိုင်းဒေသကြီးရှိကျေးရွာအချို့တို့၌လယ်မြေဧရိယာများကိုမှတ်ပုံတင်တွင်အတိအကျဖော်ပြထားခြင်းမရှိကြောင်းမြေပိုင်ရှင်အချို့ကစောဒကတက်ခဲ့ကြပါသည်။လူအများစုတို့ကမူထိုပြဿနာများမှာစာရေးစာချီဆိုင်ရာများဖြစ်ပြီးအလွယ်တကူဖြေရှင်းနိုင်သည်ဟုရှုမြင်ကြပါသည်။ သို့ရာတွင်မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်း၌အဓိပ္ပာယ်ကွဲပြားမှုများရှိလာသောအခါတွင် ဖြစ်ပေါ်လာသောအကျင့်ပျက်မှုသာဓကနှစ်ခုကိုတွေ့ရှိခဲ့ရပါသည်။ သာဓက(၈)တွင်ဖော်ပြထားသည့် အတိုင်း၊ရခိုင်ပြည်နယ်တွင် မြေစာရင်းဦးစီးဌာနမှဝန်ထမ်းများသည်မြေယာမှတ်ပုံတင်ကတ်ပြားတွင်အမည်ထည့်သွင်းလိုကြသောအိမ်ထောင်စုများထံမှငွေကြေးများတောင်းခံခဲ့ကြပါသည်။ဧရာဝတီတိုင်းဒေသကြီးတွင်အများပိုင်မြေ (ဥပမာဒီရေတောမြေများ) ကိုကိုယ်ပိုင်မြေအဖြစ်ပြောင်းလဲလိုပါက တစ်ဧကလျှင်ကျပ်၂၀၀၀၀နှုန်းဖြင့်တောင်းခံပါသည်။ထိုသာဓက နှစ်ခုလုံးတွင်မြေစာရင်းဦးစီး ဌာနဝန်ထမ်းများသည်ထိုသို့သောမြေယာဆိုင်ရာအကျိုးစီးပွားများနှင့်ပတ်သက်၍မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတွင်ရှင်းလင်းစွာမဖော်ပြထားခြင်းကိုအခွင့်ကောင်းယူ၍အကျိုးအမြတ်ရယူခဲ့ကြပါသည်။

**သို့ရာတွင်ရခိုင်၊မကွေးနှင့်ရှမ်းပြည်နယ်တို့တွင်ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာပြဿနာများပိုရှိပါသည်။ထို့ကြောင့် (က) ရခိုင်ပြည်နယ်ရှိလူမှုရေးတင်းမာမှုများ (ခ) မြေယာနှင့်ပတ်သက်၍စီးပွားဖြစ် လုပ်ငန်းကြီးများနှင့်အသေးစားပိုင်ဆိုင်သူများ၏အကျိုးစီးပွားများကိုထိန်းညှိခြင်း (ဂ) ပဋိပက္ခများနှင့် အစိုးရ၏စွမ်းဆောင်ရည်တို့နှင့်ပတ်သက်သည့်ကျယ်ပြန့်သောပြဿနာများသည်နိုင်ငံအနှံ့အပြားတွင်ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကိုထိခိုက်စေကြောင်းမီးမောင်းထိုးပြနေပါသည်။**အောက်ပါသာဓကများသည် ထိုအပြောင်းအလဲများအနက်အချို့ကိုပေါ်လွင်ထင်ရှားစေပါသည်။

ဇယား (11) – မြေယာဈေးကွက်မှဖယ်ကျဉ်ခံရနိုင်သည့်အလားအလာများ

| တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | မြေယာဈေးကွက်မှဖယ်ကျဉ်ခံရနိုင်သည့်အကြောင်းရင်းများ |
|---|---|---|
| **ရခိုင်** | မြေပုံ<br>ကျောက်ဖြူ | **ဘာသာရေးနှင့်လူမျိုးရေး -**<br>မွတ်ဆလင်သို့မဟုတ်ဗုဒ္ဓဘာသာနှင့်မွတ်ဆလင်ရောနေသည့်လူဦးရေများစွာရှိသော၂မြို့နယ်<br>(၂)မြို့နယ်တွင်မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းကိုရပ်ဆိုင်းထားပါသည်။နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သည့်ပြဿနာများကိုရှောင်ရှားရန်ရည်ရွယ်သောနိုင်ငံတော်အဆင့်မူဝါဒ၏ရလဒ်ဖြစ်နိုင်ပါသည်။သို့ရာတွင်မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းအတွက်ဝန်ဆောင်မှုများနှင့်မြေယာဈေးကွက်တွင်ပါဝင်နိုင်ခြင်းမှဖယ်ကျဉ်ခံရနိုင်သည့်အလားအလာများရှိလာပါသည်။ |
| **မကွေး** | မင်းဘူး | **တည်နေရာ -**<br>**သဘာသသယံဇာတထုတ်လုပ်ရေးအတွက်အစိုးရကစိတ်ဝင်စားသောဧရိယာတွင်နေထိုင်ကြပါသည်။**ရေနံထွက်နိုင်သည့်အလားအလာရှိသောမြို့နယ်<br>(၁)မြို့နယ်တွင်မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းမဆောင်ရွက်ပါ။ဥပဒေမူဘောင်များရှင်းလင်းမှုမရှိဘဲ၊အကြီးစားစီးပွားရေးလုပ်ငန်းများနှင့်မြေအနည်းငယ်သာပိုင်ဆိုင်သည့်လယ်သမားများအကြားထိန်းညှိပေးရန်လိုအပ်နေပါသည်။လယ်သမားများကလွတ်တော်မှတဆင့်အရေးဆိုကြပါသည်။ |
| **ရှမ်း** | ကျောက်မဲ<br>ဆီဆိုင် | **ပဋိပက္ခများနှင့်ဝေးလံခေါင်းပါးမှု -**<br>မြေယာမှတ်ပုံတင်ပြုလုပ်ပေးမည့်အစိုးရဝန်ထမ်းများသည်ကျေးရွာများသို့မသွားနိုင်ပါ။ပဋိပက္ခများတိုးမြင့်နေခြင်းသို့မဟုတ်ဝန်ထမ်းအင်အားမရှိခြင်းတစ်ခုခုကြောင့်ဖြစ်ပါသည်။သို့ဖြစ်၍ပဋိပက္ခများနှင့်အုပ်ချုပ်ရေးပိုင်းစွမ်းဆောင်ရည်များကြောင့်မြေယာနှင့်ချေးငွေဈေးကွက်မှဖယ်ကျဉ်ခံရနိုင်သည့်အလားအလာရှိနေပါသည်။ |

သို့ရာတွင်ရခိုင်၊မကွေးနှင့်ရှမ်းဒေသတို့၌ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာပြဿနာများပိုရှိကြပါသည်။အချို့သောလူမှုအဖွဲ့အစည်းများသည်လူမျိုးရေး၊တည်နေရာနှင့်ပဋိပက္ခများကြောင့်မြေယာဈေးကွက်မှဖယ်ကျဉ်ခံရနိုင်သည့်အလားအလာရှိနေခြင်းကိုမီးမောင်းထိုးပြနေပါသည်။

**ရခိုင်ပြည်နယ်တွင်မွတ်ဆလင်လူဦးရေများပြားသောသုတေသနမြို့နယ် (၂)မြို့နယ်တို့၌မြေယာ မှတ်ပုံတင်ခြင်းလုပ်ငန်းမဆောင်ရွက်ပါ။မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များကြောင့်ဖြစ်နိုင်ပါသည်။** ဤလေ့လာမှုအတွင်းတွင်မြေပုံနှင့်ကျောက်ဖြူနှစ်မြို့နယ်လုံး၌မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်း မဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါသည်။တုန့်ပြန်ဖြေကြားသူများ၏ပြောကြားချက်များအရ၊မွတ်ဆလင်နှင့်ဗုဒ္ဓဘာသာရောနှောနေသောမြို့နယ်များတွင်မြေယာမှတ်ပုံတင်လုပ်ငန်း မဆောင်ရွက်ရန်အစိုးရ၏မူဝါဒကြောင့်ဖြစ်နိုင်ပါသည်။ထိုမူဝါဒအရရခိုင်ပြည်နယ်ရှိထိုသို့သောလူဦးရေအနေအထားရှိသည့်မြို့နယ်၁၇မြို့နယ်အနက်၁၀မြို့နယ်တွင်မြေယာမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်းမရှိခဲ့ပါ။[14]တရားဝင်ရှင်းပြခြင်းမရှိသော်လည်း၊ထိုမူဝါဒသည်နိုင်ငံသားမှတ်ပုံတင်ကတ်များမရှိသောရိုဟင်ဂျာမွတ်ဆလင်များအားမြေယာမှတ်ပုံတင်ပြုလုပ်ပေးရာတွင်ထွက်ပေါ်လာနိုင်သောအခက်အခဲများကိုရှောင်ရှားရန်ရည်ရွယ်ထားခြင်းဖြစ်နိုင်ပါသည်။သို့ရာတွင်မြေယာမှတ်ပုံတင်လုပ်ငန်းမဆောင်ရွက်ပေးသောမြို့နယ်များတွင်ကျောက်ဖြူမြို့နယ်လည်းပါဝင်နေပါသည်။ကျောက်ဖြူမြို့နယ်တွင်မွတ်ဆလင်အများစုမှာကမန်လူမျိုးများဖြစ်ပြီး၊နိုင်ငံသားမှတ်ပုံတင်ကတ်များလည်းရှိကြပါသည်။သို့ဖြစ်၍မူဝါဒအတွက်တိကျသောအခြေခံအချက်များမှာရှင်းလင်းမှုမရှိပါ။

[14] ရခိုင်ပြည်နယ်၊မြေစာရင်းဦးစီးဌာနမှတုန့်ပြန်ဖြေကြားသူများ၏ပြောကြားချက်များအရ၊ရခိုင်ပြည်နယ်ရှိမြို့နယ်၁၇မြို့နယ်အနက်၁၀မြို့နယ်တွင်မြေယာမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်းမရှိပါ။ထိုမြို့နယ်များအနက်၄ခုနှင့်ကျောက်ဖြူမြို့နယ်တို့သည် QSEM မှလေ့လာသည့်မြို့နယ်များတွင်ပါဝင်ပါသည်။

**ဤဆုံးဖြတ်ချက်သည်လူမှုအဖွဲ့အစည်းအမျိုးမျိုးတို့အကြားလူမှုဆက်ဆံရေးသို့မဟုတ်သာတူညီမျှမှုအပေါ်မည်သို့အကျိုးသက်ရောက်ကြောင်းရှင်းလင်းမှုမရှိပါ။** ဤမူဝါဒသည်မည်မျှကြာမြင့်မည် သို့မဟုတ်ယင်း၏အကျိုးသက်ရောက်မှုများကိုပြောရန်စောလွန်းပါသေးသည်။ဤမူဝါဒသည်မြို့နယ်တစ်ခုလုံးနှင့်သက်ဆိုင်သည့်အတွက်မွတ်ဆလင်နှင့်ဗုဒ္ဓဘာသာနစ်ဦးလုံးကိုအကျိုးသက်ရောက်နေပါသည်။ဤမူဝါဒကြောင့်မွတ်ဆလင်များအနေဖြင့်ခွဲခြားဆက်ဆံခံရသောခံစားချက်နှင့်ဗုဒ္ဓဘာသာဝင်များအနေဖြင့်အရှက်ရသည့်ခံစားချက်များကိုဖြစ်စေပါသည်။ထိုမူဝါဒသည်ကာလရှည်ကြာလာပါက၊လူမှုအဖွဲ့အစည်းများအကြား (မြေယာမှတ်ပုံတင်လက်မှတ်ဖြင့်မြန်မာ့စီးပွားရေးဘဏ်မှချေးငွေများရယူနိုင်သောကြောင့်) နှင့်ဝန်ဆောင်မှုပေးနေသောနိုင်ငံ၏အစိတ်အပိုင်းများစွာတို့တွင်မညီမျှမှုများကိုဖြစ်စေနိုင်သောအလားအလာများရှိနေပါသည်။သို့ရာတွင်ဤကိစ္စရပ်နှင့်ပတ်သက်သည့်အချက်အလက်များမရရှိနိုင်ပါ။

**စီးပွားဖြစ်ရေနံတူးဖော်နိုင်သည့်အလားအလာများရှိနေသောမကွေးတိုင်းဒေသကြီးရှိမြို့နယ်တစ်မြို့နယ်တွင်လည်းမြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းမရှိပါ။** (QSEMမှလေ့လာ သည့်မြို့နယ်တစ်မြို့နယ်အပါအဝင်) မကွေးတိုင်းဒေသကြီးရှိအချို့သောမြို့နယ် များ၌အနာဂတ် တွင်စီးပွားဖြစ်ရေနံတူးဖော်ရန်အသုံးပြုနိုင်သောမြေယာများအားမြေမှတ်ပုံတင်ထုတ်ပေးရန်လျှောက်ထားလာပါက၊ဆောင်ရွက်ပေးခြင်းမပြုရန်ချမှတ်ထားသောမူဝါဒတစ်ခုမှာရှင်းလင်းတိကျမှုမရှိပါ။ဤမြို့နယ်တွင်ကျေးရွာသားများသည်မြေယာမှတ်ပုံတင်လက်မှတ်များရရှိရေးအတွက်လွှတ်တော်ကိုယ်စားလှယ်များနှင့်ဆက်သွယ်ခဲ့ကြပါသည်။အကြောင်းရင်းမှာထိုလယ်သမားများကမြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေများရရှိလိုသောကြောင့်သို့မဟုတ်သူတို့၏လယ်ယာမြေမှရေနံတူးဖော်ခွင့်ကိုသူတို့ကိုယ်တိုင်ရယူလိုသောကြောင့်ဖြစ်ပါသည်။ထိုကိစ္စရပ်ကိုသာဓက (၉)တွင်အသေးစိတ်ဆန်းစစ်တင်ပြထားပါသည်။

### သာဓက (9) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်အရေးဆိုရန် လွှတ်တော်ကိုအောင်မြင်စွာ အသုံးချနိုင်ခြင်းကြောင့် အနီးရှိမြို့နယ်တွင်ဆန္ဒပြမှုများဖြစ်လာစေခြင်း

**မင်းဘူးမြို့နယ်တွင်ရေနံမြေနှင့်ဆက်စပ်နေသောဧရိယာများ၌မြေယာမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ပေးခြင်းမရှိပါ။** မကွေးတိုင်းဒေသကြီး၊မင်းဘူးမြို့နယ်၏တစ်စိတ်တစ်ပိုင်းသည်မြန်မာ့ရေနံနှင့်ဓါတ်ငွေ့လုပ်ငန်းမှရေနံတူးဖော်ရှာဖွေရေးနယ်မြေအဖြစ်သတ်မှတ်ကြေညာထားသောကနီရေနံမြေနှင့်ဆက်စပ်နေပါသည်။မြန်မာ့ရေနံနှင့်ဓါတ်ငွေ့လုပ်ငန်းသည်နိုင်ငံတော်ပိုင်ဖြစ်သည့်အတွက်ထိုသို့သတ်မှတ်ကြေညာခြင်းအားဖြင့်တိုင်းဒေသကြီးအစိုးရသည်ကျေးရွာသားများအားထိုမြေများကိုရေနံတူးဖော်ခြင်းအတွက်မဟုတ်ဘဲ၊စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန်ခွင့်ပြုပေးထားပါသည်။အခြားမြို့နယ်များတွင်မြေယာမှတ်ပုံတင်လုပ်ငန်းများစတင်ဆောင်ရွက်လာသောအခါ၊မင်းဘူးမြို့နယ်မှကျေးရွာသားများအနေဖြင့်မြို့နယ်မြေစာရင်းဦးစီးဌာနမှဝန်ထမ်းများသည်ကွင်းဆင်းတိုင်းတာမှုများမရှိကြောင်းသတိပြုမိလာကြပါသည်။ဝန်ထမ်းများအားမေးကြည့်သောအခါ၊မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်နေကြောင်းနှင့်သူတို့အနေဖြင့်အခြားသတင်းအချက်အလက်များပြောစရာမရှိကြောင်းသာပြန်ကြားခဲ့ပါသည်။မင်းဘူးမြို့နယ်မှတောင်သူလယ်သမားများသည်သူတို့မြို့နယ်အတွင်းမြေယာမှတ်ပုံတင်လုပ်ငန်းမဆောင်ရွက်ပေးမှုကိုစိုးရိမ်လာကြပါသည်။အဘယ်ကြောင့်ဆိုသော်မြေယာမှတ်ပုံတင်ကတ်များမရှိပါကမြေပိုင်ဆိုင်မှုအထောက်အထားပြစရာမရှိတော့ဘဲ၊မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေများမရရှိနိုင်သောကြောင့်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်း၏ရေနံရှာဖွေတူးဖော်ရေးနယ်မြေတွင်တစ်စိတ်တစ်ပိုင်းပါဝင်နေသောအနီးရှိမင်းလှမြို့နယ်တွင်မူမြေယာမှတ်ပုံတင်လုပ်ငန်းများပြီးစီးသွားပြီဖြစ်ကြောင်းကျေးရွာသားများကသတိပြုမိပါသည်။** ယင်းသို့ဖြစ်ရခြင်းမှာမင်းလှမှရေနံတူးဖော်ရေးလုပ်ငန်းများသည်မင်းဘူးကဲ့သို့အကျိုးအမြတ်မများသောကြောင့်ဖြစ်ကြောင်းမင်းဘူးမှကျေးရွာသားအချို့ကပြောကြားခဲ့ပါသည်။မင်းလှမြို့နယ်တွင်ရေနံထွက်ရှိနိုင်မှုမှာမင်းဘူးမြို့နယ်ထက်နည်းပါးပြီး၊အကြီးစားရေနံတွင်းများထက်တစ်ပိုင်တစ်နိုင်ရေနံတွင်းများတူးရန်သာသင့်တော်ပါသည်။

**မင်းဘူးမြို့နယ်ရှိကျေးရွာသားများအားသာဓကအဖြစ်လမ်းညွှန်ပြသလိုက်သည်မှာမြေယာမှတ်ပုံတင်ပြုလုပ်ပြီးသောမင်းလှမြို့နယ်တွင်ဖြစ်ပွားခဲ့သည့်ကိစ္စရပ်များဖြစ်ပါသည်။** ပထမသာဓကမှာမင်းလှမြို့နယ်မှကျေးရွာသားများသည်မြေယာနှင့်ပတ်သက်သည့်တရားဝင်အခွင့်အရေးများရရှိထားသည်ဟုယုံကြည်သည့်အတွက်၊သူတို့၏မြေယာများတွင်စိုက်ပျိုးရေးလုပ်ငန်းမလုပ်ဘဲရေနံတူးဖော်ခြင်းကိုစတင်ပြုလုပ်ခဲ့ကြပါသည်။၂၀၁၃ခုနှစ်၊ဖွန်လတွင်စစ်ဖက်ဆိုင်ရာပုဂ္ဂိုလ်များမင်းလှမြို့သို့ရုတ်တရက်ရောက်ရှိလာပြီး၊သူတို့၏လုပ်ငန်းများကိုရပ်တန့်ရန်နှင့်ရေနံတူးခြင်းသည်တရားမဝင်ကြောင်းသတိပေးခဲ့ကြပါသည်။

**ဒုတိယအချက်မှာကျေးရွာသားများကမင်းလှမြို့နယ်မှလွှတ်တော်ကိုယ်စားလှယ်များထံအကူအညီတောင်းခံခဲ့ခြင်းဖြစ်ပါသည်။** မင်းလှမြို့နယ်ရှိမြေယာအများစုသည်မြေဩဇာမကောင်းဘဲ၊ ကျေးရွာသားများအနေဖြင့်လယ်ယာလုပ်ငန်းအစားရေနံတူးခြင်းဖြင့်အကျိုးအမြတ်ပိုမိုရရှိနိုင်ကြောင်းအသိအမှတ်ပြုလိုက်ခြင်းကြောင့်၊၂၀၁၃ခုနှစ်၊ဩဂုတ်လတွင်ကျေးရွာသားများအားရေနံတူးခွင့်ပြုရန်လွှတ်တော်မှတရားဝင်ခွင့်ပြုပေးခဲ့ပါသည်။ဤကိစ္စရပ်တွင်လွှတ်တော်အမတ်များသည်မြန်မာ့ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းကဲ့သို့သောအစိုးရဌာနများ၊တိုင်းဒေသကြီးအစိုးရနှင့်

စစ်ဖက်ဆိုင်ရာတို့နှင့်အကြံပြုဆွေးနွေးခဲ့ခြင်းရှိမရှိကိုတိကျစွာမသိရသော်လည်း၊မင်းလှမြို့နယ်မှကျေးရွာသားများအနေဖြင့်သူတို့၏ရေနံတွင်းလုပ်ငန်းများကိုပြန်လည်ဆောင်ရွက်ရန်စိတ်ချရပြီဖြစ်ကြောင်းယုံကြည်သွားကြပါသည်။ထိုအချိန်မှစ၍စစ်ဖက်ဆိုင်ရာပုဂ္ဂိုလ်များသည်လည်းထပ်မံလာရောက်ခြင်းမရှိတော့ပါ။

**မင်းဘူးမြို့နယ်မှကျေးရွာသားများကထိုဥပမာအတိုင်းလိုက်လုပ်ခဲ့ပါသည်။**မင်းလှမြို့နယ်၏အတွေ့အကြုံကိုသင်ခန်းစာယူလျှက်၊ဒေသခံအရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ဖွဲ့သည်မင်းဘူးမြို့နယ်မှတောင်သူများအားမြေယာမှတ်ပုံတင်ခွင့်ပြုပေးနိုင်ရေးကိုသမ္မတထံတင်ပြရန်အတွက်မင်းဘူးနှင့်မင်းလှမြို့နယ်တို့မှလွှတ်တော်ကိုယ်စားလှယ်များနှင့်ဆက်သွယ်ခဲ့ပါသည်။အဆိုပါတင်ပြစာတွင်များစွာသောတောင်သူလယ်သမားများကလက်မှတ်ရေးထိုးထားပြီး၊မြေယာမှတ်ပုံတင်ခြင်းအားဖြင့်မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေများရရှိရန်စိတ်ဝင်စားကြောင်းကိုဖော်ပြထားပါသည်။သို့ရာတွင်အချို့သောတောင်သူများကမူသူတို့၏မြေတွင်တရားဝင်ရေနံတူးနိုင်ရန်မျှော်လင့်ထားကြပါသည်။ထိုအရပ်ဖက်လူမှုအဖွဲ့အစည်းသည် QSEM 4 လေ့လာသည့်အချိန်အထိလွှတ်တော် ကိုယ်စားလှယ်များထံမှမည်သည့်အကြောင်းပြန်ကြားချက်မှမရရှိသေးပါ။

ချမ်းသာသောအိမ်ထောင်စုများသည်မြေယာဥပဒေပါအပြောင်းအလဲများမှအကျိုးအမြတ်များရယူနိုင်ကြပါသည်။

**မြေယာဥပဒေပါပြောင်းလဲမှုများ၏လှုံ့ဆော်မှုကြောင့်၊ကျေးရွာသားများကအနာဂတ်ကာလတွင်မြေအသုံးချအခွင့်အရေးများရရှိနိုင်မည့်အလားအလာများကိုမျှော်မှန်းလျှက်၊ယခင်ကစိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသောအများပိုင်မြေများတွင်လယ်ယာလုပ်ငန်းများဝင်ရောက်လုပ်ကိုင်ကြသောသာဓကအချို့ရှိနေပါသည်။**မကွေးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့ရှိကျေးရွာတစ်ရွာစီတွင်အချို့သောကျေးရွာသားများသည်မြေယာမှတ်ပုံတင်ခြင်းဖြင့်အလုံးစုံမြေပိုင်ဆိုင်မှုရရှိနိုင်သည်ဟူသောရှုမြင်ချက်ဖြင့်ယခင်ကစိုက်ပျိုးခြင်းမရှိခဲ့သောမြေများတွင်ဝင်ရောက်စိုက်ပျိုးနေကြပါသည်။ထိုဒေသနှစ်ခုလုံးတွင်ကျေးရွာသားအချို့ကလက်ရှိအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးတက်စေရန်လည်းကောင်း၊မြေယာဥပဒေပါပြောင်းလဲမှုများအရ မြေရရှိနိုင်သည့်အခွင့်အရေးများကိုမျှော်မှန်းရန်လည်းကောင်းသူတို့၏စိုက်ပျိုးရေးလုပ်ငန်းများကိုအများပိုင်မြေများသို့တိုးချဲ့ခဲ့ကြပါသည်။သာဓက (၁၀)တွင်ယင်းဒေသတစ်ခုချင်းစီ၌ အမျိုးမျိုးသောလူမှုရေးနှင့်စီးပွားရေးနယ်ပယ်အသီးသီးကယင်းကိစ္စရပ်ကိုမည်သို့ဆောင်ရွက်နေကြကြောင်းဆန်းစစ်တင်ပြထားပါသည်။

### သာဓက (10) ငွေကြေးအရင်းအနှီးများခြင်းကြောင့်ချမ်းသာသူများ ကမြေယာဥပဒေအပြောင်းအလဲများမှ အကျိုးအမြတ်များစွာရရှိနိုင်ခြင်း

**ဤနေရာတွင်မြေယာဥပဒေပါပြောင်းလဲမှုများမှအကျိုးအမြတ်ရရှိရန်ကြိုးစားကြသောကျေးရွာများရှိသာဓကနှစ်ခုကိုနှိုင်းယှဥ်ဖော်ပြထားရာဝေးလံခေါင်းပါးခြင်းနှင့်မြေရှင်းလင်းရန်အရင်းအနှီးများစွာလိုအပ်ခြင်းတို့ကြောင့်ဆင်းရဲသားအိမ်ထောင်စုများအတွက်အတားအဆီးများဖြစ်နေကြောင်းမီးမောင်းထိုးပြထားပါသည်။**

**ရခိုင်ပြည်နယ်ရှိကျေးရွာတစ်ရွာတွင်ချမ်းသာသောအိမ်ထောင်စုများသည်မြေယာမူဝါဒဆိုင်ရာပြောင်းလဲမှုသတင်းများကိုရရှိနိုင်ရန်နှင့်ယင်းတို့ကိုအခွင့်ကောင်းယူနိုင်ရန်အတွက်သူတို့၏လူမှုကွန်ယက်များနှင့်ငွေကြေးအရင်းအနှီးများကိုအသုံးပြုနိုင်ကြပါသည်။ ထို့နောက်သစ်တောမြေများကိုခုတ်ထွင်ရှင်းလင်းစိုက်ပျိုးပြီး၊ မြေယာမှတ်ပုံတင်လိုက်ခြင်း ဖြင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်း ကိုငါးဖမ်းလုပ်ငန်းမှလယ်ယာစိုက်ပျိုးရေး သို့ပြောင်းလဲ လိုက်ကြပါသည်။** ရခိုင်ပြည်နယ်၊မြေပုံမြို့နယ်မှ ကျေးရွာတစ်ရွာတွင် လူများသည်အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ်ငါးဖမ်းခြင်းကိုမှီခိုနေရပါသည်။ထိုကျေးရွာသားများအားအများပိုင်သစ်တောမြေတစ်စိတ်တစ်ပိုင်းကိုရှင်းလင်းပြီးဝင်ရောက်စိုက်ပျိုးခွင့်ပြုထားပါသည်။သို့ရာတွင်သစ်တောနှင့်ရွာတို့ဝေးကွာပြီး၊တောထူထပ်သော ကြောင့်ထိုသို့ခုတ်ထွင်ရှင်းလင်းရန်အတွက်လုပ်သားအင်အားများစွာလိုအပ်ပါသည်။ကျေးရွာမှချမ်းသာသူ အိမ်ထောင်စု (၂)စုတို့ကပထမဆုံးအနေဖြင့်စိုက်ပျိုးရေးလုပ်ငန်းကိုပါ လုပ်ကိုင်ရန်စတင်ရင်းနှီးမြှုပ်နှံခဲ့ကြပါသည်။ သို့ရာတွင် အိမ်ထောင်စုတစ်စုကမြို့နယ်မြေစာရင်းဦးစီးဌာနသို့ဆက်သွယ်မေးမြန်းခဲ့ရာ၊ကျေးရွာသားများသည် လည်းအများပိုင်သစ်တောမြေကိုခုတ်ထွင်ရှင်းလင်းပြီး၊အနည်းဆုံး(၃)နှစ်သီးနှံစိုက်ပျိုးပြီးပါကမိမိတို့အမည်ဖြင့် မှတ်ပုံတင် ခွင့်ရှိကြောင်းသိလာကြပါသည်။ထိုအချိန်မှစ၍ကျေးရွာရှိအိမ်ထောင်စု (၁၀)စုတို့က (၅)ကေလျှင် (၃၀၀၀၀၀)ကျပ်နှုန်းဖြင့်လုပ်သားများငှားရမ်းကာအများပိုင်သစ်တောမြေကိုစတင်ခုတ်ထွင်ရှင်းလင်းခဲ့ပါသည်။သူတို့ကထိုမြေတွင်သရက်ပင်နှင့်သီဟိုဠ်သရက်ပင်များစိုက်ပျိုးသည်ဟုသတင်းပို့ထားပါသည်။ဤသာဓကတွင်မြေယာမှတ်ပုံတင်ခြင်းနှင့်ရနိုင်သောအကျိုးကျေးဇူးများနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကိုရယူရန်အတွက်လူတစ်ဦး၏အဆက်အသွယ်ကအရေးကြီးပုံနှင့်ထိုသတင်းအချက်အလက်ကိုအသုံးချရန်အတွက်အရင်းအနှီးရှိထားရန်အရေးကြီးပုံတို့ကိုဖော်ပြနေပါသည်။အများပိုင်သစ်တောများကိုခုတ်ထွင်ရှင်းလင်းခြင်းကြောင့်ရေရှည်ကာလတွင်ဆင်းရဲသူများအားမည်သို့အကျိုးသက်ရောက်နိုင်ကြောင်းကိုမူရှင်းလင်းစွာမသိရပါ။

**နောက်ကျေးရွာတစ်ရွာတွင်မူထိုသို့သစ်တောများခုတ်ထွင်ရှင်းလင်းရန်အတွက်လုပ်သားနှင့်ငွေကြေးအရင်းအနှီးများစွာမလိုအပ်သဖြင့်ဆင်းရဲသားများသည်လည်းအကျိုးကျေးဇူးဖြစ်ထွန်းကြပါသည်။ဤကိစ္စရပ်နှစ်ခုတွင်ငွေကြေးအရင်းအနှီးများကိုလက်လှမ်းမီသောချမ်းသာသည့်အိမ်ထောင်စုများကဥပဒေပါပြောင်းလဲမှုများမှအကျိုးအမြတ်ဖြစ်ထွန်းနိုင်ခြင်းဟူသောခြားနားချက်ကိုမီးမောင်းထိုးပြနေပါသည်။**ဆန့်ကျင်ဖက်အားဖြင့်မကွေးတိုင်းဒေသကြီး၊အောင်လံမြို့နယ်မှကျေးရွာတစ်ရွာတွင်အများပိုင်သစ်တောမြေသည်ကျေးရွာမှ (၈)မိုင်ခန့်အကွာတွင်တည်ရှိပြီး၊ သစ်တောကိုခုတ်ထွင်ရှင်းလင်းရန်ကုန်ကျစရိတ်မှာလည်းနည်းပါးပါသည်။သို့ဖြစ်၍ထိုသစ်တောမြေကိုခုတ်ထွင်ရှင်းလင်းပြီး၊မြေယာမှတ်ပုံတင်ပြုလုပ်သူများမှာမြေယာမဲ့အိမ်ထောင်စုများဖြစ်ကြပါသည်။ရခိုင်ပြည်နယ်မှာကဲ့သို့ပင်ဤဒေသတွင်လည်းအနာဂတ်ကာလတွင်မြေယာမှတ်ပုံတင်ခွင့်ရရှိနိုင်ကြောင်းသိလာကြပြီးနောက်သစ်တောမြေကိုခုတ်ထွင်ရှင်းလင်း၍လယ်ယာလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စုအရေအတွက်မှာ (၈)စုမှ (၁၅)စုအထိ တိုးတက် လာခဲ့ပါသည်။ သုတေသနပြုလုပ်ချိန်တွင်အိမ်ထောင်စုတစ်စုလျှင်တစ်ဧကမှနစ်ဧကအထိခုတ်ထွင်ရှင်းလင်းထားပြီးဖြစ်ပါသည်။ `ကျွန်တော်တို့က ဒီမြေမှာနှစ်နှစ်ဆက်တိုက် သီးနှံစိုက်လိုက်မယ်ဆိုရင် မြေယာမှတ်ပုံတင် လျှောက်ထားလို့ရပြီ၊ဒီနေရာမှာကျွန်တော်တို့ကကြံစိုက်ဖို့စဉ်းစားထားတယ်´ဟုမြေယာမဲ့ အိမ်ထောင်စုများ ကပြောကြား ခဲ့ပါသည်။ဆန့်ကျင်ဖက်အနေဖြင့်ချမ်းသာသောအိမ်ထောင်စုများကလွန်ခဲ့သောနှစ်နှစ်အထိသူတို့အတွက်ဝင်ငွေကောင်းစေခဲ့သောကြံစိုက်ခင်းများကိုဦးတည်စိုက်ပျိုးရန်ရွေးချယ်ခဲ့ကြပါသည်။သူတို့ကသစ်တောမြေခုတ်ထွင်ရှင်းလင်းပြီးစိုက်ပျိုးပါကအစပိုင်းနှစ်များတွင်အထွက်နှုန်းနည်းကြောင်းတွေ့ရှိထားသဖြင့်ရင်းနှီးမြှုပ်နှံမှုမပြုလုပ်လိုကြပါ။

မြေပိုင်ရှင်များသည်ချေးငွေရရှိရေးအတွက်မြေပိုင်ဆိုင်ကြောင်းအသိအမှတ်ပြုခံရရန်လိုအပ်သဖြင့်မြေယာများကိုပိုင်ရှင်အမည်တစ်ဦးထက်ပို၍မှတ်ပုံတင်လာကြပါသည်။

**မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေပိုမိုရရှိနိုင်ရေးအတွက်မြေပိုင်ရှင်ကြီးများသည်မိမိတို့၏မြေယာများအားမှတ်ပုံတင်ရာတွင်မိသားစုဝင်များ၏အမည်ဖြင့်ခွဲ၍မှတ်ပုံတင်ကြကြောင်းသာဓကများစွာရှိထားပါသည်။**ဧရာဝတီတိုင်းဒေသကြီးရှိကျေးရွာတစ်ရွာတွင်မြေပိုင်ရှင်ကြီးများအားသီးခြားမေးမြန်းခဲ့ရာ၊မြေယာမှတ်ပုံတင်လက်မှတ်များပိုမိုရရှိရေးအတွက်သူတို့၏မြေကိုမတူညီသောအမည်များဖြင့်(တစ်ဦးလျှင်၁၀ဧကနှုန်းဖြင့်) ခွဲ၍မှတ်ပုံတင်ခဲ့ကြောင်းပွင့်လင်းစွာ အတည်ပြုခဲ့ပါသည်။ မြန်မာ့စိုက်ပျိုးရေး ဘဏ်၏ ချေးငွေအမျိုးမျိုးကိုရရှိနိုင်စေရန်ရည်ရွယ်၍မြေယာမှတ်ပုံတင်လက်မှတ်များတွင်မိသားစုဝင်များ၏အမည်များဖြင့်မှတ်ပုံတင်ခဲ့ကြပါသည်။မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေပမာဏများသည်အများဆုံး (၁၀)ဧကအထိမြေဧရိယာပေါ်မူတည်၍အမျိုးမျိုးကွဲပြားပါသည်။ဤအလေ့အထကို QSEM 3 လေ့လာမှုတွင် လည်းကနဦးတွေ့ရှိထားပါသည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသို့မဟုတ်အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုကိုမျှော်လင့်ထားသည့်နေရာများမှအပမြေရောင်းဝယ်မှုနှင့်မြေယာဈေးနှုန်းများပြောင်းလဲမှုမရှိသလောက်နည်းပါးပါသည်။**ခြုံငုံကြည့်ပါကဤလေ့လာမှုတွင်မြေယာမှတ်ပုံတင်ပြီးနောက်မြေယာဈေးနှုန်းတက်ခြင်းသို့မဟုတ်မြေအရောင်းအဝယ်တိုးတက်ခြင်းများကိုမတွေ့ရှိရပါ။ပြောင်းလဲမှုကိုမကွေးတိုင်းဒေသကြီးရှိကျေးရွာတစ်ရွာတွင်သာတွေ့ရှိရပါသည်။ထိုကျေးရွာတွင်ကျေးရွာအုပ်ချုပ်ရေးမှူးသည်စိုက်ပျိုးမြေ (၄)ဧကခန့်ကိုရွာအတွင်းရှိ လယ်သမားများနေထိုင်ရန်ခြံကွက်များအဖြစ်ပြောင်းလဲပေးရေးအတွက်မြေယာမှတ်ပုံတင်လုပ်ငန်းစဉ်ကိုအသုံးချခဲ့ပါသည်။ (သာဓက၁၁တွင်ကြည့်ပါ။) မြေယာဈေးနှုန်းများမြင့်တက်ခဲ့သည့်နေရာများမှာ လည်း၊ စီးပွားရေးအရအချက်အချာကျသည့်နေရာများကိုစိတ်ဝင်စားမှုတိုးမြင့်လာသောကြောင့်ဖြစ်ပါသည်။ မြေယာ ဈေးနှုန်းမြင့်တက်မှုကိုရခိုင်ပြည်နယ်၊ဂွမြို့နယ်တွင်တွေ့ရှိရပါသည်။တရုတ်နိုင်ငံသားရင်းနှီးမြှုပ်နှံသူများကဒေသတွင်းတွင်တည်ဆောက်နေသည့်အထူးစီးပွားရေးဇုန်အတွက်မျှော်မှန်း၍လွန်ခဲ့သော၁၂လအတွင်းကမ်းခြေရှိမြေကွက်များကိုတစ်ကွက်လျှင်ကျပ်သိန်း၁၅၀မှ၂၅၀အထိဈေးနှုန်းမြှင့်တင်ဝယ်ယူခဲ့ကြပါသည်။ [15] ထို့အတူပင်၊ရှမ်းပြည်နယ်၊ကျောက်မဲမြို့နယ်တွင်လည်းကုန်သွယ်ရေးကောင်းလာသောအဝေးပြေးလမ်းတစ်လျှောက်ရှိအချို့နေရာများတွင်မြေဈေးများသုံးဆအထိမြင့်တက်သွားခဲ့ပါသည်။

---

[15] QSEM 3 လေ့လာမှုတွင်လည်းထိုကဲ့သို့ဆင်တူသောဈေးကစားမှုများကိုရခိုင်ပြည်နယ်၊ကျောက်ဖြူမြို့နယ်တွင်တွေ့ရှိရပါသည်။သိရှိထားသောဥပဒေများနှင့်မသက်ဆိုင်ဘဲ၊ဒေသတွင်းတွင်အထူးစီးပွါးရေးဇုန်တည်ထောင်နေခြင်းကြောင့်ဖြစ်နိုင်ပါသည်။

**သာဓက (11) လူနေအိမ်များအတွက်ဝယ်လိုအားမြင့်လာခြင်းနှင့် မြေယာမှတ်ပုံတင်ကြောင့် လယ်သမားငယ်များ က မြေရောင်းနိုင်စွမ်းရှိလာခြင်းတို့ကြောင့်မြေအသုံးချမှုပြောင်းလဲခြင်းများဖြစ်ပေါ်စေခြင်း**

> လွန်ခဲ့သောနှစ်အတွင်းက၊မကွေးတိုင်းဒေသကြီး၊မြိုင်မြို့နယ်တွင်လူငယ်စုံတွဲများကကျေးရွာအုပ်ချုပ်ရေးမှူးအား ကျေးရွာတွင်လူနေခြံဝင်းများပိုမိုရရှိစေရေးကူညီပေးပါရန်မေတ္တာရပ်ခံခဲ့ပါသည်။လက်ရှိမြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်မှအခွင့်အလမ်းများကိုသိရှိလာပြီးနောက်၊ကျေးရွာအုပ်ချုပ်ရေးမှူးကလယ်မြေအနည်းငယ်ရောင်းလို သောကျေးရွာသားများနှင့်စတင်ဆွေးနွေးခဲ့ပြီး၊ထိုမြေယာများကိုလူနေခြံဝင်းအဖြစ်သို့ပြောင်းလဲပေးခဲ့ပါသည်။ လယ်သမား (၃)ဦးတို့ကစုစုပေါင်း (၄)ဧကရှိမြေယာကို၁၂၅သိန်းဖြင့်ရောင်းချလိုကြောင်းတွေ့ရှိရပါသည်။ သို့ဖြစ်၍အုပ်ချုပ် ရေးမှူးအနေဖြင့်ထိုမြေကိုဝယ်ရမည့် အရင်းအနှီးသာလိုအပ်ပါတော့သည်။ အုပ်ချုပ်ရေးမှူးသည် ကျေးရွာမှရန်ကုန်သို့ပြောင်းရွှေ့သွားသောချမ်းသာသူတစ်ဦးနှင့် ဆက်သွယ်မိခဲ့ရာထိုသူကမြေယာ(၄)ဧကကို လူနေခြံဝင်း(၂၀) ကွက်ဖော်ထုတ်ရာတွင်ရင်းနှီးမြှုပ်နှံလိုခဲ့ပါသည်။ထိုမြေကို လူနေခြံဝင်း အဖြစ်ပြန်လည် သတ်မှတ်ရန်နှင့် တရား ဝင်ခွင့်ပြုချက်ရရှိရန်အတွက် ထိုသူဌေးကမြို့နယ် အဆင့် မြေစာရင်းဦးစီး ဌာနနှင့် ညှိနှိုင်းရေးကိုတာဝန်ယူခဲ့ပါသည်။
>
> လူနေခြံဝင်းအသစ်များမှာပေ (၈၀)xပေ(၈၀)ကျယ်ဝန်းပြီး၊ကျေးရွာမှအကွာအဝေးပေါ်မူတည်၍ဈေးနှုန်း အမျိုး မျိုးဖြစ်ကြပါသည်။ကျေးရွာနှင့်အနီးဆုံးမြေကွက်ကိုငွေကျပ်၉၅၀၀၀၀ဖြင့်ရောင်းချခဲ့ရသော်လည်း၊ အခြား အကွက် များမှာမူ၄၀၀၀၀၀ခန့်အထိဈေးနိမ့်ခဲ့ပါသည်။ထိုမြေကွက်များကိုဝယ်ယူလိုသူများပြားသည့်အတွက်စိတ်ဝင်စားသူ ကျေးရွာသားများအားမဲနှိုက်စေခဲ့ရပါသည်။နေထိုင်စရာလိုအပ်နေသောမြေယာမဲ့အိမ်ထောင်စုများ နှင့်လူငယ်စုံ တွဲများအနေဖြင့်ထိုကဲ့သို့သောဈေးအနည်းဆုံးမြေကွက်များကိုသာဝယ်ယူနိုင်မည်ဖြစ်ကြောင်းကျေးရွာသား များကပြောကြားခဲ့ပါသည်။

## မြေယာအငြင်းပွားမှုများ

> မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းကြောင့်ယာယီ အားဖြင့်မြေယာအငြင်းပွား မှုများတိုးလာခဲ့ပြီးဒေသန္တရ အဆင့်တွင်အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာအလေ့အထ များလည်းပြောင်းလဲခဲ့ ပါသည်။

**မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းကြောင့်ယာယီအားဖြင့်မြေယာအငြင်းပွားမှုများတိုးလာခဲ့ပြီးဒေသန္တရအဆင့်တွင်အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာအလေ့အထများလည်းပြောင်းလဲခဲ့ပါသည်။**မြေယာနှင့်ပတ်သက်သည့်အငြင်းပွားမှုအသစ်များကိုမြေယာမှတ်ပုံတင်လုပ်ငန်းလက်ရှိဆောင်ရွက်နေသည့်ဒေသများတွင်သာ အဓိကတွေ့ရှိရပါသည်။သုတေသနပြုလုပ်ခဲ့သည့်ကျေးရွာများအနက်သုံးပုံတစ်ပုံခန့်တွင် သုတေသနမပြုလုပ်မီ (၁၂) လအတွင်းမြေယာအငြင်းပွားမှုပုံစံ အသစ်များကိုတွေ့ကြုံခဲ့ရ ပါသည်။ မြေယာအငြင်းပွားမှုအသစ်များကိုအများဆုံးတွေ့ရသည့်ဒေသ (၃)ခုအနက်မကွေးနှင့်ရခိုင်တို့ တွင် လွန်ခဲ့သော (၁၂) လအတွင်း မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းများ ဆောင်ရွက် နေ ဆဲဖြစ် ပါသည်။ဤကိစ္စရပ်အတွက်ရခိုင်ပြည်နယ်သည်အရှင်းလင်းဆုံးဥပမာတစ်ခုဖြစ်ပါသည်။မြေယာအငြင်းပွားမှုအသစ် (၇) ခုလုံးကိုဂွမြို့နယ်တစ်မြို့နယ် တည်းတွင်သာ တွေ့ရှိခဲ့ရပါ သည်။ဂွမြို့နယ်သည် ရခိုင်ပြည်နယ်တွင် QSEM လေ့လာရေးမြို့နယ်များအနက် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းကို အပြည့်အဝဆောင်ရွက်နေသည့်တစ်ခုတည်းသောမြို့နယ်ဖြစ်ပါသည်။ဆန့်ကျင်ဖက်အနေဖြင့်ယခင်အကြိမ်လေ့လာမှုများအတွင်းမြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းကိုဦးစားပေးဆောင်ရွက်ခဲ့သည့်ဧရာဝတီတိုင်းဒေသကြီးကဲ့သို့သောဒေသများတွင် QSEM 4 လေ့လာသည့်အချိန်၌အငြင်းပွားမှု အသစ် အနည်းငယ်သာတွေ့ရှိရပါသည်။ထို့ကြောင့်မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် အငြင်းပွားမှုများကိုတစ်ကြိမ်တည်းသာယာယီဖြစ်ပေါ်စေပြီးရေရှည်ဆက်လက်အငြင်းပွားစေခြင်းမရှိကြောင်းတွေ့ရှိရပါသည်။

ဇယား (12) – မြေယာပြဿနာအသစ်များရှိနေသည့်ကျေးရွာအရေအတွက် (QSEM 4 သုတေသနမပြုလုပ်မီ၁၂လအတွင်း)

| တိုင်းဒေသကြီး/ပြည်နယ် | အငြင်းပွားမှုအသစ်များရှိသည့်ကျေးရွာ အရေအတွက် | အငြင်းပွားမှု အရေအတွက် | အငြင်းပွားသည့်အမျိုးအစား |
|---|---|---|---|
| ဧရာဝတီ | ၁ | ၂ | မြေပေါင်ခြင်း၊ပိုင်ဆိုင်မှု |
| ချင်း | ၀ | ၀ | - |
| မကွေး | ၅ | ၉ | အမွေဆက်ခံခြင်း၊မြေပေါင်ခြင်း |
| မန္တလေး | ၂ | ၃ | အမွေဆက်ခံခြင်း၊ပိုင်ဆိုင်မှု |
| ရခိုင် | ၃ | ၇ | ပိုင်ဆိုင်မှု |
| ရှမ်း | ၅ | ၆ | အများပိုင်မြေမြေသိမ်းခြင်း။အမွေဆက်ခံခြင်း |

**အငြင်းပွားမှုများသည် (က)မြေယာမှတ်ပုံတင်လုပ်ငန်းကြောင့်ပြန်လည်ဖြစ်ပေါ်လာသောရေရှည် အငြင်းပွားမှုများ (ခ)ဥပဒေပါပြောင်းလဲမှုများကိုအမြတ်ထုတ်ရန်ကြိုးစားမှုကြောင့် အငြင်းပွားမှုအသစ် များဟူ၍ တစ်မျိုးမျိုးဖြစ်နိုင်ပါသည်။** မြေယာအပေါ်ပိုင်ဆိုင်ကြောင်းအငြင်းပွားမှုများမှာယခင်ကပင်ရှိနေခဲ့ပြီး မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းသည်ပိုင်ဆိုင်မှုကိုတရားဝင်ဖြစ်စေသောကြောင့်ထိုအငြင်းပွားမှုများ ကိုပြန်လည်ဖြစ်ပေါ်စေသည်မှာအလွန်ရှင်းလင်းပါသည်။မြေယာကိုစိတ်ဝင်စားနေသော လူပုဂ္ဂိုလ်/ အဖွဲ့များသည်မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို အခြားယှဉ်ပြိုင်ဖက်များအားဖယ်ကျဉ်နိုင်သည့်နည်းလမ်းတစ်ခုအဖြစ်ရှုမြင်ကြသည့်အတွက်ယခင်ကနှောင့်နှေးနေသောအငြင်းပွားမှုများကိုပြန်လည်အသက်သွင်းကြပါသည်။သာဓက (၁၂)တွင်ရခိုင်ပြည်နယ်မှဥပမာတစ်ခုကိုဖော်ပြထားပြီး၊ထိုအငြင်းပွားမှု များကိုမည်သို့ဖြေရှင်းခဲ့ကြောင်းမှတ်တမ်းတင်ထားပါသည်။

### သာဓက (12) လူနေအိမ်များအတွက်ဝယ်လိုအားမြင့်လာခြင်းနှင့် မြေယာမှတ်ပုံတင်ကြောင့် လယ်သမားငယ်များ က မြေရောင်းနိုင်စွမ်းရှိလာခြင်းတို့ကြောင့်မြေအသုံးချမှုပြောင်းလဲခြင်းများဖြစ်ပေါ်စေခြင်း

**ရခိုင်ပြည်နယ်၊ ဂွမြို့နယ်မှ ကျေးရွာတစ်ရွာတွင် အနီးရှိ ကျေးရွာများမှ လယ်သမားများအကြား မြေတစ်ကွက်နှင့် ပတ်သက်၍ အငြင်းပွါးမှုတစ်ခုဖြစ်နေပါသည်။ ထိုမြေကွက်ကို အနီးရှိ ကျေးရွာမှ လယ်သမားများ၏ ဘိုးဘွားများက ပိုင်ဆိုင်ခဲ့ပြီး၊ ဤရွာမှ အသေးစားလယ်သမားများက နှစ်ပေါင်းများစွာ စိုက်ပျိုးလုပ်ကိုင်နေခဲ့ပါသည်။** ဂွမြို့နယ်မှ လယ်သမားတစ်ဦးသည် သူ၏ ဖခင်ထံမှလယ်မြေ(၄)ဧကကို အမွေရရှိခဲ့ပါသည်။ သို့ရာတွင် မြေယာမှတ်ပုံတင်လုပ်ငန်းစဉ်ဆောင်ရွက်စဉ်အတွင်းတွင် သူနှင့် အခြားလယ်သမား (၄) ဦးတို့သည် အနီးရှိကျေးရွာမှ လယ်သမားများကလည်း ပိုင်ဆိုင်ကြောင်း စောဒကတက်မှုနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီသည် ထိုအငြင်းပွါးမှုနှင့်ပတ်သက်သည့် ပြဿနာများ ကို ရှင်းလင်းစွာနားလည်နိုင်ရန် ကြိုးစားခဲ့ကြပါသည်။ လယ်ယာမြေကို လက်ရှိအသုံးပြုနေသော လယ်သမားက ဤလယ် မြေကို ယခုတရားယှဉ်ပြိုင်နေသောသူများ၏ ဘိုးဘွားများက ပိုင်ဆိုင်ကြောင်း ထုတ်ပြောခဲ့ပါသည်။ သို့ရာတွင် ဤလယ်မြေ၏ အထွက်နှုန်းမှာလည်း အလွန်နည်းပါသည်။ ထိုအချိန်က အစိုးရထံ တာဝန်ကျေစပါးရောင်းချရန်ပင် မထွက်ရှိသည့်အတွက် ဤလယ်မြေကိုစွန့်လွှတ်ရန်ဆုံးဖြတ်ခဲ့ပြီး၊ နှစ်ပေါင်း များ စွာကြာအောင်မစိုက်ပျိုးဘဲပစ်ထားခဲ့ပါသည်။နောက်ပိုင်းတွင်ထိုအချိန်က ကျေးရွာအုပ်ချုပ်ရေးမှူးက ထိုစွန့်ပစ်ထား သော မြေတွင် ကြိုတင်သတ်မှတ်ထားသော အခွန်များကို ပေးဆောင် နိုင်ပါက အခြားသူများအားလည်း ဝင်ရောက်လုပ်ကိုင်ရန် ခွင့်ပြုပေးခဲ့ပါသည်။ ယခုလယ်လုပ်ကိုင်နေသူ၏ ဖခင်သည် ထိုအခွင့် အရေးကို ယူခဲ့ပြီး၊ လယ်မြေ (၄)ဧကကို လုပ်ကိုင်စားသောက်ကာ နောက်ပိုင်းတွင် သူ့အား အမွေပေးခဲ့ခြင်းဖြစ်ပါသည်။

**ထိုပြဿနာကို ဖြေရှင်းနေသည့် လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီများအနေဖြင့် ယခုလယ်လုပ်နေသူမှာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးသည့် လယ်သမားငယ်တစ်ဦးသာ ဖြစ်ပြီး၊ ထိုသို့ လယ်လုပ်နိုင်ရန်အတွက် လိုအပ်သော အခွန်များကိုလည်း နှစ်ပေါင်းများစွာကြာအောင် ပေးဆောင်နေခဲ့ကြောင်း သုံးသပ်ခဲ့ပါသည်။** ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီ က၊ ယခုလက်ရှိ လယ်လုပ်နေသည့် လယ်သမားသည် အစိုးရအခွန်တော်များကို လိုအပ်သကဲ့သို့ ပေးဆောင်ခဲ့ပြီးဖြစ် သည့်အတွက်၊ ထိုလယ်မြေကို လုပ်ကိုင်စားသောက်ရန် အခွင့်အရေးရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ သို့ရာတွင် အနီးရှိရွာမှ တရားပြိုင်များက ထိုဆုံးဖြတ်ချက်ကို သဘောမတူညီသည့်အတွက် အပြီးသတ်ဖြေရှင်းနိုင်ခြင်းမရှိသေးပါ။ ထို့နောက် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီက ထိုအမှုကို မြို့နယ်အဆင့်ကော်မတီသို့ လွှဲပြောင်းပေးခဲ့ပါသည်။ မြို့နယ်အဆင့်ကော်မတီသည် အငြင်းပွါးနေသော နှစ်ဖက်အမှုသည်များနှင့် သက်ဆိုင်ရာ သက်သေများအား နှစ်ကြိမ်တိုင် မေးမြန်းပြီးနောက်၊ ထိုလယ်မြေကို လက်ရှိလုပ်ကိုင်နေသော လယ်သမားသို့ ပေးအပ်ခဲ့ပါသည်။

**မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစတင်ချိန်မှစ၍ မမှန်ကန်သောနည်းလမ်းဖြင့် အကျိုးအမြတ်ရယူလိုသော တစ်ဦးချင်းပုဂ္ဂိုလ်များလည်း ရှိကြပါသည်။** ကိစ္စရပ်အချို့တို့တွင် လူများသည် မြေယာပိုင်ဆိုင်မှုနှင့် အမှန်တကယ် ပတ်သက်သူများက မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အကြောင်း နားမလည်ခြင်းကို အခွင့်ကောင်းယူကာ၊ ထိုမြေများကို တရားမဝင်မှတ်ပုံတင်၍ မိမိပိုင်အဖြစ် ရယူနိုင်မည့် အခွင့်အလမ်းတစ်ခုအဖြစ် မြင်တတ်ကြပါသည်။ ဖြစ်ရပ် (၁၃)တွင် ထိုသို့သော ကိစ္စရပ်မျိုးကို ဥပမာတစ်ခုဖြင့် တင်ပြထားပါသည်။

### သာဓက (13) – ဖြစ်စဉ်လမ်းကြောင်းလိုက်ခြင်း - မြေယာများကို မမှန်မကန်မှတ်ပုံတင်ရန်အတွက် သတင်းအချက်အလက်ကွာဟချက်များကို အသုံးချရန်ကြိုးပမ်းမှုများ

> မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်ရှိ မြေယာအငြင်းပွါးမှုတစ်ခုတွင် မြေယာ (၁၀)ဧကကို အညီအမျှ အမွေခွဲဝေယူရမည့် မောင်နှမနှစ်ဦးပါဝင်ပါသည်။၂၀၁၃ခုနှစ်တွင်၊အစိုးရက မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ကြေငြာ လိုက်သောအခါ၊ အစ်ကိုဖြစ်သူက မြေယာ (၁၀) ဧကလုံးကို သူ၏ အမည်ဖြင့် မှတ်ပုံတင်လိုက်ပြီး၊ ညီမဖြစ်သူအား မြေ၎ယာ မှတ်ပုံတင်လက်မှတ်ကို တရားဝင် ရရှိပြီးပါက သူမ၏ အမွေဝေစုကို ပြန်လည်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့ပါသည်။သို့ရာတွင် ကတိအတိုင်းပြန်လည် လွှဲပြောင်း ပေးခြင်းမရှိသည့်အတွက်၊ ညီမဖြစ်သူက ကျေးရွာအုပ်ချုပ်ရေးမှူးသို့ တိုင်ကြားခဲ့ပါသည်။ ကျေးရွာတွင် နေထိုင်ကြသော ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များနှင့် ရပ်မိ ရပ်ဖများက အစည်းအဝေး ပြုလုပ်ပြီးနောက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးက ထိုမောင်နှမနှစ်ဦးအား သူတို့မိဘများ သတ်မှတ် ခွဲဝေ ပေးခဲ့သည့်အတိုင်း၊ မြေယာများကို အညီအမျှခွဲဝေယူရန် အကြံပြုခဲ့ပါသည်။ မောင်နှမနှစ်ဦးအနက် တစ်ဦးဦးက ဤဆုံးဖြတ်ချက်ကို လက်မခံနိုင်ပါက၊ မြို့နယ်အဆင့်မြေယာကော်မတီသို့ ဆက်သွားနိုင်ကြောင်းနှင့် ယင်းသို့ ဆက်သွားပါက ငွေကြေးကုန်ကျမှုရှိနိုင်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ ထိုမောင်နှမနှစ်ဦးတို့က ကျေးရွာအုပ်ချုပ်ရေးမှူး၏ အကြံပေး ချက်ကို လိုက်နာရန် သဘောတူညီခဲ့ကြပါသည်။

။

> ကာလရှည်ကြာနေ ပြီဖြစ်သည့် အငြင်းပွါးမှုများ သို့မဟုတ် မြေသိမ်း မှုများ ကိုမူ ဖြေရှင်းရန် ခက်ခဲ ပါသည်။ မြေအနည်းငယ် သာပိုင်ဆိုင်သော လယ်သမားများသည်လည်း ကျေးရွာတွင်းအမှုများကို မြို့နယ်အဆင့်သို လွှဲပြောင်းလိုက်ပါက၊ ခရီး စရိတ် ကုန်ကျမှုများနှင့် အမှုစစ်ဆေးသည့် အချိန်တိုအပါအဝင် အခက်အခဲများနှင့် ရင်ဆိုင်ကြရပါသည်

**လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီများသည် အငြင်းပွါးမှုများကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ဖြေရှင်းပေး လေ့ရှိပါသည်။** ကျေးရွာသားများကသူတို့၏အငြင်းပွါးမှုများကိုဖြေရှင်းရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများအား အဓိကဆက်သွယ်ရမည့်သူများအဖြစ် မှတ်ယူထားပါသည်။ သို့ရာတွင် အထက်ပါဖြစ်ရပ်နှစ်ခုလုံးတွင် ဖော်ပြထား သကဲ့သို့ပင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အငြင်းပွါးမှုများကို ဖြေရှင်းရာ၌ အသစ်ဖွဲ့စည်းထားသော လယ်ယာ မြေစီမံခန့်ခွဲရေးကော်မတီများ၏ အကူအညီကို ရယူရပါသည်။ ထိုသို့ရယူရာတွင် ကော်မတီများအား အငြင်းပွါးမှု များကို စစ်ဆေးပေးရန် မေတ္တာရပ်ခံခြင်းဖြင့်လည်းကောင်း၊ အငြင်းပွါးနေသူများအား (လယ်ယာမြေ စီမံခန့်ခွဲရေး ကော်မတီ၏ ခေါင်းဆောင်များဖြစ်ကြသည့်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံသို့လွှဲပြောင်းပေးခြင်းဖြင့် လည်းကောင်းဆောင်ရွက်ကြရပါသည်။

**မြေအနည်းငယ်သာပိုင်ဆိုင်သော လယ်သမားများသည် ခရီးစရိတ်ကုန်ကျမှုများပြားခြင်း၊ ကြားနာစစ်ဆေးမှုများသည် စိုက်ပျိုးရေးလုပ်ငန်းချိန်များနှင့်ထပ်နေတတ်ခြင်း၊ အကျင့် ပျက်ခြစား မှုရှိနိုင်ခြင်းတို့ကြောင့် အငြင်းပွါးမှုများကို မြို့နယ် အဆင့်တွင် ဖြေရှင်းရာ၌ အခက်အခဲများနှင့် ရင်ဆိုင်ကြရပါသည်။** QSEM 3 လေ့လာမှုအတွင်းတွင် အဓိကအားဖြင့် တောင်သူလယ်သမားသမဂ္ဂ၏ အားပေး လှုံ့ဆော်ပေးမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးမှ မြေယာအငြင်းပွါးမှု များစွာ ထွက်ပေါ်လာခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ နောက်ထပ် အငြင်းပွါးမှုအသစ်များ အနည်းငယ်ထပ်မံထွက် ပေါ်လာခဲ့သေးသော်လည်း ထိုစဉ်က သတ်မှတ်ဖော်ထုတ်ထားသည့် အငြင်းပွါးမှု အများစုကို ဖြေရှင်းပေးနိုင်ခြင်း မရှိသေးပါ။ အငြင်းပွါးမှုအများစုကို မြို့နယ်အဆင့်သို့ လွှဲပြောင်းပေးခဲ့သည့်အတွက် လယ်သမားများအနေဖြင့် သူတို့၏ အမှုများတိုးတက်မှုအခြေအနေကို စောင့်ကြည့်ရာတွင် အခက်အခဲများတွေ့ကြရပါသည်။ သူတို့၏ အမှုများကို မည်သည့်အချိန်တွင် မည်သို့ စစ်ဆေးကြားနာမည်ဆိုသော ခိုင်မာသည့် သတင်းအချက်အလက်များ မရရှိနိုင်ကြောင်း လယ်သမားများက ပြောကြားခဲ့ကြပါသည်။ အမှုများကို စစ်ဆေးနေသောအခါတွင်လည်း၊ အချိန်ကပ်မှ သိရခြင်း၊ သီးနှံရာသီချိန်ဖြစ်နေခြင်း၊ မြို့နယ်အဆင့်သို့ သွားရန် ခရီးစရိတ်ရှာရခြင်းကဲ့သို့သော လုပ်ထုံးလုပ်နည်းဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး၊ မြို့သို့ရောက်သောအခါတွင်လည်း သူတို့၏ အမှုကို ရွှေ့ဆိုင်းလိုက်ကြောင်းသာ ကြားသိကြရပါသည်။ များစွာသောလူများက အမှုတိုးတက်မှုနှင့်ပတ်သက်၍ အဆိုးမြင်တတ်ကြပြီး၊ တိုင်ကြားမှုများသည် `အောက်ခြေနှင့် မြို့နယ်အဆင့်တို့၌ အကျင့်ပျက်ခြစားမှုများ´ကြောင့် နှောင့်နှေးနေကြောင်း´ ရှုမြင်ကြပါသည်။ အခြားတစ်ဖက်တွင်မူ၊ မြေစာရင်းဦးစီးဌာနမှ အရာရှိများက သက်သေ များကို ဆင့်ခေါ်ရန် ခက်ခဲပြီး၊ အချို့သော အမှုသည်များမှာ အမှုရှုံးမည်ကို ကြောက်သည့်အတွက် အမှုချိန်းလာရန် ပျက်ကွက်တတ်သောကြောင့်အမှုများကိုစစ်ဆေးရန်ခက်ခဲကြောင်း ပြော ကြားခဲ့ပါသည်။

**ပိုမိုကြီးမားသော မြေသိမ်းမှုများကို ဖြေရှင်းရန်မှာလည်း စိန်ခေါ်မှုတစ်ခုဖြစ်နေပါသည်။** မြေသိမ်းမှုနှင့်ပတ်သက်၍ ပြောင်းလဲနေသည့် ဥပမာအသစ်တစ်ခုကို တွေ့ရှိရပါသည်။ ဤအမှုတွင် စစ်တပ်သည် လွန်ခဲ့သော ဆယ်နှစ် ကျော်က သိမ်းထားသော မြေများကိုပြန်ပေးရန်သဘောတူ ထားပြီး ဖြစ်သော်လည်း၊ မြေပြန်ရလာ ခြင်းကြောင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ များအကြား တွင်လည်းကောင်း၊ ကျေးရွာတစ်ရွာချင်း အတွင်းတွင်လည်းကောင်း လယ်သမားများအချင်းချင်း အငြင်းပွါးမှုများကို ဖန်တီးပေးခဲ့ပါသည်။အောက်ပါဖြစ်ရပ်များတွင် ကျေးရွာသားများကထိုသို့သောအငြင်းပွါးမှုများကို ဖြေရှင်းရန် ကြိုးစားပုံများကို တင်ပြထားပါသည်။

သာဓက (14) ရှမ်းပြည်နယ်ရှိ မြေသိမ်းမှုများကို ဖြေရှင်းရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများ

**လွန်ခဲ့သော (၁၀)နှစ်ခန့်က အမှတ် ၅၀၁ တပ်ရင်းနှင့် အမှတ် ၅၀၂ တပ်ရင်းတို့သည် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်မှ ရွာတစ်ရွာနှင့် ရွာနီးချင်းရွာတစ်ရွာတို့ ပိုင်ဆိုင်သော မြေဧက (၂၀၀) ခန့်ကို သိမ်းယူခဲ့ပါသည်။** ထိုမြေပေါ်တွင် သီးနံ့တစ်ရာသီ လျှင် တစ်ဧက စပါး (၃)တင်းနှုန်း သီးစားခပေးစေခြင်းဖြင့် လယ်သမားများအား ပြန်လည်လုပ်ကိုင်ခွင့်ပေးထားပါသည်။ ထိုအချိန်တွင်အချို့သောမြေပိုင်ရှင်လယ်သမားများသည်ဒဏ် ကြေး ငွေ တောင်းခံခြင်းကို ရှောင်ရှားရန်အတွက် အသိမ်းခံရ သော သူတို့၏ မြေအချို့တစ်ဝက်ကို ဆက် မလုပ်တော့ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ဖြစ်၍ အခြားသော လယ်သမားများက ထို လစ်လပ်နေသော မြေနေ ရာတွင် ဝင်ရောက်လုပ်ကိုင်စားသောက်ကြပါသည်။

**၂၀၁၃ ခုနှစ်တွင် စစ်တပ်မှ သိမ်းထားသော မြေများအားလုံးပြန်ပေးရန်အစိုးရကကြေငြာခဲ့သောအခါ၊ အသိမ်းခံထားရသေ မြေပေါ်တွင် နှစ်ပေါင်းများစွာလုပ်ကိုင်လာသော လယ်သမားများနှင့် မူလမြေပိုင်ရှင်တို့ အကြားတွင် အငြင်းပွါးမှုများ ထွက်ပေါ် လာခဲ့ပါသည်။** ရွာနီးချင်းကျေးရွာက သူတို့ရွာနှင့်နီးသော မြေများကို လွှဲပြောင်းပေးရန် တောင်းဆိုလာသည့်အတွက် ထိုကျေး ရွာနှင့် ရွာနီးချင်းကျေးရွာတို့အကြားတွင်လည်း ပြဿနာများပေါ်ထွက်လာခဲ့ပါသည်။ ပထမရွာမှကျေးရွာသားများကထိုမြေပေါ်တွင် ဆက်လက်လုပ်ကိုင်စား သောက်လိုပါက၊ ရွာနီးချင်းရွာမှ ကျေးရွာသားများသို့ တစ်ရာသီအတွက် တစ်ဧကလျှင် စပါး (၃)တင်းပေးရန် တောင်းဆိုခဲ့ကြပါသည်။ ထိုပမာဏမှာ ကျေးရွာသားများက စစ်တပ်သို့ ပေးရသည့် သီးစားခ ပမာဏဖြစ်ပါသည်။

**ဤရွာတွင် အုပ်ချုပ်ရေးမှူးရာထူးလစ်လပ်နေသည့်အတွက်ကြောင့်လည်း၊ ဤကျေးရွာနှင့်ပတ်သက်သည့် အငြင်းပွါးမှုများကို ဖြေရှင်းပေးရန် ခက်ခဲခဲ့ပါသည်။** ဤကျေးရွာသည်ရွာနီးချင်းကျေးရွာနှင့် အငြင်းပွါး မှုများဖြေရှင်းရာတွင် ကျေးရွာရပ်မိ ရပ်ဖများနှင့် လယ်သမား (၂၀)ဦးတို့က အုပ်ချုပ်ရေးမှူးကိုရှင်းပြခြင်းဖြင့်လည်းကောင်း၊ပြဿနာဖြစ်နေသော ထိုလယ်မြေများ ပေါ်တွင်မျိုးဆက်များစွာလုပ်ကိုင်လာခဲ့သောရွာနီးချင်းကျေးရွာမှ ရပ်မိရပ်ဖ များနှင့်ဆွေးနွေးခြင်းဖြင့်လည်းကောင်း၊ မြေယာ များကို လွှဲပြောင်းမပေးသင့်ကြောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ နောက်ပိုင်းတွင် တစ်ဖက်ရွာမှ တောင်းဆိုချက်များ တစ်ဖြည်းဖြည်း ရပ်စဲသွားပါသည်။

**သို့ရာတွင် မိမိတို့ ကျေးရွာတွင်း အငြင်းပွါးမှုများကိုမူ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အကြံဉာဏ်တောင်းခံ၍ ဖြေရှင်းခဲ့ ရပါသည်။ အုပ်ချုပ်ရေးမှူးကလည်း၊ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီနှင့်အတူ မြေပြင်ကွင်းဆင်းစစ်ဆေးကာ အငြင်းပွါးမှုများကို ဖြေရှင်းပေးနိုင်ခဲ့ပါသည်။ မူလမြေပိုင်ရှင်များ မဟုတ်ကြ သော်လည်း၊ အသိမ်းခံမြေပေါ်ရှိ မြေယာ အနည်းငယ်တွင်သာ စိုက်ပျိုးနေသော လယ်သမား ငယ်များအား ဆက်လက်စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးခဲ့ပါသည်။** သုတေသန ပြုလုပ်ချိန်တွင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည်ပြဿ နာများကို ဖြေရှင်းပေးရန်အတွက် အငြင်းပွါးနေသော လယ်သမားများ၊ ထိုကျေးရွာမှ ကျေးရွာ အုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီဝင်များနှင့် အစည်းအဝေးများ ပြုလုပ်နေပါသည်။ နောက်ဆုံးတွင်အသိမ်းခံ မြေပေါ်တွင် နှစ်ပေါင်းများစွာ စိုက်ပျိုးလာခဲ့သော လက်ရှိ လယ်သမားများသည် ထိုမြေပေါ်တွင် ဆက်လက် လုပ်ပိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

**မြေယာအငြင်းပွါးမှုများ၏ နောက်ကွယ်တွင်မြေဈေးကစားမှုများရှိနေနိုင်ကြောင်းကျေးရွာသားများက ယုံကြည်ကြပါသည်။** မြေယာများတွင် လက်ရှိလုပ်ကိုင်စားသောက်နေသော လယ်သမားများအား မြေပိုင်ဆိုင်မှု အတွက် ယှဉ်ပြိုင်နေသော လူများ သည် ထိုမြေယာများကို ရရှိပါက ပြန်ရောင်းစားလိုကြကြောင်း ကျေးရွာ သားများက မှတ်ချက်ပြုခဲ့ကြပါသည်။ ရှမ်းပြည်နယ် တွင် ပြောင်းဖူးဈေးနှုန်းမြင့်တက်လာသည်နှင့်အမျှ၊ ကျေးရွာ သားများကလည်း မြေဈေးများမြင့်တက်လာမည်ဟု မျှော်မှန်းကြပါ သည်။

## သဘာဝသယံဇာတများအားစီမံခန့်ခွဲခြင်း

**နောက်ဆုံးအနေဖြင့် သစ်တောများထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အများပိုင်မြေကို မှတ်ပုံတင်ကြသည့် ဥပမာများကို တွေ့ရှိခဲ့ပါသည်။** မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ကျေးရွာအချို့၌

သစ်တောမြေများ တိုးတက်စေရေးအတွက် အများစုပေါင်း၍ ကာကွယ်စောင့်ရှောက်ရန် စုပေါင်းအားထုတ်မှုများရှိကြပါသည်။ ဖြစ်ရပ်နှစ်ခုလုံးတွင် သစ်တောမြေကို ဒေသခံပြည်သူများ၏ ပိုင်ဆိုင်မှုအဖြစ်သတ်မှတ်ပေးရန် အစိုးရအား ပြောဆိုနိုင်ရေးအတွက် ဒေသခံပြည်သူအုပ်စုများက အားပေးလှုံ့ဆော်ပေးခဲ့ပါသည်။ ကျေးရွာများအနီးရှိ သစ်တောများကိုအများပိုင်အဖြစ်အရေး ဆိုနိုင်ရန်အတွက် မြို့နယ်အဆင့်သစ်တောဦးစီးဌာနနှင့်မြေစာရင်းဦးစီးဌာနများသို့ လျှောက်လွှာ များ တင်သွင်းရာတွင် ကျေးရွာများစွာတို့ စုပေါင်းပါဝင်ခဲ့ကြပါသည်။ ထိုအစပျိုး လုပ်ငန်းများ ဆောင် ရွက်ရသည့် နောက်ခံအကြောင်းရင်းများနှင့် တွန်းအားများမှာမူ ကွဲပြားခြားနားကြပါသည်။ အောက်ပါ ဖြစ်ရပ် (၁၅)တွင် ဖော်ပြထားသည့်အတိုင်း၊ မကွေးတိုင်းဒေသကြီးရှိ အစပျိုးလုပ်ငန်းများကို ကျေးရွာတွင် အများလေးစားကြသော ရပ်မိရပ်ဖများက ရာသီဥတုအခြေအနေများ ဆိုးရွားလာခြင်းကြောင့် သဘာဝသယံ ဇာတများပျက်စီးမှုကို ကာကွယ်ရန် ဦးဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ရှမ်းပြည်နယ်တွင်မူ ပုဂ္ဂလိကဖွံ့ဖြိုးရေး လုပ်ငန်း များကြောင့် သစ်တောများ ပျက်စီးခြင်းမှ ကာကွယ်ရန်အတွက် ဒေသခံ NGO အဖွဲ့တစ်ဖွဲ့မှ ကူညီပေးခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင်ထိုဖြစ်ရပ်နှစ်ခုလုံး၌ ကျေးရွာသားများအနေဖြင့် ကျေးရွာတစ်ရွာချင်းအလိုက် အရေးဆိုခြင်း ထက် ကျေးရွာများ စုပေါင်းဆောင်ရွက်ခြင်းက အစိုးရဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်သည်ဟူသော အမြင်ကို ခံစားကြရပါသည်။

**သာဓက (15) သာဓကများကို နှိုင်းယှဉ်လေ့လာခြင်း - မကွေးနှင့် ရှမ်းဒေသတို့တွင် သဘာဝသယံဇာတ စီမံအုပ်ချုပ် မှု တိုးတက်စေရေးအတွက် ကျေးရွာများစုပေါင်းဆောင်ရွက်သည့် လုပ်ငန်းများ**

**မကွေးတိုင်းဒေသကြီးရှိ မြို့နယ်တစ်မြို့နယ်တွင်အများပိုင်အဖြစ်မှတ်ပုံတင်နိုင်ရန်အတွက် ကျေးရွာများစုပေါင်းအားထုတ်မှု တစ်ခုကို ကျေးရွာ ရပ်မိရပ်ဖများက ဦးဆောင်၍ အစပျိုးလုပ်ဆောင်ခဲ့ပါသည်။** ကျေးရွာရပ်မိရပ်ဖများကလျှောက်လွှာတင်သွင်း သည့် လုပ်ငန်းစဉ်တွင် လယ်သမားများပူးပေါင်းပါဝင်လာစေရန်အားပေးလှုံ့ဆော်ပေးခဲ့ပါသည်။ အောင်လံမြို့နယ်ရှိ ကျေးရွာ (၆) ရွာမှ တောင်သူလယ်သမားအုပ်စုများသည် သစ်တောမြေကို အများစုပေါင်းပိုင်ဆိုင်မှုအဖြစ် မှတ်ပုံတင်နိုင်ရန်အတွက် မြို့နယ်မြေစာရင်းဦးစီးဌာန၊ သစ်တော ဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ လျှောက်ထားခဲ့ကြပါသည်။ `လယ်ယာလုပ်ငန်းဆိုတာ ရာသီဥတု အခြေအနေပေါ် မှီခိုနေရတာ၊ ဒီနေရာမှာ သစ်တော၊ သစ်ပင်တွေရဲ့ အခန်းကဏ္ဍက အရမ်း အရေးကြီးတယ်၊ သစ်တောမြေတွေကို ဒေသခံတွေက စုပေါင်းကာကွယ်စောင့်ရှောက်ဖို့ လျှောက်ထားတယ်ဆိုတာ ကောင်းတယ်၊ ဒါ့အပြင် သစ်တောမြေနဲ့ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ထင်းခုတ်တာနဲ့ ပတ်သက်တဲ့ စည်းမျဉ်း စည်းကမ်း တွေကို လိုက်နာလာကြမှာ´ ဟု လယ်သမားများက ပြောကြားခဲ့ပါသည်။ အများစုပေါင်းထိန်းသိမ်းမည့် သစ်တော သည် ပဲခူးရိုးမနှင့်ကပ်နေပြီး၊ သစ်ထုတ်ရန်အတွက် ပုံမှန်အသုံးပြုနေသောကြောင့် ထိုသို့ ပိုင်ဆိုင်မှု မှတ်ပုံတင်ထားရန် အထူးအရေးကြီးပါသည်။ ကျေးရွာ (၆)ရွာအနက်၊ ရွာတစ်ရွာမှ အုပ်ချုပ်ရေးမှူးသည် အခြားကျေးရွာများနှင့် ညှိနှိုင်းရသည်မှာ ပြဿနာတစ်ခုဖြစ်နေသောကြောင့် မိမိကျေးရွာအပိုင်ဖြစ်သော သစ်တောမြေအပိုင်းကို မိမိတို့ ကျေးရွာတစ်ရွာတည်း အမည်ဖြင့် မှတ်ပုံတင်ရန် ပိုစိတ်ဝင်စားပါသည်။ သို့ရာတွင် လျှောက်လွှာတင်ရာ၌ ပူးပေါင်းပါဝင်ကြသော လယ်သမားများက အခြားရွာများနှင့်ပူးပေါင်း လျှောက်လွှာ တင်ခဲ့လျှင် ပိုမိုဂရုစိုက်ခံရမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ အစိုးရဌာနများကလည်း လွယ်ကူစွာ တုန့်ပြန် ဆောင်ရွက်ပေးလိမ့်မည်ဟု ယုံကြည်ကြပါသည်။ တွေ့ဆုံမေးမြန်းခဲ့သော လယ်သမားများက သူတို့ လျှောက် ထားသည့် စုပေါင်းပိုင်ဆိုင်မှုကိုခွင့်ပြုသည်နှင့် တစ်ပြိုင်နက်၊ထိုသစ်တောမြေတွင် သစ်ပင်များ ပိုမိုစိုက် ပျိုးရေးအတွက် ရန်ပုံငွေ ရှာဖွေသွားရန် အစီအစဉ်ရှိကြောင်း ပြောကြားခဲ့ကြပါသည်။

**ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ သစ်တောမြေကို ဒေသခံများ၏ စုပေါင်းပိုင်ဆိုင်မှုအဖြစ် လျှောက်ထားရန် ကြိုးစားမှုမှာမူ NGO အဖွဲ့အစည်းတစ်ခုက အစပျိုးဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။** မကွေးဒေသရှိ ဖြစ်ရပ်နှင့်မတူညီသည်မှာ၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်ရှိ ကျေးရွာ (၃)ရွာနှင့်ဆက်စပ်နေသော သစ်တောမြေအချို့တစ်ဝက်ကို ကျေးရွာတစ်ရွာမှ ရွာသားအုပ်စု တစ်စုက လယ်ယာလုပ်ကိုင်ရန် ခုတ်ထွင်ရှင်းလင်းခဲ့ပြီးနောက်တွင်မှ ဒေသခံ NGO အဖွဲ့တစ်ခုကဦးဆောင်၍ ဒေသခံများ၏ စုပေါင်းပိုင်ဆိုင်မှုအဖြစ် လျှောက်ထားရန် ကြိုးစား အားထုတ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ရွာနီးချင်းကျေးရွာမှ ရွာသားများအား ထိုသစ်တောမြေအတွင်း လယ်ယာလုပ်ငန်းများကို ဆက်မလုပ်ရန် သတိပေးခဲ့ရပါသည်။ ထို့နောက်ပိုင်းတွင် NGO အဖွဲ့တစ်ဖွဲ့က သစ်တောမြေကိုကျေးရွာ(၃)ရွာလုံးကစုပေါင်းထိန်းသိမ်း၍ မှတ်ပုံတင်ခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို သတင်းအချက်အလက်များ ဖြန့်ဝေ ပေးခဲ့ပါသည်။ ခုတ်ထွင်ရှင်းလင်းခံရသော သစ်တောမြေကို ထိုကျေးရွာကသာ တရားဝင်ပိုင်ဆိုင်ထားပါက၊ ကျူးကျော် သူများအား သတိ ပေးခြင်းသည် တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းရမည့် အခြေအနေသို့ ရောက်ရှိသွားနိုင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ကလည်း သဘောပေါက်လာခဲ့ပါသည်။ သုတေသနပြုလုပ်ချိန်တွင် ထိုNGO အဖွဲ့သည် ကျေးရွာ (၃)ရွာမှ ကျေးရွာသားများ၏ သဘောတူညီချက်ကို ရယူရန် ဆောင်ရွက်နေပြီး၊ သစ်တောမြေကို ဒေသခံများစုပေါင်းပိုင်ဆိုင်ခွင့်အတွက် လျှောက်လွှာ ပြင်ဆင်လျက်ရှိပါသည်။ မကွေး

ဒေသနှင့်တူညီသည်မှာ NGO အဖွဲ့အနေဖြင့် ကျေးရွာများအားစုပေါင်း၍ မှတ်ပုံတင်ရန် ကြိုးစားခြင်းဖြင့် ကျေးရွာသားများအား ပိုမိုတက်ကြွစေရန် အရှိန်တင်ပေးနိုင်ပြီး၊ သစ်တောဦးစီးဌာနကလည်း တုန့်ပြန်ဆောင်ရွက်ပေးစေမည်ဟူသော အချက်ကို အလေးအနက်ထားပါသည်။

## ချေးငွေလက်လှမ်းမီခြင်း

*`နောက်နှစ်မှာ ဒီလို ပြောင်းဖူးချေးတွေ တက်လာခဲ့ရင် ကျွန်တော်တို့ မဆပ်ရသေးတဲ့ အကြွေးတွေ ကြေအောင်ဆပ်နိုင်မယ်၊ ကျွန်တော်တို့လဲမျှော်လင့်ချက်ရောင်ခြည်လေးတွေရှိလာတာပေါ့´* ရှမ်းပြည်နယ်မှ တောင်သူတစ်ဦး။

*`ဒီနှစ် နမ်းတစ်တင်းကို ၅၀၀၀၀ ဈေးနဲ့ ရောင်းလိုက်ရတယ်၊ ဒီတော့ အကြွေးရှိတဲ့လူတွေက သူတို့ အကြွေးတွေ အားလုံးကို အကြေပြန်ဆပ်နိုင်ကြတယ်´* မကွေးတိုင်းဒေသကြီးမှ တောင်သူတစ်ဦး။

ယခင်အကြိမ်လေ့လာမှုများနှင့် နှိုင်းယှဉ်ပါက ချေးငွေရရှိနိုင်မှု တိုးလာခြင်းနှင့် အတိုးနှုန်းလျော့ကျလာခြင်းတို့မှအပ ချေးငွေ လက်လှမ်းမီမှုတွင် အပြောင်းအလဲ မရှိသလောက်နည်းခဲ့ပါသည်။

**ယခင် QSEM လေ့လာမှုအကြိမ်များနှင့် နှိုင်းယှဉ်ပါက၊ ချေးငွေလက်လှမ်းမီမှုတွင် ပြောင်းလဲမှု အလွန်နည်းပါး ခဲ့ပါသည်။** ယခင်လေ့လာမှုအကြိမ်များအတွင်း အတိုးနှုန်းမြင့်မားခြင်း၊ အကြွေးတင်ရှိမှုများခြင်း၊ စိုက်ပျိုးရေး ရာသီချိန်များနှင့် ကိုက်ညီမှုမရှိသော ပြန်ဆပ်ရမည့် ကာလများစသည်တို့အပါအဝင် ချေးငွေလက်လှမ်းမီမှုအတွက် စိန်ခေါ်မှုများကို မှတ်တမ်းတင်ထားခဲ့ပါသည်။ ဤအကြိမ်တွင်မူ အချို့သော ဒေသများ၌ ချေးငွေရရှိနိုင်သော ရင်းမြစ်များတိုးလာကြောင်း တွေ့ရှိရပါသည်။ ငွေထုတ်ချေးသူများ၊ အထူးသဖြင့် မြန်မာ့စိုက်ပျိုးရေးဘဏ်သည် သည် ထုတ်ချေးငွေပမာဏကို တိုးမြှင့်ပေးခဲ့ကြပါသည်။ ခြုံငုံကြည့်ပါက အတိုးနှုန်းများ ပြောင်းလဲမှုမှာ အကန့်အသတ်ဖြင့် သာရှိပါသည်။ လူများက အကြွေးတင်ရှိနေသည့် ပမာဏကို ပြောကြားကြခြင်းမရှိပါ။ သို့သော် အချို့သော တုန့်ပြန်ဖြေကြားသူများကမူ စီးပွါးရေးရလာဒ်များ ကောင်းမွန်လာခြင်းကြောင့် သူတို့၏အကြွေးများကို ပြန်ဆပ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ကြပါသည်။ ဇယား (၁၃) တွင် ဒေသအားလုံးအတွက် ချေးငွေရင်းမြစ်များနှင့် အတိုးနှုန်းပြောင်းလဲမှုများကို အကျဉ်းချုပ်ဖော်ပြထားပါသည်။

**အချို့ဒေသများတွင် နောက်ထပ်ချေးငွေရင်းမြစ်များ ရရှိနိုင်ခဲ့ရာ အဓိကအားဖြင့် အစိုးရ သမဝါယမအသင်းများကို တိုးတက်အသုံးပြုလာသည့် ရလာဒ်ကြောင့်ဖြစ်ပါသည်။** QSEM လေ့လာမှုများအတွင်းတွင် မန္တလေးတိုင်းဒေသ ကြီးရှိ ကျေးရွာအများစု၌ အစိုးရ၏ သမဝါယမအသင်းများကို အတွေ့များပါသည်။ အခြားဒေသများတွင်မူ ယခင်QSEMလေ့လာမှုအကြိမ်များအတွင်း အနည်းငယ်သာတွေ့ရှိရပါသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တို့တွင် သမဝါယမ အသင်းများကို လုံးဝအသုံးမပြုဘဲ၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ကျေးရွာ တစ်ရွာစီကသာ အသုံးပြုကြောင်း ပြောကြားခဲ့ပါသည်။ [16] ယခု QSEM 4 လေ့လာမှုအရ ဤဒေသများရှိ ကျေးရွာများအနက် သုံးပုံတစ်ပုံခန့်တွင် သမဝါယမအသင်းများကို တိုးတက်အသုံးပြုလာကြကြောင်း တွေ့ရှိရပါသည်။ ထိုသို့ တိုးတက်လာခြင်းမှာ သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများက သူတို့၏ လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက် လာသောကြောင့်ဖြစ်ပါသည်။ သမဝါယမအသင်းများသည် ချေးငွေ ၅၀၀၀၀ ကျပ်မှ ၁၀၀၀၀၀ ကျပ်အထိကို အတိုးနှုန်း ၁.၅% မှ ၃% ဖြင့် ထုတ်ချေးပေးကြပါသည်။ [17] ထိုချေးငွေပမာဏမှာ အတော်အသင့်နည်းပါးသည့်အတွက် သမဝါယမအသင်းများတိုးချဲ့လာခြင်းသည်လည်း ချေးငွေရရှိနိုင်မှုပမာဏကို သိသာစွာတိုးတက်စေခြင်း မရှိပါ။ သို့သော်ထိုသမဝါယမအသင်းများကြောင့် မြန်မာ့စီးပွါးရေးဘဏ်မှ ချေးငွေရယူနိုင်ခြင်းမရှိသော မြေယာမဲ့ များ အပါအဝင် လူမှုစီးပွါးရေးအုပ်စုအမျိုးမျိုးတို့အတွက် နောက်ထပ်ချေးငွေရင်းမြစ်တစ်ခုအဖြစ် ထောက်ပံ့ ပေးနိုင်ခဲ့ပါသည်။

**အစိုးရမူဝါဒပြောင်းလဲမှုများကြောင့် အဓိကအားဖြင့် ချေးငွေပမာဏများတိုးလာခဲ့ပါသည်။** မြန်မာ့စိုက်ပျိုးရေးဘဏ် သည် လယ်မြေများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ် ချေးပေး

[16] သုတေသနပြုလုပ်ချိန်တွင် ရခိုင်ပြည်နယ်၌ သမဝါယမအသင်းများ မရှိသေးပါ။

[17] ခြွင်းချက်တစ်ခုမှာ မန္တလေးဒေသကြီး၊ သာစည်မြို့နယ်တွင် ချေးငွေများကို ၃၀၀၀၀၀ အထိ ချေးယူနိုင်ကြပါသည်။

နေပြီဖြစ်ရာ၊ ၂၀၁၀ ခုနှစ်က ထက် (၅) ဆ အထိတိုးလာခဲ့ကြောင်း တုန့်ပြန်ဖြေကြားသူများက ပြောကြားခဲ့ပါသည်။ LIFT အဖွဲ့၏ ကာလလယ်အစီရင်ခံစာတွင်ဖော်ပြထာသည့်အတိုင်း၊ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးယူနိုင်သော ပမာဏတိုးမြင့်လာခြင်း ကြောင့် ထိုချေးငွေများကို ရယူလိုသူ ပိုများလာခဲ့ပါသည်။ ဥပမာအားဖြင့် မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာ တွင် ချေးငွေထုတ်ယူသည့် လယ်သမားအရေအတွက်မှာ ယခင်နှစ်က (၁၀) ဦးရှိခဲ့ရာမှ ယခုနှစ်တွင် (၈၀) ဦး ရှိ လာခဲ့ပါသည်။ ဤအပြောင်းအလဲအရ ယခင်က ကျေးရွာသားများသည် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေများကို ရှောင်ရှားလေ့ရှိကြောင်း ဖော်ပြနေပါသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာ အချို့တို့တွင် လယ်သမားများက ကျေးရွာအုပ်ချုပ်ရေးမှူးအား စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက် ပေးရန် တောင်းဆိုမှုများ ရှိလာခဲ့ပါသည်။

ဇယား (13) – ဒေသအလိုက် ချေးငွေရင်းမြစ်များစာရင်းနှင့် အတိုးနှုန်းပြောင်းလဲမှုများ

| ဒေသ | အတိုးနှုန်းပြောင်းသည့် ကျေးရွာအရေအတွက် | ချေးငွေရင်းမြစ် | QSEM 2/3 ကာလအတွင်း လစဉ်အတိုးနှုန်း | QSEM 4 ကာလအတွင်း လစဉ်အတိုးနှုန်း |
|---|---|---|---|---|
| **ဧရာဝတီ** | (၉)ရွာအနက် (၀)ရွာ | မြန်မာ့စိုက်ပျိုးရေးဘဏ် | ၀.၇၁% | |
| | (၉)ရွာအနက် (၀)ရွာ | NGO အစီအစဉ်များ | ၁.၈% မှ ၂% | |
| | (၉)ရွာအနက် (၀)ရွာ | ပုဂ္ဂလိကငွေချေးသူများ | ၅% မှ ၁၀% | |
| | (၉)ရွာအနက် (၀)ရွာ | ရွှေဆိုင် | ၂% မှ ၃% | |
| | (၉)ရွာအနက် (၀)ရွာ | ဓါတ်မြေသြဇာဆိုင် | ၂% မှ ၃% | |
| **မကွေး** | (၆)ရွာအနက် (၀)ရွာ | မြန်မာ့စိုက်ပျိုးရေးဘဏ် | ၀.၇၁% | |
| | (၃)ရွာအနက် (၀)ရွာ | သမဝါယမချေးငွေ | ၃% | |
| | (၇)ရွာအနက် (၆)ရွာ | NGO အစီအစဉ်များ | ၃% | ၁.၅% မှ ၂% |
| | (၇)ရွာအနက် (၇)ရွာ | ပုဂ္ဂလိကငွေချေးသူများ | ၇% မှ ၁၀% | ၃% မှ ၇% |
| | (၃)ရွာအနက် (၃)ရွာ | ကျေးရွာရန်ပုံငွေ | ၂% မှ ၄% | ၂% မှ ၃% |
| **ရခိုင်** | (၆)ရွာအနက် (၀)ရွာ | မြန်မာ့စိုက်ပျိုးရေးဘဏ် | ၀.၇၁% | |
| | (၃)ရွာအနက် (၃)ရွာ | NGO အစီအစဉ်များ | မသိရပါ | ၂% |
| | (၄)ရွာအနက် (၀)ရွာ | ပုဂ္ဂလိကငွေချေးသူများ | ၈% မှ ၁၅% | |
| | (၄)ရွာအနက် (၀)ရွာ | ကျေးရွာရန်ပုံငွေ | ၃% | |
| **ရှမ်း** | (၄)ရွာအနက် (၀)ရွာ | မြန်မာ့စိုက်ပျိုးရေးဘဏ် | ၀.၇၁% | |
| | (၂)ရွာအနက် (၂)ရွာ | သမဝါယမချေးငွေ | မသိရပါ | ၂% |
| | (၁)ရွာအနက် (၀)ရွာ | ငွေစုငွေချေးအုပ်စုများ | ၃% | |
| | (၂)ရွာအနက် (၀)ရွာ | ကျေးရွာရန်ပုံငွေ | ၅% | |
| **ချင်း** | (၅)ရွာအနက် (၀)ရွာ | မြန်မာ့စိုက်ပျိုးရေးဘဏ် | ၀.၇၁% | |
| | (၉)ရွာအနက် (၀)ရွာ | NGO အစီအစဉ်များ | ၂% မှ ၂.၅% | |
| | (၄)ရွာအနက် (၄)ရွာ | သမဝါယမချေးငွေ | ၂.၅% | |
| | (၄)ရွာအနက် (၀)ရွာ | ပုဂ္ဂလိကငွေချေးသူများ | ၆% မှ ၇% | ၁.၅% |
| | (၁)ရွာအနက် (၀)ရွာ | ကျေးရွာရန်ပုံငွေ | ၃% | |
| **မန္တလေး** | (၈)ရွာအနက် (၀)ရွာ | မြန်မာ့စိုက်ပျိုးရေးဘဏ် | ၀.၇၁% | |
| | (၃)ရွာအနက် (၀)ရွာ | NGO အစီအစဉ်များ | ၂.၅% | |
| | (၆)ရွာအနက် (၆)ရွာ | သမဝါယမချေးငွေ | ၂.၅% | ၁.၅% |
| | (၉)ရွာအနက် (၄)ရွာ | ပုဂ္ဂလိကငွေချေးသူများ | ၅% မှ ၁၀% | ၅% မှ ၈% |
| | (၅)ရွာအနက် (၀)ရွာ | ကျေးရွာရန်ပုံငွေ | ၆% | |

**တိုင်းတာရန်ခက်ခဲသော်လည်း၊ ချေးငွေရင်းမြစ်များတိုးလာခြင်းနှင့် ချေးငွေပမာဏတိုးလာခြင်းတို့ကြောင့် အကြွေး တင်ရှိမှု ပိုတိုးလာခြင်းမရှိခဲ့ပါ။** သုတေသီများသည်ကြွေးမြီအပေါ် ပိုမိုမှီခိုရန် လိုအပ်နေသော ဇာတ်လမ်းများကို မကြားခဲ့ရပါ။ အချို့သော ဒေသများ (အထူးသဖြင့် ရှမ်းပြည်နယ်) တွင် အခြေ

အနေများသည် ပြောင်းပြန် ဖြစ်နေ ပါသည်။ လယ်သမားများသည် စိုက်ပျိုးရေးလုပ်ငန်းဝင်ငွေများမှ အကျိုးအမြတ်ရှိလာသောကြောင့် ယခင် မဆပ်ရ သေးသော ကြွေးမြီများကို ပြန်ဆပ်နိုင်ကြပါသည်။

**နောက်ဆုံးအချက်အနေဖြင့်၊ မြန်မာ့စိုက်ပျိုးရေးဘဏ်၏ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော အစိုးရမူဝါဒများ သည် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အသစ်ကြောင့် ပြောင်းလဲသွားခြင်းဖြစ်ကြောင်း ယေဘုယျအားဖြင့် ရှုမြင် ကြပါသည်။** လက်ရှိအချိန်တွင် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေ ရရှိရန်အတွက် လယ်သမားအုပ်စုများကို ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးက ပံ့ပိုးကူညီပေးရပါသည်။ ထိုလယ်သမားအုပ်စုများသည် အုပ်စုတွင်းမှ တစ်ဦးချင်း၏ ချေးငွေ များကို အာမခံရပါသည်။ မြန်မာ့စိုက်ပျိုးရေးဘဏ်သည် မြေယာမှတ်ပုံတင်လုပ်ငန်းပြီးစီးပါက ယင်းမြေယာမှတ်ပုံတင်ကတ် များ ဖြင့် တစ်ဦးချင်းချေးငွေများလျှောက်ထားနိုင်ရန် မူဝါဒပြောင်းလဲတော့မည်ဟု ကြားသိနေရ ကြောင်း ရှမ်းပြည် နယ်မှအပ [18] ကျန်ဒေသအားလုံးရှိလယ်သမားများက ကောလဟာလအဖြစ် ပြောကြား ခဲ့ပါသည်။ ထိုအစီအစဉ်မှာ QSEM 4 လေ့လာမှု၏ နောက်ပိုင်းအချိန်များတွင် သွားရောက် လေ့လာ ခဲ့သော မကွေးတိုင်းဒေသ ကြီးရှိ ကျေးရွာတစ်ရွာမှအပ ကျန်ဒေသများတွင် ဆောင်ရွက်ခြင်းမရှိသေးပါ။ မြန်မာ့စိုက်ပျိုးရေးဘဏ်သည် ထိုကျေးရွာမှ လယ်သမားများ၏ တစ်ဦးချင်းချေးငွေလျှောက်ထား လွှာများကို တိုက်ရိုက်လက်ခံနေကြောင်း ကျေးရွာသားများနှင့် မြန်မာ့စိုက်ပျိုးရေး ဘဏ်ဝန်ထမ်း များနှစ်ဖက်လုံးက ပြောကြားခဲ့ပါသည်။

[18] ဤဒေသတွင် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရောက်ရှိမှုမှာ အခြားဒေသများထက် နည်းပါးပါသည်။

## အခန်း (၄) -အခက်အခဲများကိုရင်ဆိုင်ဖြေရှင်းသည့်နည်းလမ်းများ

ကျေးရွာသားများရင်ဆိုင်နေရသည့်ပြင်းထန်သောသက်ရောက်မှုများ (shocks)နှင့်ယင်း တို့ကို တုန့်ပြန်ဆောင် ရွက်သောနည်းလမ်းများနှင့်ပတ်သက်၍ ပြောင်းလဲမှုမရှိသလောက်နည်းပါးပါ သည်။ ကျေးရွာသားများသည်ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက၊ပြင်းထန်မှုနည်းပါးသောထိခိုက်မှုများကိုသာရင်ဆိုင်ခဲ့ ရပြီးစိုက်ပျိုးရေးလုပ်ငန်းမှဝင်ငွေများလည်းကောင်းမွန်ခဲ့ပါသည်။ပြင်းထန်သောသက်ရောက်မှုများကိုတု န့်ပြန်ရာတွင်မူအခက်အခဲများရင်ဆိုင်နေရသောအိမ်ထောင်စုများကိုကာကွယ်စောင့်ရှောက်မှုအချို့ပေး နိုင်ခဲ့ပါသည်။

ဤအခန်းတွင်လွန်ခဲ့သော (၁၂)လအတွင်းကျေးရွာသားများရင်ဆိုင်ခဲ့ရသည့် အဓိကပြဿနာ များကိုသတ်မှတ်ဖော်ထုတ်ထားပြီး၊ထိုပြဿနာများကိုကျော်လွှားနိုင်ရန်အသုံးပြုခဲ့သောမဟာဗျူဟာများ ကိုလည်းဆန်းစစ်တင်ပြထားပါသည်။ယခင်QSEM လေ့လာမှုများတွင် ရာသီဥတုနှင့် ဆက်စပ် နေသည့်ပြင်းထန်သောထိခိုက်မှု (shocks) များ၏အကျိုးဆက်များကို အလေးအနက်ထားခဲ့ပါသည်။ ယခင်အခန်းများတွင်ဆွေးနွေးထားသကဲ့သို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတော်အသင့်ကောင် းမွန်လာသည့်အတွက်၊လွန်ခဲ့သော (၁၂)လအတွင်းတွင်ရာသီဥတုကြောင့်ဖြစ်ပေါ်သည့် ထိခိုက်မှုများမှာ ထင်ရှားခြင်းမရှိပါ။ကျေးရွာများသို့မဟုတ်လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်အခက်အခဲများနှင့်ရင်ဆိုင်လာရ သည့်အခါ၊ထိုပြဿနာများကိုဖြေရှင်းရန်အတွက်ယခင်လေ့လာမှုအကြိမ်များကဲ့သို့ပင်ဆင်တူသောမဟာ ဗျူဟာများကိုအသုံးပြုခဲ့ကြပါသည်။ထိုမဟာဗျူဟာများနှင့်ပတ်သက်သည့်အလားအလာများကိုအောက်တွင်ဆက်လက်ဆွေးနွေးသွားပါမည်။

### ပြဿနာနှင့်ထိခိုက်မှုအမျိုးအစားများ


ရာသီဥတုကြောင့်ထိခိုက်မှုများ၏ပြင်းထန်မှုမှာယခင်လေ့လာမှုအကြိမ်များထက်ပိုမိုလျော့နည်းလာပါသည်။သို့ရာတွင်လုပ်သားရှားပါးမှုမှာဆက်လက်ရှိနေသဖြင့်သိသာထင်ရှားသောစိန်ခေါ်မှုများကိုဖော်ပြနေပါသည်။

**QSEM လေ့လာမှုမတိုင်မီ (၁၂)လကာလအတွင်းကျေးရွာသားများရင်ဆိုင်ခဲ့ရသည့်စိန်ခေါ်မှု များ၏ အမျိုးအစားနှင့်ပြင်းထန်မှုမှာလျော့နည်းခဲ့ပါသည်။**ယခင်လေ့လာမှုများတွင်၊ကျေးရွာသားများစွာတို့သည် ရာသီဥတုနှင့်ဆက်စပ်နေသောထိခိုက်မှုများကိုဆက်တိုက်ရင်ဆိုင်ခဲ့ရပြီး၊ရလဒ်အနေဖြင့်စိုက်ပျိုးရေးမှ အထွက်နှုန်းလျော့ကျခြင်းများ၊အသက်မွေးဝမ်းကျောင်းလုပ်ငန်းခက်ခဲခြင်းများကြုံတွေ့ခဲ့ရပါသည်။ဤ QSEM 4 လေ့လာမှုအတွင်းအသက်မွေး ဝမ်းကျောင်းလုပ်ငန်းရလဒ် များပိုမို ကောင်းမွန် လာ ကြောင်းတွေ့ရှိရသဖြင့်ထိခိုက်မှု (shocks) များလျော့နည်းသွားကြောင်းမီးမောင်းထိုးပြနေပါသည်။

**ပုံ (၆) တွင် QSEM မှလေ့လာခဲ့သည့်ဒေသအားလုံးတွင် ရင်ဆိုင်ခဲ့ရသောပြဿနာများနှင့် ထိခိုက်မှုများကိုဖော်ပြထားပါသည်။**ကျေးရွာသားများရင်ဆိုင်ရသည့်အထင်ရှားဆုံးသောထိခိုက်မှုများမှာ တိရစ္ဆာန်ရောဂါဖြစ်ခြင်း၊မိုးလေဝသမမှန်ခြင်း၊သီးနှံဈေးနှုန်းများကျဆင်းခြင်းနှင့်အမြဲတမ်းတည်ရှိနေသ ည့်ရေရှားပါးမှုကဲ့သို့သောပြဿနာများပါဝင်ပါသည်။ဖော်ပြပါပြဿနာများနှင့်ထိခိုက်မှုများတစ်ခုချင်းစီ ကိုလေ့လာခဲ့သည့်ကျေးရွာများအနက်၂၀%ခန့်တွင်တွေ့ရှိရပါသည်။ကျေးရွာအနည်းငယ်တွင်သာငါးဖ မ်းဆီးရမှုနည်းလာခြင်းနှင့်အထွက်နှုန်းလျော့လာခြင်းတို့ကိုခံစားခဲ့ကြရပါသည်။မှတ်သားဖွယ်အချက်တ စ်ချက်မှာမိုးလေဝသမမှန်ခြင်းကြောင့်ထိခိုက်မှုများကိုကျေးရွာများ၏ ၂၀%နီးပါးတွင်ခံစားကြရသော် လည်း၊ QSEM 3 လေ့လာမှုထက်သိသာစွာလျော့နည်းသွားခြင်းဖြစ်ပါသည်။ QSEM 3 လေ့လာမှုတွင် ကျေးရွာများအနက်၅၅% ခန့်ထိခိုက်ခံစားခဲ့ ရပါသည်။ထိုသို့သော ထိခိုက်မှုများအပြင်၊ ကျေးရွာများ အနက်တစ်ဝက်ကျော်တွင်လုပ်သားရှားပါးမှုပြဿနာများကိုယခုအချိန်အထိဆက်လက်ခံစားနေရဆဲဖြ စ်ပါသည်။

**ပုံ (၆) – QSEM ကျေးရွာများတွင်တွေ့ရှိရသည့်ပြင်းထန်သောသက်ရောက်မှုများ (ကျေးရွာအရေအတွက်)**

ပုံ (6) – QSEM ကျေးရွာများတွင်တွေ့ရှိရသည့်ပြင်းထန်သောသက်ရောက်မှုများ (ကျေးရွာအရေအတွက်)




**ထိုထိခိုက်မှုများသည်အချို့သောဒေသများတွင်အခြားဒေသများထက်ပိုမိုထင်ရှားသိသာပါသည်။**မန္တလေးတိုင်းဒေသကြီးမှကျေးရွာများသည်အခြားဒေသမှကျေးရွာများထက်ပိုမိုသိသာသောထိခိုက်မှုအရေအတွက်ကိုရင်ဆိုင်ခဲ့ရပါသည်။မန္တလေးဒေသရှိကျေးရွာတိုင်းသည်အထွက်နှုန်းများလျော့နည်းခြင်းနှင့်အချို့သီးနှံများ၏ဈေးနှုန်းကျဆင်းခြင်းတို့ကိုကြုံတွေ့ခဲ့ရပါသည်။ထို့ပြင်မန္တလေးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှကျေးရွာတိုင်းသည်လုပ်သားရှားပါးမှုပြဿနာကိုလည်းရင်ဆိုင်ခဲ့ရပါသည်။

**ခြွင်းချက်တစ်ခုမှအပ၊အိမ်ထောင်စုအဆင့်ပြင်းထန်သောသက်ရောက်မှုများ (shocks) သည်ယခင်လေ့လာမှု အကြိမ်များတွင်တွေ့ရှိချက်များနှင့်ဆင်တူပါသည်။** ယခင်လေ့လာမှုများအရ၊ အိမ်ထောင်စုအဆင့်၌ရင်ဆိုင်ရသောထိခိုက်မှုများတွင်အဓိကအားဖြင့်ဖျားနာခြင်းနှင့်ထိခိုက်ဒဏ်ရာရရှိခြင်းတို့ပါဝင်ပါသည်။ယခု QSEM 4 လေ့လာမှုတွင် အိမ်ထောင်စုများ ရင်ဆိုင်နေရ သည့်ပြဿနာအသစ်တစ်ခုမှာရွှေ့ပြောင်းလုပ်ကိုင်မှုများအဆင်မပြေခြင်းဖြစ်ပါသည်။ရွှေ့ပြောင်းလုပ်ကိုင်ရန်ကြိုးစားကြသောလူများသည်နောက်ထပ်စိန်ခေါ်မှုများနှင့်သာထိပ်တိုက်ရင်ဆိုင်ကြရကြောင်းပြောကြားချက်များကိုတိုးတက် တွေ့ရှိရပါသည်။ ထိုသို့သောထိခိုက်မှုအလားအလာများကိုအထူးသဖြင့်ပြည်ပသို့ တရားမဝင်ရွှေ့ပြောင်းလုပ်ကိုင်ကြသူများတွင်ပိုမိုထင်ရှားကြပါသည်။

## ရင်ဆိုင်ဖြေရှင်းသည့်နည်းလမ်းများ

**ပြင်းထန်သောသက်ရောက်မှုများ (shocks)ကိုတုန့်ပြန်ဆောင်ရွက်ရာ တွင်အိမ်ထောင်စုအဆင့်၊ကျေးရွာအဆင့်နှင့်အစိုးရဘက်မှဆောင်ရွက်ပေးခြင်းများဟူ၍တွေ့ရှိရပါသည်။**

**အိမ်ထောင်စုအဆင့်/ တစ်ဦးချင်းအဆင့်တွင်တုန့်ပြန်ဆောင်ရွက်မှုများ**

ဒေသခံခေါင်းဆောင်များသည်ကျေးရွာသားများရင်ဆိုင်နေရသည့်ပြဿနာများကိုဖြေရှင်းရာတွင်စုပေါင်းဆောင်ရွက်သည့်လုပ်ငန်းများကိုပံ့ပိုးကူညီခြင်းဖြင့်လည်းကောင်း၊အကြပ်အတည်းများကိုညှိနှိုင်းရာတွင်ကူညီခြင်းဖြင့်လည်းကောင်းအရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေကြပါသည်။

**အိမ်ထောင်စုအဆင့်တွင်ပြင်းထန်သောသက်ရောက်မှု(shocks) များအပေါ်တုန့်ပြန်ဆောင်ရွက်မှုများမှာပြောင်းလဲမှုမရှိသလောက်နည်းပါးပါသည်။**အမှန်တကယ်အားဖြင့်ပြောင်းလဲမှုဆိုသည်မှာထိခိုက်မှုများကိုဖြေရှင်းရာတွင်ချဉ်းကပ်မှုနည်းလမ်းအမျိုးမျိုးအပေါ်ထားရှိသောအလေးပေးမှုအတိုင်းအတာဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှဝင်ငွေများအတော်အသင့်ကောင်းလာသည့်အတွက်စီးပွားရေးဆိုင်ရာထိခိုက်မှုများကိုဖြေရှင်းရမှုလျော့နည်းလာပါသည်။ယခင်လေ့လာမှုများနှင့်နှိုင်းယှဉ်ပါကပိုမိုဆင်းရဲသောအိမ်ထောင်စုအချို့အတွက်ပင်စားစရာစုဆောင်းရခြင်းသို့မဟုတ်အနပ်ရေလျှော့စားခြင်းတို့နည်းလာပါသည်။အခြားသောပြောင်းလဲမှုများမှာလုပ်သားရှားပါးမှုများကိုရင်ဆိုင်ဖြေရှင်းရသည့်လယ်သမားများ၏ကြိုးစားမှုများဖြစ်ပါသည်။ထိုပြောင်းလဲမှုများကိုပြီးခဲ့သည့်အခန်းတွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ယင်းတို့တွင်လုပ်သားများငှားရမ်းရာ၌နည်းလမ်းအမျိုးမျိုးကိုအသုံးချ၍ငှားရမ်းခြင်း၊မြေယာအသုံးချမှုပုံစံပြောင်းလဲခြင်းနှင့်စက်ယန္တရားများပိုမိုအသုံးပြုခြင်းအစရှိသည်တို့ကိုစမ်းသပ်လုပ်ကိုင်လာကြသည်။

**အကြွေးပြန်ဆပ်နိုင်သောလူအရေအတွက်တိုးလာသဖြင့်အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်လွယ်မှုအလားအလာများကိုလျှော့ချနိုင်ခဲ့ပါသည်။**ဤအကြောင်းကိုလည်းပြီးခဲ့သည့်အခန်းတွင်ဖော်ပြထားပြီးဖြစ်ပါသည်။အကြွေးပြန်ဆပ်ခြင်းကိုအဓိကအားဖြင့်ရှမ်းပြည်နယ်နှင့်မကွေးတိုင်းဒေသကြီး၏အချို့သောအစိတ်အပိုင်းများတွင်တွေ့ရှိရပါသည်။

**ယခင် QSEM လေ့လာမှုများတွင်ရွှေ့ပြောင်းလုပ်ကိုင်မှုဆိုသည်မှာ ငွေကြေးဆိုင်ရာဖိအား များကိုရင်ဆိုင်ဖြေရှင်းရန်အတွက်အိမ်ထောင်စုအဆင့်တွင်တုန့်ပြန်ဆောင်ရွက်သောရင်ဆိုင်ဖြေရှင်းရေးမဟာဗျူဟာတစ်ရပ်အဖြစ်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။**ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းကိုအသက်မွေးဝမ်းကျောင်းမဟာဗျူဟာလိုအပ်ချက်တစ်ခုအဖြစ်မှတ်ယူလျှက်လူမှုစီးပွားရေးအခြေအနေနိမ့်ပါးသောအုပ်စု များမှအမျိုး သမီးများရွှေ့ပြောင်းလုပ်ကိုင်နေကြခြင်းကိုကြည့်ခြင်းအားဖြင့်ရွှေ့ပြောင်းလုပ်ကိုင်မှုများပိုမို တိုးတက်လာနေကြောင်းရှင်းပြနိုင်ပါသည်။သို့ရာတွင်ကျပန်းလုပ်သားအခွင့်အလမ်းများရှိနေသောကျေးရွာများမှရွှေ့ပြောင်းလုပ်ကိုင်မှုများဆက်လက်တိုးတက်နေခြင်းမှာမူရွှေ့ပြောင်းလုပ်ကိုင်မှုသည်ကျေးလက်နေပြည်သူများ၏ငွေကြေး လိုအပ်ချက်တစ်ခုတည်းကြောင့်သာ လုပ်ကိုင်နေရခြင်းမဟုတ်ကြောင်းအကြံပြုနေပါသည်။ရွှေ့ပြောင်းလုပ်ကိုင်မှုကိုအချက်အလက်များစွာတို့ကလွှမ်းမိုးထားရာသွားရောက်လုပ်ကိုင်မည့်ဒေသများမှအခွင့်အလမ်းများ၏ဆွဲဆောင်မှုရှိခြင်းသည်လည်းတစ်ခုအပါအဝင်ဖြစ်ပါသည်။ထို့ကြောင့်ရွှေ့ပြောင်းလုပ်ကိုင်မှုနှင့်ပတ်သက်သည့်ပြဿနာများကိုဆွေးနွေးရာတွင်ရင်ဆိုင်ဖြေရှင်းရေးလုပ်ငန်းစဉ်ထက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုအဖြစ်ပထမဦးဆုံးအခန်းတွင်ထည့်သွင်းခဲ့ခြင်းဖြစ် ပါသည်။

## ကျေးရွာအဆင့်တုန့်ပြန်မှုများ

**ထိခိုက်မှု (shocks) များသည်ကျေးရွာများ၏အများပိုင်ပစ္စည်းများသို့မဟုတ် လူမှုရေးကိစ္စရပ် များနှင့်ပတ်သက်လာသောအခါထိုထိခိုက်မှုများကိုရင်ဆိုင်ရန်အတွက်ကျေးရွာအဆင့်စုပေါင်းလှုပ်ရှားမှု များကိုအများဆုံးတွေ့ရှိရပါသည်။**ထိခိုက်မှုများသည်အများပိုင်ပစ္စည်းသို့မဟုတ်အခြေခံအဆောက်အအုံ များအားစီမံခန့်ခွဲရာတွင်အားနည်းမှုများကြောင့်ဖြစ်ပေါ်ရပါက ကျေးရွာခေါင်းဆောင်များသည် ထိုပြဿနာများကိုရင်ဆိုင်ဖြေရှင်းရန်ကျေးရွာသားများအားလှုံ့ဆော်ပေးနိုင်စွမ်းရှိကြပါသည်။ အခန်း(၃)တွင်ကျေးရွာပိုင်သစ်တောများအဖြစ်မှတ်ပုံတင်ခြင်းနှင့်ဆက်စပ်နေသောဥပမာအချို့ကိုဖော်ပြထားပြီးဖြစ်ပါသည်။ထိုဥပမာများတွင်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ရပ်မိရပ်ဖများသည်ပြဿနာများအားညှိနှိုင်းဆွေးနွေးရာတွင်ကျေးရွာသားများအားလှုံ့ဆော်ရန်နှင့်အခြားကျေးရွာများနှင့်ပူးပေါင်းဆောင်ရွက်ရန်ကူညီပေးနိုင်ခဲ့ပါသည်။ထို့အတူပင်အောက်ပါသာဓက(၁၆)တွင်ဖော်ပြထားသည့်အတိုင်းရေရှားပါးမှုရင်ဆိုင်နေရသောရှမ်းပြည်နယ်မှကျေးရွာတစ်ရွာတွင်ထိုပြဿနာကိုဖြေရှင်းရန်အတွက်လုပ်ငန်းများပူးပေါင်းဆောင်ရွက်ခြင်းနှင့်ရန်ပုံငွေရှာဖွေခြင်းတို့အတွက်ကော်မတီတစ်ရပ်ကိုဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

### သာဓက (16)ဒေသခံခေါင်းဆောင်များကကျေးရွာများစုပေါင်းဆောင်ရွက်သည့် လုပ်ငန်းအတွက်တိုင်းရင်းသား အုပ်ချုပ်ရေးအဖွဲ့၊နိုင်ငံတော်အစိုးရနှင့် NGOs များ၏အကူအညီရရှိစေရန်ပံ့ပိုးကူညီပေးခြင်း

ရှမ်းပြည်နယ်ရှိကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှသာဓကတစ်ခုတွင်ရေရှားပါးမှုပြဿနာကိုရေပိုက်သွယ်တန်းခြင်းဖြင့်ဖြေရှင်းနိုင်ရန်အတွက်ဘာသာရေးခေါင်းဆောင်များနှင့်ကျေးရွာခေါင်းဆောင်များပူးပေါင်း၍ကျေးရွာ (၅)ရွာကို စု

စည်းကာအစိုးရ၊တိုင်းရင်းသားအုပ်ချုပ်ရေးအဖွဲ့နှင့် NGO အဖွဲ့တစ်ဖွဲ့တို့ထံမှရန်ပုံငွေများ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပုံကိုဖော်ပြထားပါသည်။ရှမ်းပြည်နယ်၊ဆီဆိုင်မြို့နယ်မှကျေးရွာတစ်ရွာနှင့်ပတ်ဝန်းကျင်ရွာအချို့တို့သည် မိုးကြိုကာလဖြစ်သည့်ဖေဖော်ဝါရီလမှမေလအတွင်းရေရှားပါးမှုပြဿနာကိုခံစားကြရပါသည်။အနီးဆုံးရေထွက်မှာ ကျေးရွာမှ (၃)နာရီခန့်သွားရသည့် နေရာတွင်တည်ရှိပါသည်။ ကျေးရွာသားများသည် နွားလှည်းများ၊ မော်တော်ဆိုင်ကယ်များဖြင့်မတ်စောက်သောတောင်ကုန်းများတစ်လျှောက်ရေခပ်သွားကြရပါသည်။ထိုအခက်အခဲကိုကျော်လွှားနိုင်ရန်အတွက်ကျောင်းထိုင်ဘုန်းကြီးကကျေးရွာ(၃)ရွာမှအဖွဲ့ဝင် (၅)ဦးပါဝင်သောရေရရှိရေး ကော်မတီကိုဖွဲ့စည်းခဲ့ပြီးရေးအဆင်ပြေပြေရရှိနိုင်ရေးအတွက်နည်းလမ်းများရှာဖွေခဲ့ပါသည်။ ထိုရေရရှိရေးကော်မတီသည်ကျေးရွာများ သို့ပိုက်လိုင်းသွယ်တန်းရန် အတွက်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ပအို့ဝ် အမျိုးသားအဖွဲ့နှင့် NGO အဖွဲ့တစ်ဖွဲ့တို့ထံမှ ငွေကျပ်သိန်း (၁၂၀)လျှောက်ထားခဲ့ပါသည်။ ပအို့ဝ်အမျိုးသား အဖွဲ့ က ငွေကျပ် (၂၆) သိန်း (အမေရိကန်ဒေါ်လာ၂၆၅၀ခန့်) ထောက်ပံ့ရန်ကတိပြုခဲ့ပါသည်။သို့ရာတွင် QSEM 4 လေ့လာချိန်၌ငွေကျပ် (၁၂) သိန်းသာလက်ခံရရှိသေးပါသည်။ကျေးရွာသားများ ကရရှိလာသော ငွေနှင့် လိုအပ်သောငွေတို့အကြားကွာဟမှုကိုဖြည့်ဆည်းရန်အတွက်တစ်အိမ်ထောင်လျှင်ငွေကျပ် (၂၀၀၀၀)နှုန်းဖြင့် ကောက်ခံခဲ့ရာငွေကျပ် (၂၃)သိန်းထပ်မံရရှိခဲ့ပါသည်။ ထိုပမာဏသည်လည်းအဆိုပြုထား သောပမာဏကိုမပြည့် သေးပါ။ရေရှိရေးကော်မတီသည်ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများကိုအကြွေးဖြင့်ဝယ်ယူ၍စီမံကိန်းကိုစတင်ထားရန်ဆုံးဖြတ်ခဲ့ကြပါသည်။ပိုက်လိုင်းသွယ်တန်းရာတွင်ကျေးရွာသားများကလည်းလုပ်အားထည့်ဝင်ဆောင်ရွက်ခဲ့ကြပါသည်။

ကော်မတီမှ ဆက်သွယ်ခဲ့သော NGO အဖွဲ့ကလည်း ဆန်(၁၇၂)အိတ်၊ ဆီ၊ပဲမျိုးစုံနှင့် ဆားများ အပါအဝင် ငွေကျပ်သိန်း(၃၀) တန်ဖိုးရှိသောပစ္စည်းများကိုထောက်ပံ့ပေး ခဲ့ပါသည်။ထိုပစ္စည်းများကိုလုပ်အားပေး သူများသို့ဖြန့်ဖြူးပေးခဲ့ပါသည်။နောက်ဆုံးတွင်ပိုက်လိုင်းသည်ကျေးရွာအထိမရောက်နိုင်ခဲ့သော်လည်းရေခပ်ရန်ပိုမိုအဆင်ပြေအောင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။နေ့စဉ်အသုံးပြုနေသဖြင့်နောက်ကျိနေသောရေများကိုခပ်ရန်အတွက် မတ်စောက်သောတောင်ကုန်းများကိုဖြတ်၍ (၃)နာရီအကြာလမ်းလျှောက်ရမည့် အစားယခုအ ခါပိုမိုပြန့်ပြူးသောမြေတွင် (၂)နာရီကြာလမ်းလျှောက်ခြင်းဖြင့်ကြည်လင်သန့်ရှင်းသောရေကိုခပ် နိုင် ကြပြီဖြစ်ပါသည်။

**ကျေးရွာအတွင်းရှိလူတစ်ဦးချင်းစီကိုလူမှုရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက်ကျေးရွာရန်ပုံငွေအသစ်အချို့ကိုလည်းတည်ထောင်နိုင်ခဲ့ကြပါသည်။**ထိုရန်ပုံငွေများသည်ယေဘုယျအားဖြင့်ကျန်းမာရေးပြဿနာရင်ဆိုင်နေရသောကျေးရွာသားများအားထောက်ပံ့ပေးခြင်းသို့မဟုတ်အထက်တန်းပညာရေးအတွက်ကုန်ကျစရိတ်များပံ့ပိုးပေးခြင်းတို့ကိုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ဒေသအများစုတို့တွင်ထိုရန်ပုံငွေများကိုမတွေ့ရှိရသေးပါ။သို့ရာတွင်ချင်းပြည်နယ်ရှိအနည်းဆုံးကျေးရွာ(၂)ရွာတို့တွင်ရွှေ့ပြောင်းလုပ်သားအဖွဲ့အစည်းများ၏ထောက်ပံ့မှုဖြင့်တည်ထောင်ထားသောရန်ပုံငွေများရှိနေပြီဖြစ်ပါသည်။ထို့အတူမန္တလေးတိုင်းဒေသကြီးတွင်လည်းအစပျိုးလုပ်ငန်းအသစ် (၄)ခုကိုတွေ့ရှိခဲ့ရပါသည်။ယေဘုယျအားဖြင့် ထိုရန်ပုံငွေများကိုကျေးရွာမှအထက်တန်းလွှာများကသူတို့၏အသိပညာနှင့်အိမ်နီးချင်းကျေးရွာများမှအခြားရန်ပုံငွေများကိုလေ့လာခြင်းအားဖြင့်ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။ထိုရန်ပုံငွေများသည်အသစ်များဖြစ်သော်လည်းငွေကြေးအရလွတ်လပ်စွာရပ်တည်နိုင်ရန်နှင့်ပေးလိုက်သောအထောက်အပံ့များသည်သတ်မှတ်ထားသောစံညွှန်းများနှင့်ကိုက်ညီသည့်လူအားလုံးတို့ထံရောက်ရှိပြီးခွဲခြားဆက်ဆံမှုမရှိသောနည်းလမ်းဖြင့်ခွဲဝေပေးနိုင်ရန်ဆောင်ရွက်ရာတွင်စိန်ခေါ်မှုများကိုကြုံတွေ့နေရပြီဖြစ်ပါသည်။သာဓက (၁၇)တွင် မန္တလေးတိုင်းဒေသကြီးရှိကျေးရွာတစ်ရွာ၌ထိုသို့သောရန်ပုံငွေတစ်ရပ်တည်ထောင်ရန်လူငယ်များ၏အားထုတ်မှုများကိုဆန်းစစ်တင်ပြထားပါသည်။

သာဓက ( 17) – မန္တလေးဒေသတွင်ကျေးရွာရန်ပုံငွေဖြင့်လူမှုရေးအကူအညီများထောက်ပံ့ပေးနိုင်ခြင်း

၂၀၁၃ခုနှစ်၊ဧပြီလတွင်ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၏သားဖြစ်သူသည်မန္တလေးတက္ကသိုလ်မှဘွဲ့ရရှိခဲ့ပြီးနောက်နွားထိုးကြီးမြို့နယ်ရှိသူ၏ကျေးရွာတွင်ရွှေကြာသုခအဖွဲ့ဟုခေါ်သောကျေးရွာရန်ပုံငွေတစ်ရပ်ကိုစတင်တည်ထောင်ရန်ဆုံးဖြတ်ခဲ့ပါသည်။သူသည်အခြားကျေးရွာတစ်ရွာတွင်ထိုသို့သောအဖွဲ့အစည်းတစ်ဖွဲ့ကိုတွေ့မြင်ခဲ့ပြီးသူ့ရွာတွင်လည်းကျေးရွာသားများကိုထောက်ပံ့ပေးရန်အရေးကြီးကြောင်းစဉ်းစားမိခဲ့ပါသည်။ကျေးရွာတွင်းအစည်းအဝေးတစ်ခုခေါ်ပြီး၍မန္တလေးတွင်သီတင်းသုံးနေသောရွာမှဘုန်းတော်ကြီးနှစ်ပါး၏ထောက်ခံမှုကိုရရှိပြီးနောက်အဖွဲ့ဝင်(၁၈)ဦးပါဝင်သောကော်မတီတစ်ရပ်ကိုဖွဲ့စည်းခဲ့ပြီးရန်ပုံငွေကျပ်(၁၀)သိန်းဖြင့်မတည်နိုင်ခဲ့ပါသည်။ထိုအဖွဲ့အားစီမံခန့်ခွဲမှုကိုအဓိကအားဖြင့်ကျေးရွာအုပ်ချုပ်ရေးမှူး၏သားကဆောင်ရွက်ပါသည်။သူကရန်ပုံငွေများအားမည်သို့ခွဲဝေသုံးစွဲရမည်ကိုလမ်းညွှန်ချက်များဖော်ထုတ်ခဲ့ပါသည်။ကနဦးရန်ပုံငွေအနက် (၂၀၀၀၀၀) ကျပ်ကိုအရေး ပေါ်ကျန်းမာရေးကိစ္စရပ်များအတွက်လျာထားပါသည်။ကျန်ငွေများကိုလယ်သမား (၈) ဦးတို့အားတစ်နှစ်လျှင်၃% အတိုးနှုန်းဖြင့်ချေးထားခဲ့ပါသည်။သူတို့အဖွဲ့သည်ကျေးရွာမှဆယ်တန်းစာမေးပွဲဖြေမည့်ကျောင်းသား(၆)ဦး အားတစ်ဦးလျှင် (၁၀၀၀၀)ကျပ်နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ပြီး ဆေးရုံတက်ရန် လိုအပ် သည့် ကျေးရွာသားများ အ

တွက်လည်းငွေကြေးများထောက်ပံ့ပေးခဲ့ပါသည်။ကော်မတီကကြုံတွေ့ရသည့်အဓိကစိန်ခေါ်မှုမှာရန်ပုံငွေနည်းပါသည့်အတွက်ထိုရန်ပုံငွေများအားမည်သို့ခွဲဝေသုံးစွဲရမည်ကိုဆုံးဖြတ်ရခြင်းဖြစ်ပါသည်။ရန်ပုံငွေကြောင့်အကျိုးရှိသူတစ်ဦးမှာဒေသတွင်းကျောက်တွင်းတစ်ခုတွင်အလုပ်လုပ်နေစဉ်မတော်တဆမှုဖြစ်ပွားခဲ့သောရွာသားတစ်ဦးဖြစ်ပါသည်။သူ၏မိဘများသည်မြေယာများပိုင်ဆိုင်သော်လည်းငှင်းမှာဝင်ငွေရနိုင်သည့်အခွင့်အလမ်းများကိုရှာဖွေနေခဲ့ပါသည်။ထို့ကြောင့်သူ၏ကိုယ်ပိုင်မိသားစုအတွက်မြေများကိုတဖြည်းဖြည်းတိုးတက်ကာဝယ်ယူခဲ့ပါသည်။သူသည်ကျောက်တွင်းမတော်တဆမှုတွင်ကျောရိုးထိခိုက်ဒဏ်ရာရခဲ့ပြီးနှစ်လကြာမျှဆေးရုံတက်ခဲ့ရပါသည်။ကျေးရွာရန်ပုံငွေမှသူ့အားငွေကျပ် (၃၀၀၀၀) ထောက်ပံ့ပေးခဲ့ပါသည်။ကျေးရွာအတွင်း နောက်ထပ်ရန်ပုံငွေများထပ်မံကောက်ခံစုစည်းခဲ့ရာ (၁၀၀၀၀၀)ကျပ်ထပ်မံရရှိခဲ့ပါသည်။ ထိခိုက်ခဲ့သောကျေးရွာသားသည် မည်သူကရန်ပုံငွေများ ကိုစုစည်းကောက်ခံပေးသည် သို့မဟုတ်ဆေးရုံကုန်ကျစရိတ် အားလုံးကိုမည်သူက ပေးခဲ့သည်တို့ကိုမမှတ်မိနိုင်ခဲ့ပါ။သို့ရာတွင်ကျေးရွာ၏အထောက်အပံ့ကြောင့်သာသူ့မိသားစုအနေဖြင့်သူဒဏ်ရာရရှိခဲ့သည့်အတွက်ငွေကြေးအကြပ်အတည်းဆိုးရွားစွာမဖြစ်ခဲ့ကြောင်းအသိအမှတ်ပြုခဲ့ပါသည်။

**ယခင် QSEM လေ့လာမှုများတွင်အစီရင်ခံခဲ့သကဲ့သို့ပင် ကျေးရွာများသည်တစ်ဦးချင်း၏ အရေးပေါ်ကိစ္စရပ်များကိုတုန့်ပြန်ရာတွင်အရေးပါသောအခန်းကဏ္ဍမှပါဝင်နေကြပါသည်။**ကျေးရွာရန်ပုံငွေတည်ထောင်ခြင်းကဲ့သို့သောလူမှုရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များကိုတက်ကြွစွာဖန်တီးနိုင်မှုများရှားပါးနေဆဲဖြစ်သော်လည်းအရေးပေါ်ကိစ္စရပ်များအပေါ်တုန့်ပြန်သည့်နည်းလမ်းများကိုမူအတွေ့များပါသည်။ကျေး ရွာတစ်ရွာတွင်တစ်ဦးချင်းသို့မဟုတ် အိမ်ထောင်စုလိုက်အပြင်း အထန်ဖျားနာခြင်းသို့ မဟုတ်ထိခိုက်ဒဏ်ရာရခြင်းသို့မဟုတ်အခြားသောအရေးပေါ်ကိစ္စရပ်များဖြစ်ပေါ်လာပါကကျေးရွာအနေဖြင့်ထိခိုက်ခံရသောမိသားစု၏အသက်မွေးဝမ်းကျောင်းလိုအပ်ချက်များကိုထောက်ပံ့ပေးခြင်းအပါအဝင်အကူအညီများပေးနိုင်ရန်အားပေးလှုံ့ဆော်တတ်ကြသည်မှာပုံမှန်ဖြစ်ပါသည်။မန္တလေးဒေသရှိကျောက်တွင်းတစ်ခုအတွင်းပြုတ်ကျ၍ထိခိုက်ဒဏ်ရာရခဲ့သောအထက်ပါသာဓကသည်ကျေးရွာ၏တုန့်ပြန်မှုအတွက်ဥပမာတစ်ခုဖြစ်ပါသည်။အောက်ပါသာဓက (၁၈) တွင်ထိုင်းနိုင်ငံ၌ရဲဖမ်းဆီးခံရသော ရွှေ့ပြောင်းလုပ်သားများအားကူညီရန်အတွက်ကျေးရွာသားများကရန်ပုံငွေစုဆောင်း၍ကူညီကြပုံများကိုဖော်ပြထားပါသည်။ထိုတုန့်ပြန်မှုများမှာပုံမှန်အားဖြင့်သဘာဝအလျောက်တုန့်ပြန်ခြင်းဖြစ်ပြီးကျေးရွာအုပ်ချုပ်ရေးမှူးများရပ်မိရပ်ဖများဘုန်းတော်ကြီးများကပံ့ပိုးကူညီပေးတတ်ကြပါသည်။

**ကျေးရွာတစ်ရွာလုံးသို့သက်ရောက်သောစီးပွားရေးထိခိုက်မှုများအတွက်မူကျေးရွာအလိုက်တုန့်ပြန်မှုများမှာအကန့်အသတ်ဖြင့်သာရှိပါသည်။**သီးနှံများပျက်စီးခြင်းသို့မဟုတ်သီးနှံဈေးနှုန်းကျခြင်းကဲ့သို့သောကျေးရွာတစ်ရွာလုံး၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုတိုက်ရိုက်ထိခိုက်စေသည့်စီးပွားရေးပြဿနာများနှင့်ရင်ဆိုင်ရသောအခါတွင်မူတုန့်ပြန်မှုများကိုအိမ်ထောင်စုအဆင့်၌သာပိုမိုဆောင်ရွက်တတ်ကြပါသည်။ကျေးရွာတစ်ရွာလုံးရင်ဆိုင်နေရသောစီးပွားရေးပြဿနာများကိုရင်ဆိုင်ဖြေရှင်းရန်အတွက် ကျေးရွာသားများစုပေါင်းဆောင်ရွက်သောသာဓကတစ်ခုကိုသာတွေ့ရှိခဲ့ရပါသည်။ ထိုသာဓကမှာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျောက်မဲမြို့နယ်တွင် ဖြစ်ပြီးပြောင်းဖူး အထွက် တိုးတက်လာခြင်းကြောင့် လုကြိုက်များ သောပြောင်းဖူးမျိုးစေ့များအားလုံး ကုန်သွားပြီးဈေးနှုန်းများ မှာလည်းနှစ်ဆနီးပါးတက်သွားခဲ့ပါသည်။ ထိုပြဿနာကိုကျေးရွာသားများကမြို့နယ်အဆင့်တွင်ဆန္ဒပြခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ကြပါသည်။

သာဓက (18) – ရခိုင်ပြည်နယ်မှကျေးရွာသားများကထိုင်းရဲများ၏ အဖမ်းခံနေရသောရွှေ့ပြောင်းလုပ်သားများ လွတ်မြောက်စေရေးအတွက် အလှူငွေများစုဆောင်းပေးကြခြင်း

၂၀၁၃ခုနှစ်တွင်ရခိုင်ပြည်နယ်ကျေးတောရွာမှထိုင်းနိုင်ငံသို့ငါးဖမ်းလုပ်သားများအဖြစ်သွားရောက်လုပ်ကိုင်နေသောကျေးရွာသား (၄)ဦးတို့ကိုနိုင်ငံကူးလက်မှတ်မရှိပဲမလေးရှားနိုင်ငံအတွင်း သို့ဝင်ရောက် ရန်ကြိုးစားမှုဖြင့်ထိုင်းရဲကဖမ်းဆီးခဲ့ပါသည်။သူတို့၏မိသားစုများမှာကျေးရွာတွင်ကျန်ခဲ့ပြီးမြေယာမဲ့ကျပန်းလုပ်သားများဖြစ်ကြပါသည်။မိသားစုများသည်ထိုင်းရဲကလူတစ်ဦးလျှင်ထိုင်းဘတ်ငွေ (၁၅၀၀၀) (မြန်မာကျပ်ငွေလေးသိန်းခန့်)တောင်းခံထားကြောင်းသတင်းစကားကြားခဲ့ရပါသည်။ကျန်ခဲ့သည့်မိသားစုများကထိုငွေပမာဏကိုမတတ်နိုင်ကြောင်းသိကြသည့်အတွက်ကျေးရွာအုပ်ချုပ်ရေးမှူးသည်ထိုရွှေ့ပြောင်းလုပ်သားများလွတ်မြောက်ရန်စုပေါင်းလှူဒါန်းငွေများကိုကောက်ခံခဲ့ရာကျေးရွာသား (၃၀၀) ဦးထံမှငွေကျပ် (၁၆)သိန်းခန့်စုဆောင်း ရရှိ ခဲ့ပါသည်။ထိုငွေကိုထိုင်းနိုင်ငံတွင်နေထိုင်နေသောတစ်ရွာတည်းသားရွှေ့ပြောင်းလုပ်သားတစ်ဦးသို့လွှဲပို့ပေးခဲ့ပြီးထိုသူမှတဆင့်ထိုင်းရဲသို့ပေးအပ်စေခဲ့ပါသည်။သုတေသနပြုလုပ်ချိန်တွင်ဖမ်းခံရသောရွှေ့ပြောင်းလုပ်သားများသည်

အချုပ်မှလွတ်လာပြီးထိုင်းနိုင်ငံငါးဖမ်းသင်္ဘောများတွင်ဆက်လက်လုပ်ကိုင်လျက်ရှိပါသည်။သူတို့လွတ်မြောက်ရေးအတွက်ကျေးရွာသားများကစုစည်းထောက်ပံ့ပေးလိုက်သောငွေများကိုပြန်ပေးနိုင်မည့်မျှော်လင့်ချက်မရှိပါ။

## အစိုးရ၏တုန့်ပြန်မှုများ

**ယေဘုယျအားဖြင့်အစိုးရအထောက်အပံ့များသိသာထင်ရှားစွာတိုးတက်လာခဲ့သော်လည်းပြင်းထန်သောသက်ရောက်မှုများ (Shocks) နှင့်ယင်းများကိုရင်ဆိုင်နိုင်မည့် အထောက်အပံ့များမှာ မူရှိနေသော်လည်း အလွန်ရှားပါးနေဆဲဖြစ်ပါသည်။**နောက်လာမည့်ပြင်ပအထောက်အပံ့အခန်းကဏ္ဍတွင်ဆွေးနွေးထားသကဲ့သို့အစိုးရသည်ကျေးရွာအဆင့်တွင်ထောက်ပံ့ပေးသောဝန်ဆောင်မှုများကိုသိသာစွာတိုးမြှင့်ပေးခဲ့ပါသည်။သို့ရာတွင်ထိုသို့တိုးမြှင့်လာခြင်းသည်ပြည်သူများ၏ထိခိုက်မှု (Shocks) အတွက်အစိုးရ၏တုန့်ပြန်မှု ကိုတိုးမြှင့်ပေး ခြင်းဖြစ် သည်ဟု မဆိုနိုင်ပေ။ ကျေးရွာများ ရင်ဆိုင်နေရသောအကြပ်အတည်းများကိုအကူအညီပေးခြင်းပုံစံဖြင့်ထောက်ပံ့ပေးသောအစိုးရတုန့်ပြန်မှုဥပမာနှစ်ခုကိုသာတွေ့ရှိခဲ့ရပါသည်။ပထမသာဓကမှာ၂၀၁၄ခုနှစ်၊မတ်လတွင်မန္တလေးတိုင်းဒေသကြီးနွားထိုးကြီးမြို့နယ်ရှိနမ်းစိုက်တောင်သူများ၏သီးနှံများပျက်စီးရသည့်အတွက်တစ်ဧကလျှင်ငွေကျပ်(၇၀၀၀) နှုန်းဖြင့် အစိုးရကတစ်ကြိမ်တည်းထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါသည်။ထိုထောက်ပံ့ငွေများပေးရန်အတွက်ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးကမြို့နယ်သို့လာရောက်သည့်ခရီးစဉ်အတွင်းကျေးရွာသားများကပြဿနာများကိုတင်ပြခဲ့ပြီးနောက်ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။နောက်ထပ်ဥပမာတစ်ခုမှာမန္တလေးတိုင်းဒေသကြီးသာစည်မြို့နယ်တွင်၂၀၁၄ခုနှစ်၊ဧပြီလကမုန်တိုင်းဒဏ်ခံခဲ့ရပြီး၊ထိုမုန်တိုင်းဒဏ်ခံရသူများအနက်အချို့ကိုလူမှုဖူလုံရေးဦးစီးဌာနကအစားအစာ၊အဝတ်အထည်များနှင့်နေစရာများကိုထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါသည်။

**ပြင်းထန်သောသက်ရောက်မှု (Shocks) များအတွက်အစိုးရဝန်ဆောင်မှုများ ပေးအပ်ရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်မှာရှင်းလင်းတိကျမှုမရှိပဲအကူအညီများကိုလည်းတစ်ပွဲတိုးနည်းလမ်းဖြင့်သာထောက်ပံ့ပေးနေပါသည်။**အထက်ပါသာဓကများတွင်အစိုးရအကူအညီများကိုအဘယ်ကြောင့်ထောက်ပံ့ပေးခဲ့ရသည်ကိုမသဲကွဲပါ။အကူအညီများမှာထိခိုက်ခံရသောကျေးရွာများ၏တင်ပြချက်များပေါ်မှီခိုနေဟန်ရှိပါသည်။ဥပမာအားဖြင့်နမ်းခင်းများပျက်စီးရသည့်အတွက်လျော်ကြေးငွေရရှိသည့်ကိစ္စရပ်တွင်တိုက်ရိုက်သက်ဆိုင်သည့်အစိုးရဌာနများအားတုန့်ပြန်မှု (အကူအညီ) များပေးရန်ပြောပိုင်ခွင့်ရှိသော ဆက်စပ်အရာရှိကြီးများနှင့်ချိတ်ဆက်နိုင်မှုကြောင့်ဖြစ်ပါသည်

# အခန်း(၅)

## လူမှုဆက်ဆံရေးနှင့်အဖွဲ့အစည်းများ

ခြုံငုံကြည့်ပါကလူမှုဆိုင်ရာအရင်းအနှီးများနှင့်လူမှုသဟဇာတဖြစ်မှုများသည်ခိုင်မာနေဆဲဖြစ်ပြီးကျေးရွာများအနေဖြင့်ကျောင်းအတွက်ဆရာ/မများငှားရမ်းခြင်း၊ဝန်ဆောင်မှုလုပ်ငန်းများတွင်လိုအပ်သောကွက်လပ်များဖြည့်ပေးခြင်းကဲ့သို့သောပုံမှန်လိုအပ်ချက်များကိုဖြည့်ဆည်းရာတွင်စုပေါင်းဆောင်ရွက်နိုင်စွမ်းရှိကြပါသည်။သို့ရာတွင်အချို့သောသာဓကများ၌ရွှေ့ပြောင်းလုပ်သားများ၊ရွှေ့ပြောင်းဝင်ရောက်လာသောတိုင်းရင်းသားများ၊ကွာရှင်းထားသောသို့မဟုတ်တစ်ခုလပ်အမျိုးသမီးများစသည့်လူမှုအုပ်စုများသည်ကျေးရွာ၏လူမှုဘဝနှင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းများမှဖယ်ကျဉ်ထားခြင်းခံနေရပါသည်။

နိုင်ငံအဆင့်ပြုပြင်ပြောင်းလဲရေးများသည်ကျေးရွာနှင့်အစိုးရတို့ချိတ်ဆက်ဆောင်ရွက်သည့်နည်းလမ်းများတွင်နည်းပါးသော်လည်းအရေးပါသောပြောင်းလဲမှုများကိုဖြစ်ပေါ်စေပါသည်။ ဒေသအားလုံးတွင်ပြည်သူများ၏အမြင်များကိုအစိုးရအားပြောကြားနိုင်သည့်နေရာတစ်ခုပွင့်လာခဲ့ကြောင်းသတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။အစိုးရမူဝါဒ၏ရလဒ်တစ်ခုအနေဖြင့်အစိုးရဝန်ထမ်းများသည်လည်းကျေးရွာသားများနှင့်ဆက်ဆံရာတွင်ပိုမိုသတိထားလာကြပါသည်။

ကျေးရွာခေါင်းဆောင်မှုတွင်လည်းမှတ်သားဖွယ်ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ပါသည်။ လုပ်ပိုင်ခွင့်အာဏာသည်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏လက်တွင်ပိုမိုစုစည်းမိလာပါသည်။ မူလကရှိထားသော ကျေးရွာအုပ်ချုပ်ရေးမှူးများ၏အာဏာကိုဖျက်သိမ်းလိုက်သည့်အတွက်သူတို့၏အခန်းကဏ္ဍများဆက်လက်မရှိနိုင်တော့ပါ။ထိုအချက်သည်လူမှုဆိုင်ရာသဟဇာတဖြစ်မှုအတွက်ထိခိုက်မှုအလားအလာများကိုလည်းဖြစ်စေပါသည်။ကျေးရွာများတွင်ထိုသို့သောလူမှုရေးခေါင်းဆောင်များ၏အရည်အသွေးကိုမကြာခဏမှီခိုနေကြရပါသည်။ထိုပြောင်းလဲမှုလမ်းကြောင်းများသည်ကျေးရွာသားများအတွက်အရေးပါသောဖော်ပြချက်များဖြစ်ပြီးအစိုးရအုပ်ချုပ်ရေးနှင့်အလှူရှင်များ၏အထောက်အပံ့များကိုလည်းအကျိုးသက်ရောက်စေပါသည်။အစိုးရ၏အခန်းကဏ္ဍနှင့်ပတ်သက်၍မျှော်လင့်ချက်များတိုးမြင့်လာကြောင်းလည်းတွေ့ရှိရပါသည်။ကျေးရွာခေါင်းဆောင်များသည်ကျေးရွာသားများနှင့်အစိုးရအကြားအဓိကကြားခံလူများဖြစ်ကြသည့်အတွက်ထိုကဲ့သို့သောမျှော်လင့်ချက်များကိုဖြည့်ဆည်းပေးရာတွင်အဓိကအခန်းကဏ္ဍမှပါဝင်ပါလိမ့်မည်။သင့်လျော်သောအပြန်အလှန်ထိန်းကျောင်းမှုစနစ်များထားရှိခြင်းအပါအဝင်ကျေးရွာအဆင့်အုပ်ချုပ်မှုလုပ်ငန်းစဉ်များအတွက်တာဝန်ခံမှုများကိုဖော်ထုတ်ခြင်း၊ခိုင်မာစေခြင်းနှင့်တိုးတက်စေခြင်းတို့ဆောင်ရွက်ရန်လိုအပ်နေပါသည်။

### လူမှုဆက်ဆံရေးများ

**QSEM လေ့လာမှု၏လေ့လာဆန်းစစ်ခြင်းမူဘောင်တွင် စတုတ္ထရှုထောင့်မှာပြည်သူများ၏ အသက် မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ်လူမှုဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံများကမည်ကဲ့သို့လွှမ်းမိုးနေကြောင်းဆန်းစစ်လေ့လာခြင်းဖြစ်ပါသည်။**ယခုအချိန်အထိထိုဆန်းစစ်မှုမှာကျေးရွာများတွင်ရှိသောလူမှုဆိုင်ရာအရင်းအနှီးများ၏အရည်အသွေးကိုဦးတည်ထားပါသည်။ယင်းတို့တွင်ဒေသခံပြည်သူများပူးပေါင်းလုပ်ဆောင်သည့်နည်းလမ်းများပြောင်းလဲမှုများ၊ဒေသန္တရအဆင့်တွင်အဖွဲ့အစည်းများ၏ပြောင်းလဲမှုများ၊ကျေးရွာသားများနှင့်ဒေသန္တရအဖွဲ့အစည်းများအကြားဆက်ဆံရေးများကိုဆန်းစစ်ခြင်းများပါဝင်ပါသည်။ထို့အတူပဋိပက္ခများ၊ရာဇဝတ်မှုများနှင့်အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်များအကြောင်းဆွေးနွေးချက်များလည်းပါဝင်ပါ သည်။

**QSEM 4 လေ့လာမှုတွင်ပြည်သူများနှင့်အစိုးရအကြားဆက်ဆံရေး သည်ကျေးရွာများရှိ လူမှုဆက်ဆံရေးများကိုအကျိုးသက်ရောက်နေသောအရေးကြီးသည့်အချက်တစ်ချက်အဖြစ်ရှိနေကြောင်းတွေ့ရပါသည်။** ဤအခန်းတွင်လူမှုဆက်ဆံရေးပြောင်းလဲမှုများကိုရှုထောင့်အချို့မှဆန်းစစ်တင်ပြထားပါသည်။ပထမရှုထောင့်မှာလူမှုဆိုင်ရာအရင်းအနှီးနှင့်လူမှုရေးသဟဇာတရှိမှုတို့ဖြစ်ပြီးယင်းတို့မှာဆက်လက်ခိုင်မာနေဆဲဖြစ်ကြောင်းတွေ့ရှိရပါသည်။ကျေးရွာများအတွင်းတွင်လူမှုဆိုင်ရာဖယ်ကျဉ်မှုများကိုသတ်မှတ်ဖော်ထုတ်

ရန်ခက်ခဲသော်လည်းအချို့သောအုပ်စုများအနေဖြင့်ရပ်ရွာအရေးကိစ္စများတွင်ပူးပေါင်းပါဝင်ရာ၌စိန်ခေါ်မှုများပိုရှိလာပါသည်။ဒုတိယရှုထောင့်မှာအစိုးရအဖွဲ့အစည်းများနှင့်ကျေးလက်နေပြည်သူများအကြားဆက်ဆံရေးအားလေ့လာကြသည်။ဤတွင်ကျေးရွာအထက်အဆင့်အဖွဲ့အစည်းများနှင့်ကျေးရွာအဆင့်အဖွဲ့အစည်းများချိတ်ဆက်မှုများမှာကျေးလက်နေပြည်သူများနှင့်အစိုးရအကြား ချိတ်ဆက်ဆောင်ရွက်ကြခြင်းကိုဖြစ်စေသည်။ထိုအဖွဲ့အစည်းနှစ်မျိုးစလုံးတွင်သိသာထင်ရှားသောပြောင်းလဲမှုများရှိခဲ့ကြရာနိုင်ငံအဆင့်တွင်ဖြစ်ပေါ်နေသောပိုမိုကျယ်ပြန့်သည့်နိုင်ငံရေးပြောင်းလဲမှုများ၏တိုက်ရိုက်အကျိုးဆက်ဖြစ်ပါသည်။ဤအခန်းတွင်ထိုပြောင်းလဲမှုများကိုဆွေးနွေးထားပြီးယင်းတို့ကလူမှုဆိုင်ရာအရင်းအနှီးများအားမည်သို့ထိခိုက်စေကြောင်းကိုဆန်းစစ်ထားပါသည်။

## လူမှုဆိုင်ရာအရင်းအနှီး

**ယခင် QSEM လေ့လာမှုများတွင်တညီတညွတ်တည်းအစီရင်ခံခဲ့သကဲ့သို့ပင် ကျေးရွာအဆင့်ရှိလူမှုဆိုင်ရာအရင်းအနှီးများမှာခိုင်မာအားကောင်းနေဆဲဖြစ်ပါသည်။** ဇယား(၁၄)တွင်ကျေးရွာများရှိ လူမှုဆက်ဆံရေးအခြေအနေများကိုခြုံငုံဖော်ပြထားပါသည်။[19]ကျေးရွာများအနက်၈၀%ခန့်တွင် ကောင်းမွန်သောသို့မဟုတ်သင့်တင့်သောလူမှုဆက်ဆံရေးများရှိကြပြီးအုပ်စုများအကြားစိတ်ဝမ်းကွဲခြင်းသို့မဟုတ်ပဋိပက္ခဖြစ်ခြင်းများရှားပါးပါသည်။ဤကျေးရွာများအနက်တစ်ဝက်ကျော်တွင်လူမှုဆက်ဆံရေးများပိုမိုကောင်းမွန်ကြောင်းကိုကျေးရွာ၏အကျိုးကျေးဇူးအတွက် ကျေးရွာသားများစုပေါင်းလုပ်ဆောင်သည့် အတိုင်း အတာမြင့်မားမှုဖြင့်သက်သေပြနိုင်ပါသည်။ကျေးရွာများအနက်၂၀% တွင်သာ လူမှုဆက်ဆံ ရေးညံ့ဖျင်းနေကြောင်းတွေ့ရပါသည်။ဤကျေးရွာများတွင်အုပ်စုများကွဲနေခြင်းနှင့်လူမှုရေးတင်းမာမှုများကိုတွေ့ရှိရပါသည်။

ဇယား(14) – ဒေသအလိုက်ကျေးရွာများရှိလူမှုဆက်ဆံရေးများ

| | ကောင်းမွန်သည် | အသင့်အတင့်ရှိသည် | ညံ့ဖျင်းသည် |
|---|---|---|---|
| ဧရာဝတီ | ၂ | ၃ | ၄ |
| ချင်း | ၆ | ၃ | ၀ |
| မကွေး | ၃ | ၄ | ၂ |
| မန္တလေး | ၃ | ၄ | ၂ |
| ရခိုင် | ၂ | ၆ | ၁ |
| ရှမ်း | ၀ | ၇ | ၂ |
| **စုစုပေါင်း (၅၄)ရွာ** | **၁၆** | **၂၇** | **၁၁** |

သိုရာတွင်လူမှုဆိုင်ရာသဟဇာတဖြစ်မှုအတွက်စိန်ခေါ်မှုများစွာရှိနေပါသေးသည်။ယင်းတိုတွင်ရွှေ့ပြောင်းလုပ်သားများ၊ပြောင်းရွှေ့ဝင်ရောက်လာသူတိုင်းရင်းသားများနှင့်ဒေသခံမဟုတ်သည့်သူများခံစားနေရသည့် နိမ့်ချဆက်ဆံမှုခံရခြင်းများ၊ဝန်ဆောင်မှုအချို့မှဖယ်ကျဉ်ခံရခြင်းစသည်တိုပါဝင်ပါသည်။

**လူမှုဆိုင်ရာများများစွာအပြန်အလှန်ကူညီပေးကြသည့်နေရာများမှာကျေးလက်ဘဝ၏အခန်းကဏ္ဍများဆောင်ရွက်ရာ၌ကူညီပေးနိုင်ပါသည်။**ကျေးရွာသားများအတွက်လမ်းဖောက်ခြင်း၊လမ်းပြင်ခြင်း၊သောက်သုံးရေပေးခြင်း၊စိုက်ပျိုးရေပေးခြင်းကဲ့သို့သောအခြေခံအဆောက်အအုံများစီမံခန့်ခွဲရာတွင်တက်ကြွစွာပူပေါင်းပါဝင်တတ်ကြသည်မှာပုံမှန်ဖြစ်ပါသည်။ကျေးရွာသားများသည်ဝန်ဆောင်မှုလုပ်ငန်းများရှိကွက်လပ်များကိုလည်းစုပေါင်းဖြည့်ဆည်းပေးကြပါသည်။အထူးသဖြင့်ပညာရေးကဏ္ဍတွင်မူလတန်းကျောင်းများ၌ပြင်ပမှဆရာ/မများငှားရမ်းနိုင်ရန်ငွေကြေးထည့်ဝင်ခြင်းဖြင့်ဖြည့်ဆည်းပေးကြပါသည်။ သာဓက(၁၉)တွင်ချင်းပြည်နယ်ရှိဥပမာတစ်ခုကိုဖော်ပြထားပါသည်။ပြီးခဲ့သည့်အခန်းတွင်ဖော်ပြခဲ့သည့်အတိုင်းကျေးရွာသားများစုပေါင်း၍လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များဆောင်ရွက်ခြင်းသို့မဟုတ်ဖျားနာ/ထိခိုက်ဒဏ်ရာရသည့်ကျေးရွာသားများအားထောက်ပံ့ခြင်းဥပမာအချို့လည်းရှိခဲ့ပါသည်။ဤကဲ့သို့ချိတ်ဆ

[19] သုတေသီများအားသူတို့လေ့လာခဲ့သည့်ဒေသများမှကျေးရွာတစ်ရွာချင်းစီကိုအဆင့်သတ်မှတ်ခိုင်းခဲ့ပါသည်။လူမှုဆက်ဆံရေးကောင်းမွန်သည့်ကျေးရွာများတွင်လူမှုရေး၊ဘာသာရေးဆိုင်ရာစုပေါင်းလုပ်ငန်းများများပြားပြီး၊အများပိုင်ပစ္စည်းများလည်းရေရှည်တည်တံ့မှုရှိပါသည်။လူမှုဆက်ဆံရေးအသင့်အတင့်ရှိသည်ကျေးရွာများတွင်ထိုလုပ်ငန်းများပိုမိုနည်းပါးသော်လည်း၊ပဋိပက္ခများ၊တင်းမာမှုများမရှိကြပါ။လူမှုဆက်ဆံရေးညံ့ဖျင်းသည့်ကျေးရွာများတွင်မူကျေးရွာတွင်းအုပ်စုအမျိုးမျိုးကွဲပြားနေပြီး၊စုပေါင်းလုပ်ငန်းများမှာလည်းအုပ်စုအလိုက်သာခွဲခြားဆောင်ရွက်ကြပါသည်။တစ်ခါတစ်ရံတွင်အပြိုင်လုပ်ဆောင်ခြင်းများပင်ရှိပါသည်။ဤအတန်းအစားခွဲခြားခြင်းကိုကမ္ဘာ့ဘဏ်မှဆောင်ရွက်သည့် `နာဂစ်မုန်တိုင်းနောက်ပိုင်း လူမှုဆိုင်ရာထိခိုက်မှုများကိုစောင့်ကြည့်လေ့လာခြင်း´ အစီရင်ခံစာများတွင်အသုံးပြုထားသည့်နည်းလမ်းများမှယူထားပါသည်။

က်ပါဝင်သည့်ပုံစံများသည်ကျေးလက်လူနေမှုအတွင်းရှိလူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာရှုထောင့်များကိုထိန်းသိမ်းစောင့်ရှောက်ရာတွင်လူမှုဆိုင်ရာအရင်းအနှီးများ၏အရေးပါမှုကိုဖော်ပြနေပါသည်။

သာဓက (19) - ချင်းပြည်နယ်တွင်ဝန်ဆောင်မှုကွာဟ ချက်များကိုဖြည့်ဆည်းပေးရန် ဆောင်ရွက်သော စုပေါင်း လုပ်ငန်း များ၌ ဒေသခံခေါင်းဆောင်မှု၏အခန်းကဏ္ဍ

**ချင်းပြည်နယ်မှဥပမာတစ်ခုတွင်ဒေသခံခေါင်းဆောင်များကဝန်ဆောင်မှုလိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်အတွက်စုပေါင်းလုပ်ဆောင်မှုတစ်ခုကိုမည်သို့စုစည်းပေးခဲ့ကြောင်းတွေ့ရှိနိုင်ပါသည်။**မူလတန်းကျောင်းတစ်ကျောင်းနှင့်အလယ်တန်းကျောင်းတစ်ကျောင်းရှိသောချင်းပြည်နယ်မှရွာတစ်ရွာ၌၂၀၁၃ခုနှစ်တွင်အထက်တန်းပြဆရာနှစ်ဦးသည်အခြားကျောင်းများသို့ပြောင်းရွှေ့သွားခဲ့ရပါသည်။ကျေးရွာအုပ်ချုပ်ရေးမှူးကပြည်နယ်ပညာရေးဦးစီးဌာနသို့ဆရာအသစ်များတာဝန်ချထားပေးရန်အကြိမ်ကြိမ်မေတ္တာရပ်ခံခဲ့သော်လည်းထိုနေရာများသည် (၂)လကျော်ကြာလစ်လပ်နေခဲ့ပါသည်။သို့ဖြစ်၍ကျေးရွာအုပ်ချုပ်ရေးမှူးကထိုပြဿနာကိုဆွေးနွေးရန်အစည်းအဝေးတစ်ခုခေါ်ခဲ့ပါသည်။ဆရာများမပြောင်းရွှေ့မီကအထက်တန်းပြဆရာတစ်ဦးအတွက်ကျောင်းသားတစ်ဦးလျှင်တစ်လ(၃၀၀)ကျပ်နှုန်းဖြင့်စုပေါင်းကောက်ခံ၍ငွေကြေးထောက်ပံ့ခဲ့ပါသည်။အဘယ်ကြောင့်ဆိုသော်ထိုကျောင်းတွင်သင်ကြားနေသည့်ကျောင်းသားအရေအတွက်နှင့်နှိုင်းယှဉ်ပါကလုံလောက်သောဆရာအရေအတွက်မရရှိခဲ့သောကြောင့်ဖြစ်ပါသည်။ကျေးရွာသားများသည်နောက်ထပ်ဆရာနှစ်ယောက်ထပ်ငှားရန်ဆုံးဖြတ်ခဲ့ပြီးကျောင်းသားတစ်ဦးလှူဒါန်းငွေကိုတစ်လ (၅၀၀)ကျပ် နှုန်းဖြင့်တိုးမြှင့် ကောက်ခံခဲ့ပါသည်။ ကျေးရွာမှဘွဲ့ရ တစ်ဦးနှင့် ဆယ်တန်းအောင်တစ်ဦးတို့ကိုလစ်လပ်သွားသောနေရာများဖြည့်ဆည်းရန်အတွက်ငှားရမ်းခဲ့ပါသည်။ဆရာတစ်ယောက်လျှင်လစာ(၅၀၀၀၀)ကျပ်ရရှိပါသည်။သင်ကြား ရေးအတွေ့အကြုံမရှိသေး သောကြောင့်ထိုဆရာ အသစ်များကိုမူလတန်းအဆင့်တွင်သင်ကြားခိုင်းပြီးကျောင်းမှမူလတန်းဆရာနှစ်ဦးကိုအထက်တန်းတွင်သင်ကြားခိုင်းခဲ့ရပါသည်။ထိုအစီအစဉ်မှာယာယီသာဖြစ်ပြီးအစိုးရခန့်ဆရာ/မများရောက်လာပါကစုပေါင်းလှူဒါန်းငွေများဖြင့်ငှားရမ်းထားသောဆရာများကိုဆက်လက်ငှားရမ်းတော့မည်မဟုတ်ပါ။ကျေးရွာအုပ်ချုပ်ရေးမှူးသည်အထက်တန်းပြဆရာအသစ်များပို့ပေးရန်ပြည်နယ်ပညာရေးဦးစီးဌာနသို့လျှောက်လွှာတစ်စောင်ထပ်မံတင်သွင်းခဲ့ကြောင်းပြောကြားခဲ့ပါသည်။သို့ရာတွင်ယခုအချိန်ထိပြန်ကြားချက်တစ်စုံတစ်ရာမရရှိသေးပါ။

**သို့ရာတွင်လူမှုဆိုင်ရာသဟဇာတဖြစ်စေရေးအတွက်စိန်ခေါ်မှုအချို့ရှိနေဆဲဖြစ်ပါသည်။ယင်းတို့တွင်ရွှေ့ပြောင်းလုပ်သားများသို့မဟုတ်အခြားတိုင်းရင်းသားလူမျိုးများအပါအဝင်အချို့သောလူမှုအုပ်စုများရင်ဆိုင်နေရသည့်အပယ်ခံထားရခြင်းလည်းပါဝင်ပါသည်။**ဤကိစ္စရပ်အတွက်နည်းလမ်းအချို့ဖြင့်သက်သေပြနိုင်ပါသည်။

**ရွှေ့ပြောင်းလုပ်သားများ၊ပြင်ပပုဂ္ဂိုလ်များနှင့်ပြောင်းရွှေ့ဝင်ရောက်လာသောတိုင်းရင်းသားအမျိုးမျိုးတို့သည်အခြားသူများနှင့်နှိုင်းယှဉ်ပါကကျေးရွာ၏လူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်မှုနည်းပါးပြီးတစ်ခါတရံတွင်အခြေခံဝန်ဆောင်မှုလုပ်ငန်းများမှဖယ်ကျဉ်ထားခြင်းပင်ခံရပါသည်။**ဥပမာအားဖြင့်ဗမာလူမျိုးမဟုတ်သည့်ဒေသများရှိကျေးရွာအချို့တွင်အစိုးရခန့်ထားသောဗမာလူမျိုးဆရာ/မများနှင့်ကျန်းမာရေးလုပ်သားများသည်ကျေးရွာ၏လှုပ်ရှားမှုများတွင်အကန့်အသတ်ဖြင့်သာပါဝင်ကြရပါသည်။ ဥပမာအားဖြင့်ချင်းပြည်နယ်ရှိ ဗမာလူမျိုးသားဖွားဆရာမတစ်ဦးကသူမသည်ချင်းဘာသာစကားမတတ်ကျွမ်းမှုကြောင့်ကျေးရွာသားများကအရပ်လက်သည်များကိုသာရွေးချယ်ကြကြောင်းနှင့်သူမအနေဖြင့်ကျေးရွာ၏တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟုမခံစားရကြောင်းပြောကြားခဲ့ပါသည်။ ထိုကျေးရွာရှိဗမာလူမျိုး ဆရာ/မများသည်လည်းတာဝန်ကျရာနေရာမှစောစီးစွာထွက်ခွာသွားပြီးပြန်လာလေ့မရှိကြပါ။ကျေးရွာများတွင်အခြေချမည့်ရွှေ့ပြောင်းလုပ်သားများသည်လည်းထို့သို့ပင်တူညီစွာဆက်ဆံခံရပါသည်။ရခိုင်၊ရောဝတီနှင့်ရှမ်းဒေသများရှိ QSEM ကျေးရွာများတွင်ပြောင်းရွှေ့ဝင်ရောက်လာခြင်း (အထူးသဖြင့် စီးပွားရေးတိုးတက်မှု အခွင့်အလမ်းများကိုရှာဖွေနေကြသောအပူပိုင်းခြောက်သွေ့ဒေသမှလူများ) များရှိပါသည်။ ထိုသာဓက များတွင်ရွှေ့ပြောင်းလုပ်သားများသည် လိုအပ်လာပါကကျေးရွာအတွက် ထည့်ဝင်ငွေများနှင့်ဘာသာရေးပွဲများအတွက်လှူဒါန်းငွေများကိုထည့်ဝင်ကြရသော်လည်းကျေးရွာ၏အရေးကိစ္စများတွင်မူပါဝင်မှုမရှိသလောက်ကန့်သတ်ခံရပါသည်။သာဓက(၂၀)တွင်ဖော်ပြထားသည့်အတိုင်းအချို့သောကိစ္စရပ်များတွင်ကျေးရွာအရေးကိစ္စများ၌မပါဝင်ရခြင်းသည်ဝန်ဆောင်မှုများရရှိရေးအတွက်ခွဲခြားဆက်ဆံခံရခြင်းအဖြစ်သတ်မှတ်နိုင်ပါသည်။

သာဓက (20)ရွှေ့ပြောင်းလုပ်သားများအားကျေးရွာအရေးကိစ္စများမှဖယ်ကျဉ်ထားခြင်းကိုဖြေရှင်းသည့်နည်းလမ်းအမျိုးမျိုး

**ရခိုင်ပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီးတို့မှသာဓကနှစ်ခုကိုနှိုင်းယှဉ်ခြင်းဖြင့်ဒေသန္တရခေါင်းဆောင်မှုနှင့်အဖွဲ့အစည်းများသည်အများပြည်သူ၏ဘဝမှသီးခြားလူမှုအုပ်စုများအားဖယ်ကျဉ်ထားသည့်အတိုင်းအတာကိုမည်သို့တိုးမြှင့်ပေးနိုင်သည်သို့မဟုတ်ဆန့်ကျင်ဖက်အားဖြင့်မည်သို့လျှော့ချပေးနိုင်သည်ကိုဖော်ပြနေပါသည်။**

ရခိုင်ပြည်နယ်၊ဂွမြို့နယ်မှကျေးရွာတစ်ရွာတွင်အလုပ်ရှာဖွေရန်ဧရာဝတီဒေသဖက်မှလတ်တလောရွှေ့ပြောင်းလာသူအချို့ရှိပါသည်။ထိုရွှေ့ပြောင်းလုပ်သားအိမ်ထောင်စုများသည်ကျေးရွာအရေးကိစ္စများအတွက်လှူဒါန်းခြင်းများပြုလုပ်ခဲ့ပြီး၊ (၁၀) အိမ်မှူးရွေးကောက်ပွဲတွင်လည်း ပူးပေါင်းပါဝင်ခဲ့ကြပါသည်။ သို့ရာတွင်အခြားသောရပ်ရွာကိစ္စများတွင်မူပါဝင်ခြင်းမရှိခဲ့ပါ။ထိုသို့ဖြစ်ရခြင်းမှာစိတ်ပါသည်ဖြစ်စေ၊စိတ်မပါသည်ဖြစ်စေကျေးရွာခေါင်းဆောင်များကတွန်းအားပေးခြင်းကြောင့်ဖြစ်နိုင်ကြောင်းရွှေ့ပြောင်းလုပ်သားတစ်ဦးကအောက်ပါအတိုင်းပြောကြားခဲ့ပါသည်။`ရွာလူကြီးတွေကကျွန်တော်တို့ကိုအစည်းအဝေး ဖိတ်ခဲတယ်၊ တစ်ခါတလေကျွန်တော်တို့က အစည်းအဝေးလုပ်လိုက်မှန်းတောင်မသိရဘူး။ကျွန်တော်တို့ရဲ့အလုပ်ရှင်တွေကအလှူအတန်းတွေလုပ်ရင်ကျွန်တော်တို့ကိုလည်းဖိတ်တယ်၊ဒါပေမဲ့ကျွန်တော်တို့ကလည်းမဖိတ်တဲ့အလှူပွဲတွေဆိုမသွားကြတော့ဘူး။ကျွန်တော်တို့ကအလှူအတန်းတွေလုပ်တယ်ဆိုရင်လည်း၊ကိုယ့်အသိုင်းအဝိုင်းမှာပဲလုပ်လိုက်တယ်၊သူတို့ကိုမဖိတ်တော့ဘူး။´

**တစ်ချိန်တည်းတွင်ပင်မန္တလေးတိုင်းဒေသကြီးရှိကျေးရွာတစ်ရွာမှသာဓကသည်ကျေးရွာများ၏ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များတွင်ဒေသန္တရအုပ်ချုပ်ရေး၏ကြားဝင်ဆောင်ရွက်မှုကြောင့်အများပြည်သူအားလုံးပိုမိုပါဝင်စေရန်မည်သို့ကူညီပေးနိုင်ကြောင်းကိုဖော်ပြနေပါသည်။**ဤကျေးရွာတွင်လွန်ခဲ့သောနှစ်ပေါင်း၃၀ခန့်ကပင် အခြားရွာမှရွှေ့ပြောင်းလာသူများအားကျေးရွာရေစီမံခန့်ခွဲရေးကော်မတီတွင်ပါဝင်ခြင်းကိုခွင့်မပြုကြောင်းရွာလူကြီးတစ်ဦးကပြောကြားခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော်ဤကျေးရွာမှလူများကကျေးရွာ၏သဘာဝသယံဇာတများကိုသူတို့သာဆက်လက်ထိန်းချုပ်ထားလိုသောကြောင့်ဖြစ်ပါသည်။သို့သော်၂၀၁၁ခုနှစ်တွင်ကျေးရွာ၏ရေတင်စက်ပျက်စီးသွားခဲ့ရာယင်းကိုပြင်ဆင်ရာတွင်ကော်မတီကမှားယွင်းစွာစီမံခန့်ခွဲခဲ့ပါသည်။ကော်မတီကမြို့ပေါ်ရှိစက်ပြင်ဆရာတစ်ဦးထံမှငွေကျပ်၁၂သိန်းကိုချေးယူခဲ့သော်လည်း၊ရေစက်ကိုမူပြင်ဆင်နိုင်ခြင်းမရှိခဲ့ပါ။ထို့နောက်ကျေးရွာသားများအားထိုအကြွေးကိုဝိုင်းဆပ်ရန်ပြောခဲ့ပါသည်။ရွှေ့ပြောင်းလုပ်သားများအပါအဝင်ရွာသား(၃၀)ဦးတို့ကမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့တိုင်ကြားစာတစ်စောင်ပူးတွဲပေးပို့ခဲ့ကြပါသည်။ထိုတိုင်စာသည်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထံရောက်ရှိသွားပြီး၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှဝန်ထမ်းတစ်ဦးကိုထိုပြဿနာအားစုံစမ်းစစ်ဆေးခိုင်းခဲ့ပါသည်။ပါတီမှဝန်ထမ်းနှင့်မြို့နယ်အုပ်ချုပ်ရေးမှူးတို့ကထိုအကြွေးကိုဆပ်ရာတွင် ကူညီနိုင်ရန်အတွက်ထိုကျေးရွာသို့ရောက်လာခဲ့ပါသည်။သူတို့ကကျေးရွာကိုရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ပေးခဲ့ရာ၊ထိုဌာနကရေစုပ်စက်ကိုပြင်ဆင်ပေးခဲ့ပါသည်။တိုင်ကြားစာ၌ကျေးရွာရေစီမံခန့်ခွဲရေးကော်မတီတွင်ရွှေ့ပြောင်းလုပ်သားများအားဖယ်ကျဉ်ထားကြောင်းဖော်ပြထားခြင်းမရှိသော်လည်း၊ပါတီမှဝန်ထမ်းနှင့်မြို့နယ်အုပ်ချုပ်ရေးမှူးတို့ကကော်မတီဝင်များအားဖြုတ်ပစ်ပြီး၊ကော်မတီကိုအသစ်ပြန်လည်ဖွဲ့စည်းပေးခဲ့ရာ၊ရွှေ့ပြောင်းလုပ်သားများလည်းပါဝင်သဖြင့်အားလုံးပါဝင်သောကော်မတီဖြစ်ခဲ့ပါသည်။သုတေသနပြုလုပ်ချိန်တွင်ရေစီမံခန့်ခွဲရေးကော်မတီအသစ်သည်နှစ်နှစ်အတွင်းငွေကျပ်သိန်း (၃၀)ကျော်စုဆောင်းမိနေပြီး၊ ယင်းရန်ပုံငွေအနက် အချို့ကိုကျေးရွာသားများသို့တစ်လလျှင်၅% အတိုးနှုန်းဖြင့်ထုတ်ချေးပေးလျက်ရှိပါသည်။

**အချို့သောဒေသများတွင်ကွာရှင်းထားသောသို့မဟုတ်အိမ်ထောင်ကွဲနေသောအမျိုးသမီးများသည်ကျေးရွာ၏အရေးကိစ္စများတွင်ပူးပေါင်းပါဝင်မှုနည်းပါးပါသည်။**ဤဒေသများရှိကွာရှင်းထားသောအမျိုးသမီးများသည်လူမှုရေးအရအရှက်ရခြင်းနှင့်နေထိုင်ရေးအတွက်ဝင်ငွေရှာဖွေရန်ဦးစားပေးနေရခြင်းတို့ပေါင်းစပ်၍ကျေးရွာ၏အရေးကိစ္စများတွင်ပူးပေါင်းပါဝင်မှုနည်းပါးကြပါသည်။ဤသာဓကများသည်အထူးသဖြင့်အခြားဒေသများတွင်ထက်လူမှုရေးအရသိက္ခာချမှုပိုမိုဖြစ်ပေါ်တတ်သည့်အပူပိုင်းခြောက်သွေ့ဒေသတွင်မှန်ကန်ပါသည်။ဥပမာအားဖြင့်တွေ့ဆုံမေးမြန်းခဲ့သောမန္တလေးဒေသမှအမျိုးသမီးတစ်ဦးမှာသူမ၏ခင်ပွန်းဖြစ်သူကနိုင်ငံရပ်ခြားသို့ရွှေ့ပြောင်းလုပ်သားအဖြစ်ထွက်ခွာသွားကာ၊နောက်ပိုင်းတွင်သူမကိုစွန့်ခွာသွားခဲ့သဖြင့်ကျေးရွာမှအခြားသူများကသူမ၏ခင်ပွန်းအကြောင်းထပ်ကာတလဲလဲမေးနေကာအရှက်ရစရာဖြစ်လာခဲ့ပါသည်။အကျိုးဆက်အနေဖြင့်သူမသည်ကျေးရွာအရေးကိစ္စများတွင်ပါဝင်ခြင်းမရှိတော့ပါ။

## ရာဇဝတ်မှု

ယခင်လေ့လာမှုအကြိမ်များနှင့်မတူညီစွာပင်ဒေသအချို့တို့၌ရာဇဝတ်မှုကြီးများအနည်းငယ်တိုးလာခဲ့ကြောင်းကျေးရွာသားများကပြောကြားခဲ့ပါသည်။သို့ရာတွင်တိုးလာသည့်အမှုများမှာအလွန်နည်းပါးသဖြင့်သိသာထင်ရှားခြင်းမရှိပါ။ယခင် QSEM လေ့လာမှုများတွင်ရာဇဝတ်မှုများကိုပြဿနာ တစ်ခုအဖြစ်သတ်မှတ်လေ့မရှိခဲ့ပါ၊သို့သော်ယခုအကြိမ်လေ့လာမှုတွင်မူအဓိကအားဖြင့်မကွေးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင်ရာဇဝတ်မှုအနည်းငယ်တိုးလာခဲ့ပါသည်။ထိုအမှုများတွင်လူသတ်မှုနှင့်မတရားကျင့်မှုများပါဝင်ပြီး၊အမှုသေးများဖြစ်သည့်ရန်ဖြစ်ခြင်းနှင့်ခိုးမှုများလည်းရှိကြပါသည်။အမှုအရေအတွက်နည်းပါးသည့်အတွက်ထိုအမှုများတိုးတက်လာခြင်းနှင့်ပတ်သက်၍သုံးသပ်ချက်ပြုလုပ်ရန်မဖြစ်နိုင်ပါ၊သို့ရာတွင်ယင်းကိုနောက်ပိုင်းလေ့လာမှုများတွင်ထပ်မံစောင့်ကြည့်လေ့လာသင့်ပါသည်။

ဇယား (15) – ဒေသအလိုက်ရာဇဝတ်မှုကြီးများ (QSEM 2/3 နှင့် QSEM 4 တို့ကိုနှိုင်းယှဉ်ခြင်း)

| | QSEM 2/3 | QSEM 4 | အမှုအမျိုးအစားများ(QSEM 4) |
|---|---|---|---|
| **ဧရာဝတီ** | ၀မှု | ၆မှု | ခိုးမှု၊ရန်ဖြစ်မှု၊ဓါးထိုးမှု |
| **မကွေး** | ၀မှု | ၅မှု | မတရာကျင့်မှု၊ခိုးမှု၊လူသတ်မှု၊ရန်ဖြစ်မှု |
| **ရခိုင်** | ၀မှု | ၁မှု | ရန်ဖြစ်မှု |
| **ရှမ်း** | ၁မှု | ၀မှု | |
| **ချင်း** | ၁မှု | ၀မှု | |
| **မန္တလေး** | ၂မှု | ၁မှု | လူသတ်မှု |

ဇာစ်မြစ် - ယခင်(၁၂)လအတွင်းသူတို့၏ ကျေးရွာများတွင်ဖြစ်ပွားခဲ့သည့် အမှုများကို တုန့်ပြန် ဖြေကြားသူများကဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

**ထိုသို့သောရာဇဝတ်မှုများသည်အရက်သောက်ခြင်းကြောင့်သို့မဟုတ်နေရပ်ပြန်လာသောရွှေ့ပြောင်းလုပ်သားများကကျေးရွာ၏လူမှုစံနှုန်းများကိုမလိုက်နာတော့ခြင်းကြောင့်ဖြစ်ကြောင်းကျေးရွာသားများကယုံကြည်ကြပါသည်။သို့ရာတွင်အားလုံးတို့ကယခင်ကလောက်လုံခြုံစိတ်ချရမှုမရှိတော့ဟုမခံစားကြရပါ။**

**သို့ရာတွင်သာဓကတစ်ခု၌ဒေသတွင်းအကျင့်ပျက်ခြစားမှုကြောင့်တရားစီရင်ရေးစနစ်ကိုဝင်ရောက်စွက်ဖက်ခဲ့ကြောင်းဖော်ပြနေပါသည်။**သာဓက (၂၁)တွင်ထိုအပြောင်းအလဲများ အနက်အချို့ကိုဖော်ပြ ပေးထားပါသည်။

သာဓက (21) မကွေးဒေသရှိအရက်ဆိုင်တစ်ဆိုင်၌တိုက်ခိုက်ခံရမှုကို ဖြေရှင်းရာတွင်မမျှတမှုများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၏အာဏာအလွဲသုံးမှုအပေါ်သဘောထားအမြင်များ

**မကွေးတိုင်းဒေသကြီးမှသာဓကတစ်ခုတွင်ရွှေ့ပြောင်းလုပ်ကိုင်သူများကလူမှုစံနှုန်းများကိုမလိုက်နာတော့ခြင်းနှင့်အကျင့်ပျက်ခြစားမှုကြောင့်တရားစီရင်ရေးစနစ်ကိုဝင်ရောက်စွက်ဖက်ခဲ့ခြင်း၏အကျိုးသက်ရောက်မှုများကိုဖော်ပြထားပါသည်။**မကွေးတိုင်းဒေသကြီးရှိကျေးရွာတစ်ရွာမှကျေးရွာသားများက၂၀၁၂ခုနှစ်တွင်ရွေးကောက်တင်မြှောက်ခံခဲ့ရသောလက်ရှိအုပ်ချုပ်ရေးမှူးလက်ထက်တွင်ကျေးရွာ၌အရက်ဆိုင်များပိုများလာကြောင်းပြောကြားခဲ့ပါသည်။ထိုအရက်ဆိုင်များသည်မလေးရှားတွင်အလုပ်သွားလုပ်ပြီးပြန်လာသည့်ရွှေ့ပြောင်းလုပ်သားများဖြင့်ပြည့်နေပြီး၊ထိုသူများကသူတို့ပြန်ရောက်သည့်အခါတိုင်းတွင်အရက်သောက်ခြင်း၊လောင်းကစားခြင်းတို့ကိုပြုလုပ်ကြကြောင်းကျေးရွာသားများကပြောကြားခဲ့ပါသည်။ထိုအရက်ဆိုင်များသည်နားလည်မှုယူ၍ဖွင့်နိုင်ရန်အတွက်ကျေးရွာအုပ်ချုပ်ရေးမှူးကိုငွေပေးညှိနှိုင်းထားကြောင်းအချို့သူများကသံသယရှိကြပါသည်။၂၀၁၃ခုနှစ်တွင် အရက်ဆိုင် ပိုင်ရှင်တစ်ဦးကအသက် (၆၀)အရွယ်အမျိုးသမီးတစ်ဦးကို ကိုယ်ထိလက်ရောက်စော်ကားခဲ့ပါသည်။ သူ၏ ယောက္ခမဖြစ်သူကထိုအမှုကိုရဲစခန်းသို့တိုင်ကြားခဲ့ပြီး၊အရက်ဆိုင်များအားပိတ်ပေးရန်လည်းတောင်းဆိုခဲ့ပါသည်။ကျေးရွာအုပ်ချုပ်ရေးမှူးသည်ချက်ချင်းပင်ရဲစခန်းမှူးထံသွားရောက်ပြီးတိုင်ကြားချက်ကိုသာမန်ရန်ဖြစ်မှုသို့လျှော့ချရန်ညှိနှိုင်းကာ၊တရားလိုကိုလည်းလျော်ကြေးငွေများလက်ခံရန်သွေးဆောင်စည်းရုံးခဲ့ပါသည်။တရားလိုဘက်မှတောင်းဆိုသောလျော်ကြေးငွေ၅၀၀၀၀၀အနက်၂၀၀၀၀၀ကိုသာရရှိသေးပြီး၊ရိုက်နက်စော်ကားခဲ့သောအရက်ဆိုင်မှာမူဆက်လက်ဖွင့်လှစ်ဆဲဖြစ်ပါသည်။တရားလိုကလည်းစိတ်ပျက်သွားခဲ့ပြီး၊ကျေးရွာအုပ်ချုပ်ရေးမှူးသည်အရက်ဆိုင်ဘက်မှဘက်လိုက်ခဲ့ကြောင်းသူ၏သူငယ်ချင်းများအားပြောကြားသည်ကိုပြန်ကြားခဲ့သည့်အတွက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အရက်ဆိုင်ပိုင်ရှင်တို့ကသူ၏အိမ်သို့လိုက်လာပြီး၊သူ့အားလည်းခြိမ်းခြောက်ခဲ့ပါသည်။ထိုသူတို့၏ခြိမ်းခြောက်မှုများကိုပိုင်နက်ကျူးလွန်မှုဖြင့်တရားစွဲမည်ဖြစ်ကြောင်းပြန်လည်ပြောဆိုသောအခါတွင်ကျေးရွာအုပ်ချုပ်ရေးမှူးကသူ၏အိမ်ကိုလျှပ်စစ်မီးဖြတ်ခြင်းဖြင့်လက်တုန့်ပြန်ခဲ့ပါသည်။သုတေသနပြုလုပ်ချိန်တွင်ထိုအငြင်းပွားမှုကိုမ

ဖြေ ရှင်းနိုင်သေးဘဲတရားလို၏အိမ်သည်လည်းလျှပ်စစ်မီးအဖြတ်ခံရဆဲဖြစ်ပါသည်။

## အစိုးရနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း

`*အရင်အစိုးရလက်ထက်တုန်းကဆိုရင်ကျေးရွာအုပ်ချုပ်ရေးမှူးတွေကအာဏာပြတယ်၊အခုတော့ရွာသားတွေကအာဏာပြလာပြီ၊ရွာသားတွေကိုစုစည်းအုပ်ချုပ်ရတာမလွယ်ဘူး* ´ချင်းပြည်နယ်မှကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး။

`*ကျွန်တော်တို့ကသူတို့ (လယ်သမား)တွေကိုတွန်းအားပေး လို့မရဘူး၊သူတို့ကဒီနေ့ခေတ်မှာကောင်းကောင်းအော်နိုင်တယ်* ´ (ဧရာဝတီတိုင်းဒေသကြီးရှိမြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ် အရာရှိတစ်ဦး) `*လူတွေကသိပ်ခက်တယ်၊သူတို့ကိုယ်သူတို့လဲတာဝန်မယူကြဘူး။ကျွန်တော်ကသူတို့ကိုတစ်ခုခုပြောလိုက်ရင်၊သူတို့ပြန်ပြောတာကစာေဒကတက်ဖို့ပဲ။ကျွန်တော်တို့နိုင်ငံကဒီမိုကရေစီနဲ့မသင့်တော်သေးဘူး* ´မန္တလေးတိုင်းဒေသကြီးမှကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး။

ပြည်သူများ၏လိုလားချက်အသံများတိုးလာပြီး၊ပြည်သူများကအစိုးရနှင့်ဒေသန္တရအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သောနည်းလမ်းများလည်းတိုးတက်လာပါသည်။ဤသို့တိုးတက်လာရခြင်းမှာမီဒီယာများပွင့်လင်းလာခြင်း၊နိုင်ငံရေးပါတီများ၏လှုပ်ရှားမှုနှင့်မူဝါဒပြောင်းလဲမှုများကြောင့်ဖြစ်ပါသည်။

**ဒေသခံပြည်သူများကသူတို့၏စုပေါင်းအကျိုးစီးပွားများအတွက်အရေးဆိုသောလှုပ်ရှားမှုများတိုးလာပါသည်။ယင်းတို့ကိုနိုင်ငံရေးပါတီများသို့မဟုတ်ပြင်ပမှပါဝင်သူများကပံ့ပိုးကူညီပေးလေ့ရှိပါသည်။**ဒေသအားလုံးတို့တွင်ဝန်ဆောင်မှုများပေးခြင်းအတွက်ဒေသခံပြည်သူများကတာဝန်ယူထားသောအာဏာပိုင်များအားမေးခွန်းများမေးရန်အတွက်မည်မျှ စိတ်ဆန္ဒပြင်းပြနေခြင်းနှင့်ပတ်သက်၍ အနည်းငယ်သောတိုးတက်မှုများကိုသုတေသီများကတွေ့ရှိခဲ့ပါသည်။ကျေးရွာအဆင့်အဖွဲ့အစည်းများနှင့်ကျေးရွာအထက်အဆင့်မှအစိုးရဌာနများအားအပြုအမူများပြောင်းလဲကြရန်ဖိအားများသက်ရောက်နေပါသည်။ဤအချက်သည်ကျယ်ပြန့်ခြင်းမရှိသေးသော်လည်းအနည်းငယ်လုပ်ဆောင်မှုများတွေ့ရပြီးထိုသို့လုပ်ဆောင်မှုများကအစိုးရအဖွဲ့အစည်းများ၏တာဝန်ခံမှုကိုအရေးကြီးသောအဆင့်တစ်ခုအဖြစ်ရှုမြင်နိုင်ပါသည်။တစ်ဖက်တွင်လည်းအဖွဲ့အစည်းများကထိုဖိအားများကိုတုန့်ပြန်ဆောင်ရွက်သောကနဦးလက္ခဏာများကိုပြသခဲ့ပါသည်။အဆင့်အမျိုးမျိုးရှိသောအစိုးရအရာရှိများသည်တိုင်ကြားခံရမှုကိုအနည်းဆုံးဖြစ်စေရန်အတွက်ကျေးရွာသားများနှင့်ချိတ်ဆက်ဆောင်ရွက်ရာတွင်သတိကြီးစွာထားလာကြပါသည်။ဤအချက်နှင့် ချိတ်ဆက်ကြည့်ပါကလုပ်ပိုင်ခွင့်အာဏာသည် ကျေးရွာခေါင်းဆောင်များထံ မှကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများထံသို့ရွှေ့လျားပြောင်းလဲနေဆဲဖြစ်ပါသည်။ဤနေရာတွင်ထိုအလားအလာများကိုလေ့လာဆန်းစစ်ထားပါသည်။

## ဒေသခံပြည်သူများ၏လိုလားချက်အသံများတိုးမြင့်လာခြင်း

**ဤအချက်သည်မီဒီယာများပွင့်လင်းလာခြင်း၊နိုင်ငံရေးပါတီများ၏လှုပ်ရှားမှုများနှင့်မြေယာ၊ငါးဖမ်းလုပ်ငန်းနှင့်အခြားအဓိကနယ်ပယ်များ၌မူဝါဒပြောင်းလဲမှုမြင်သာခြင်းများကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။** ဤရှုမြင်ချက်ကိုလည်းအချက်အလက်အချို့ကအားဖြည့်ပေးထားပါသည်။ဒေသတွင်းသတင်းစာများတွင်အစိုးရလုပ်ငန်းများနှင့်ပတ်သက်သည့်တိုင်ကြားချက်များကိုလက်ခံဖြေကြားပေးမည့်ဖုန်းနံပါတ်များမြင်တွေ့လာရခြင်းနှင့်နိုင်ငံရေးရုပ်သံလိုင်းတစ်ခုကိုကြည့်ခွင့်ရလာခြင်းတို့ကိုတုန့်ပြန်ဖြေကြားသူများကရည်ညွှန်းပြောဆိုခဲ့ပါသည်။ဒေသအများစုတို့တွင်နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များကကျေးရွာသားများ၏အခွင့်အရေးများအကြောင်းပညာပေးဟောပြောပွဲများပြုလုပ်ခဲ့ကြပါသည်။ဒေသတွင်းအကြောင်းအရာများပေါ်မူတည်၍ဆွေးနွေးခဲ့သည့်ပြဿနာများအမျိုးမျိုးကွဲပြားနေသော်လည်း၊ပြောကြားလိုသောသတင်းစကားမှာကျေးရွာသားများသည်တိုင်ကြားမှုများပြုလုပ်ရန်အတွက်လုပ်ပိုင်ခွင့်ရှိသည်ဟုခံယူလာကြခြင်းပင်ဖြစ်သည်။မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကဲ့သို့သောမူဝါဒအသစ်များသည်လည်းဒေသအလိုက်ခံစားနေကြရသည့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏မြင်နိုင်သောဥပမာများဖြစ်ပါသည်။

ဇယား (16) – အရပ်သားများပူးပေါင်းပါဝင်မှုတိုးတက်လာခြင်း

| တိုင်းဒေသကြီး / ပြည်နယ် | တိုးတက်မှုအဆင့် (ကျေးရွာအရေးအတွက်) | | | မောင်းနှင်အားများ |
|---|---|---|---|---|
| | မရှိပါ | အနည်းငယ် ရှိသည် | သိသာစွာ ရှိသည် | |
| ဧရာဝတီ | ၂ | ၄ | ၃ | နိုင်ငံရေးပါတီများ၏လှုပ်ရှားမှုများ၊မီဒီယာများကိုပိုမိုလက်လှမ်းမီလာခြင်း |
| ချင်း | ၇ | ၂ | ၀ | နိုင်ငံရေးပါတီများ၏လှုပ်ရှားမှုများ၊ |
| မန္တလေး | ၃ | ၂ | ၄ | မီဒီယာများကိုပိုမိုလက်လှမ်းမီလာခြင်း |
| မကွေး | ၅ | ၃ | ၁ | မီဒီယာများကိုပိုမိုလက်လှမ်းမီလာခြင်း၊ CSO များ၏လှုပ်ရှားမှုများ |
| ရှမ်း | ၇ | ၂ | ၀ | ဒေသခံပြည်သူများကဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပူးပေါင်းပါဝင်ခဲ့သည့် အတွေ့အကြုံ |
| ရခိုင် | ၃ | ၂ | ၄ | နိုင်ငံရေးပါတီများ၏လှုပ်ရှားမှုများ၊မီဒီယာများကိုပိုမိုလက်လှမ်းမီလာခြင်း |

သာဓက( 22) မန္တလေးဒေသတွင်ကျေးရွာသားများကရုပ်မြင်သံကြားဖမ်းစက်များဝေပေးရာတွင်မမျှတမှုကိုကန့်ကွက်ခြင်း

> ၂၀၁၃ခုနှစ်တွင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှမန္တလေးတိုင်းဒေသကြီးရှိကျေးရွာတစ်ရွာသို့တီဗွီလိုင်းဖမ်းစက် (စလောင်း) သုံးခု ထောက် ပံ့ပေးခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာသားများနှင့်တိုင်ပင်ခြင်းမရှိဘဲ၊တီဗွီလိုင်းဖမ်းစက် (စလောင်း) တစ်ခုကိုသူကိုယ်တိုင်ယူ ထားပြီး၊ကျန်နှစ်ခု ကိုလည်း သူနှင့်နီးစပ် သည့်အိမ်ထောင်စုများသို့ပေးခဲ့ပါသည်။ကျေးရွာသားများက မေးမြန်းကြသောအခါ သူ့အနေဖြင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ညွှန်ကြားချက်များအတိုင်းလိုက်နာဆောင်ရွက်ခြင်းသာဖြစ် ကြောင်း ပြောကြား ခဲ့ပါသည်။ ထိုအခါကျေးရွာသား များကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ထံကိုယ်တိုင်သွားတွေ့ပြီး ၊တီဗွီလိုင်း ဖမ်းစက် များကိုမမျှမတခွဲဝေပေး ထားကြောင်း တိုင်ကြားခဲ့ကြပါ သည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကကျေးရွာသို့လိုက်လာခဲ့ပြီးတီဗွီလိုင်းဖမ်းစက်အားလုံးကိုပြန်သိမ်းကာကျေးရွာသားများနှင့်ညှိနှိုင်းတိုင်ပင်၍ပြန်လည်ခွဲဝေပေးခဲ့ပါသည်။

**လိုလားချက်များအားပိုမိုထုတ်ဖော်နိုင်ခြင်းကိုလှုပ်ရှားမှုအဖြစ်အဓိပ္ပါယ်ဖော်နိုင်ပါသည်။ကျေးရွာသားများကတောင်းဆိုချက်များပြုလုပ်ရာတွင်အနည်းငယ်သာရှိကြသော်လည်းသတိပြုဖွယ်အပြောင်းအလဲများဖြစ်ပေါ်ခဲ့ပါသည်။**ဒေသအားလုံးတို့တွင်ဒေသခံများ၏လိုအပ်ချက်များနှင့်ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသော (သို့မဟုတ်) မမျှမတဖြန့်ဝေပေးသည်ဟု ယူဆကြသောအစိုးရ၏ ဝန်ဆောင်မှုများကိုငြင်းပယ်ကြသည့်သာဓကများတိုးတက်လာကြောင်းတွေ့ရှိရပါသည်။အောက်ပါသာဓက (၂၂)တွင် ထိုကဲ့သို့သောဥပမာတစ်ခုကိုဖော်ပြထားပါသည်။ဤသာဓကများကိုနိုင်ငံရေးပါတီများသို့မဟုတ်အခြားသောပြင်ပမှပါဝင်သူများကပံ့ပိုးကူညီပေးကြပါသည်။ထို့အတူပင်အကူအညီများပေးရာ၌ကျေးရွာသားများကပိုမိုနှစ်သက်သောစည်းကမ်းချက်များရရှိရေးအတွက်အစိုးရနှင့်ညှိနှိုင်းဆွေးနွေးကြသည့်သာဓကများလည်း

ပိုများလာပါသည်။ရောဝတီတိုင်းဒေသကြီး၊လပွတ္တာမြို့နယ်တွင်လယ်သမား (၅၀)ဦးတို့ကမြို့နယ် သမဝါယမဦးစီးဌာနမှတည်ထောင်သည့်သမဝါယမအသင်းသို့ဝင်ရောက်လိုကြသော်လည်း၊ သမဝါယမအသင်းတွင်ချေးငွေတစ်ခါချေးပါကဖြတ်တောက်မည့်စုဆောင်းငွေပမာဏကို၁၀၀၀၀ကျပ်မှ၅၀၀၀ကျပ်သို့လျှော့ချပေးမှသာဝင်ရောက်မည်ဖြစ်ပါသည်။ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှတစ်ဆင့်ညှိနှိုင်းဆွေးနွေးကြ ပြီးနောက်တွင်သမဝါယမဦးစီးဌာနကလည်းထိုပြောင်းလဲမှုများကိုသဘောတူညီခဲ့ပါသည်။

## အစိုးရအဖွဲ့အစည်းများအပေါ်သက်ရောက်သောဖိအားများ

**အစိုးရအရာရှိများသည်လူထုနှင့်ဆက်ဆံရာတွင်ပိုမိုသတိထားခြင်းအားဖြင့်ဤဖိအားကိုတုန့်ပြန်လာကြပါသည်။**ဒေသခံပြည်သူများနှင့်ချိတ်ဆက်ဆောင်ရွက်ရာတွင်အစိုးရအရာရှိများအကြားသတိပိုထားလာကြကြောင်းအဓိကတွေ့ရှိရပါသည်။ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှသည် အစိုးရဝန်ထမ်းများအထိရာထူး အဆင့်အမျိုးမျိုးရှိသောအစိုးရအရာရှိများ ကအများပြည်သူနှင့်ချိတ်ဆက်ဆောင်ရွက်ရာတွင်သူတို့အားလွှမ်းမိုးနေသောအချက်များမှာမူဝါဒဆိုင်ရာညွှန်ကြားချက်များနှင့်တိုင်ကြားခံရမှုကိုကြောက်ရွံ့ခြင်းတို့ပေါင်းစပ်နေခြင်းဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ဤအချက်ကိုသုတေသနပြုလုပ်ခဲ့သည့်နေရာအားလုံးနီးပါးရှိရာထူးအဆင့်အမျိုးမျိုးနှင့်ကဏ္ဍအမျိုးမျိုးတွင်တညီတညွတ်တည်းတွေ့ရှိရပါသည်။ [20] ဤအချက်သည်တိုင်ကြားနိုင်စွမ်းပိုမိုရှိလာသူများ၊အစိုးရအရာရှိများကိုယ်စားစည်းမျဉ်းလိုက်နာမှုကိုစိုးရိမ်ကြသူများနှစ်မျိုးလုံးပါဝင်သည့်ပြည်သူများ၏အမြင်များနှင့်လည်းရှေ့နောက်ညီညွတ်မှုရှိကြောင်းတွေ့ရှိရပါသည်။

**သာဓက (23) ရောဝတီနှင့်ရခိုင်ဒေသတို့တွင်အသေးစားနှင့်တစ်ပိုင်တစ်နိုင်ငါးဖမ်းသူများ အနေဖြင့်ငါးဖမ်းခြင်းကိုကြီးကြပ်သည့်စည်းမျဉ်းများအာဏာသက်ရောက်မှုမရှိခြင်းကိုရင်ဆိုင်နေရခြင်း**

ရခိုင်ပြည်နယ်၊ကျောက်ဖြူမြို့နယ်မှငါးဖမ်းလုပ်သားများကယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင်လိုင်စင်ကြေးများပေးရသည်မှာလျော့နည်းလာခဲ့ကြောင်းပြောကြားခဲ့ပါသည်။မြို့နယ်အဆင့်မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှဝန်ထမ်းများသည်ငါးဖမ်းလုပ်သားများကလိုင်စင်ကြေးများကိုမြို့နယ်ရုံးသို့လာရောက်ပေးဆောင်မည်ဟုမျှော်လင့်ကာ၊ကျေးရွာများသို့ဆင်း၍လိုင်စင်ကြေးများကောက်ခံမှုကိုရပ်တန့်ခဲ့ပါသည်။ကျေးရွာတစ်ရွာတွင်ငါးဖမ်းလုပ်သား၂၅အနက်၄ဦး၊၅ဦးခန့်သာလိုင်စင်ကြေးများကိုပေးသွင်းခဲ့ကြပါသည်။သို့သော်ငါးဖမ်းလုပ်သားများအနေဖြင့်မြစ်ကြောင်းတစ်လျှောက်ငါးဖမ်းရာတွင်ဒဏ်ရိုက်ခံရမှုမရှိသဖြင့်စိတ်ချလုံခြုံသည်ဟုခံစားခဲ့ကြရပါသည်။သူတို့သည်ဈေးကွက်သို့လည်းလက်လှမ်းမီလာကြောင်းပြောကြားခဲ့ပါသည်။ယခင်ကမူလိုင်စင်မရှိသောငါးဖမ်းလုပ်သားများအားကျောက်ဖြူမြို့နယ်ငါးဈေးကွက်သို့ဝင်ရောက်ခွင့်မပြုခဲ့သော်လည်း၊သုတေသနပြုလုပ်ချိန်တွင်ဈေးကွက်သို့ဝင်ရောက်ရောင်းချနိုင်ခဲ့ကြောင်းပြောကြားခဲ့ကြပါသည်။ငါးဖမ်းလုပ်သားတစ်ဦး၏အမြင်အရ `ဦးသိန်းစိန် လက်ထက်မှာကျွန်တော်တို့အတွက်လွတ်လပ်မှုတွေပိုသိသာလာတယ်´ ဟုဆိုနိုင်ပါသည်။

အတိတ်ကာလကမူ၊ ရောဝတီတိုင်းဒေသကြီးရှိရေချိုမြစ်ချောင်းများမှ ငါးဖမ်းခွင့်လိုင်စင်ကိုတင်ဒါစနစ်ဖြင့်ချထားပေးခဲ့ရာ ၊ငါးဒိုင်ကြီးများကလိုင်စင်များစွာကိုရယူထားပြီး၊မြစ်ချောင်းများအတွင်း သွားလာငါးဖမ်းခွင့်ကိုချုပ်ကိုင်ထားကာ၊ထိုနေရာများတွင်ငါးဖမ်းရန်အတွက်ကြားလူများကိုလက်ခွဲကန်ထရိုက်များထပ်ပေးခဲ့ပါသည်။တစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်သားများအနေဖြင့်ထိုမြစ်ချောင်းများတွင်ခွင့်ပြုချက်မရှိဘဲငါးဖမ်းပါကဒဏ်ငွေ (၅၀၀၀) ကျပ်ပေးရသည်သို့မဟုတ်ပိုက်များအသိမ်းခံရပါသည်။သို့ရာတွင် QSEM 4 သုတေသနတွင်မူ၊ တင်ဒါစနစ်ကိုပြောင်းလဲခဲ့ကြောင်းပြောကြားခဲ့ပါသည်။မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသည် မြစ်ချောင်းများအားငါးဖမ်းကွက်ငယ်များအဖြစ်ပိုင်းလိုက်ပြီး၊လိုင်စင်လျှောက်ထားသည့်ငါးဒိုင်တစ်ဦးလျှင် (၁၀)ကွက်အထိသာပေးရန်ကန့်သတ်ခဲ့ပါသည်။ထိုအချိန်မှစ၍ရောဝတီဒေသမှတစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်သားများသည်ဒဏ်ရိုက်ခံရမှုမရှိတော့ဘဲငါးဖမ်းကွက်များအကြားနေရာများတွင်လွတ်လပ်စွာငါးဖမ်းနိုင်ခဲ့ကြောင်းပြောကြားခဲ့ပါသည်။ငါးဒိုင်တစ်ဦးကအများဆုံးလေလံဆွဲနိုင်သည့်ငါးဖမ်းကွက်အရေအတွက်ကိုကန့်သတ်လိုက်ပြီးနောက်၊မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသည်လိုင်စင်ကြေးများကိုလည်းလျှော့ချပေးခဲ့ပါသည်။ထိုသို့လိုင်စင်ကြေးများထပ်မံလျှော့ကျလာခြင်းဖြင့်အသေးစားနှင့်အလတ်စားငါးဖမ်းသူများကငါးဒိုင်ကြီးများသို့ပေးရသည့်ငွေကြေးပမာဏလည်းနည်းသွားခဲ့ပါသည်။

**ထိုပြောင်းလဲမှုများအနက်အချို့မှာမူဝါဒညွှန်ကြားချက်များကြောင့်ဖြစ်ကြောင်းနောက်ကြောင်းပြန်လိုက်နိုင်ပါသည်။**မြို့နယ်အဆင့်နှင့်ကျေးရွာအုပ်စုအဆင့်နှစ်မျိုးလုံးတွင်စည်းမျဉ်းများနှင့်မူဝါဒညွှန်ကြားချက်များပြောင်းလဲလာခြင်းကြောင့်အစိုးရအရာရှိများကပြုမူဆောင်ရွက်သည့်နည်းလမ်းများကိုလွှမ်းမိုးခဲ့ပါ

[20] သို့ရာတွင်ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့၌အစိုးရအဖွဲ့အစည်းများအားထောက်ခံရန်ဒေသခံများအားလှုံ့ဆော်ဆောင်ရွက်သောဖြစ်ရပ်များမတွေ့ရှိရပါ။

သည်။မြို့နယ်အဆင့်တွင်မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ငါးဖမ်းစည်းမျဉ်း များအသစ်ချမှတ်ခြင်းနှင့် ဆက်တိုက်အကောင်အထည်ဖော်ခြင်း သည်ရှင်းလင်း သော ဥပမာ တစ်ခုဖြစ်ပါသည်။မူဝါဒဆိုင်ရာညွှန်ကြားချက်များသည် အသေးစားငါးဖမ်းလုပ်သားများအတွက် စည်းမျဉ်းစည်းကမ်းများကိုလျှော့ချပေးရန်ရည်ရွယ်ထားခြင်းဖြစ်ပါသည်။သာဓက(၂၃)တွင်မီးမောင်းထိုး ပြထားသကဲ့သို့ဤမူဝါဒညွှန်ကြားချက်များကြောင့်ငါးဖမ်းလုပ်သားများကအစိုးရအရာရှိများနှင့်မည်သို့ ချိတ်ဆက်ဆောင်ရွက်ရမည်ဟူသောအမြင်များလည်းပြောင်းလဲခဲ့ပါသည်။

**ဒေသအားလုံးတွင်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအားကျေးရွာသားများနှင့်အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့်စီမံခန့်ခွဲရန်ညွှန်ကြားထားပါသည်။**ကျေးရွာခေါင်းဆောင်များအားလုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များကာမိစေရေးအတွက်ကျေးရွာသားများထံမှငွေကြေးများကောက်ခံရန်ခွင့်မပြုတော့ကြောင်းကိုပုံမှန်အစည်းအဝေးများတွင်မြို့နယ်အဆင့်အရာရှိများကအသိပေးခဲ့ကြပါသည်။ဤညွှန်ကြားချက်သည်ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တွင်များစွာသက်ရောက်မှုမရှိသော်လည်းအခြားဒေသများတွင်မူဒေသခံခေါင်းဆောင်များကလုပ်ငန်းကုန်ကျစရိတ်အတွက်ငွေကြေးကောက်ခံခြင်းများကိုရပ်ဆိုင်းခဲ့ကြပါသည်။ကျောင်းများ၊အခြေခံအဆောက်အအုံများကဲ့သို့သောအခြားကျေးရွာဝန်ဆောင်မှုများအတွက်ထည့်ဝင်ကြေးများကောက်ခံခြင်းကိုမူဤညွှန်ကြားချက်များကအကျိုးသက်ရောက်မှုနည်းပါးပါသည်။

**ဤညွှန်ကြားချက်များသည်ကျေးရွာသားများကတိုင်ကြားကြမည်ဟူသောစိုးရိမ်မှုများမြင့်တက်လာမှုနှင့်ပေါင်းစပ်နေပါသည်။**အပြုအမူပြောင်းလဲခြင်းကိုမူဝါဒဆိုင်ရာညွှန်ကြားချက်တစ်ခုတည်းဖြင့်ဆောင်ရွက်၍မရပါ။တစ်ချိန်တည်းတွင်ပင်ဒေသခံများကတိုင်ကြားမည့်စိုးရိမ်မှုများသည်လည်းအရာရှိများအားလွှမ်းမိုးနေပါသည်။အောက်ပါကိုးကားချက်တွင်ဖော်ပြထားသည့်အတိုင်းဒေသအများစုတို့ရှိကျေးရွာအဆင့်ခေါင်းဆောင်များနှင့်မြို့နယ်အဆင့်အစိုးရအရာရှိများသည်ဤတိုးမြင့်လာသောဖိအားကိုထိခိုက်လွယ်သည်ဟုခံစားကြရပါသည်။ဤနေရာတွင်တစ်ခုတည်းသောကွဲပြားခြားနားမှုမှာအခြားဒေသများနှင့်နှိုင်းယှဉ်ပါကဤအပြောင်းအလဲများကိုသတိမပြုမိသေးသောချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့ရှိပြည်သူများ၏ချိတ်ဆက်ပါဝင်မှုအတိုင်းအတာဖြစ်ပါသည်။ဤအတိုင်းအတာအတွက်အကြောင်းပြချက်အချို့ရှိပါသည်။ဤပြည်နယ်များမှပြည်သူများသည်အစိုးရအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်စိတ်ဆန္ဒနည်းပါးခြင်းနှင့်ဒေသန္တရခေါင်းဆောင်နေရာများအတွက်စိတ်ဝင်စားမှုမရှိခြင်းတို့ကြောင့်ဒေသခံပြည်သူများသည်ခေါင်းဆောင်မှုနေရာယူထားသူများအားဝေဖန်ပြောဆိုမှုနည်းပါးကြပါသည်။

## လူမှုဆက်ဆံရေးအတွက်ဖော်ပြချက်များ

**ဤပြောင်းလဲမှုများသည်မရင့်ကျက်သေးသော်လည်းအလားအလာရှိသောဖော်ပြချက်များဖြစ်ကြပါသည်။**ဤပြောင်းလဲမှုများကကျေးရွာအဆင့်တွင်ဒေသခံပြည်သူများအားအများပိုင်ပစ္စည်းများထောက်ပံ့ပေးရေးကိုအရေးဆိုရန်စုစည်းပေးနိုင်ပါသည်။ဥပမာအားဖြင့်ရခိုင်ပြည်နယ်ရှိကျေးရွာတစ်ရွာတွင်သင်္ချိုင်းသို့သွားမည့်လမ်းကိုပိတ်ဆို့ခြံခတ်ထားသောအုန်းခြံတစ်ခြံအားအရေးယူပေးရန်ပြည်နယ်အစိုးရအားတိုင်ကြားခြင်းဖြင့်ဒေသခံများအနေဖြင့်လုပ်ပိုင်ခွင့်ရှိလာကြောင်းခံစားကြရပါသည်။ထိုသို့တိုင်ကြားမှုကြောင့်အုန်းခြံပိုင်ရှင်သည်ခြံစည်းရိုးခတ်ရန်ပြန်လည်စဉ်းစားခဲ့ရပါသည်။ထို့အတူပင်သာဓက(၂၄)တွင်ဖော်ပြထားသည့်အတိုင်းချင်းပြည်နယ်တွင်လမ်းများတိုးချဲ့မည့်အစိုးရစီမံကိန်းများဆောင်ရွက်မည့်အစားကျေးရွာအတွက်အခြေခံအဆောက်အအုံများကိုတောင်းဆိုရန်လှုံ့ဆော်မှုများရှိခဲ့ပါသည်။

*'ကျွန်တော်ကတော့ဘာမှဖြစ်လာလိမ့်မယ်လို့မထင်ဘူး။ကျွန်တော်လွန်ခဲ့တဲ့တစ်နှစ်ကျော်ကတည်းကတိုင်ထားခဲ့တာအခုထိဘာမှမကြားရသေးဘူး။ကျွန်တော်ကျေးရွာအုပ်ချုပ်ရေးမှူးကိုမေးတော့မြို့နယ်အဆင့်ကိုရောက်နေပြီပြောတယ်။မြို့နယ်ကိုသွားမေးတော့နိုင်ငံတော်အဆင့်ကကိုင်တယ်ပြောတယ်။သူတို့ကကျွန်တော်တို့စိတ်ပျက်သွားတဲ့အထိစောင့်နေကြတာ'* ဧရာဝတီတိုင်းဒေသကြီးမှမြေအနည်းငယ်သာပိုင်ဆိုင်သူတစ်ဦး

**မျှော်လင့်ချက်များဖန်တီးပေးထားခြင်းကြောင့်ထိုမျှော်လင့်ချက်များဖြစ်မလာပါကကျေးရွာသားများမည်သို့တုန့်ပြန်မည်ဆိုသောဖော်ပြချက်များကိုလည်းဖန်တီးပေးပါသည်။**ချင်းပြည်နယ်ရှိကျေးရွာများအကြားတွင်လမ်းအတွက်ပြိုင်ဆိုင်နေကြခြင်းကကျေးရွာသားများအနေဖြင့်အစိုးရကကတိပြုထားသည့်အတိုင်းဝန်ဆောင်မှုများကိုမဆောင်ရွက်ပေးခဲ့လျှင်မည်သို့စိတ်ပျက်ကြရကြောင်းမီးမောင်းထိုးပြနေပါသည်။ဒေသန္တရ

အဆင့်တွင်သတိပြုဖွယ်ပြောင်းလဲမှုများမှာယခုလောလောဆယ်တွင်သာဖြစ်နေကြောင်းတွေ့ရပြီးဒေသအားလုံးတို့တွင်ယခုအချိန်ထိမျှော်လင့်ချက်များအားစီမံခန့်ခွဲခြင်းနှင့်ပတ်သက်သည့်ပြဿနာများကိုမတွေ့ရှိရသေးပါ။သို့ရာတွင်မြေယာအငြင်းပွားမှုများအားကိုင်တွယ်ခြင်းနှင့်ပတ်သက်၍မူကျေးရွာသားများအနေဖြင့်မြေယာအမှုများကိုဖြေရှင်းပေးမည်ဟူသော အစိုးရ၏ကတိကဝတ်ကို သံသယဖြစ်နေပုံရပါသည်။

### သာဓက (24) ကျေးရွာများသည်အရေးဆိုရန်အတွက် လွှတ်တော်နှင့်မီဒီယာများအားချိတ်ဆက်ခြင်းအားဖြင့် အခြေခံအဆောက် အအုံများ လက်ခံရရှိရေးအတွက်ယှဉ်ပြိုင်နေကြခြင်း

**ချင်းပြည်နယ်ရှိကျေးရွာများအကြားတွင်အခြေခံအဆောက်အအုံများရရှိရေးအတွက်ယှဉ်ပြိုင်ခဲ့သည့်သာဓကတစ်ခုတွင်ကျေးရွာခေါင်းဆောင်များသည်ကျေးရွာ၏အကျိုးစီးပွားများအတွက်အရေးဆိုရာတွင်လွှတ်တော်နှင့်မီဒီယာများအားချိတ်ဆက်၍မည်သို့ကြိုးစားနေကြပုံကိုဖော်ပြနေပါသည်။**

၂၀၁၃ခုနှစ်တွင်ချင်းပြည်နယ်မှကျေးရွာတစ်ရွာသည်၎င်းတို့ရွာနှင့်အခြားတစ်ရွာကိုဆက်သွယ်မည့်လမ်းတစ်လမ်းဖောက်လုပ်ပေးရန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့အဆိုပြုလွှာတင်သွင်းလျှောက်ထားခဲ့ရာခွင့်ပြုပေးခဲ့ပါသည်။သို့ရာတွင်ထိုလမ်းဖောက်လုပ်နေစဉ်အတွင်းအနီးရှိကျေးရွာတစ်ရွာကထိုလမ်းကိုမိမိတို့ကျေးရွာမှဖြတ်၍ဖောက်ပါကပိုမိုသင့်တော်မည်ဖြစ်ကြောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့စာေဒကတက်သည့်စာတစ်စောင်ပေးပို့ခဲ့ပါသည်။ချင်းပြည်နယ်ဝန်ကြီးချုပ်သည်အခြေအနေကိုကွင်းဆင်းစစ်ဆေးပြီးနောက်မူလကျေးရွာရှိမြေအခြေအနေသည်တောင်ပြိုကျမှုများဖြစ်နိုင်သောကြောင့်လမ်းဖောက်လုပ်ရန်သင့်တော်မှုနည်းပါးကြောင်းသဘောတူခဲ့ပါသည်။သို့ဖြစ်၍လမ်းကိုလည်းအနီးရှိကျေးရွာသို့ရွှေ့ပြောင်းဖောက်လုပ်ခဲ့ပါသည်။

ဤဆုံးဖြတ်ချက်ကိုမကျေနပ်သောကြောင့်ပထမကျေးရွာ၏အုပ်ချုပ်ရေးမှူးသည်လွှတ်တော်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့တိုင်ကြားစာတစ်စောင်ပေးပို့ခဲ့ပါသည်။ကျေးရွာသားများကလည်းထိုကိစ္စကိုအများပြည်သူသိရှိစေရန်အတွက်ဒေသခံမီဒီယာသမားများအားဆက်သွယ်ခဲ့ပါသည်။မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးကလမ်းသစ်ဖောက်လုပ်ခြင်းသည်၂၀၁၃ခုနှစ်ဘတ်ဂျက်တွင်ပါဝင်သည်ဟုဖော်ပြထားသည့်အတွက်ယင်းကိုပြောင်းလဲရန်မဖြစ်နိုင်ပါ။သုတေသနပြုလုပ်ချိန်တွင်ကျေးရွာသားများကမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအားရန်ပုံငွေများကိုသူတို့ရွာအားထောက်ပံ့ပေးရန်နှင့်လမ်းကိုသူတို့ကိုယ်တိုင်ဖောက်လုပ်မည်ဖြစ်ကြောင်းတောင်းဆိုခဲ့ကြပါသည်။ထို့အပြင်နိုင်ငံခြားတွင်နေထိုင်နေကြသောကျေးရွာသားများထံမှလည်းအလှူငွေများကောက်ခံရန်ဆက်သွယ်ခဲ့ကြပါသည်။လမ်းဖောက်လုပ်မှုနှင့်ပတ်သက်၍တင်းမာမှုများသည်ပညာရေးကဲ့သို့သောအခြားကဏ္ဍများသို့လည်းပြန့်နှံ့သွားခဲ့ပါသည်။ထိုကျေးရွာနှစ်ရွာအတွက်ကျောင်းတစ်ကျောင်းတည်းသာရှိသောကြောင့်ကျေးရွာတစ်ရွာကကျောင်းသုံးပစ္စည်းများထောက်ပံ့ပေးပါကထိုပစ္စည်းများအားတစ်ကျောင်းလုံးရှိကျောင်းသားများသို့ပံ့ပိုးပေးမည်သို့မဟုတ်မိမိတို့ကျေးရွာမှကျောင်းသားများအတွက်သာပံ့ပိုးပေးမည်ဆိုသည်ကိုအငြင်းပွားနေကြပါသည်။

## ကျေးရွာအဆင့်အဖွဲ့အစည်းများ

'*ကျေးရွာအုပ်ချုပ်ရေးမှူးဆိုတာရွာရဲ့ခိုင်းနွားတစ်ကောင်နဲ့တူတယ်။ရွာအတွက်အလုပ်အားလုံးကိုလုပ်ပေးရမယ်*' မန္တလေးတိုင်းဒေသကြီးမှရပ်မိရပ်ဖအဖွဲ့ဝင်တစ်ဦး။

'*ကောင်းပြီ၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကလစာရတယ်။ဒါပေမယ့်ကျွန်တော်ကဘာကြောင့်ဒီအလုပ်ကိုလုပ်ရမှာလဲ။ကျွန်တော့်အတွက်ဘာမှရစရာမရှိဘူး။ဒါကြောင့်ကျွန်တော်စိတ်လဲမဝင်စားဘူး*' မန္တလေးတိုင်းဒေသကြီးမှကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး။

'*ဒီအချိန်တွေမှာကျွန်တော်တို့ကစကားပြောရင်သတိထားရတယ်၊ရွာသားတွေအားလုံးကသူတို့ဘယ်လိုတိုင်ရမလဲပဲစဉ်းစားနေတာ၊ကျွန်တော်လဲပင်ပန်းလှပြီ။နောက်ထပ်အလုပ်ကိုမလုပ်ချင်တော့ဘူး*' မကွေးတိုင်းဒေသကြီးမှကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦး။

'*ဒီရာထူးနေရာကစိတ်ရှုပ်ဖို့ကောင်းတယ်၊လစာလဲမပေးဘူးအလုပ်တွေကတော့အများကြီးပဲ*' ရောဝတီတိုင်းဒေသကြီးမှကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး။

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်နိုင်းယှဉ်ပါက ကျေးရွာအုပ်ချုပ်ရေးမှူးများ၏အရေးပါမှုမှာဆက်လက် လျော့နည်းနေပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးသည်ယခင်ကလောက် ဆွဲဆောင်မှုမရှိတော့သဖြင့် ဒေသန္တရခေါင်းဆောင်မှုတွင်ကွက်လပ်များဖြစ်လာနိုင်စ ရာရှိပါသည်။

## ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ

**မူဝါဒအသစ်များနှင့်ဒေသခံများ၏မျှော်လင့်ချက်များကြောင့်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်နိုင်းယှဉ်ပါကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ဩဇာလွှမ်းမိုးမှုတိုးတက်လာပါသည်။** [21] ထို့အတူခေါင်းဆောင်အုပ်စုနှစ်စုအကြားလုပ်ပိုင်ခွင့်အာဏာခွဲဝေမှုကိုလည်းအကျိုးသက်ရောက်စေပါသည်။ဤအချက်ကိုယခင် QSEM လေ့လာမှုများတွင်တွေ့ရှိရသောအလားအလာလမ်းကြောင်းများကိုအခြေခံထားခြင်းဖြစ်ပါသည်။အစိုးရနှင့်ချိတ်ဆက်ရန်လိုအပ်သောပြဿနာအများစုတို့အတွက်ကျေးရွာသားများကပထမဦးဆုံးဆက်သွယ်ရမည့်သူမှာကျေးရွာအုပ်ချုပ်ရေးမှူးများဖြစ်သည်ဟုမြင်နေရသော်လည်း၊ အမှန်တကယ်တွင်မူလလုပ်ပိုင်ခွင့်မှာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများတွင်သာရှိပါသည်။ဤပြောင်းလဲမှုများသည်ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေပြဌာန်းပြီးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲများပြုလုပ်ပြီးသည့်အချိန်တွင်စတင်ခဲ့ခြင်းဖြစ်ကြောင်း QSEM 3 အစီရင်ခံစာတွင်ပထမဆုံးဖော်ပြထားပါသည်။

**ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ဩဇာလွှမ်းမိုးမှုသည်မူဝါဒများပြောင်းလဲခြင်း၊လစာများတိုးလာခြင်းနှင့်အလုပ်များလာခြင်းတို့ပေါင်းစပ်ထားခြင်းကြောင့်ပိုတိုးလာပါသည်။** ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေပြဌာန်းပြီးနောက် လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီများ၊ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီများဖွဲ့စည်းခြင်းကဲ့သို့ သောအခြားကြီးကြပ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်လာခြင်း ကြောင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏တရားဝင်မှုကို ပိုမိုခိုင်မာ စေပါသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ထိုကော်မတီဝင်များအားခန့်ထားရာတွင်အရေးပါသောကြောင့်ကော်မတီများကလည်းယေဘုယျအားဖြင့်အုပ်ချုပ်ရေးမှူး၏ [22] စိတ်ဝင်စားမှုများကိုလိုက်လျောရလေ့ရှိပါသည်။နောက်ပိုင်းအခန်းတွင်ဆက်လက်ဆွေးနွေးမည့်အတိုင်းအစိုးရဌာနများသည်ကျေးရွာအဆင့်၌အကူအညီများကိုသိသာထင်ရှားစွာတိုးမြှင့်ပေးလာသည့်အတွက်ထိုအကူအညီများကိုခွဲဝေသုံးစွဲရန်ဆုံးဖြတ်ရာတွင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကအရေးပါသောအခန်းကဏ္ဍမှပါဝင်နေပါသည်။ စီမံကိန်းအမျိုးမျိုးအတွက်ကျေးရွာသားများ၏အဆိုပြုလွှာများသည်လည်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှတစ်ဆင့်သာသွားရပါသည်။ထို့အတူအစိုးရဌာနများကအစပျိုးဆောင်ရွက်သောစီမံကိန်းများသည်လည်းအတူတူပင်ဖြစ်ပါသည်။ထိုစီမံကိန်းများအရေအတွက်တိုးလာသည်နှင့်အမျှကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏လုပ်ပိုင်ခွင့်လည်းတိုးလာပါသည်။နောက်ဆုံးအနေဖြင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏လစာများတိုးလာပါသည်။တစ်ချိန်တည်းတွင်ကျေးရွာအုပ်ချုပ်ရေးမှူးများအားငွေကြေးကောက်ခံခွင့်မပေးတော့ခြင်းကြောင့်ဤအချက်သည်လုပ်ပိုင်ခွင့်အာဏာမည်သည့်နေရာတွင်ရှိနေကြောင်းသိသာထင်ရှားသောညွှန်းကိန်းတစ်ခုဖြစ်လာပါသည်။

**ဆန့်ကျင်ဘက်အနေဖြင့်လစာမရခြင်းသို့မဟုတ်ငွေကြေးကောက်ခံခွင့်မရှိခြင်းတို့ကြောင့်ကျေးရွာအုပ်ချုပ်ရေးမှူး၏အခန်းကဏ္ဍသည်ပိုမိုကန့်သတ်ခံရပါသည်။**ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့်သူတို့၏လုပ်ငန်းကိုဖိအားအောက်တွင်လုပ်နေရသည်ဟုရှုမြင်ကြပါသည်။ကျေးရွာသားများထံမှတောင်းဆိုချက်များမှာတူညီသော်လည်းထိုတောင်းဆိုချက်များကိုတုန့်ပြန်ဆောင်ရွက်ပေးရန်အတွက်ကျေးရွာအုပ်ချုပ်ရေးမှူးများတွင်လုပ်ပိုင်ခွင့်အာဏာမရှိတော့ပါ။ကျေးရွာအုပ်ချုပ်ရေးမှူးများသည်ကျေးရွာသားများအတွက်ပထမဆုံးဆက်သွယ်ရမည့်သူများဖြစ်နေဆဲဖြစ်ပါသည်။သို့ရာတွင်သူတို့၏လုပ်ပိုင်ခွင့်များလျော့နည်းလာခြင်းနှင့်လစာမရရှိခြင်းသို့မဟုတ်လုပ်ငန်းကုန်ကျစရိတ်အတွက်ငွေကြေးမကောက်ခံရခြင်းတို့ကြောင့်ပြဿနာများကိုၚင်းတို့ဘာသာဖြေရှင်းမည့်အစားကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသို့သာလွှဲပြောင်းပေးရန်စိတ်ကူးကြပါသည်။ထို့အတူပင်ကျေးရွာအုပ်ချုပ်ရေးမှူးများသည်ကျေးရွာသားများအားညွှန်ကြားရန်သို့မဟုတ်ကျေးရွာအားအမိန့်နာခံလာစေရန်ဆောင်ရွက်ရာတွင်ဩဇာအာဏာနည်းလာကြောင်းရှုမြင်ကြပါသည်။ဥပမာအားဖြင့်မန္တလေးတိုင်းနှင့်ဧရာဝတီတိုင်းဒေသများရှိကျေးရွာအုပ်ချုပ်ရေးမှူးအားလုံးနီးပါး

---

[21] ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေပါပြောင်းလဲမှုများအရကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရာအိမ်မှူးတို့ကို တရားဝင်အသိအမှတ်ပြုထားခြင်းမရှိသော်လည်း ဤအစီရင်ခံစာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး(ရာအိမ်မှူးနှင့်တူညီပါသည်) နေရာကိုဆက်လက်ရည်ညွှန်းအသုံးပြုထားပါသည်။ကျေးရွာသားများ (ကျေးရွာအုပ်ချုပ်ရေးမှူးများ ကိုယ်တိုင်အပါအဝင်) ကဤရာထူးနေရာကိုပုံမှန်အားဖြင့်ရည်ညွှန်းလေ့ရှိပြီး၊ကျေးရွာသားများအကြားတွင်လည်းမည်သည့်ကျေးရွာတွင်မဆိုဤတာဝန်ကိုထမ်းဆောင်နေသောတစ်ဦးချင်းပုဂ္ဂိုလ်များအကြောင်းအများသိရှိထားပြီးဖြစ်သည့်အတွက်အစီရင်ခံစာတွင်လက်တွေ့အခြေအနေများ၌ဤရာထူးနေရာကိုရည်ညွှန်းထားပါသည်။ကျေးရွာအုပ်ချုပ်ရေးမှူးကိုပုံမှန်အားဖြင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကခန့်အပ်ပြီး၊ထိုသို့ခန့်အပ်နိုင်ရန်အတွက်ကျေးရွာတစ်ရွာချင်းစီ၏ဆယ်အိမ်မှူးများထံမှအကြံဉာဏ်များတောင်းခံတတ်ကြပါသည်။

[22]များသောအားဖြင့် `အုပ်ချုပ်ရေးမှူး´၏။

သည့်စုပေါင်းလုပ်ငန်းများအတွက်လူစုရာတွင်အခက်အခဲများပိုမိုကြုံတွေ့လာရကြောင်းသတိပြုမိကြပါသည်။

**ရလဒ်အနေဖြင့်ထိုရာထူးနေရာအတွက်စိတ်ဝင်စားမှုနည်းကြပါသည်။**ရှမ်းပြည်နယ်မှသာဓက (၂၅) တွင် ကျေးရွာအုပ်ချုပ်ရေးမှူးများသည်သူတို့၏နေရာများအပေါ်အဘယ်ကြောင့်ပိုမိုစိတ်ပျက်လာရ ကြောင်းနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်လိုသောလူများကိုရှာဖွေရန်စိန်ခေါ်မှုများရှိနေကြောင်းကိုဥပမာတစ်ခုဖော်ပြထားပါသည်။

### သာဓက (25) ကုန်ကျစရိတ်များခြင်းနှင့်လစာဆုကြေးများနည်းပါးခြင်းကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး လုပ်ရန်မက်လုံးများနည်းလာခြင်း

ရှမ်းပြည်နယ်ရှိကျေးရွာတစ်ရွာတွင်ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးကသူ၏ရာထူးမှနုတ်ထွက်သွားသောသာဓကသည်အခြားအစားထိုးလုပ်ငန်းများရှိနေခြင်း၊လုပ်ငန်းဆောင်ရွက်ရန်ဘတ်ဂျတ်မရှိခြင်းနှင့် (ရှမ်းပြည်နယ်ရှိ) ပဋိပက္ခတို့ကကျေးရွာအုပ်ချုပ်ရေးမှူးလုပ်ရန်မည်မျှအထိဆွဲဆောင်မှုနည်းနေကြောင်းဖော်ပြနေပါသည်။ရှမ်းပြည်နယ်ရှိကျေးရွာငယ်တစ်ရွာတွင်လွန်ခဲ့သော (၈) နှစ်မှစ၍အုပ်ချုပ်ရေးမှူး (၂) ဦးပူးတွဲရှိခဲ့ပါသည်။ တစ်ဦးမှာ ရွာအစည်းအဝေးများခေါ်ခြင်း၊ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန်ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊အုပ်စုအုပ်ချုပ်ရေးမှူးကပြုလုပ်သောအစည်းအဝေးများတက်ရောက်ခြင်း၊ NGOများ၊ စစ်တပ်၊ရှမ်းပြည်တပ်မတော်စ သည့်ပြင်ပ လူများနှင့်ဆက်သွယ်ဆောင်ရွက်ပေးခြင်းကဲ့သို့သော ကျေးရွာအရေးကိစ္စများနှင့် အမြဲအလုပ်ရှုပ်နေတတ် ပါသည်။ ထိုအလုပ်မှာအလွန်အမင်းအချိန်ကုန်ပြီးရန်ပုံငွေများလည်းမလုံလောက်ခြင်းကြောင့်အုပ်စုအစည်းအဝေးများတက်ရောက်ရန်အတွက်ကိုယ်ပိုင်ငွေကိုသုံးစွဲရပါသည်။ထို့အပြင်အုပ်စုအမျိုးမျိုးနှင့်ညှိနှိုင်းရသည့်အချိန်များတွင်သူ၏လုံခြုံရေးကိုလည်းခြိမ်းခြောက်နေပါသည်။ထိုကျေးရွာအုပ်ချုပ်ရေးမှူးကဤတာဝန်များကိုဆောင်ရွက်နေစဉ်တွင်သူ၏ဇနီးကလယ်ယာလုပ်ငန်းများကိုဆောင်ရွက်ရပါသည်။သို့ဖြစ်၍ဇနီးဖြစ်သူက `ဒီအုပ်ချုပ်ရေးမှူး အလုပ်ကအချိန်လည်းကုန်သေးတယ်၊ကျွန်မတို့လုပ်အားတွေနဲ့ငွေကြေးတွေကိုလည်းပြုန်းတီးစေတယ်´ ဟုမှတ်ချက်ပြုခဲ့ပါသည်။သူ၏ဇနီးသည်တွင်ကျန်းမာရေးပြဿနာများနှင့်စတင်ရင်ဆိုင်လာရသောအခါထိုအုပ်ချုပ်ရေးမှူးအလုပ်မှနုတ်ထွက်ရန်တိုက်တွန်းခဲ့ပါသည်။ရလဒ်အနေဖြင့်ကျေးရွာသားများအားအစည်းအဝေးခေါ်ပြီး သူနုတ်ထွက်ပြီဖြစ်ကြောင်းကြေညာခဲ့ပါသည်။သို့ရာတွင်ကျေးရွာသားများကလက်မခံကြသေးဘဲသူ၏ဇနီးဖြစ်သူကရွာမှထွက်သွားမည်ဟုခြိမ်းခြောက်သောအခါမှသာသဘောတူညီကြပါသည်။

## လူမှုဆက်ဆံရေးများအတွက်ဖော်ပြချက်များ

ဒေသတွင်းခေါင်းဆောင်များသည်လူမှုရေးသဟဇာတဖြစ်မှုကိုတိုးမြှင့်ပေးရာတွင်သို့မဟုတ်ဖျက်ဆီးရာတွင်အရေး ကြီးသော အခန်းကဏ္ဍမှပါဝင်နေပါသည်။

**ကျေးရွာ၏လူမှုဆက်ဆံရေးများကိုအကျိုးသက်ရောက်နေသောအရေးအကြီးဆုံးအချက်တစ်ခုမှာဒေသတွင်းခေါင်းဆောင်မှုအရည်အသွေးဖြစ်ပါသည်။** QSEM မှလေ့လာခဲ့သည့်ကျေးရွာများတွင် လူမှုဆိုင်ရာပေါင်းစည်းညီညွတ်မှုအပြောင်းအလဲများမှာများသောအားဖြင့်ဒေသခံခေါင်းဆောင်များ၏ဩဇာလွှမ်းမိုးမှုနှင့်ချိတ်ဆက်နေပါသည်။ခေါင်းဆောင်မှုကောင်းမွန်ပါကလူမှုဆက်ဆံရေးများတိုးတက်လာပြီးခေါင်းဆောင်မှုညံ့ဖျင်းပါကသို့မဟုတ်ကျေးရွာခေါင်းဆောင်များမရှိပါကလူမှုဆက်ဆံရေးများအားနည်းပါသည် **။ကျေးရွာခေါင်းဆောင်များသည် အဆင်မပြေသောလူမှုဆက်ဆံရေးများရှိသည့် နေရာများတွင်ပင် လူမှုအရင်းအနှီးများတည်ဆောက်ရာတွင်သို့မဟုတ်ထိန်းသိမ်းရာတွင်အရေးပါသောအခန်းကဏ္ဍမှပါဝင်နေပါသည်။သို့သော်ခေါင်းဆောင်မှုညံ့ဖျင်းခြင်းကြောင့်လူမှုရေးတင်းမာမှုများဖန်တီးပေးသောသို့မဟုတ်ပိုဆိုးစေသောဥပမာများလည်းရှိပါသည်။**ယခင် QSEM လေ့လာမှုများတွင်လူမှုဆက်ဆံရေးများ တိုးတက်ခဲ့သောကျေးရွာများ၌ထိုသို့သောဥပမာများရှိကြပါသည်။ယင်းကျေးရွာများတွင်ကျေးရွာခေါင်းဆောင်များကခိုင်မာသောလုပ်ငန်းအဆင့်များဆောင်ရွက်ခြင်း၊ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကဦးဆောင်ခြင်း၊ဆန့်ကျင်ဘက်အုပ်စုများကိုဘုံရည်မှန်းချက်ရရန်ဆောင်ရွက်ပေးခြင်းတို့၏ရလဒ်များကြောင့်ဖြစ်ပါသည်။သို့ရာတွင်ခေါင်းဆောင်မှုညံ့ဖျင်းသောကျေးရွာများတွင်ယခင်ကတည်းကရှိနေသောလူမှုရေးတင်းမာမှုများကိုပိုဆိုးစေခြင်းသို့မဟုတ်တင်းမာမှုအသစ်များဖြစ်လာစေသည့်ဥပမာများတွေ့ရှိရပါသည်။ထိုဥပမာများကိုအတန်းအစား (၂)မျိုးခွဲခြားနိုင်ပါသည်။ ပထမအတန်းအစားမှာအချို့သောကျေးရွာများ၌ကျေးရွာအုပ်ချုပ်ရေးမှူးများသို့မဟုတ်အခြားကျေးရွာခေါင်းဆောင်များကသူတို့၏တာဝန်များကိုညံ့ဖျင်းစွာစီမံခန့်ခွဲနေခြင်းသို့မဟုတ်ထိုတာဝန်များမှတရားမဝင်အကျိုးအမြတ်များရယူနေခြင်းဖြစ်ပါသည်။ဥပမာအားဖြင့်မကွေးတိုင်းဒေသကြီးရှိကျေးရွာတစ်ရွာတွင်ကျေးရွာအုပ်ချုပ်ရေးမှူးကမြေယာမဲ့ကျေးရွာသားများအတွက်လူနေအိမ်များဆောက်လုပ်ရန်အများပိုင်မြေကိုခွဲဝေပေးလိုက်

သောအပြုအမူအပေါ်ကျေးရွာသားများကစိတ်ပျက်မှုကိုဖော်ပြခဲ့ပါသည်။ရောဝတီဒေသတွင်ကျေးရွာခေါင်းဆောင်များသည်အသေးစားချေးငွေထုတ်ချေးသူတစ်ဦးနှင့်ရပ်မိရပ်ဖအဖွဲ့ဝင်တစ်ဦးတို့အကြားဖြစ်ပွားသည့်အငြင်းပွားမှုတစ်ခုကိုမဖြေရှင်းပေးနိုင်ခဲ့ပါ။ထိုပြဿနာတွင်ယင်းရပ်မိရပ်ဖအဖွဲ့ဝင်သည်အကြွေးများကိုပြန်မဆပ်တော့ဘဲကျေးရွာမှတိမ်းရှောင်သွားခဲ့ပါသည်။ထိုတင်းမာမှုကြောင့်ကျေးရွာသားများကလည်းမည်သည့်အစည်းအဝေးကိုမှမတက်ကြတော့အပါ။ရခိုင်ပြည်နယ်တွင်ဘုန်းကြီးကျောင်းဆောက်လုပ်ရေးဂေါပကအဖွဲ့ကရန်ပုံငွေများကိုအလွဲသုံးစားပြုလုပ်ခြင်းကြောင့်ကျေးရွာရှိအုပ်စုများအကြားတွင်တစ်စုကိုတစ်စုရဲသို့တိုင်ကြားခြင်းများဖြစ်ခဲ့ပါသည်။ဂေါပကအဖွဲ့ဟောင်းမှအဖွဲ့ဝင်ဟောင်းများနှင့်ဂေါပကအဖွဲ့ဝင်သစ်များသည်ကျေးရွာဖွံ့ဖြိုးရေးကော်မတီတွင်လည်းပါဝင်နေကြပြီး၊အလုပ်တွဲလုပ်ရန်ငြင်းဆန်ကြသည့်အတွက်ဖွံ့ဖြိုးရေးလုပ်ငန်းများလည်းရပ်တန့်ခဲ့ပါသည်။

**ဒေသတွင်းခေါင်းဆောင်နေရာများအတွက်ယှဉ်ပြိုင်ခြင်း (အထူးသဖြင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနေရာအတွက်) ကြောင့်အချို့ကျေးရွာများတွင် တင်းမာမှုများဖြစ်ပေါ်ခဲ့ပါသည်။**ဤအချက်ကို QSEM 3 လေ့လာမှုတွင်မတွေ့ရှိရပါ။အဘယ်ကြောင့်ဆိုသော် QSEM 3 လေ့လာ မှုကို ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲမတိုင်မီကပ်၍ပြုလုပ်ခဲ့သောကြောင့်ဖြစ်ပါသည်။ထိုအချက်များရှိသော်လည်းကျေးရွာနှစ်ရွာတွင်မူဒေသတွင်းနိုင်ငံရေးအရယှဉ်ပြိုင်မှုသည်လူမှုရေးတင်းမာမှုများအပေါ်ဆိုးကျိုးများသက်ရောက်စေကြောင်းတွေ့ရှိရပါသည်။ ရောဝတီတိုင်းဒေသကြီးမှသာဓက(၂၆) တွင်ဤအကြောင်း ကို ဖော်ပြထားပါသည်။

#### သာဓက( 26) ရောဝတီတိုင်းဒေသကြီးတွင်ခန့်အပ်ထားသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ကျေးရွာ၏လူမှုရေးသဟဇာတဖြစ်မှုကိုဖျက်ဆီးလိုက်ခြင်း

**ရောဝတီတိုင်းဒေသကြီးရှိသာဓကတစ်ခုတွင်ဒေသတွင်းနိုင်ငံရေးယှဉ်ပြိုင်မှုကြောင့်လူမှုရေးတင်းမာမှုများပိုဆိုးခဲ့ကြောင်းဖော်ပြနေပါသည်။**ကျေးရွာတစ်ရွာတွင်၂၀၁၃ခုနှစ်၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲပြီးသည်နှင့်တစ်ပြိုင်နက်လူမှုဆက်ဆံရေးများယိုယွင်းလာခဲ့ပါသည်။တရားလိုတစ်ဦးကရွေးကောက်ခံရသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည်လယ်သမားများ၏မိုးရာသီဘဏ်ချေးငွေများမှငွေကျပ် (၆၀၀၀၀) ယူထားကြောင်း တိုင်ကြားခဲ့ပါ သည်။ထိုအုပ်ချုပ်ရေးမှူးမှာရာထူးပြုတ် သွားခဲ့ပြီး၂၀၁၃ခုနှစ်၊ဒီဇင်ဘာလတွင် အထူးရွေးကောက်ပွဲတစ်ခုပြုလုပ်ခဲ့ပါသည်။ယှဉ်ပြိုင်သူတစ်ဦးသည်အခြားလူများက (၂၃)မဲရရှိချိန်တွင်သူက(၃၃)မဲဖြင့်အနိုင် ရရှိခဲ့ပါသည်။ သို့ရာတွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးက ထိုရလဒ်ကိုငြင်းဆန်ခဲ့ပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ်ယာယီဆောင်ရွက်ရန်လယ်သမားတစ်ဦးကိုခန့်အပ်ခဲ့ပါသည်။ထိုယာယီအုပ်ချုပ်ရေးမှူးသည်သူခန့်အပ်ခံရရန်အတွက်ရွေးကောက်ပွဲမှာမမှန်ကန်ကြောင်းပြောကြားခဲ့ပြီး၊မည်သူမှမယုံကြည်ကြပါ။

ယာယီအုပ်ချုပ်ရေးမှူးသည်ထောက်ခံမှုရရန်ရုန်းကန်ခဲ့ရပါသည်။သူသည်ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှပူးပေါင်းပါဝင်မှုမရှိကြောင်းတိုင်ကြားစာများကိုမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့မကြာခဏပို့လေ့ရှိပါသည်။ပိုဆိုးသည်မှာကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌသည်ရွာလမ်းဘေးတွင်စပါးလှမ်းခြင်းကဲ့သို့သောအသေးအဖွဲသာဓကများအပါအဝင်ကိစ္စရပ်အားလုံးကိုမြို့နယ်ရုံးသို့အစီရင်ခံတတ်သည့်အကျင့်ရှိနေခြင်းဖြစ်ပါသည်။ထိုသို့ပြုလုပ်ခြင်းဖြင့်ကျေးရွာသားများအကြားတင်းမာမှုများတိုးလာပြီးယာယီအုပ်ချုပ်ရေးမှူးအနေဖြင့်ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌအားဖယ်ရှားပေးရန်တောင်းဆိုသောစာတစ်စောင်ကိုမြို့နယ်ရုံးသို့ထပ်မံပေးပို့ခဲ့ပါသည်။

သုသေတနပြုလုပ်ချိန်တွင်လူမှုရေးဆက်ဆံမှုများအလွန်ဆိုးနေပြီးယာယီအုပ်ချုပ်ရေးမှူးနှင့်အခြားကျေးရွာကော်မတီများအကြားပူးပေါင်းဆောင်ရွက်မှုမရှိတော့ပါ။ကျောင်းကော်မတီများကလည်းအုပ်ချုပ်ရေးမှူးကိုအသိမပေးဘဲလုပ်ငန်းများဆောင်ရွက်နေကြပါသည်။ကျေးရွာအစည်းအဝေးများသို့တက်ရောက်သူများမှာအုပ်ချုပ်ရေးမှူးအားထောက်ခံသောသို့မဟုတ်သူနှင့်ဆက်စပ်နေသောလူများသာဖြစ်ပါသည်။ကျေးရွာသားများကအုပ်ချုပ်ရေးမှူးသည်ရပ်ရွာတည်ငြိမ်မှုကိုထိန်းချုပ်နိုင်စွမ်းမရှိဘဲအရက်မူး၍ရန်ဖြစ်ခြင်း၊ခိုးထိုးမှုများနှင့်လောင်းကစားမှုများတိုးလာကြောင်းစောဒကတက်ခဲ့ပါသည်။ထိုသို့လူမှုဆက်ဆံရေးများဆိုးဝါးနေပြီးရန်ဖြစ်နေသည့်အတွက်လွှတ်တော်နှင့်အခြားရန်ပုံငွေအရင်းအမြစ်အဖွဲ့အစည်းများကလည်းရန်ပုံငွေများခွဲဝေပေးခြင်းမရှိတော့ပါ။သို့ဖြစ်၍ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်းရပ်တန့်နေပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ

**ကျေးရွာအဆင့်အဖွဲ့အစည်းများတွင် နောက်ထပ်တစ်ခုတည်းသောပြောင်းလဲမှုမှာ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ(VDSC)များကိုဖွဲ့စည်းခြင်းဖြစ်ပါသည်။** [23] ထိုကော်မတီများ ကို လက်ရှိတွင်ကျေးရွာအုပ်စုအဆင့်၌ဖွဲ့စည်းနေပြီးမြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများသို့အစီရင်ခံလျက်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ဆက်သွယ်ရန်ပုဂ္ဂိုလ်များအဖြစ်ဆောင်ရွက်ရန် ဖြစ်ပါသည်။ QSEM 3 တွင်တွေ့ရှိရသောတိုးတက်မှုများအတိုင်းပင် VDSC များကိုဒေသအားလုံး တွင်ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ဒေသအများစုတို့တွင် VDSC များ၏အခန်းကဏ္ဍမှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံမှတင်ပြလာသောအဆိုပြုလွှာများကိုအတည်ပြုပေးရန်နှင့်စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုကိုကြီးကြပ်ရာတွင်ကူညီရန်ဖြစ်ပါသည်။

**ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမပါဘဲလွတ်လပ်စွာလုပ်ငန်းဆောင်ရွက်နေသော VDSC အနည်းငယ်သာရှိပါသည်။**ဤသုတေသနတွင် VDSCများသည်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး မပါပဲလွတ်လပ်စွာဆောင်ရွက်နေသောသို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ညွှန်ကြားချက်ကိုပင်ဆန့်ကျင်ဆောင်ရွက်နေသောဥပမာအနည်းငယ်သာတွေ့ရှိရပါသည်။ ဤဥပမာများသည်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော်ကျေးရွာများရှိဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်ရာတွင် VDSC၏ညွှန်ကြား ချက်များနှင့်ကိုက်ညီသောနေရာများတွင်သူတို့သည်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏လုပ်ပိုင်ခွင့်ကိုစောင့်ကြည့်ထိန်းကျောင်းပေးသောပုံစံတစ်ခုဖြစ်လာပါသည်။သာဓက (၂၇) တွင်ဤကိစ္စရပ် အတွက်ရှမ်းပြည်နယ်ဆီဆိုင်မြို့နယ်မှဥပမာတစ်ခုကိုဖော်ပြထားပါသည်။ထိုသာဓကတွင်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေများအားကျေးရွာအုပ်ချုပ်ရေးမှူးရုံးပြင်ဆင်ရန်အသုံးပြုလိုသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို VDSC ကဆန့်ကျင်ခဲ့ပါသည်။

**သာဓက( 27) - ရှမ်းပြည်နယ်တွင် (VDSC) သည်ကျောင်းသုံးပစ္စည်းများအတွက်ရန်ပုံငွေခွဲဝေ ပေးရန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ဆွေးနွေးညှိနှိုင်းခဲ့ခြင်း**

၂၀၁၃ခုနှစ်၊ဩဂုတ်လတွင်ရှမ်းပြည်နယ်ရှိမြို့နယ်တစ်မြို့နယ်မှမြို့နယ်အုပ်ချုပ်ရေးမှူးသည် VDSC အဖွဲ့ ဝင်များနှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့အားငှင်းတို့ကျေးရွာများတွင်ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်အဆိုပြုလွှာများတင်သွင်းခိုင်းခဲ့ပါသည်။ငင်းတို့တင်သွင်းခဲ့သောအဆိုပြုလွှာများတွင်ကျောင်းတည်ဆောက်ခြင်း၊တံတားဆောက်ခြင်းနှင့်လမ်းဖောက်လုပ်ခြင်းများပါဝင်ပါသည်။သို့ရာတွင်၂၀၁၄ခုနှစ်၊ဧပြီလ၌ကျေးရွာအုပ်စုအတွက်ရန်ပုံငွေငွေကျပ်သိန်း(၅၀) ရရှိခဲ့သောအခါကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကအုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်ရာတွင်ထိုရန်ပုံငွေကိုအသုံးပြုရန်စီစဉ်ထားကြောင်းပြောခဲ့ပါသည်။ VDSC သည်ထိုအကြံဉာဏ်ကို သဘောမတူညီခဲ့ကြဘဲရန်ပုံငွေများကိုကျေးရွာအုပ်စု၏ဖွံ့ဖြိုးရေးအတွက်ရည်ရွယ်ထားခြင်းဖြစ်သည့်အတွက်ရုံးဆောက်လုပ်ရာတွင်အသုံးမပြုသင့်ကြောင်းအလေးအနက်ပြောကြားခဲ့ပါသည်။ VDSC အဖွဲ့ဝင်တစ်ဦးက ' *ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကအုပ်စုအုပ်ချုပ်ရေးမှူးရုံးဆောက်ချင်တယ်။ဒါပေမယ့်ကျွန်တော်တို့ VDSC အဖွဲ့ဝင်တွေကသဘောမတူဘူး။ဒီရန်ပုံငွေကကျေးရွာအုပ်စုအုပ်ချုပ်ရေးအတွက်မဟုတ်ဘူး။ကျေးရွာအုပ်စုထဲမှာရှိတဲ့ရွာတွေအားလုံးအတွက်သုံးရမှာ* 'ဟုပြောကြားခဲ့ပါသည်။နောက်ဆုံးတွင် VDSC နှင့်အုပ်စုအုပ်ချုပ် ရေးမှူးတို့သည် ထိုရန်ပုံငွေကိုကျေးရွာအုပ်စုအတွင်းရှိကျောင်းများအတွက်စားပွဲနှင့်ကုလားထိုင်များဝယ်ယူရာတွင်အသုံးပြုရန်သဘောတူညီခဲ့ကြပါသည်။

---

[23] ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများကိုကျေးရွာအုပ်စုတိုင်းတွင်ဖွဲ့စည်းထားပြီး၊ကျေးရွာအုပ်စုတွင်းရှိကျေးရွာအားလုံးသို့မဟုတ်အားလုံးနီးပါးမှကိုယ်စားလှယ်များနှင့်အတူအများကလေးစားသောအဖွဲ့ဝင် (၇)ဦးခန့်ပါဝင်ပါသည်။ VDSC ၏အခန်းကဏ္ဍမှာကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအားစီမံချက်ရေးဆွဲခြင်းနှင့်ပတ်သက်၍မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့အကြံပေးရန်နှင့်ဖွံ့ဖြိုးရေးစီမံကိန်းများအားအကောင်အထည်ဖော်ရာတွင်ကူညီပေးရန်ဖြစ်ပါသည်။ VDSC ကိုသတင်းအချက်အလက်အစားထိုးနေရာတစ်ခုအဖြစ်ဖွဲ့စည်းထားခြင်းဖြစ်သော်လည်းလက်တွေ့တွင်မူ VDSC အဖွဲ့ဝင်များကိုကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကအမည်စာရင်းတင်သွင်းပါသည်။

# အခန်း(၆)

# ပြင်ပမှထောက်ပံ့ကူညီမှုများ

ယခင်လေ့လာမှုအကြိမ်များကတည်းကပင်အစိုးရ၏အထောက်အပံ့သည်သိသာထင်ရှားစွာတိုးတက်လာခဲ့ပါသည်။ QSEM လေ့လာခဲ့သည့်နေရာများတွင်အစိုးရစီမံကိန်းအရေအတွက်(၃)ဆနီးပါးအထိမြင့်တက်လာခဲ့ပြီးအများဆုံးမှာအခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းများဖြစ်ပါသည်။

ကျေးရွာသားများကအထူးသဖြင့်ယခင်ကမျှော်မှန်းချက်များနိမ့်ခဲ့သည့်အတွက်ကြောင့်အစိုးရ၏အထောက်အပံ့တိုးလာခြင်းကိုအကောင်းဘက်မှတုန့်ပြန်ခဲ့ကြပါသည်။သို့ရာတွင်အစိုးရအထောက်အပံ့နှင့်ပါတ်သက်၍ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များတွင်ဒေသခံများပူးပေါင်းပါဝင်မှုမရှိခြင်းသို့မဟုတ်အကောင်အထည်ဖော်ရာတွင်တာဝန်ခံမှုမရှိခြင်းတို့ကိုစိုးရိမ်မိကြောင်းကျေးရွာသားများကဖော်ပြခဲ့ကြပါသည်။

အလှူရှင်သို့မဟုတ် NGO များကဆောင်ရွက်သောဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်၍ပြောင်းလဲမှုမရှိသလောက်နည်းပါးပါသည်။အလှူရှင်များသည်ကျေးရွာအဆင့်ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကိုပံ့ပိုးပေးရာတွင်အတွေ့အကြုံများစွာရှိထားခြင်းကြောင့်အစိုးရလုပ်ငန်းစဉ်များပိုမိုထိရောက်စေရေးနှင့်တာဝန်ခံမှုရှိစေရေးအတွက်အသိပေးနိုင်မည့်အခွင့်အလမ်းများရှိနေပါသည်။

## ပုံစံများကိုခြုံငုံကြည့်ခြင်း

အစိုးရ၏အထောက်အပံ့များသိသာထင်ရှားစွာတိုးတက်လာပြီးအများစုမှာပညာရေး၊ချေးငွေလကလှမ်းမီရေးနှင့်အခြေခံအဆောက်အအုံကဏ္ဍများတွင်ဖြစ်ပါသည်။

**QSEM ၏လေ့လာဆန်းစစ်ခြင်းမူဘောင်တွင် နောက်ဆုံးရှုထောင့်မှာကျေးရွာများတွင်ပြင်ပမှထောက်ပံ့ကူညီမှုများ၏အခန်းကဏ္ဍကိုအာရုံစိုက်လေ့လာရန်ဖြစ်ပါသည်။** ယခင်QSEMလေ့လာမှုများတွင် ဤအခန်းသည် အဓိကအားဖြင့် အလှူရှင်များထံမှရန်ပုံငွေဖြင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများကထောက်ပံ့ပေးသောအကူအညီများကိုသာဦးတည်ထားခဲ့ပါသည်။ LIFT အဖွဲ့သည် QSEM ကျေးရွာများတွင် ရန်ပုံ ငွေထောက်ပံ့ပေးရာ၌ သိသာထင်ရှားသော ရန်ပုံငွေအရင်းအမြစ်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ဤလေ့လာမှုအရထောက်ပံ့ပေးလိုက်သောအကူအညီအမျိုးအစားနှင့်အဆင့်များသည်တစ်ချိန်လုံးသိသာထင်ရှားစွာပြောင်းလဲမှုမရှိကြောင်းကိုအဓိကတွေ့ရှိရပါသည်။လေ့လာမှုအကြိမ်တိုင်းတွင်မှတ်တမ်းတင်ထားသည့်အတိုင်းပင်အကူအညီပေးရေးအစီအစဉ်များနှင့်ဦးတည်အုပ်စုရွေးချယ်ခြင်းဆိုင်ရာဆုံးဖြတ်ချက် များကိုများသောအားဖြင့်စီမံကိန်းအကောင် အထည်ဖော်သည့်အဖွဲ့အစည်းများက ချမှတ်ကြသော် လည်းအကောင်အထည်ဖော်ရာတွင် ပူးပေါင်းပါဝင်မှုရှိစေရေးအတွက်အားလုံးကိုလမ်းဖွင့်ပေးထားပြီးအကျိုးဖြစ်ထွန်းမည့်သူများအားဦးတည်ရွေးချယ်ရာတွင်လည်းမျှတမှုရှိပါသည်။ဤလေ့လာမှုအရအစိုးရကကျေးရွာများရှိဖွံ့ဖြိုးရေးစီမံကိန်းများကိုထောက်ပံ့ပေးလိမ့်မည်ဟူသောမျှော်လင့်ချက်များမှာဒေသခံများတွင်အကန့်အသတ်ဖြင့်သာရှိပါသည်။

**ယခု QSEM 4 လေ့လာမှုတွင်အစိုးရ၏အကူအညီ အထောက်အပံ့များ သိသာထင်ရှားစွာတိုးတက်လာခဲ့ကြောင်းတွေ့ရှိခဲ့ရပါသည်။**သုတေသနပြုလုပ်ခဲ့သောတိုင်းဒေသကြီး/ပြည်နယ် (၆) ခုတို့တွင် အစိုးရစီမံကိန်းအရေအတွက် (၃) ဆနီးပါးတိုးလာခဲ့ပါသည်။ QSEM 3 လေ့လာ မှုတွင် ပျမ်းမျှအားဖြင့်ကျေးရွာတစ်ရွာလျှင်အစိုးရမှရန်ပုံငွေထောက်ပံ့သည့်စီမံကိန်းတစ်ခုကျော်ရုံသာရှိခဲ့ရာမှ ယခု QSEM 4 လေ့လာမှုတွင်စီမံကိန်းစုစုပေါင်း (၁၆၅)ခုရှိခဲ့ပြီး ပျမ်းမျှအားဖြင့် ကျေးရွာတစ်ရွာလျှင်စီမံကိန်း (၃) ခုနှုန်းဖြစ်ပါသည်။ အလှူရှင်များကရန်ပုံငွေ ထောက်ပံ့သော စီမံကိန်းအရေအတွက်များတိုးတက်လာခဲ့သော်လည်းအစိုးရန်ပုံငွေဖြင့်ဆောင်ရွက်သည့်စီမံကိန်းများကဲ့သို့သိသာစွာတိုးတက်ခဲ့ခြင်းမရှိပါ။ (ဇယား -၁၇တွင်ကြည့်ပါ)။ သို့ရာတွင်ခြုံငုံ၍ကြည့်ပါ ကအစိုးရစီမံကိန်းများ

ထက်အလှူရှင်ထောက်ပံ့သည့်စီမံကိန်းများကပိုများနေဆဲဖြစ်ပါသည်။အစိုးရထောက်ပံ့သည့်ရန်ပုံငွေနှင့်အလှူရှင်ထောက်ပံ့သည့်ရန်ပုံငွေများအားနှိုင်းယှဉ်ရန်မဖြစ်နိုင်ခဲ့ပါ။သို့ရာတွင်အစိုးရစီမံကိန်းများသည်အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများကိုသာဦးတည်ထားသည့်အတွက်ပြည်သူများအနေဖြင့်အစိုးရရန်ပုံငွေထောက်ပံ့မှုများကပိုမိုသိသာထင်ရှားသည်ဟုရှုမြင်ကြပါသည်။

ဇယား(17) – QSEM လေ့လာမှုများအတွင်းအစိုးရနှင့်အလှူရှင်များ၏စီမံကိန်းများအရေအတွက်


| | အစိုးရအထောက်အပံ့ | | အလှူရှင်အထောက်အပံ့ | |
|---|---|---|---|---|
| | QSEM 2/3 | QSEM 4 | QSEM 2/3 | QSEM 4 |
| **ပညာရေး** | ၃၁ | ၅၇ | ၁၃ | ၁၀ |
| **ကျန်းမာရေး** | ၂ | ၁၀ | ၈ | ၇ |
| **အခြေခံအဆောက်အအုံ** | ၅ | ၄၁ | ၅ | ၂၃ |
| **ချေးငွေ** | ၃၀ | ၅၅ | ၄၅ | ၆၅ |
| **အသက်မွေးဝမ်းကျောင်း** | - | ၂ | ၈၇ | ၈၃ |
| **အခြား** | - | - | ၃၁ | ၃၂ |
| | **၆၈** | **၁၆၅** | **၁၈၉** | **၂၂၀** |

**ပြင်ပမှကူညီထောက်ပံ့မှုများတွင်အထင်ရှားဆုံးသောပြောင်းလဲမှုမှာအစိုးရ၏အခန်းကဏ္ဍတိုးလာခြင်းဖြစ်သည့်အတွက်ယင်းအချက်ကိုဤအပိုင်းတွင်အဓိကဦးတည်၍တင်ပြသွားပါမည်။**ဤအခန်းတွင်အစိုးရကထောက်ပံ့ပေးနေသောစီမံကိန်းအမျိုးအစားများကိုအကျဉ်းချုပ်ဖော်ပြထားပါသည်။ထို့နောက်အစိုးရစီမံကိန်းများအတွက်ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်ကိုလေ့လာဆန်းစစ်၍ပြည်သူများ၏အမြင်များ၊ လူမှုဆက်ဆံရေးအတွက်ဖော်ပြချက်များအားဆွေးနွေးတင်ပြထား ပါသည်။အလှူရှင်များက ရန်ပုံငွေထောက်ပံ့သောစီမံကိန်းများနှင့်ပတ်သက်၍ပြောင်းလဲမှုအနည်းအကျဉ်းသာရှိပါသည်။သို့ရာတွင်အစိုးရထောက်ပံ့သောစီမံကိန်းများနှင့်အလှူရှင်ထောက်ပံ့သောစီမံကိန်းများအကြားချိတ်ဆက်မှုများကိုလည်းလေ့လာဆန်းစစ်တင်ပြထားပါသည်။

## အစိုးရ၏အထောက်အပံ့များ

**ဒေသအားလုံးတို့တွင်အစိုးရ၏အထောက်အပံ့များသိသာထင်ရှားစွာတိုးတက်လာခဲ့ပါသည်။** QSEM လေ့လာမှုတွင်ပါဝင်သည့်ကျေးရွာ (၅၄) ရွာ၌ QSEM 2/3 ကာလတွင်အစိုးရစီမံကိန်း (၆၈) ခုရှိခဲ့ရာမှယခု QSEM 4 လေ့လာချိန်တွင် (၁၆၅) ခုအထိမြင့်တက် လာခဲ့ပါသည်။ အသိသာဆုံးတိုးတက်မှုများမှာမန္တလေးတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်တို့တွင်ဖြစ်ပြီးမန္တလေးတိုင်းဒေသကြီးတွင်စီမံကိန်း၏အရေအတွက် (၃)ဆအထိလည်းကောင်း၊ချင်းပြည်နယ်တွင် (၂)ဆအထိလည်း ကောင်းတိုးတက်ခဲ့ပါသည်။သို့ရာတွင်ထိုဒေသနှစ်ခုစလုံး၌အစီရင်ခံသည့်ကာလပိုမိုရှည်လျားခဲ့ပြီး QSEM2 လေ့လာမှုမှအချက် အလက်များနှင့်နှိုင်းယှဉ်ထားပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် စီမံကိန်းအ ရေအတွက်၂၅ % ၊မကွေးတိုင်းဒေသကြီးတွင်၁၄၅% နှင့်ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ် တို့တွင် (၂)ဆနီးပါးတိုးတက်လာခဲ့ပါသည်။

ပုံ (7) – QSEM ကျေးရွာများတွင်တွေ့ရှိရသည့်အစိုးရစီမံကိန်းအရေအတွက် (ယခင်အကြိမ်များနှင့်နှိုင်းယှဉ်ချက်)




**ထိုသို့ခြုံငုံတိုးတက်မှုမှာနိုင်ငံရေးအသွင်ကူးပြောင်းလာခြင်းနှင့်ယခင်ကပြင်ပအထောက်အပံ့များနည်းခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။**ပထမအချက်အနေဖြင့်စီမံကိန်းများတိုးလာခြင်းသည်နိုင်ငံအဆင့်တွင်ဖြစ်ပေါ်နေသောနိုင်ငံရေးအသွင်ကူးပြောင်းမှုများနှင့်၂၀၁၅ခုနှစ်တွင်ပြုလုပ်မည့်ရွေးကောက်ပွဲများနှင့်နီးကပ်စွာချိတ်ဆက်နေဟန်ရှိပါသည်။အစိုးရကထောက်ပံ့သောအကူအညီများတိုးတက်လာမှုမှာအစိုးရအနေဖြင့်ကျေးရွာအဆင့်တွင်အခြေခံဝန်ဆောင်မှုများကိုထောက်ပံ့ပေးနိုင်စွမ်းရှိကြောင်းကျေးလက်နေပြည်သူများအားသက်သေပြရန်ကြိုးစားသည့်အားထုတ်မှုတစ်ခုဖြစ်ပါသည်။ အောက်တွင်ဆက်လက်ဆွေးနွေးထားသည့်အတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှကိုယ်စားလှယ်များနှင့်လွှတ်တော်အမတ်များသည်အနည်းဆုံးအားဖြင့်ဤအထောက်အပံ့စီမံကိန်းအချို့တွင်ဩဇာလွှမ်းမိုးခဲ့ကြပါသည်။ ဒုတိယအချက်မှာစီမံကိန်းများအရေအတွက်သည်တိုးတက်မှုများရှိလာခဲ့သော်လည်းယခင်ကအလွန်နည်းပါးသောအထောက်အပံ့များနှင့်နှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။ထို့ကြောင့်အစိုးရအထောက်အပံ့များအပေါ်ပြည်သူများ၏အမြင်များကို (ယခင် QSEM လေ့လာမှုများတွင် တညီတညွတ် တည်းဖော်ပြထားသည့်အတိုင်း) မျှော်မှန်းချက် အလွန်နည်းသောအခြေအနေများမှ ထွက်ပေါ်လာ သော တုန့်ပြန်မှုများအဖြစ်နားလည်ထားရန်လိုအပ်ပါသည်။

*'ဒါတွေက ၂၀၁၅ရွေးကောက်ပွဲမှာသူတို့ကိုမဲထည့်စေချင်လို့ဖြစ်နိုင်တယ်။သူတို့တွေကကျွန်တော်တို့ကိုမဲဆွယ်ဖို့ကြိုးစားနေကြတာ'*အစိုးရဝန်ကြီးတစ်ဦးအားမေတ္တာရပ်ခံခြင်းဖြင့်အထောက်အပံ့ရခဲ့သည့်ကျေးရွာတစ်ရွာအပေါ်မန္တလေးတိုင်းဒေသကြီးမှကျေးရွာသားတစ်ဦး၏အမြင်။

*'မြို့နယ်အုပ်ချုပ်ရေးမှူးကကျေးရွာမှာဘာတွေလိုအပ်လဲဆိုတာစာရင်းလုပ်ခိုင်းတယ်။ ပြီးတော့ကျွန်တော်တို့ကို ရန်ပုံငွေလျှောက်ခိုင်းတယ်။ ကျွန်တော်တို့ကျေးရွာအုပ်စု တစ်ခုလုံး အတွက် ငွေသိန်း (၅၀)ရခဲ့တယ်။အရင်ကဒါမျိုးတစ်ခါမှ မရခဲ့ဘူး'* ရှမ်းပြည်နယ်မှ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်တစ်ဦး။

*'အစိုးရကကျွန်တော်တို့ကိုဂရုစိုက်တယ်ဆိုတာကောင်းပါတယ်။အရင်အစိုးရတုန်းကကျွန်တော်တို့ဘာမှမရခဲ့ဘူး'* မန္တလေးတိုင်းဒေသကြီးမှကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး။

**ပညာရေးနှင့်ချေးငွေလက်လှမ်းမီရေးနယ်ပယ်များသည်အထောက်အပံ့ရရှိသည့်အထင်ရှားဆုံးနယ်ပယ်များဆက်လက်ဖြစ်နေပါသည်။**ကျေးရွာမူလတန်းကျောင်းများနှင့်ချေးငွေလက်လှမ်းမီရေးဆိုင်ရာအထောက် အပံ့များမှာတစ်မျိုးစီအတွက်စီမံကိန်းအားလုံး၏သုံးပုံတစ်ပုံခန့်ပါဝင်ပါသည်။

**သို့ရာတွင်ကျေးရွာများ၏အခြေခံအဆောက်အအုံအတွက်အစိုးရ၏အထောက်အပံ့များမှာအသိသာဆုံးတိုးတက်ခဲ့ကြောင်းတွေ့ရှိရပါသည်။**ဤအထောက်အပံ့တွင်အဓိကအားဖြင့်လမ်းများဖောက်ခြင်း၊သောက်သုံးရေကန်နှင့်ရေတွင်းများတူးခြင်း၊တံတားများဆောက်လုပ်ခြင်းတို့ပါဝင်ပါသည်။ဒေသအားလုံးအတွက် QSEM 2/3 လေ့လာမှုတွင်စီမံကိန်း (၅)ခုရှိရာမှ QSEM 4 လေ့လာမှုတွင်စီမံကိန်း (၄၀) အထိတိုးတက်ခဲ့ပါသည်။ထိုတိုးတက်မှုများသည်မြို့နယ်အဆင့်ဘတ်ဂျတ်များတိုးတက်လာခြင်းနှင့်လည်းဆီလျော်ညီ

ညွှတ်မှုရှိပါသည်။ဥပမာအားဖြင့်ရှမ်းပြည်နယ်ရှိမြို့နယ်တစ်မြို့နယ်တွင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီး ဌာန၏အခြေခံအဆောက်အအုံများအတွက်ဘတ်ဂျက်မှာ၂၀၁၃-၂၀၁၄ခုနှစ်တွင် (၁.၉) ဘီလီ ယံကျပ် မှ၂၀၁၄-၂၀၁၅ခုနှစ်တွင် (၄) ဘီလီယံကျပ်အထိတိုးတက်လာခဲ့ပါသည်။


## ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များ

**အစိုးရထံမှအထောက်အပံ့များရရှိရေးအတွက်အဆိုပြုလွှာများတင်သွင်းနိုင်သည့် နည်းလမ်းများစွာရှိပါသည်။**ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်မှာရန်ပုံငွေရင်းမြစ်များပေါ်မူတည်၍သိသာစွာကွဲပြား ခြားနားကြပါသည်။ပုံ(၈)တွင်ကျေးရွာအဆင့်၌စီမံကိန်းများ ထောက်ပံ့ပေးရေးအတွက်တာဝန်ရှိသော အဖွဲ့ အစည်း များနှင့်ယင်းအဖွဲ့ အစည်းတစ်ခုချင်းစီ၏ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ် များကိုဖော်ပြထားပါသည်။အဓိကအဖွဲ့အစည်းများမှာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊မြို့နယ်ပညာရေးမှူးရုံးများ၊လွှတ်တော်အမတ်များ (မဲဆန္ဒနယ်မြေများဖွံ့ဖြိုးရေး ရန်ပုံငွေကိုအသုံးပြုလျက်) တို့ ဖြစ်ကြပါသည်။ ရန်ပုံငွေများအားမည်သို့ခွဲဝေ သုံးစွဲရမည် နှင့် ပတ်သက်၍မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီး ဌာနနှင့်မြို့နယ် ပညာရေးမှူးရုံးများအတွက်သက်ဆိုင်ရာဌာန၏မူဝါဒညွှန် ကြား ချက်များနှင့်အညီအတိုင်း အတာ အမျိုးမျိုးဖြင့်သတ်မှတ်ထားပြီးဖြစ်ပါသည်။လွှတ်တော်အမတ်များမှာမူသူတို့၏ရန်ပုံငွေများကိုပိုမိုကျယ်ပြန့်သောနယ်ပယ်များအတွက်အသုံးပြုနိုင်ကြပါသည်။

**ပညာရေးလုပ်ငန်းများကိုအဓိကအားဖြင့်ပညာရေးဦးစီးဌာနကဆုံးဖြတ်ပြီးအများပြည်သူပူးပေါင်းပါဝင်မှုအကန့်အသတ်ဖြင့်သာရှိပါသည်။**ခွင်းချက်အနည်းငယ်မှအပကျောင်းများအတွက်အထောက်အပံ့အမျိုးအစားကိုပညာရေးဦးစီးဌာနကသာဆုံးဖြတ်ပါသည်။မန္တလေးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင်ယခုနှစ်အတွက်ကျောင်းအိမ်သာများပြန်လည်ပြင်ဆင်ရေးကိုဦးတည်ဆောင်ရွက်ရန်ပညာရေးဝန်ကြီးဌာနကသတ်မှတ်ထားပါသည်။ချင်းပြည်နယ်တွင်ဆရာ/မနေအိမ်များအပါအဝင်ကျောင်းအဆောက်အအုံများပြင်ဆင်ရေးကိုဦးတည်ထားပါသည်။ပညာရေးဆိုင်ရာအထောက်အပံ့များမှာရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်မကွေးတိုင်းဒေသကြီးတို့တွင်ပိုမိုနည်းပါးပြီးရှမ်းပြည်နယ်တွင်အထောက်အပံ့အများစုမှာစာရေးကိရိယာများဖြစ်ပါသည်။သာဓကအများစုတို့တွင်ပညာရေးဦးစီးဌာနကမည်သည့်အထောက်အပံ့ပေးမည်ကိုဆုံးဖြတ် ပြီးနောက်ကျေးရွာ၏ကိုယ်စား ကျောင်းအုပ်ကြီးကိုအသိပေး အကြောင်းကြားပါ သည်။ ကျောင်း၏အခြေခံအဆောက်အအုံအတွက်မူငွေကြေးရန်ပုံငွေများထောက်ပံ့ပေးပြီးကျေးရွာသားများက အကောင်အထည်ဖော်ရပါသည်။ကျေးရွာသားများသည်လုပ်အားပေးသည့်ပုံစံဖြင့်ငွေကြေးမဟုတ်သော ထည့်ဝင်မှုများကိုလည်းပံ့ပိုးပေးရပါသည်။

**ပုံ (၈) –**

**ကျေးရွာအဆင့်တွင်ပြင်ပမှထောက်ပံ့ကူညီမှုများအတွက်ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များ**



**ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့မဟုတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများမှထောက်ပံ့သော စီမံကိန်းများတွင်ဒေသခံခေါင်းဆောင်များထံမှသွင်းအားစုအချို့ပါဝင်ပါသည်။**ဤသွင်းအားစုများသည် နည်းလမ်းမျိုးစုံဖြင့်ဖြစ်ပေါ်နိုင်ပါသည်။ပထမနည်းလမ်းမှာကျေးရွာခေါင်းဆောင်များသည်အဓိကအားဖြင့်ကျေးရွာအုပ်ချုပ်ရေးမှူးသို့မဟုတ်ရပ်မိရပ်ဖများမှတစ်ဆင့်စီမံကိန်းများကိုသတ်မှတ်ဖော်ထုတ်ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ပူးပေါင်း၍အဆိုပြုလွှာများပြင်ဆင်ကြပါသည်။ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကလည်းကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများနှင့်ဆွေးနွေးညှိနှိုင်းကာစီမံကိန်းအဆိုပြုလွှာများအားမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့တင်ပြရန်ဆုံးဖြတ်ကြပါသည်။ဒုတိယနည်းလမ်းမှာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏တောင်းဆိုချက်အရ စီမံကိန်းအဆိုပြုလွှာများတင်သွင်းခြင်းဖြစ်ပါသည်။ချင်းပြည်နယ်၊မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့တွင်မြို့နယ်အုပ်ချုပ်ရေးမှူးများကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအားအခြေခံအဆောက်အအုံများသို့မဟုတ်ကျောင်းများအတွက်အဆိုပြုလွှာများဖော်ထုတ်၍တင်သွင်းခိုင်းကြပါသည်။ဤလုပ်ငန်းစဉ်တွင်မည်သည့်အဆိုပြုလွှာများအားတင်သွင်းရမည်ကိုဆုံးဖြတ်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည်ကျေးရွာအုပ်ချုပ်ရေးမှူးများသို့မဟုတ် VDSC များနှင့်ညှိနှိုင်း ဆွေးနွေးကြပါသည်။ ကျေးလက် ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန သည် လည်း ဤလုပ်ငန်းစဉ်ကိုပင်အသုံးပြုပါသည်။မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးကကျေးရွာခေါင်းဆောင်များနှင့်အပြန်အလှန်ဆက်သွယ်ခြင်းဖြင့်ဦးစားပေးလုပ်ငန်းများဆုံးဖြတ်ရန်ပံ့ပိုးကူညီပေးပါသည်။

*`ကျွန်တော်က ၂၀၁၅ခုနှစ်ရွေးကောက်ပွဲမှာဝင်ပြိုင်ချင်တယ်။ဒါပေမယ့်အုပ်စုအုပ်ချုပ်ရေးမှူးပဲဖြစ်ချင်တယ်။ကျေးရွာအုပ်ချုပ်ရေးမှူးဆိုရင်ရွာအတွက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ဖို့အခွင့်အရေးမရှိဘူး။ဒီစီမံကိန်းတွေအားလုံးကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကနေတစ်ဆင့်သွားနေတာဆိုတော့သူတို့တွေကဖွံ့ဖြိုးရေးစီမံကိန်းတွေအားလုံးကိုသူတို့ရွာအတွက်ပဲယူသွားကြတယ်။ကျွန်တော်တို့ရွာအတွက်ဘာမှမကျန်တော့ဘူး။ကျွန်တော်သာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်ရင်ကျွန်တော့်ရွာအတွက်အများကြီးပိုလုပ်နိုင်မယ် ´*
ချင်းပြည်နယ်မှကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းတစ်ဦး။

**ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည်အရေးပါသောအခန်းကဏ္ဍမှပါဝင်နေကြပါသည်။**ယေဘုယျအားဖြင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည်အစိုးရထံသို့မည်သည့်စီမံကိန်းအဆိုပြုလွှာများတင်သွင်းရမည်ကိုဆုံးဖြတ်ပေးခြင်းအားဖြင့်အစိုးရဌာနများနှင့်ကျေးရွာသားများအကြားအဓိကဆွေးနွေးညှိနှိုင်းပေးရသူများဖြစ်ပါသည်။

**ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအားကျော်၍ဆောင်ရွက်သောခြွင်းချက်အချို့လည်းရှိပါသည်။**ပထမတစ်ခုမှာအခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းအများစုကိုကျေးရွာသားများနှင့်ဆွေးနွေးညှိနှိုင်းခြင်းမရှိဘဲအစိုးရကန်ထရိုက်တာများကအကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ဒုတိယတစ်ခုမှာဒေသများစွာတို့တွင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့ကိုအသုံးပြုမည့်အစား VDSC နှင့်တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤသာဓကများကိုရှမ်းပြည်နယ်ဆီဆိုင်မြို့နယ်နှင့်ရခိုင်ပြည်နယ်တို့တွင်တွေ့ရှိရပါသည်။တတိယအချက်မှာလွှတ်တော်အမတ်များသည်သူတို့၏မဲဆန္ဒနယ်မြေဖွံ့ဖြိုးရေးရန်ပုံငွေများအတွက်ဦးစားပေးလုပ်ငန်းများသတ်မှတ်ဖော်ထုတ်ရာတွင်ဤနည်းလမ်းများကိုအသုံးပြုလေ့မရှိပါ။ ကျေးရွာအုပ်ချုပ်ရေးမှူးများသို့မဟုတ်အုပ်စုအုပ်ချုပ်ရေးမှူးများကလွှတ်တော်အမတ်များနှင့်တွေ့ဆုံ၍စကားပြောသည့်အခါများတွင်လွှတ်တော်အမတ်များကိုယ်တိုင်ထောက်ပံ့ရမည့်စီမံကိန်းများကိုဆုံးဖြတ်ကြပါသည်။

**ပုံစံတကျပြုလုပ်ထားသောလိုအပ်ချက်ဆန်းစစ်မှုများကိုအခြေခံထားသောစီမံကိန်းများမရှိသလောက်နည်းပါသည်။**အစိုးရဌာနများသို့မဟုတ်ကျေးရွာခေါင်းဆောင်များသည်လိုအပ်သောအထောက်အပံ့အမျိုးအစားကိုမဆုံးဖြတ်မီတွင်ကျေးရွာ၏လိုအပ်ချက်ဆန်းစစ်မှုများကိုပြုလုပ်ကြကြောင်းသက်သေပြချက်အနည်းငယ်သာရှိပါသည်။ကျေးရွာအဆင့်တွင်ကျေးရွာခေါင်းဆောင်များကသူတို့၏ကိုယ်ပိုင်အသိဖြင့်ဦးစားပေးလုပ်ငန်းများကိုဆုံးဖြတ်ချက်ချမှတ်ကြပါသည်။သို့ရာတွင်ခေါင်းဆောင်အုပ်စုများ၏ပြင်ပမှကျေးရွာသားများနှင့်အကြံပြုဆွေးနွေးခြင်းများမရှိပါ။အစိုးရသည်အကူအညီအထောက်အပံ့ကိုမဆုံး

သို့ရာတွင်
ဤစီမံကိန်းများ၌ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှု
နည်းပါးပါ သည်။

ဖြတ်မီတွင်အများပြည်သူနှင့်အကြံပြုဆွေးနွေးသော ဥပမာတစ်ခုသာရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် သမဝါယမဦးစီးဌာန ကကျေးရွာများတွင် သမဝါယမလုပ်ငန်းများ တိုးချဲ့မည်၊ မတိုးချဲ့မည်ကိုဆုံးဖြတ်ရန်အတွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ရပ်မိရပ်ဖများ၊ဒေသခံပြည်သူများနှင့် အကြံပြုဆွေးနွေးခဲ့ကြပါသည်

### သာဓက (28) ကျေးရွာချင်းဆက်တံတားတည်ဆောက်ရန်အတွက် ကျေးရွာသားများကအလှူငွေနှင့်လုပ်အားထည့်ဝင်ခဲ့ပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီမှတစ်ဆင့် NGO တစ်ခု၏အကူအညီကိုတောင်းခံခဲ့ခြင်း

မဂူကျေးရွာသည်ချောင်းငယ်များစွာနှင့်မြစ်တစ်စင်းတို့ခြားထားသောကြောင့်အနီးဆုံးရှိဘိုကလေးမြို့ဈေးကွက်နှင့်ကင်းကွာလျက်ရှိပါသည်။မဂူရွာနှင့်ဘိုကလေးမြို့တို့အကြားအမှန်တကယ်ခရီးမှာမဝေးကွာသော်လည်းကျေးရွာသားများသည်မြစ်ချောင်းများတစ်လျှောက် (၁) နာရီခန့်ကြာအောင်မော်တော် ဘုတ်ဖြင့် သွားကြရပါသည်။ ကျေးရွာသားများသည် NGO အဖွဲ့တစ်ဖွဲ့နှင့်မြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီတို့ထံမှအကူအညီရရှိခဲ့ပြီးမဂူနှင့်တာပေါင်ရွာတို့ကိုဆက်သွယ်သောတံတားလေးစင်းတည်ဆောက်လိုက်သောအခါ၌အခြေအနေသည်၂၀၁၃ခုနှစ်တွင်ပြောင်းလဲသွားခဲ့ပါသည်။အနီးရှိကျေးရွာဖြစ်သည့်တာပေါင်ရွာမှဘိုကလေးမြို့သို့မြစ်ကိုဖြတ်၍ (၁၀)မိနစ်ခန့်သာသွားရပါသည်။NGO အဖွဲ့တစ်ခုသည်၂၀၁၂ခုနှစ်မှစ၍ကျေးရွာရှိ အခြေခံအဆောက်အအုံစီမံကိန်းများကိုရန်ပုံငွေစတင် ထောက်ပံ့ခဲ့ပါသည်။ ကျေးရွာသားများသည် တစ်စုံတစ်ခုကိုပထမဦးဆုံးစတင်တည်ဆောက်ပြီးယင်းကိုပြီးစီးအောင်ဆောင်ရွက်နိုင်ရန်အကူအညီတောင်းခံပါကအကူအညီများအလွယ်တကူရရှိနိုင်ကြောင်းအတွေ့အကြုံအရသိရှိထားပါသည်။ထို့ကြောင့်ကျေးရွာသားများသည်မဂူနှင့်တာပေါင်ရွာတို့ကိုဆက်သွယ်မည့်တံတား (၄)စင်း၏အောက်ခြေတိုင်များကို စတင်တည်ဆောက်ရန် အတွက်ငွေကျပ်(၃၀၀၀၀၀)ကိုစုဆောင်းခဲ့ပါသည်။ထို့နောက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီက၎င်းတံတားများပြီးမြောက်ရေးအတွက် NGO အဖွဲ့တစ်ခုထံအဆိုပြုလွှာပေးပို့ခဲ့ပါသည်။ထို NGOအဖွဲ့ထံမှတံတား(၄)စင်းအနက် (၃)စင်းအတွက်ရန်ပုံငွေထောက်ပံ့ပေးနိုင်ကြောင်းအတည်ပြုချက်ရရှိခဲ့ပြီးနောက်ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဌ (မဂူရွာဖွံ့ဖြိုးရေးကော်မတီ၏အဖွဲ့ဝင်လည်းဖြစ်ပါသည်) သည်နောက်ဆုံးတံတားကိုရန်ပုံငွေထောက်ပံ့ပေးရန်အတွက် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီသို့ အဆိုပြုလွှာတင်သွင်းခဲ့ပါသည်။တံတားသစ်များဆောက်လိုက်ခြင်းကြောင့်မဂူရွာမှဘိုကလေးမြို့သို့ခရီးစဉ်သည်တစ်နာရီကြာခဲ့ရာမှ (၂၅)မိနစ် သာကြာမြင့်ပါတော့သည်။ယင်းတွင်မဂူရွာမှတာပေါင်ရွာသို့မော်တော်ဆိုင်ကယ်ဖြင့် (၁၅)မိနစ်၊ ဆက်လက်၍ဘိုကလေးမြို့သို့စက်လှေဖြင့် (၁၀)မိနစ်ကြာသွား ရပါသည်။ကျေးရွာသားများ သည်မြို့နယ်ဈေးကွက်သို့ပိုမိုလက်လှမ်းမီလာခဲ့ပါသည်။တံတားတည်ဆောက်ပြီးနောက်တွင်အချို့ကျေးရွာသားများကသူတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုပင်ပြောင်းလဲလာခဲ့ကြပါသည်။သုတေသနပြုလုပ်ချိန်တွင်မဂူရွာမှကျေးရွာသား (၂၀)ကျော်သည်မဂူရွာနှင့်တာပေါင်ရွာတို့အကြားခရီးသည်များပို့ဆောင်ပေးနေသည့်ဆိုင်ကယ်တက္ကစီသမားများအဖြစ်အလုပ်လုပ်နေကြပါသည်။အင်တာဗျူးတစ်ခုတွင်တက္ကစီသမားတစ်ဦးကမော်တော်ဆိုင်ကယ်ဝယ်ရန် (၅၅၀၀၀၀)ကျပ်ကုန်ကျခဲ့သော်လည်းတစ်နေ့အသားတင်ဝင်ငွေ(၁၀၀၀၀)ကျပ်ခန့်ရရှိနေသဖြင့် သူ့မိသားစုသည် ယခုအခါဝင်ငွေပိုမိုရရှိလာကြောင်းဖြေကြားခဲ့ပါသည်။

## ဒေသခံပြည်သူများ၏သဘောထားအမြင်များ

အစိုးရ၏အထောက်အပံ့များအပေါ်ဒေသခံပြည်သူများ၏သဘောထားအမြင်မှာ များသောအားဖြင့်အပြုသဘောဆောင်ပါသည်။ သို့သော်တိုးတက်ရန်လိုအပ်နေသောနယ်ပယ်အချို့ကိုလည်း ဖော်ပြခဲ့ကြပါသည်။

**အစိုးရ၏အထောက်အပံ့များအပေါ်ဒေသခံပြည်သူများ၏သဘောထားအမြင်မှာအပြုသဘောဆောင်ပါသည်။**ကျေးရွာများကလက်ခံရရှိသည့်စီမံကိန်းအမျိုးအစားများကိုဆုံးဖြတ်ရာတွင်ပူးပေါင်းပါဝင်မှုအကန့်အသတ်ဖြင့်သာရှိခဲ့သော်လည်း၊ကျေးရွာသားအများစုတို့ကအစိုးရအထောက်အပံ့များတိုးတက်လာခြင်းသည်အပြုသဘောဆောင်သောလက္ခဏာတစ်ခုဖြစ်ကြောင်းရှုမြင်ကြပါသည်။၎င်းသို့ရှုမြင်ကြခြင်းမှာအဓိကအားဖြင့်ယခင်ကကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အစိုးရ၏ပါဝင်ပတ်သက်မှုအနည်းငယ်သာရှိခဲ့ရာမှယခုအခါသိသာထင်ရှားစွာပြောင်းလဲလာခဲ့သောကြောင့်ဖြစ်ပါသည်။

`*အခုဆိုရင်အစိုးရကရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုပိုလုပ်လာတယ်၊ကျွန်တော်လည်းနောက်နှစ်ကျရင်ကျွန်တော်တို့ရွာအတွက်လုပ်ငန်းတွေအဆိုပြုရမယ်*´ရှမ်းပြည်နယ်မှကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး။

**ကျေးရွာသားများကအစိုးရ၏အထောက်အပံ့ပေးခြင်းနှင့်ပတ်သက်သည့်ပြဿနာအချို့ကိုလည်းဖော်ထုတ်ခဲ့ကြပါသည်။**ပထမပြဿနာမှာမည်သည့်အဆိုပြုလွှာများကိုလက်ခံကြောင်းဆုံးဖြတ်သည့်လုပ်ငန်းစဉ်သည်ပွင့်လင်းမြင်သာမှုမရှိဘဲအချိန်ကြာမြင့်ခြင်းဖြစ်ပါသည်။ကျေးရွာခေါင်းဆောင်များကအဆို

ပြုလွှာများတင်သွင်းသည့်ကိစ္စရပ်အားလုံးတို့အတွက်မြို့နယ်အဆင့်မှဆုံးဖြတ်ချက်ချမှတ်ရန်စောင့်ဆိုင်းရသောကာလမှာအနည်းဆုံး (၆)လကြာမြင့်ပါသည်။အချို့သောကိစ္စရပ်များတွင်ကျေးရွာသားများသည် (၂)နှစ်ကြာသည်အထိစောင့်နေရခြင်းသို့မဟုတ်ဆုံးဖြတ်ချက်များကိုလုံးဝမသိရခြင်းများရှိနေပါသည်။ လိုအပ်ချက်များကအရေးကြီးနေသောအချိန်များတွင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကတူညီသောအဆိုပြုလွှာကိုပင်အကြိမ်များစွာတင်သွင်းရန်ကြိုးစားတတ်ကြပါသည်။ယင်းတို့အနက်မည်သည့်အဆိုပြုလွှာကိုစဉ်းစားကြောင်းကိုလည်းမသိရှိရပါ။ထို့အတူပင်အဆိုပြုလွှာများအားရွေးချယ်သည့်လုပ်ငန်းစဉ်နှင့်အချို့သောအဆိုပြုလွှာများကအဘယ်ကြောင့်ရန်ပုံငွေရရှိသည်၊အခြားအဆိုပြုလွှာများကအဘယ်ကြောင့် ရန်ပုံငွေမရရှိသည် စသည့်အကြောင်းပြချက်များနှင့် ပါတ်သက်နေသော သတင်းအချက်အလက်များကိုလည်းမရရှိနိုင်ပါ။

### သာဓက (29)– အစိုးရ၏ရန်ပုံငွေထောက်ပံ့ရေး လုပ်ထုံးလုပ်နည်းများတွင်ပြောင်းလွယ်ပြင်လွယ်မရှိခြင်းကြောင့် ကျေးရွာသားများ အတွက် ပြဿနာများဖြစ်ပေါ်လာခြင်း

၂၀၁၃ခုနှစ်တွင်၊တစ်နိုင်ငံလုံးရှိကျေးရွာအုပ်စုများ၌ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများကိုဖွဲ့စည်းခဲ့ပြီးနောက်တွင်ထိုကော်မတီများအားသက်ဆိုင်ရာကျေးရွာအုပ်စုများဖွံ့ဖြိုးတိုးတက်ရေးအတွက်ဦးစားပေးအဆိုပြုလွှာများတင်သွင်းခိုင်းခဲ့ပါသည်။သို့ရာတွင်အစိုးရကမည်သည့်အဆိုပြုလွှာအားရန်ပုံငွေထောက်ပံ့ပေးမည်ကိုဆုံးဖြတ်သည့်နည်းလမ်းများနှင့်ပတ်သက်သည့်သတင်းအချက်အလက်များမရှိခဲ့ပါ။

ရှမ်းပြည်နယ်ရှိကျေးရွာတစ်ရွာတွင် VDSC သည်သောက်ရေတွင်းတစ်တွင်းတူး ဖော်ရန်အဆိုပြုလွှာ တစ်စောင်တင်သွင်းခဲ့ပါသည်။ထို့နောက် (၇)လ၊ (၈) လခန့်ကြာပြီးနောက်တွင် လွှတ်တော်ကထို အဆိုပြုလွှာ အတွက်ရန်ပုံငွေ၁၅သိန်းထောက်ပံ့ ပေးကြောင်းကြားသိခဲ့ရပါသည်။ ထိုထောက်ပံ့ငွေမှာ နောက်ကျနေ ခဲ့ပါသည်။ ကျေးရွာသားများက အစိုးရထံမှရန်ပုံငွေရရှိမည်ကို မသိကြသည့်အတွက် ကျောက်မဲမြို့ ပေါ်မှလူူဒါန်းရေးအဖွဲ့တစ်ခုနှင့်ဆက်သွယ်ခဲ့ရာထိုအဖွဲ့ကသောက်သုံးရေထောက်ပံ့ပေးနိုင်ရန်အတွက်ကျေးရွာရှိအိမ်တိုင်းသို့ရေပိုက်များသွယ်တန်းပေးခဲ့ပါသည်။ကျေးရွာမှကိုယ်စားလှယ်များကမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့သွား၍ပြဿနာအကြောင်းကိုရှင်းပြခဲ့ပါသည်။သူတို့ကထိုအစိုးရရန်ပုံငွေဖြင့်ရေတွင်းတူးမည့်အစားရေထောက်ပံ့မှုကိုထပ်မံအားဖြည့်ပေးရန်အတွက်ရေသိုလှောင်ကန်တစ်ကန်တည်ဆောက်ရန်အဆိုပြုခဲ့ကြပါသည်။သို့ရာတွင်မြို့နယ်အုပ်ချုပ်ရေးမှူးကထိုအဆိုပြုချက်ကိုငြင်းဆိုခဲ့ပါသည်။ရန်ပုံငွေများကိုရေတွင်းတူးရန်အတွက်ခွဲဝေချထားပြီးဖြစ်သည့်အတွက်အခြားရည်ရွယ်ချက်များအတွက်အသုံးပြု၍မရနိုင်ကြောင်းကိုဝန်ထမ်းများကရှင်းပြခဲ့ပါသည်။

ရေတွင်းကိစ္စသည်ကျေးရွာအတွက်ပြဿနာတစ်ခုဖြစ်လာပါသည်။ရန်ပုံငွေကိုနောက်ကျမှထုတ်ပေးရုံသာမက (ခွင့်ပြုငွေ၁၅သိန်းအနက်၁၂သိန်းခွဲကိုပထမအကြိမ်အဖြစ်ထုတ်ပေးခဲ့ပြီးကျန်ငွေ၂၅၀၀၀၀ကိုစီမံကိန်းပြီးစီးချိန်တွင်ထုတ်ပေးပါမည်)၊ရန်ပုံငွေမှ၅၀၀၀၀ကျပ်ကိုလည်း `ကျေးရွာများစုဆောင်းရန်ပုံငွေ´ဟု ဆိုကာဖြတ်တောက်ခြင်းခံ ထားရပါသည်။ ကျေးရွာတွင်ရေတွင်းတူးရန်နှင့် ရေစုပ်စက်ဝယ်ရန်အတွက် ကုန်ကျငွေစုစုပေါင်းမှာကျပ် (၁၆)သိန်းဖြစ်သည့်အတွက် လိုအပ်ငွေကိုကျေးရွာသားများကကျခံရပါမည်။ ပိုဆိုးသည်မှာ ရေထွက်မှုနည်းပါးပြီးသုတေသနပြုလုပ်သည့်အချိန်တွင်ထိုရေတွင်းကိုအသုံးမပြုကြတော့ပါ။ကျေးရွာသားများကသူတို့အဆိုပြုသည့်အတိုင်းရေလှောင်ကန်တစ်ခုတည်ဆောက်လိုက်ပါကပိုမိုကောင်းမွန်မည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

`

*`တကယ်လို့အထောက်အပံ့ကအစိုးရဆီက ဆိုရင်အနည်းဆုံး(၆)လလောက်ကြာတယ်။ NGO တစ်ခုနဲ့ ပေါင်းပြီးလာတာဆိုရင်တော့ (၁)လကနေ (၃)လအထိကြာတတ် တယ်´*မကွေးတိုင်း ဒေသကြီးမှ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး။

*`အထောက်အပံ့တွေကကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီကဆိုရင်နောက်ပိုင်း (၂)လလောက်ကြာမှခွင့်ပြုတယ်၊ပညာရေးနဲ့ပတ်သက်ရင်သေသေချာချာလိုက်မေးတာတောင် (၆)လကြာတယ်၊ကျွန်တော်တို့ကနောက်ကမလိုက်နိုင်ရင်ခွင့်ပြုချက်ရဖို့မသေချာဘူး ´*ရခိုင်ပြည်နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး။

**ဒုတိယပြဿနာမှာထောက်ပံ့ပေးလိုက်သောပစ္စည်းများ၏အရည်အသွေးနှင့်အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်တို့အပေါ်မကျေနပ်ချက်များရှိနေခြင်းဖြစ်ပါသည်။**အထူးသဖြင့်အစိုးရကကျေးရွာသားများကိုယ်တိုင်အကောင်အထည်ဖော်၍စီမံခန့်ခွဲခွင့်ပေးထားသည့်စီမံကိန်းများထက်ကုမ္ပဏီများအားတစ်ဆင့်ခံ

ကန်ထရိုက်များပေးလိုက်သည့်စီမံကိန်းများတွင်ပြဿနာဖြစ်နေပါသည်။စီမံကိန်းများစွာတို့တွင်အကျင့်ပျက်ခြစားမှုဖြစ်နိုင်ခြင်းအပေါ်တွင်လည်းစိုးရိမ်မှုများရှိနေကြပါသည်။

*'စီမံကိန်းတွေအကောင်အထည်ဖော်တဲ့အခါမှာအစိုးရကကန်ထရိုက်ပေးပြီးလုပ်တာတွေရပ်လိုက်သင့်ပြီ၊အစိုးရကလည်း NGO အဖွဲ့တွေလုပ်နေသလို ကော်မတီတွေဖွဲ့ပြီး၊ရွာသားတွေကိုလည်းနေ့စားလုပ်သားလိုအလုပ်ပေးသင့်တယ်၊ဒါဆိုရင်ရွာသားတွေလည်းဝင်ငွေရမယ်၊စီမံကိန်းလည်းထိထိရောက်ရောက်နဲ့အကောင်အထည်ဖော်နိုင်မယ်'* ရခိုင်ပြည်နယ်မှရပ်မိရပ်ဖအဖွဲ့ဝင်တစ်ဦး။

**နောက်ဆုံးပြဿနာမှာအစိုးရစီမံကိန်းများကိုအလွန်အမင်းတင်းကျပ်လွန်းသည်ဟုရှုမြင်ကြခြင်းဖြစ်ပါသည်။**သာဓကအချို့တို့တွင်အစိုးရကအဆိုပြုလိုက်သည့်စီမံကိန်းများသည်ကျေးရွာ၏လိုအပ်ချက်များနှင့်မကိုက်ညီကြောင်းသို့မဟုတ်အခြားစီမံကိန်းများကိုပုံတူကူးထားခြင်းသာဖြစ်ကြောင်းကျေးရွာသားများကခံစားကြရပါသည်။ကျေးရွာသားများကထိုသို့သောစီမံကိန်းများကိုပြန်လည်ဆွေးနွေးညှိနှိုင်းရာတွင်လည်းသာဓက (၂၉) တွင်ဖော်ပြထားသည့်အတိုင်းအနည်းအကျဉ်းသာအောင်မြင်မှုရှိပါသည်။

## အလှူရှင်များ၏အထောက်အပံ့စီမံကိန်းများ

အသေးစားချေးငွေအုပ်စုများကဲ့သို့သော NGO အဖွဲ့များကစတင်မိတ်ဆက်ပေးသည့်လုပ်ငန်းများသည်ပြင်ပသို့ပျံ့ထွက်သည့်သက်ရောက်မှုရှိပြီးဒေသအလိုက်ပုံစံတူပြု၍ဆောင်ရွက်နေကြပါသည်။

**အလှူရှင်များကရန်ပုံငွေထောက်ပံ့သောစီမံကိန်းများနှင့်ပတ်သက်၍ပြောင်းလဲမှုအနည်းငယ်သာရှိပါသည်**။ယခုအကြိမ်လေ့လာမှုတွင်ဧရာဝတီ၊မကွေးနှင့်မန္တလေးတိုင်းဒေသကြီးတို့၌အလှူရှင်များကရန်ပုံငွေထောက်ပံ့သောလုပ်ငန်းများကိုပိုမိုများပြားစွာတွေ့ရှိရပါသည်။စီမံကိန်းအများစုမှာချေးငွေအစီအစဉ်သစ်များသို့မဟုတ်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများဖြစ်ကြပါသည်။သို့ရာတွင်ခြုံငုံကြည့်ပါကအလှူရှင်များကရန်ပုံငွေထောက်ပံ့သောစီမံကိန်းအရေအတွက်သို့မဟုတ်အဆင့်အနေဖြင့်ပြောင်းလဲမှုအနည်းငယ်သာရှိပါသည်။

**အလှူရှင်များ၏အထောက်အပံ့အပေါ်အကောင်းမြင်မှုဆက်လက်ရှိနေဆဲဖြစ်ပါသည်။သို့ရာတွင်အချို့သောအထောက်အပံ့များကိုအခြားစီမံကိန်းများထက်ပိုမို၍အကောင်းမြင်ကြပါသည်။**ဥပမာအားဖြင့်အလုပ်လုပ်ခြင်းအတွက်ငွေပေးခြင်း- အလုပ်လုပ်ခြင်းအတွက်အစားအစာပေးခြင်း (Cash-for-work and food-for-work) အစီအစဉ်များသည်ကျပန်းလုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများကိုထောက်ပံ့ပေးသောကြောင့်အခြေခံအဆောက်အအုံအသစ်များတည်ဆောက်နေသောရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့ရှိနမူနာကျေးရွာများတွင်ကောင်းစွာလက်ခံကြပါသည်။ရခိုင်ပြည်နယ်ရှိကျေးရွာတစ်ရွာတွင်အစိုးရ၏တစ်ဆင့်ခံကန်ထရိုက်တာတစ်ဦးကရေကန်တစ်ခုတည်ဆောက်နေချိန်တွင်အလှူရှင်များရန်ပုံငွေထောက်ပံ့၍အလုပ်လုပ်ခြင်းအတွက်ငွေကြေးပေးခြင်း (cash-for-work) အစီအစဉ်ဖြင့်ဆည်ဘောင်တစ်ခုကိုလည်းတည်ဆောက်ခဲ့ရာကျေးရွာသားများကအစိုးရ၏အခြေခံအဆောက်အအုံစီမံကိန်းများကိုလည်း (cash-for-work) အစီအစဉ်ဖြင့်ဆောင်ရွက်ပါကပိုမို ကောင်းမွန်မည်ဖြစ်ကြောင်းပြောကြားခဲ့ကြပါသည်။

**အလှူရှင်များဖွဲ့စည်းပေးထားသည့်အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကိုဒေသခံများကိုယ်တိုင်သို့မဟုတ်ငွေချေးစားသူများကပုံစံတူပြု၍ဆောင်ရွက်ကြသောသာဓကများတွေ့ရှိရပါသည်။**အချို့ဒေသများတွင်ဒေသခံပြည်သူများကအနီးအနားကျေးရွာများတွင် NGO များကူညီပေးသည့်အရင်းမပျောက် လည်ပတ်ရန်ပုံငွေများမှသင်ခန်းစာများကိုရယူပြီးနောက်၊မိမိတို့ကိုယ်တိုင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကိုတည်ထောင်ကြပါသည်။ထိုကဲ့သို့တည်ထောင်ထားသောရန်ပုံငွေ (၃)ခုကိုမကွေးတိုင်းဒေသကြီးတွင်တွေ့ရှိရပါသည်။အောက်ပါသာဓက (၃၀)တွင်ထိုသို့သောအစပျိုးလုပ်ငန်းတစ်ခုကို ဥပမာအဖြစ်ဖော်ပြထားပါသည်။ထို့အတူပင်၊ရခိုင်ပြည်နယ်မှကျေးရွာဖွံ့ဖြိုးရေးကော်မတီတစ်ခုသည်လည်း၊ UNDP ၏သင်တန်းသို့တက်ရောက်ခြင်းအတွက်သင်တန်းသားများအားပေးသည့်အသုံးစရိတ်များကိုစုစည်းအသုံးပြု၍အရင်းမပျောက်လည်ပတ်ရန်ပုံငွေတစ်ခုကိုတည်ထောင်ရန်ဆုံးဖြတ်ခဲ့ပါသည်။

သာဓက(30) – မကွေးဒေသတွင်ကျေးရွာသားများနှင့်ငွေချေးစားသူများက NGO များတည်ထောင်ထား သည့်အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ကိုပုံစံတူပြု၍အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ နှင့်ငွေချေးအုပ်စုများတည်ထောင်လာကြခြင်း

မကွေးတိုင်းဒေသကြီးအောင်လံမြို့နယ်မှကျေးရွာတစ်ရွာတွင်ကျေးရွာသားများသည်၂၀၀၉ခုနှစ်တွင် NGO အဖွဲ့တစ်ဖွဲ့ကတည်ထောင်ပေးထားသောအရင်းမပျောက်လည်ပတ်ရန်ပုံငွေတွင်ငွေစုဆောင်းခြင်းနှင့်ငွေချေးခြင်းတို့ကိုစတင်ပြုလုပ်ခဲ့ကြပါသည်။သူတို့သည်တစ်လလျှင်၁၀၀၀ကျပ်စုဆောင်းရပြီး၊ (၆)လပြည့်ပါက ချေးငွေ ၅၀၀၀၀ကျပ်မှ ၁၀၀၀၀၀ကျပ်အထိကိုတစ်လအတိုးနှုန်း၃% ဖြင့်ချေးယူနိုင်ပါသည်။ သို့ရာတွင် ၂၀၁၃ခုနှစ်တွင်

ထိုရန်ပုံငွေမှငွေချေးယူနေကြသောကျေးရွာသားများက NGO အဖွဲ့သို့ အတိုးပေး၍ ချေးယူမည့်အစား မိမိတို့ကိုယ်တိုင်ရန်ပုံငွေတစ်ရပ်တည်ထောင်ရန်ဆုံးဖြတ်ခဲ့ကြပါသည်။အဖွဲ့ဝင်များအားလုံး၏သဘောတူညီချက်ဖြင့်သူတို့၏ကိုယ်ပိုင်ရန်ပုံငွေအတွက်စည်းကမ်းချက်များကိုလည်းပြောင်းလဲခဲ့ကြပါသည်။ချေးငွေပမာဏကို၂၀၀၀၀ ကျပ်မှ၅၀၀၀၀ကျပ်ကြားအထိလျှော့ချလိုက်ပြီးအရစ်ကျစုဆောင်းငွေများကိုလည်းယခင် (၆)လမှယခု(၂) အကြာတွင်ပြန်ထုတ်ပေးရန်ပြင်ဆင်ခဲ့ပါသည်။အတိုးနှုန်းကိုမူယခင်အတိုင်းတစ်လလျှင်၃%ဖြင့်သာဆက်လက်ထားရှိပါသည်။သို့ရာတွင်ယင်း၃% အနက်၁%ကိုအဖွဲ့တွင်ငွေစုဆောင်းကြသော အဖွဲ့ဝင်များအားလုံးသို့ညီမျှစွာခွဲဝေပေးပါမည်။ထိုခွဲဝေပေးငွေကိုစုဆောင်းထားပြီး (၅)နှစ်ကြာမှသာထုတ်ပေးပါမည်။ကျန်ရှိသော၂% ဖြင့်အဖွဲ့၏ပိုင်ဆိုင်မှုများအတွက်တိုက်ရိုက်အသုံးပြုပါမည်။ထိုလှည့်ပတ်ရန်ပုံငွေ၏ရည်ရွယ်ချက်မှာမိမိကိုယ်တိုင်ငွေကြေးစုဆောင်းရန်အခက်အခဲရှိနေသောလူများအားသူတို့၏အိုစာမင်းစာအတွက်ငွေစုရာတွင်ကူညီပေးရန်ဖြစ်ကြောင်းရန်ပုံငွေအဖွဲ့ဝင်များကပြောကြားခဲ့ပါသည်။ဖြစ်နိုင်ပါကရန်ပုံငွေအဖွဲ့သည်ကျေးရွာဖွံ့ဖြိုးရေးအတွက်လည်းကူညီလိုကြောင်းပြောကြားခဲ့ပါသည်။ သုတေသနပြုလုပ်ချိန်တွင်လူ(၅၀)ဦးခန့်ကရန်ပုံငွေတွင် ငွေစုဆောင်းခြင်း ၊ ချေးယူခြင်း တို့ကိုပြုလုပ်နေကြပါသည်။ရန်ပုံငွေအဖွဲ့ဝင်များသည်ရရှိလာသော အကျိုးအမြတ်များဖြင့် ကျေးရွာနှင့်အနီးဆုံးလမ်းမကြီးတို့အကြားရှိလမ်းကိုပြုပြင်ရန်စီစဉ်နေကြပါသည်။ထိုမြို့နယ်ရှိနောက်ထပ်ကျေးရွာတစ်ရွာတွင်လည်းငွေချေးစားသူတစ်ဦးသည်နိုင်ငံတကာအသေးစားချေးငွေထောက်ပံ့ပေးသူတစ်ဦးကအစပျိုးဆောင်ရွက်ခဲ့သည့်အတိုင်းအသေးစားချေးငွေအုပ်စုများကိုစတင်ဖွဲ့စည်းနေပါသည်။ QSEM 3 လေ့လာမှုတွင် ထိုသို့ဆောင်ရွက်နေသည့်ငွေချေးစားသူတစ်ဦးသာတွေ့ရှိရသော်လည်းယခု QSEM 4 လေ့လာမှုတွင်မူ နောက်ထပ်ငွေချေးစားသူ (၃)ဦးတို့ကထိုသူ၏ဥပမာအတိုင်း လိုက်လံဆောင်ရွက်နေကြပါသည်။ လူများအား အုပ်စုများဖွဲ့၍ငွေချေးပေးခြင်းသည်ပိုမိုအဆင်ပြေကြောင်း၊အဘယ်ကြောင့်ဆိုသော်ငွေချေးယူမည့်သူများကတစ်ဦးနှင့်တစ်ဦးအာမခံကြရပြီး၊မြီရှင်များအနေဖြင့်ကြွေးများပြန်ဆပ်ရန်တိုက်တွန်းရမှုနည်းပါးသွားသောကြောင့်ဖြစ်ကြောင်းငွေချေးစားသူတစ်ဦးကပြောကြားခဲ့ပါသည်။ NGO များကိုအတုခိုး၍ပထမဆုံးဆောင်ရွက်သည့် ငွေချေးစားသူသည်အတိုးနှုန်းများကိုလျှော့ချပေးလိုက်သည့်အတွက်ငွေချေးယူမည့်သူများအားအခြားငွေချေးစားသူများထက်ပိုမိုဆွဲဆောင်နိုင်ခဲ့ပါသည်။ရလဒ်အနေဖြင့်အခြားငွေချေးစားသူများကလည်းယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက်သူ့အတိုင်းလိုက်လုပ်၍အတိုးနှုန်းများကိုလျှော့ချပေးခဲ့ရပါသည်။ကျေးရွာအုပ်ချုပ်ရေးမှူးကိုယ်တိုင်သည်လည်းငွေချေးစားသူတစ်ဦးဖြစ်ပြီးကျေးရွာသားများအားငွေချေးပေးလေ့ရှိရာသူက `ပိုင်းကြီးချုပ်ငွေချေးတဲ့ စနစ်ပေါ်လာတော့ဘယ်သူမှကျွန်တော့ဆီကငွေလာမချေးကြတော့ဘူး၊ဒါကြောင့်လဲကျွန်တော်ယူနေကျအတိုးနှုန်းထက်လျှော့လိုက်ရတာ´ ဟုပြောကြားခဲ့ပါသည်။

**စိုက်ပျိုးရေးနည်းပညာသစ်များကိုသင်တန်းပို့ချပေးရာတွင်ယင်းစနစ်များသည်လက်ရှိစနစ်များထက်အချိန်ပိုသုံးရသည်သို့မဟုတ်လုပ်အားပိုလိုအပ်သည်ဟူသောအဆိုးမြင်တုန့်ပြန်မှုများကို မကြာခဏကြားရတတ်ပါသည်။**ဥပမာအားဖြင့်ချင်းပြည်နယ်ရှိကျေးရွာများစွာတို့တွင်လယ်သမားများအားမျိုးစေ့များကိုဓါတုပစ္စည်းပါသောရေတွင်စိမ်ထားရန်၊ထို့နောက်အခွံခွာပြီးနာရီ၀က်အတွင်းချစိုက်ရန်နည်းလမ်းတစ်ခုကိုသင် ကြားပေးခဲ့ပါသည်။ သို့ရာတွင်လယ်သမားများက ဤနည်းလမ်းသည် လက်တွေ့မကျဟုစဉ်းစား ခဲ့ကြပါသည်။ရှမ်းပြည်နယ်အရှေ့ပိုင်းရှိကျေးရွာတစ်ရွာတွင်လယ်သမားများအား သင်တန်းပို့ချပေးခဲ့ သော အော်ဂင်းနစ်စိုက်ပျိုးနည်းစနစ်သည် အချိန်များစွာပိုကုန်ပြီးဓါတ်မြေဩဇာသုံးသည်ထက်က နည်း ကုန်ကျစရိတ်ပိုများ သဖြင့်ဆွဲဆောင်မှုမရှိကြောင်း လယ်သမားများက ပြောကြားခဲ့ပါသည်။ဒေသအားလုံးတို့တွင်လယ်သမားများကလုပ်သားရှားပါးသောကြောင့်လုပ်သားပိုမိုလိုအပ်သောနည်းစနစ်သစ်များကိုမသုံးလိုကြကြောင်းပြောကြားခဲ့ကြပါသည်။ဤအချက်သည် LIFT လေ့လာမှုတွင်တွေ့ရှိထား သောအောက်ပါအချက်နှင့်ကိုက်ညီမှုရှိပါသည်။

`နည်းစနစ်အသစ်သို့မဟုတ်သီးနှံမျိုးသစ်တစ်မျိုးသည်အခြားနည်းစနစ်များသို့မဟုတ်အခြားသီးနှံမျိုးများနှင့်ယှဉ်ပြိုင်နိုင်စွမ်းမရှိလျှင် (ထိုစနစ်သစ်များသည် အနည်းဆုံးအားဖြင့် ကာလတိုအတွင်းတွင်ပင်အထွက်နှုန်းတိုးလာသော်လည်း၊ယင်းအတွက်လုပ်အားခထပ်မံကုန်ကျမှုကိုမကာမိစေပါ။) ယင်းတို့ကိုဖြန့်ဝေပေးရန်ကောင်းစွာတည်ထောင်ထားသောလယ်သမားသင်တန်းကျောင်းများ (Farmer Field school) သည်လယ်သမားများအားသဘောပေါက်စေရန်စည်းရုံးရာ၌အောင်မြင်လိမ့်မည်မဟုတ်ပါ။´ (LIFT, 2014)

စီမံကိန်းများနှင့်ပတ်သက်၍ကျေးရွာသားများ၏တုန့်ပြန်မှုများနှင့်ပူးပေါင်းပါဝင်ရေးလုပ်ငန်းစဉ်များတိုးတက်လာခဲ့ပါသည်။

**အလှူရှင်များကရန်ပုံငွေထောက်ပံ့သောစီမံကိန်းများအတွက်ပူးပေါင်းပါဝင်သောဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်မရှိခြင်းနှင့်ပတ်သက်သည့်ပြဿနာများမှာဆက်လက်ရှိနေဆဲဖြစ်ပါသည်။သို့ရာတွင်ကျေးရွာသားများကစီမံကိန်းများဆောင်ရွက်ရန်ကြေညာပြီးနောက်စီမံကိန်းဒီဇိုင်းဆွဲရာတွင်ပိုမိုလွှမ်းမိုးနိုင်စွမ်းရှိလာကြောင်းပြောကြားခဲ့ကြပါသည်။**ယခင် QSEMလေ့လာမှုများတွင်လိုအပ်ချက် ဆန်းစစ်မှုများ မပြုလုပ်မီ

တွင်စီမံကိန်းဒီဇိုင်းများကိုဆုံးဖြတ်ထားပြီးဖြစ်ကြောင်းဖြေကြားသူများကပြောကြားခဲ့ကြပါသည်။အချို့သောသာဓကများတွင်စီမံကိန်းများသည်ဒေသခံများ၏လိုအပ်ချက်များနှင့်ကိုက်ညီမှုရှိမရှိကိုမေးခွန်းထုတ်စရာဖြစ်လာပါသည်။ဤပြဿနာသည်ယခု QSEM 4 လေ့လာမှုတွင် လည်းရှိနေ ဆဲဖြစ်ပါသည်။သို့ရာတွင်စီမံကိန်းများဆောင်ရွက်ရန်ကြေညာပြီးနောက်အလှူရှင်များ၏ရန်ပုံငွေထောက်ပံ့မှုဖြင့်ဆောင်ရွက်မည့်စီမံကိန်းဒီဇိုင်းများအားလွှမ်းမိုးနိုင်လာကြောင်းသို့မဟုတ်ယင်းဒီဇိုင်းများကိုပြောင်းလဲရန်ဆွေးနွေးလာနိုင်ကြောင်းကျေးရွာသားများကပြောကြားခဲ့ပါသည်။မကွေးတိုင်းဒေသကြီးတွင်ချေးငွေအစီအစဉ်တစ်ခုကိုဆောင်ရွက်နေသော NGO အဖွဲ့တစ်ဖွဲ့သည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းမတူညီသောလူများအားအုပ်စုတစ်စုတည်းဖြစ်စေရန်၄င်း၏ဝိုင်းကြီးချုပ်ချေးငွေစနစ်ကိုပြင်ဆင်ခဲ့ရပါသည်။နောက်ထပ် NGO တစ်ဖွဲ့သည်လည်းချေးငွေပြန်ဆပ်ရမည့်ကာလကို (၅) လမှ (၁၀) လသို့တိုးမြှင့်ပေးခဲ့ရပါသည်။ထိုသာဓကနှစ်ခုစလုံးတွင်ပြောင်းလဲမှုများကိုကျေးရွာသားများ၏အကြံပြုချက်ဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။အောက်ပါသာဓက (၃၁) တွင် ဧရာဝတီတိုင်းဒေသကြီးရှိကျေးရွာသားများက NGO အဖွဲ့တစ်ဖွဲ့အားမျိုးစေ့များထောက်ပံ့ပေးမည့် အစားရိတ်သိမ်းစက်တစ်လုံးထောက်ပံ့ပေးရန်ညှိနှိုင်းခဲ့ကြပုံကိုဖော်ပြထားပါသည်။

### သာဓက (31) – ကျေးရွာသားများကမျိုးစေ့များရယူမည့်အစားရိတ်သိမ်းစက်တစ်လုံးကိုတောင်းဆိုကြခြင်း

၂၀၁၃ခုနှစ်တွင်ဧရာဝတီတိုင်းဒေသကြီးဘိုကလေးမြို့နယ်ရှိကျေးရွာတစ်ရွာတွင်လယ်သမားသင်တန်းကျောင်း (Farmer Field School) တစ်ခုကိုဆောင်ရွက်နေသော NGO အဖွဲ့တစ်ဖွဲ့ကထိုသင်တန်းကျောင်းရှိလယ်သမား (၂၄)ဦးအတွက်မျိုးစပါးအိတ်(၁၀၀)ကိုလှူဒါန်းမည်ဖြစ်ကြောင်းကြေညာခဲ့ပါသည်။လယ်သမားများကသူတို့အတွက်အဓိကစိန်ခေါ်မှုမှာအရည်အသွေးမြင့်မျိုးစေ့များမဟုတ်ဘဲလုပ်သားရှားပါးမှုနှင့်မိုးမကျမီတွင်အချိန်မီရိတ်သိမ်းနိုင်စွမ်းရှိရန်သာဖြစ်ကြောင်းရှင်းပြခဲ့ကြပါသည်။ထို့နောက်သူတို့က NGO အဖွဲ့အားလယ်သမားများအကြားတွင်မျှဝေသုံးစွဲနိုင်မည့်ရိတ်သိမ်းစက်တစ်လုံးထောက်ပံ့ပေးရန်တောင်းဆိုခဲ့ပါသည်။ NGOဝန်ထမ်းများက လည်းသူတို့တွင်ရိတ်သိမ်းစက် (၁)လုံးထောက်ပံ့ ပေးနိုင်သည့် စီမံကိန်း မရှိကြောင်း ပြန်လည်ရှင်းပြခဲ့ပါသည်။သို့ရာတွင်ဆက်လက်ဆွေးနွေးပြီးနောက်လယ်သမားများသို့လှူဒါန်းမည့်မျိုးစပါးပမာဏကိုတိုးမြှင့်ပေးပြီးလယ်သမားများကထိုမျိုးစပါးများကိုဈေးကွက်တွင်ပြန်လည်ရောင်းချကာရရှိငွေဖြင့်ရိတ်သိမ်းစက်တစ်လုံးဝယ်ယူမည်ဟူသောလယ်သမားများ၏အကြံပြုချက်ကို NGO ဝန်ထမ်းများကသဘောတူညီခဲ့ပါသည်။မများမကြာမီတွင် NGO အဖွဲ့ကလယ်သမားများသို့မျိုးစပါး (၂၀၀)အိတ်လှူဒါန်းခဲ့ပြီး လယ်သမားများကလည်းမျိုးစပါးများ ကိုဘိုကလေးမြို့ပေါ်ရှိဆန်စက်ပိုင်ရှင်တစ်ဦးထံသို့ပြန်လည်ရောင်းခဲ့ပါသည်။သူတို့သည်ထိုအတွက်ငွေကျပ် (၁၃)သိန်းရရှိခဲ့ပြီးရိတ်သိမ်းစက်ဝယ်ယူရန်အတွက်လိုအပ်ငွေ (၆)သိန်းကျပ်ကို စုပေါင်းဖြည့်ဆည်းခဲ့ကြပါသည်။ ထို့နောက်ထိုရိတ်သိမ်းစက်ကို (အုပ်စုတွင်းရှိလယ်သမားများအားဦးစားပေးလျက်) (၁)ကေလျှင် (၂၀၀၀၀) ကျပ်နှုန်းဖြင့်စတင်ငှားရမ်းခဲ့ပါသည်။ရရှိလာသောဝင်ငွေကိုစက်ပြင်စရိတ်များတွင်သုံးစွဲပြီးပိုငွေကိုစုဆောင်းလာခဲ့ရာရိတ်သိမ်းစက်အသစ်တစ်လုံးဝယ်ယူနိုင်ခဲ့ပါသည်။သုတေသနပြုလုပ်သည့်အချိန်တွင်ထိုစက်များကိုစီမံခန့်ခွဲနေသောကော်မတီသည်ရန်ပုံငွေ (၈)သိန်းကျပ်အထိစုဆောင်းမိနေပြီဖြစ်ပါသည်။

**နောက်ဆုံးအနေဖြင့်အလှူရှင်များ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သည့်စီမံကိန်းများအားကျေးရွာဖွံ့ဖြိုးရေးကော်မတီများသို့လွှဲပြောင်းပေးလိုက်သောအခါထိုစီမံကိန်းများ၏ရေရှည်တည်တံ့မှုကို စိုးရိမ်မှုများရှိကြောင်းကျေးရွာသားများကဖော်ပြခဲ့ကြပါသည်။**ယခင် QSEM လေ့လာမှုများတွင် တွေ့ရှိခဲ့သည့်အတိုင်းအလှူရှင်များကကျေးရွာဖွံ့ဖြိုးရေးကော်မတီများသည်စီမံကိန်းများအားစီမံကိန်းကာလထက်ကျော်လွန်၍ထိန်းသိမ်းနိုင်မည်ဟုမျှော်မှန်းထားကြသော်လည်းယင်းကိစ္စများမဖြစ်လာခဲ့ပါ။ဒေသအားလုံးတို့တွင်အလှူရှင်များ၏ပါဝင်ပတ်သက်မှုပြီးဆုံးသွားသောအခါတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီများကဆောင်ရွက်ဆဲစီမံကိန်းများကိုရပ်ဆိုင်းခဲ့ကြပါသည်။အကျိုးဆက်အနေဖြင့်ထိုကော်မတီများကကြီးကြပ်သောစီမံကိန်းများရပ်ဆိုင်းသွားခြင်းသည်စီမံကိန်းနှင့်ပတ်သက်၍ကျန်ရှိနေသောတာဝန်ယူမှုများမှလည်းလွတ်ကင်းသွားခြင်းဖြစ်သည်ဟုကျေးရွာသားမျာကရှုမြင်လာကြပါသည်။မကွေးတိုင်းဒေသကြီးရှိကျေးရွာတစ်ရွာတွင် NGO အဖွဲ့တစ်ဖွဲ့ကအစပျိုးဆောင်ရွက်သော အရင်းမပျောက် လှည့်ပတ်ရန်ပုံငွေ တစ်ခုသည်ရွာတွင်ရေကြီးခဲ့ပြီးငါးဖမ်းဆီးရရှိမှုနည်းလာပြီးနောက်၂၀၁၃ခုနှစ်၊ဇွန်လတွင်ငွေချေးသည့်လုပ်ငန်းများရပ်တန့်သွားခဲ့ပါသည်။ထိုအချိန်တွင်ရန်ပုံငွေတည်ထောင်ရန်အကူအညီပေးခဲ့သော NGO အဖွဲ့ကလည်းအကဲဖြတ်စစ်ဆေးခြင်းလုပ်ငန်းများကိုရပ်တန့်ခဲ့ပြီးရန်ပုံငွေကိုစီမံခန့်ခွဲနေသည့်ကော်မတီကလည်းငွေချေးယူထားသူများအားအကြွေးပြန်ပေးဆပ်ရေးတွန်းအားပေးမှုကိုရပ်တန့်ရန်ဆုံးဖြတ်ခဲ့ပါသည်။

## သုံးသပ်ချက်များနှင့်အကြံပြုချက်များ

**မြန်မာနိုင်ငံကျေးလက်ဒေသများတွင်နေထိုင်ကြသောပြည်သူများသည်သူတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်အရေးပါသောအကျိုးဆက်များကိုဖြစ်စေသည့်သိသာထင်ရှားသောအပြောင်းအလဲများကိုနည်းလမ်းများစွာဖြင့်တွေ့ကြုံနေရပါသည်။**နိုင်ငံတော်အဆင့်တွင်နိုင်ငံရေးနှင့်စီးပွားရေးအရဖြစ်ပေါ်နေသောအသွင်ပြောင်းလဲခြင်းလုပ်ငန်းများသည်လည်းကျေးရွာများအထိဖြန့်ထွက်ဆင်းသက်လာပြီးမြေပိုင်ဆိုင်မှုနှင့်ကျေးရွာအုပ်ချုပ်မှုကဲ့သို့သောအရေးကြီးပြဿနာများကိုဩဇာလွှမ်းမိုးနေပါသည်။သို့ရာတွင်စိန်ခေါ်မှုအဟောင်းများသည်လည်းဆက်လက်ရှိနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံသည်အရှေ့တောင်အာရှဒေသတွင်ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံးနိုင်ငံအဖြစ်ဆက်လက်တည်ရှိနေပါသည်။ ပြည်သူများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းစနစ်များသည်လည်းမိုးလေဝသရုတ်တရက်ပြောင်းလဲမှုများပေါ်ထိခိုက်လွယ်နေဆဲဖြစ်ပါသည်။မြေပိုင်ရှင်များသည်ရာသီချိန်များ၌လုပ်သားငှားရမ်းရန်အခက်အခဲများရင်ဆိုင်နေရပြီးလုပ်သားများမှာလည်းတစ်နှစ်တာ၏ကျန်ကာလများတွင်အသက်မွေးရန်အခက်အခဲများကြုံတွေ့နေရပါသည်။ကျေးရွာအဆင့်တွင်အစိုးရ၏အခြေခံဝန်ဆောင်မှုများပေးအပ်မှုမှာအနိမ့်ဆုံးတွင်သာဆက်လက်ရှိနေပါသည်။

**ယခုအကြိမ် QSEM 4 လေ့လာမှုတွင်ဒေသများစွာတို့၌ ယခင်လေ့လာမှုများ အတွင်းသတ်မှတ်ဖော်ထုတ်ခဲ့သည့်အလားအလာများဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိရပါသည်။အရေးကြီးသောပြဿနာအချို့တွင်သိသာထင်ရှားသောပြောင်းလဲမှုအချို့ကိုလည်းတွေ့ရှိခဲ့ရပါသည်။**ဤအခန်းတွင် ယခု QSEM 4 လေ့လာမှုမှအဓိက သုံးသပ်ချက်များကို ဖော်ပြထားပါသည်။ အောက်ပါဇယားတွင်ဤအစီရင်ခံစာတလျှောက်လုံးအသေးစိတ်ဆွေးနွေးခဲ့ပြီးဖြစ်သည့် QSEMတိုင်း ဒေသကြီး/ပြည်နယ်အလိုက်အဓိကပြောင်းလဲမှုများကိုအကျဉ်းချုပ်ဖော်ပြထားပါသည်။အပြုသဘောဆောင်သောပြောင်းလဲမှုများသို့မဟုတ်တိုးတက်မှု (+) ရှိသောနေရာများကို သတ်မှတ်ဖော် ထုတ် ထားပြီးယခင် QSEM 2/3 လေ့လာမှုနှင့်နှိုင်းယှဉ်ထား သောပြောင်းလဲမှုများကို ရာခိုင်နှုန်းဖြင့် အကျဉ်းချုပ်ဖော်ပြထားပါသည်။ QSEM 4 လေ့လာမှုတွင်အလှူရှင်များ၏ ကူညီထောက်ပံ့မှု အနည်းငယ်နိမ့်ကျသွားခြင်းမှတစ်ပါးအားလုံးစုပေါင်းကြည့်ပါကအခြေအနေပိုဆိုးသွားသောနယ်ပယ်သည်မရှိသလောက်နည်းကြောင်းတွေ့ရှိရပါသည်။

ဇယား (18) – တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင်ပြောင်းလဲမှုများအားအကျဉ်းချုပ်တင်ပြခြင်း

| | အသက်မွေးဝမ်းကျောင်းရလဒ်များ | | | ရွှေ့ပြောင်းသည့်နှုန်း (နှင့်တိုးတက်မှု %) | လုပ်အားခများ (ရာသီချိန်) | အစိုးရထောက်ပံ့မှု (တိုးတက်မှု %) | အလှူရှင်ထောက်ပံ့မှု (တိုးတက်မှု %) |
|---|---|---|---|---|---|---|---|
| | စိုက်ပျိုးရေး | စိုက်ပျိုးရေးမဟုတ်သော | ရွှေ့ပြောင်းလုပ်ကိုင်ခြင်း | | | | |
| **ဧရာဝတီ** | + | | + | ၈.၈% (၂.၁%) | + | ၂၆% | ၉၅% |
| **မကွေး** | | + | + | ၁၁.၃% (၄.၅%) | + | ၁၄၄% | ၁၃၃% |
| **ရခိုင်** | | | + | ၅.၂% (၁.၉%) | | ၉၁% | -၁၈% |
| **ရှမ်း** | + | | + | ၃.၈% (၂.၅%) | + | ၉၀% | -၅၀% |
| **ချင်း** | + | | | ၁၀.၁% (၁.၄%) | | ၂၅၀% | -၂၅% |
| **မန္တလေး** | | + | + | ၁၁.၉% ၀.၇% | + | ၃၆၇% | ၆% |

ပြောင်းလဲမှုများကြောင့်မူဝါဒနှင့်အစီအစဉ်ရေးဆွဲခြင်းတို့ကိုအသိသာဆုံးသက်ရောက်နိုင်သည့်နယ်ပယ်ကြီးသုံးခုကိုဤအပိုင်းတွင်အောက်ပါအတိုင်းသတ်မှတ်ဖော်ထုတ်ထားပါသည်။

- ဒေသအများစုတို့တွင်အသက်မွေးဝမ်းကျောင်းရလဒ်များကောင်းမွန်ကြပါသည်။ယင်းမှာအဓိကအားဖြင့်ရာသီဥတုကောင်းမွန်ခြင်း၏ရလဒ်ကြောင့်ဖြစ်ပါသည်။သို့ရာတွင်အချို့ကိစ္စရပ်များအ

တွက်ပိုမိုကျယ်ပြန့်၍စနစ်ကျသောပြောင်းလဲမှုများလိုအပ်နေကြောင်းကိုလည်းဖော်ပြနေပါသည်။ဤပြောင်းလဲမှုများကိုနားလည်ထားခြင်းဖြင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာစီမံချက်များရေးဆွဲခြင်းကိုကူညီပေးနိုင်ပါသည်။

- ပြည်သူများကအစိုးရနှင့်ချိတ်ဆက်ဆောင်ရွက်သောနည်းလမ်းများတွင်မပြောပလောက်သော်လည်းသတိထားမိလောက်သောပြောင်းလဲမှုများရှိခဲ့ပါသည်။ထိုပြောင်းလဲမှုများတွင်အစိုးရအရာရှိများအပေါ်မျှော်လင့်ချက်များတိုးလာခြင်းနှင့်ဒေသတွင်းခေါင်းဆောင်မှုများတွင်ဖြစ်ပေါ်နေသောပြောင်းလဲမှုများပါဝင်ပါသည်။ ဤပြောင်းလဲမှုများကြောင့် ကျေးလက်နေပြည်သူများအတွက် အရေးကြီးသောသက်ရောက်မှုများရှိလာပါသည်။
- ထိုအချက်နှင့်ချိတ်ဆက်၍အခြေခံအားဖြင့်အလွန်နည်းသော်လည်းကျေးလက်ကျေးရွာများသို့အစိုးရဝန်ဆောင်မှုပေးရာတွင် မှတ်သားဖွယ်ပြောင်းလဲမှုများရှိခဲ့ပါသည်။ ဤလမ်းကြောင်းအတိုင်းဆက်လက်ဖြစ်ပေါ်နေမည်ဟုယူဆပါကဤဝန်ဆောင်မှုများသည်ဒေသခံများ၏လိုအပ်ချက် များအားဖြည့်ဆည်းပေးနိုင်ပြီးထိရောက်စွာ ပေးအပ်နိုင်ကြောင်းသေချာစေမည့် အားထုတ်မှုများကိုဦးတည်သင့်ပါသည်။

အသိသာဆုံးပြောင်းလဲခဲ့သည့်နယ်ပယ်များကိုလေ့လာဆန်းစစ်ပြီးနောက်ယခင်လေ့လာမှုများမှဆက်လက်တွေ့ရှိလာသောအလားအလာလမ်းကြောင်းများကိုဤအခန်းတွင်အကျဉ်းချုပ်တင်ပြထားပါသည်။

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

### အဓိကတွေ့ရှိချက်များ

**ဒေသအများစုတို့တွင်ပြည်သူများအတွက်ကောင်းမွန်သောနှစ်တစ်နှစ်ဖြစ်ခဲ့သော်လည်းယင်းအတွက်အကြောင်းပြချက်များမှာမူအမျိုးမျိုးကွဲပြားနေပါသည်။**ဤလေ့လာမှုတွင်ပြည်သူအများစုတို့သည်သမားရိုးကျလယ်ယာလုပ်ငန်းနှင့်ငါးဖမ်းလုပ်ငန်းတို့အပြင်ဒေသတွင်းရှိစိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများနှင့်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့ကိုချိတ်ဆက်ဆောင်ရွက်ခြင်းအားဖြင့်အဓိကအသက်မွေးဝမ်းကျောင်းပုံစံ(၃)ခုအနက်(၁)ခုသို့မဟုတ်(၁)ခုထက် ပို၍ပေါင်းစပ်ကာမှီခိုနေရကြောင်း သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။

**ဒေသအများစုတို့တွင်စိုက်ပျိုးရေးမှဝင်ငွေများကောင်းမွန်လာခြင်းမှာဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာအပြောင်းအလဲများကြောင့်ထက်မိုးလေဝသနှင့်ဈေးနှုန်းများကောင်းမွန်ခြင်းကြောင့်ဖြစ်ပါသည်။**ရလဒ်အနေဖြင့်ဤဒေသများတွင်စိုက်ပျိုးရေးလုပ်ငန်းအပေါ်ပြင်းထန်သောသက်ရောက်မှုများ (Shock) ကြောင့်ထိခိုက်လွယ်မှုများဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။ဤကိစ္စအတွက်ခြွင်းချက်တစ်ခုမှာချင်းပြည်နယ်တွင်ဖြစ်ပါသည်။ချင်းပြည်နယ်တွင်လက်ရှိအခြေခံအဆောက်အအုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများတိုးတက်လာခြင်းနှင့်ပေါင်းစပ်၍လွန်ခဲ့သော (၅)နှစ်ကျော်မှ စတင်ခဲ့သောရွှေ့ပြောင်း တောင်ယာစနစ်မှအမြဲတမ်း စိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲခြင်း၏စီးပွားရေးအကျိုးအမြတ်များကို လယ်သမားများကတဖြည်းဖြည်းစတင်ခံစားနေရပြီဖြစ်ပါသည်။

**စိုက်ပျိုးရေးလုပ်ငန်းများ၊စိုက်ပျိုးရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှုများကိုပေါင်းစပ်မှီခိုနေရမှုမှာဒေသအလိုက်နှင့်လူမှုစီးပွားရေးအုပ်စုအလိုက်ကွဲပြားခြားနားကြပါသည်။**အထူးသဖြင့်မန္တလေးနှင့်မကွေးတိုင်းဒေသကြီးတို့တွင်အလှူရှင်များထံမှအထောက်အပံ့များအပါအဝင်ဝင်ငွေအရင်းအမြစ်များအမျိုးအစားစုံလင်စေရန်ပိုမိုကြိုးစားအားထုတ်လာသောသာဓကများတွေ့ရှိရပါသည်။ဤကိစ္စသည်ကျပန်းလုပ်သားများနှင့်မြေအနည်းငယ်သာပိုင်ဆိုင်သူများတွင်အထင်ရှားဆုံးဖြစ်ပါသည်။တွေ့ရှိချက်များအရအပူပိုင်းခြောက်သွေ့ဒေသရှိစိုက်ပျိုးရေးလုပ်ငန်းကိုသာမှီခိုနေရသောဤအုပ်စုများအတွက်အသက်မွေးဝမ်းကျောင်းစနစ်များရေရှည်တည်တံ့ရန်အကန့်အသတ်များရှိ

နကြောင်းနှင့်ဤဒေသများတွင်စိုက်ပျိုးရေးမဟုတ်သောစီးပွားရေးအခွင့်အလမ်းများပိုမိုပွင့်လင်းလာစေရန်ဆောင်ရွက်ပေးသင့်ကြောင်းဖော်ပြနေပါသည်။

**လွန်ခဲ့သောနှစ်အတွင်းရလဒ်များကောင်းမွန်ခဲ့သော်လည်းအချို့သောအုပ်စုများကအခြားအုပ်စုများထက်အကျိုးအမြတ်များပိုမိုရရှိခဲ့ပါသည်။**မညီမျှမှုများတိုးမြင့်လာနိုင်သည့်အလားအလာများကိုလည်းလေ့လာတွေ့ရှိခဲ့ရပါသည်။ အုပ်စုအချို့တို့သည်ယခုနှစ်တွင် ယခင်နှစ်များကထက်ပင် အခြေအနေပိုဆိုးလာကြောင်းသို့မဟုတ်မြန်မာနိုင်ငံကျေးလက်ဒေသတွင်လက်ရှိပေါ်ပေါက်နေသာအခွင့်အလမ်းသစ်များကိုရယူနိုင်မှုနည်းပါးသည်ကိုတွေ့ရှိရပါသည်။သူတို့၏လုပ်ငန်းများအတွက်ကန့်သတ်ချက်များဖယ်ရှားပေးရန်ရည်ရွယ်ထားသောငါးဖမ်းလိုင်စင်များအားဖြေလျှော့ပေးခဲ့သော်လည်းတစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်သားများသည်အခြေအနေဆိုးဝါးမှုကိုဆက်လက်ခံစားနေရဆဲဖြစ်ပါသည်။အိမ်ထောင်စုအတွင်းအလုပ်လုပ်နိုင်သူနည်းပါးသည့်မြေအနည်းငယ်သာပိုင်ဆိုင်သူများနှင့်ကျပန်းလုပ်သားများသည်ဝင်ငွေရင်းမြစ်များမျိုးစုံလင်စေရန်ဆောင်ရွက်ရာတွင်အကန့်အသတ်များနှင့်ရင်ဆိုင်နေရပါသည်။ယေဘုယျအားဖြင့်မြေအနည်းငယ်သာပိုင်ဆိုင်သူများနှင့်ကျပန်းလုပ်သားများသည်စိုက်ပျိုးရေးပုံစံများကိုပြောင်းလဲရာတွင်သို့မဟုတ်စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများ၌ရင်းနှီးမြှုပ်နှံရာတွင်ပိုမိုကြီးမားသောအခက်အခဲများကိုရင်ဆိုင်ရပါသည်။အမျိုးသမီးရွှေ့ပြောင်းလုပ်သားများသည်လည်းများသောအားဖြင့်မြေအနည်းငယ်သာပိုင်ဆိုင်သူများနှင့်ကျပန်းလုပ်သားအိမ်ထောင်စုများမှဖြစ်ကြပြီးရွှေ့ပြောင်းလုပ်ကိုင်ရန်ရွေးချယ်ရခြင်းမှာစီးပွားရေးအရထိခိုက်လွယ်မှုကြောင့်အဓိကဖြစ်ကြောင်းဖော်ပြနေပါသည်။

## သုံးသပ်ဖော်ပြချက်များ

**ဒေသအမျိုးမျိုးနှင့်လူမှုစီးပွားအုပ်စုအမျိုးမျိုးအတွင်းမှပြည်သူများကစိုက်ပျိုးရေးလုပ်ငန်း၊စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများနှင့်ရွှေ့ပြောင်းလုပ်ကိုင်မှုအခွင့်အလမ်းများကိုမည်သို့ပေါင်းစပ်ကြကြောင်းကိုပိုမိုရင့်ကျက်စွာနားလည်ထားခြင်းအားဖြင့်စီမံချက်ရေးဆွဲခြင်းဆိုင်ရာတုန့်ပြန်မှုများကိုအသိပေးနိုင်ပါသည်။**ဤအချက်သည် LIFT အဖွဲ့ကရေးဆွဲထားသော၂၀၁၄-၂၀၁၈ခုနှစ်အတွက်မဟာဗျူဟာအသစ် (မူကြမ်း) တွင်ဖော်ပြထားသည့်ချဉ်းကပ်မှုနှင့်များစွာကိုက်ညီမှုရှိပါသည်။ဤလေ့လာဆန်းစစ်ခြင်းလုပ်ငန်းမှစီမံချက်ရေးဆွဲခြင်းအပေါ်သက်ရောက်သည့်အချက်များစွာထွက်ပေါ်လာပါသည်။ ယင်းအချက်များကိုအောက်ပါအတိုင်းအကျဉ်းချုပ်ဖော်ပြနိုင်ပါသည်။

ပထမအချက်မှာပိုမိုကျယ်ပြန့်သောဖွံ့စည်းတည်ဆောက်မှုဆိုင်ရာပြောင်းလဲမှုများကစိုက်ပျိုးရေးကဏ္ဍအပေါ်ဩဇာလွှမ်းမိုးနိုင်မှုနည်းပါးသည့်နေရာများတွင်ရာသီချိန်မဟုတ်သောအချိန်များ၌ကျပန်းလုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများထောက်ပံ့ပေးခြင်း (ဥပမာအားဖြင့် ဒေသတွင်း အခြေခံအဆောက်အအုံများတည်ဆောက်ရာတွင် Cash-for-work အစီအစဉ်များပြုလုပ်ပေးခြင်း) နှင့်ထိခိုက်လွယ်မှုကိုလျှော့ချပေးရန်အတွက်လူမှုရေးစောင့်ရှောက်မှုများကိုခိုင်မာစေခြင်းတို့နှင့်ပေါင်းစပ်လျက်ထုတ်လုပ်မှုကိုတိုးတက်စေရန် (ဥပမာအားဖြင့်စက်ယန္တရားများကိုသာတူညီမျှစွာလက်လှမ်းမီစေခြင်း) ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဒုတိယအချက်မှာဖွံ့စည်းတည်ဆောက်မှုဆိုင်ရာပြောင်းလဲမှုများကစိုက်ပျိုးရေးကဏ္ဍအပေါ်အကျိုးသက်ရောက်နေသည့် (ချင်းပြည်နယ်ကဲ့သို့သော) နေရာများတွင်ပိုမိုဆင်းရဲသော လူမှုစီးပွားအုပ်စုများကထိုပြောင်းလဲမှုများမှအကျိုးအမြတ်များရရှိပြီး၊မညီမျှမှုများကိုလျှော့ချနိုင်ကြောင်းသေချာစေမည့်အစီအစဉ်များကိုဖော်ထုတ်ပေးရပါမည်။

တတိယအချက်မှာ (အပူပိုင်းခြောက်သွေ့ဒေသတွင်ကဲ့သို့) အထူးသဖြင့်မူလဖွံ့စည်းတည်ဆောက်ပုံအရပင်ဖြစ်ပေါ်နေသောဒေသများ၌ပိုမိုဆင်းရဲသောအိမ်ထောင်စုများအတွက်ဝင်ငွေရင်းမြစ်များကိုမျိုးစုံလင်စေသောအားထုတ်မှုများကိုထောက်ပံ့ပေးရပါမည်။ဤအားထုတ်မှုများသည်ရွေးချယ်မှုတစ်ခုအဖြစ်ပြုလုပ်တတ်ကြသည့်ရွှေ့ပြောင်းလုပ်ကိုင်မှုကိုသာမကပိုမိုရေရှည်တည်တံ့စေသောဒေသတွင်းစိုက်ပျိုးရေးမဟုတ်သော အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်စေရန်လည်း ဦးတည်ဆောင်ရွက်သင့်ပါသည်။

နောက်ဆုံးအချက်မှာနိုင်ငံအနှံ့အပြားတွင်သိသာထင်ရှားသောကွဲပြားခြားနားမှုများရှိနေသော်လည်း၊ရွှေ့ပြောင်းလုပ်ကိုင်ခြင်းကိုအစားထိုးဝင်ငွေရင်းမြစ်တစ်ခုအဖြစ်ပိုမိုရှုမြင်လာကြပါသည်။အထိခိုက်လွယ်ဆုံးအုပ်စုများအတွက်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းလုပ်ငန်းများကိုဦးတည်ဆောင်ရွက်ပေးခြင်းဖြင့်ဤအချက်ကို

တုန့်ပြန်ဆောင်ရွက်နိုင်ပါသည်။အထူးသဖြင့်မြေယာမဲ့များ၊မြေအနည်းငယ်သာပိုင်ဆိုင်သူအုပ်စုများမှအမျိုးသမီးများ၏ရွှေ့ပြောင်းလုပ်ငန်းများရွေးချယ်မှုကိုဦးတည်သောအစီအစဉ်များကိုထောက်ပံ့ပေးရပါမည်။ဤအစီအစဉ်များသည်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းမှရလဒ်များတိုးတက်စေရေးအတွက်အစားထိုးနည်းလမ်းများထောက်ပံ့ပေးခြင်းလုပ်ငန်းနှင့်ပေါင်းစပ်ရပါမည်။ယင်းတို့တွင် ဥပမာအားဖြင့်ကျွမ်းကျင်မှုသင်တန်းများပေးခြင်း၊ပိုမိုသေချာ၍စိတ်ချရသောအလုပ်အကိုင်များရရှိရေးအတွက်ပံ့ပိုးကူညီပေးခြင်း၊ရွှေ့ပြောင်းလုပ်သားများအားခေါင်းပုံဖြတ်မခံရရေးအတွက်ဝန်ဆောင်မှုများထောက်ပံ့ပေးခြင်းစသည်တို့ပါဝင်ပါသည်။

## နိုင်ငံတော်နှင့်ပြည်သူဆက်ဆံရေး

### အဓိကတွေ့ရှိချက်များ

**သိသာထင်ရှားသောဒုတိယနယ်ပယ်တစ်ခုမှာဒေသအားလုံးနီးပါးတို့တွင်ဒေသပြည်သူများကအစိုးရနှင့်ချိတ်ဆက်ဆောင်ရွက်ရာ၌မပြောပလောက်သော်လည်းမှတ်သားဖွယ်ကောင်းပြီးအရေးပါသောပြောင်းလဲမှုများဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။**ဒေသခံပြည်သူများသည်အစိုးရအရာရှိများထံသူတို့၏လိုလားချက်များတောင်းဆိုနိုင်စွမ်းရှိခြင်းကိုပိုမိုသိရှိလာကြပြီးသိရှိသည့်အတိုင်းလည်းပြုမူဆောင်ရွက်လာကြပါသည်။ထိုအချက်သည်အစိုးရအရာရှိများ၊ကျေးရွာနှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကပြည်သူများနှင့်ချိတ်ဆက်ဆောင်ရွက်သောနည်းလမ်းများကိုအကျိုးသက်ရောက်နေပြီး၊သူတို့၏လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင်သတိပိုထားလာကြပါသည်။

ဤပြောင်းလဲမှုများသည်ကျေးရွာအဆင့်အထိရောက်ရှိလာသောမူဝါဒဆိုင်ရာဆုံးဖြတ်ချက်များနှင့်ကျေးရွာသားများကနိုင်ငံအဆင့်တွင်ဖြစ်ပေါ်နေသောပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအကြောင်းသိရှိလာခြင်းနှစ်မျိုးလုံးကြောင့်ပေါင်းစပ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲများပြုလုပ်ခြင်း၊မြေယာမှတ်ပုံတင်ခြင်းနှင့်ငါးဖမ်းလုပ်ငန်းစည်းကမ်းချက်များပြင်ဆင်ခြင်းစသည်တို့အပါအဝင်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည်ဥပမာအားဖြင့်ကျေးရွာအုပ်ချုပ်ရေးမှူးများအားရန်ပုံငွေကောက်ခံခွင့်ကိုတားမြစ်ခြင်းစသည့် မူဝါဒညွှန်ကြားချက်များနှင့်အတူတွဲလျှက်ကျေးရွာအဆင့်တွင်သတိပြုမိလာကြပါသည်။ ဤအချက်သည်နိုင်ငံတစ်ဝှမ်းလုံးတွင်ဖြစ်ပေါ်နေသည့် ပိုမိုကျယ်ပြန့်သောဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများ အကြောင်းသတင်းအချက်အလက်များကလွှမ်းမိုးထားသည့်ကျေးရွာသားများ၏သဘောထားအမြင်များနှင့်ပေါင်းစပ်ကာကျေးရွာသားများကအစိုးရအရာရှိများနှင့်အပြန်အလှန်ဆက်ဆံနေသည့်နည်းလမ်းများအပေါ်အကျိုးသက်ရောက်နေပါသည်။

**ကျေးရွာအုပ်ချုပ်မှုအစီအစဉ်များတွင်အပြောင်းအလဲများဖြစ်ခြင်းသည်ဒေသခံများနှင့်အစိုးရအာဏာပိုင်များအကြားကြားခံအခြေအနေကိုစီမံခန့်ခွဲရေးအတွက်အလွန်အရေးကြီးပါသည်။**ကျေးရွာသားအများစုတို့သည်ကျေးရွာအုပ်ချုပ်ရေးမှူးများသို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှတစ်ဆင့်အစိုးရအရာရှိများနှင့်ချိတ်ဆက်လေ့ရှိကြပါသည်။လုပ်ပိုင်ခွင့်များသည်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွင်သာတိုးတက်စုစည်းမိနေပြီး၊ကျေးရွာအဆင့်တွင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကိုကူညီပေးနိုင်မည့်သို့မဟုတ်တာဝန်ခံမှုရှိသည့်လုပ်ငန်းစဉ်များကိုထောက်ပံ့ပေးနိုင်မည့်အခြားသောအဖွဲ့အစည်းများပိုမိုခိုင်မာလာသည်ဟူသောသက်သေသာဓကများမရှိကြပါ။

### သုံးသပ်ဖော်ပြချက်များ

**ကျေးရွာသားများ၏မျှော်လင့်ချက်များကိုစီမံခန့်ခွဲရေးအတွက်သင့်လျော်သောလုပ်ငန်းစဉ်များကိုဦးတည်ဖော်ထုတ်ခြင်းဖြင့်ပြုပြင်ပြောင်းလဲရေးအကြောင်းအရာကိုပိုမိုအလေးထားသင့်ပါသည်။**ဤနယ်ပယ်တွင်အလှူရှင်များချိတ်ဆက်ပါဝင်နိုင်မည့်အလားအလာရှိသောနေရာ (၂)ခုရှိပါသည်။

**ပထမအချက်မှာအလှူရှင်များ၏စီမံကိန်းများသည်ကိုယ်ပိုင်ဥပမာများဖြင့်ဦးဆောင်နိုင်ပါသည်။**ဤနေရာတွင်ထိရောက်သော တာဝန်ခံမှုလုပ်ငန်းစဉ်များတည်ထောင်ရေးကို ပိုမိုအလေးအနက်ထားခြင်းလည်းပါဝင်ပါသည်။အရေးကြီးသောနယ်ပယ်များတွင်ဆုံးဖြတ်ချက်ချမှတ်ရာ၌ပူးပေါင်းပါဝင်မှုကိုကျယ်ပြန့်စေ

ခြင်း၊စီမံကိန်းရည်ရွယ်ချက်များ၊လုပ်ငန်းစဉ်များနှင့်ငွေကြေးဆိုင်ရာလုံလောက်သောအချက်အလက်များကိုအများပြည်သူသို့အသိပေးခြင်း၊ထိရောက်သောတိုင်ကြားမှုကိုင်တွယ်သည့်လုပ်ငန်းစဉ်များကိုအများပြည်သူတို့ကသိရှိထားခြင်းနှင့်ယင်းတို့ကိုအသုံးပြုနိုင်ခြင်း၊ကျေးရွာအဖွဲ့အစည်းများကမိမိတို့ဒေသရှိဖွံ့ဖြိုးရေးစီမံကိန်းများကိုထိရောက်စွာစီမံခန့်ခွဲနိုင်မည့်စွမ်းဆောင်ရည်ခိုင်မာလာစေရေးအတွက်ကျေးရွာနှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအားလည်းချိတ်ဆက်ပါဝင်စေခြင်းစသည်တို့ပါဝင်ပါသည်။

**ဒုတိယအချက်မှာအလှူရှင်များသည်ဒေသခံအဖွဲ့အစည်းများ၏အခန်းကဏ္ဍနှင့်ပတ်သက်သည့်မူဝါဒကိုအသိပေးသင့်ခြင်းဖြစ်ပါသည်။**ကျေးရွာအဆင့်အဖွဲ့အစည်းများသည်(ဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ခြင်းအပါအဝင်)
ကျေးရွာသားများနှင့်အစိုးရအရာရှိများအကြားအပြန်အလှန်ဆက်ဆံရေးကိုပံ့ပိုးကူညီရာတွင်အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေသည့်အတွက်၊ကျေးရွာအဆင့်အရာရှိများအတွက်လုပ်ပိုင်ခွင့်များကိုမှန်ကန်စွာထိန်းညှိပေးရန်ဆက်လက်လိုအပ်ပါသည်။ဤလုပ်ငန်းတွင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏လုပ်ငန်း အတွက်လုံလောက်၍ ကိုယ်စားပြုနိုင်သော အကူအဖွဲ့အစည်းများကို သတ်မှတ်ဖော်ထုတ်ခြင်းလည်းပါဝင်ပါသည်။ LIFT အဖွဲ့သည်ဒေသန္တရအဖွဲ့ အစည်းများ၏ဖွဲ့စည်းပုံ နှင့်ပါဝင်မည့်သူများနှင့်ပတ်သက်၍အစိုးရအားမူဝါဒအကြံဉာဏ်များထောက်ပံ့ပေးနိုင်ရန်ကျေးရွာအာဏာပိုင်များနှင့်မိတ်ဖက်ဖွဲ့စည်းလျှက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့်အလုပ်တွဲလုပ်နေသောမိတ်ဖက်အဖွဲ့အစည်းများ၏အတွေ့အကြုံများကိုရယူနိုင်ပါသည်။ဖြစ်နိုင်သောရွေးချယ်မှုများတွင် VDSC ၏ကိုယ်စားပြုမှုသဘာဝနှင့်လုပ်ပိုင်ခွင့်ကိုပိုမိုခိုင်မာစေခြင်းသို့မဟုတ်ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေပြောင်းလဲမှုများနှင့်အညီကျေးရွာအုပ်ချုပ်ရေးမှူးများ၏အခန်းကဏ္ဍကိုပြန်လည်စစ်ဆေးခြင်းတို့လည်းပါဝင်ပါသည်။

**ဒေသန္တရအုပ်ချုပ်မှုအပေါ်ပြောင်းလဲမှုများ၏အကျိုးသက်ရောက်မှုကိုလည်းဆက်လက်စောင့်ကြည့်လေ့လာရန်လိုအပ်ပါသည်။**ကျေးရွာအုပ်ချုပ်မှုနှင့်ကျေးရွာများနှင့်အစိုးရတို့အကြားဆက်ဆံရေးတို့ကိုပုံဖော်ပေးနေသောပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည်အသစ်ဖြစ်နေပြီး၊ကျေးလက်နေပြည်သူများအတွက်ပြင်းထန်သောသက်ရောက်မှုများဖြစ်စေပါသည်။ထိုသက်ရောက်မှုများကိုအချိန်နှင့်အမျှစောင့်ကြည့်လေ့လာရန်၊ပြုပြင်ပြောင်းလဲမှုများကိုမည်သို့အကောင်အထည်ဖော်နေသည်နှင့်ယင်းပြုပြင်ပြောင်းလဲမှုများကပြည်သူများ၏ဘဝကိုမည်သို့အကျိုးသက်ရောက်နေသည်တို့ကို လေ့လာရန်မမျှော်မှန်းထားသောထိခိုက်မှုများကိုတုန့်ပြန်ရေးအတွက်လက်ရှိမူဝါဒများကိုပြင်ဆင်ရန်/ပြန်လည်သုံးသပ်ရန်နှင့် ပြုပြင်ပြောင်းလဲ ရေးလုပ်ငန်းများသည် ကျေးလက်နေပြည်သူများ ၏လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်းသေချာစေရန်စသည်တို့အတွက်စောင့်ကြည့်လေ့လာရေးလုပ်ငန်းသည်အရေးကြီးပါသည်။

## ပြင်ပမှကူညီထောက်ပံ့မှုများ

### အဓိကတွေ့ရှိချက်များ

**ကျေးရွာအဆင့်အထိရောက်ရှိလာသောအစိုးရအထောက်အပံ့သည်ဒေသအားလုံးတွင်သိသာစွာတိုးတက်လာခဲ့ပါသည်။**ကျေးရွာများရှိအစိုးရစီမံကိန်းများအရေအတွက်သည် QSEM လေ့လာရေးဒေသများတွင်(၃)ဆနီးပါးအထိတိုးတက်ခဲ့ပါသည်။အများဆုံးတိုးတက်မှုမှာဒေသန္တရအခြေခံအဆောက်အအုံစီမံကိန်းများဖြစ်ပြီး၊ဒုတိယအများဆုံးမှာပညာရေးနှင့်ချေးငွေလက်လှမ်းမီရေးစီမံကိန်းများဖြစ်ပါသည်။

**အကောင်အထည်ဖော်သည့်အစီအစဉ်များနှင့်ပတ်သက်၍ပြဿနာများရှိနေသော်လည်း၊အစိုးရအထောက်အပံ့များအပေါ်သဘောထားအမြင်မှာယခုအချိန်အထိအပြုသဘောဆောင်ပါသည်။**အစိုးရအထောက်အပံ့များတိုးတက်လာခြင်းကိုဒေသခံပြည်သူများကကောင်းစွာလက်ခံခဲ့ကြပါသည်။အဓိကအကြောင်းရင်းမှာယခင်ကအစိုးရဝန်ဆောင်မှုများကျေးလက်အဆင့်သို့ရောက်ရှိမှုနည်းပါးခဲ့သည့်အတွက်ဒေသခံများ၏မျှော်လင့်ချက်များနည်းပါးသောကြောင့်ဖြစ်ပါသည်။ဝန်ဆောင်မှုများဆက်လက်ရောက်ရှိလာသည်နှင့်အမျှအထောက်အပံ့များ၏အမျိုးအစားနှင့်အထောက်အပံ့ပေးသည့်လုပ်ငန်းစဉ်များအပေါ်ပြည်သူများ၏မျှော်လင့်ချက်များမှာလည်းတိုးလာပါလိမ့်မည်။အထူးသဖြင့်ကျေးရွာများ၏လိုအပ်ချက်များနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်များကိုလွှမ်းမိုးနိုင်သည့်စွမ်းရည်အကန့်အသတ်ရှိခြင်းနှင့်အစိုးရစီမံကိန်းသစ်များအားဆောင်ရွက်သည့်လုပ်ငန်းစဉ်များပွင့်လင်းမြင်သာမှုမရှိခြင်းတို့အပေါ်စိုးရိမ်မှုများရှိနေကြပါသည်။

## သုံးသပ်ဖော်ပြချက်များ

**အလှူရှင်စီမံကိန်းများ၏အတွေ့အကြုံဖြင့်အစိုးရဌာနများကကျေးရွာများသို့ဝန်ဆောင်မှုများပေးအပ်နေသည့်နည်းလမ်းများအပေါ်လွှမ်းမိုးနိုင်သောအခွင့်အလမ်းများရှိနေပါသည်။**ထိုလုပ်ငန်းအတွက်အကြံပြုချက်အချို့တွင်အောက်ပါတို့ပါဝင်ပါသည်။

- အစိုးရစီမံကိန်းနှင့်အလှူရှင်စီမံကိန်းတို့ထပ်နေသည့်နေရာများတွင် အတွေ့အကြုံများ သို့မဟုတ်ပြဿနာများကိုမျှဝေရန်အတွက် မူဝါဒဆွေးနွေးပွဲများ တွင်ချိတ်ဆက် ပါဝင်ခြင်း သို့မဟုတ် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း။ စီမံကိန်းအတိုင်းအတာ ဖြင့်ကြည့်ပါကအဓိကအားဖြင့်ငွေကြေးလက်လှမ်းမီမှုနယ်ပယ်နှင့်ဒေသန္တရအခြေခံအဆောက်အအုံနယ်ပယ်များဖြစ်ပါသည်။သို့သော်လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်အချို့လည်းချိတ်ဆက်ပါဝင်ရပါမည်။
- ဒေသန္တရအဆင့်တွင်အစိုးရရန်ပုံငွေများတိုးမြင့်ရရှိစေမည့်အလားအလာရှိသောရွေ့ပြောင်းစီမံကိန်းများကိုရှာဖွေရပါမည်။ဤလုပ်ငန်းတွင်ဒေသခံများကိုယ်တိုင်ကအလှူရှင်စီမံကိန်းများမှအလေ့အထကောင်းများကိုအစိုးရ၏ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းစဉ်များတွင်မိတ်ဆက်အသုံးပြုနေသောရွေ့ပြောင်းစီမံကိန်းများကိုရန်ပုံငွေပူးတွဲထောက်ပံ့ခြင်းလည်းပါဝင်ပါသည်။
- အထက်တွင်ဆွေးနွေးခဲ့သည့်အတိုင်းအလှူရှင်စီမံကိန်းများမှအတွေ့အကြုံများကိုအခြေခံ၍အစိုးရစီမံကိန်းများတွင်သင့်တော်သောတာဝန်ခံမှုလုပ်ငန်းစဉ်များဖော်ထုတ်ရေးအတွက်ထောက်ပံ့ပေးရပါမည်။ဒေသခံပြည်သူများကိုယ်စားအစိုးရနှင့်အလှူရှင်နှစ်ဦးလုံးနှင့်ချိတ်ဆက်ဆောင်ရွက်နေသောဒေသခံအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်ကိုဆန်းစစ်သတ်မှတ်၍စွမ်းဆောင်ရည်တည်ဆောက်ပေးရန်အတွက်အစိုးရနှင့်ပူးတွဲလုပ်ဆောင်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများသည်ဤအခန်းကဏ္ဍကိုဆောင်ရွက်ရန်အလားအလာရှိသူများဖြစ်ကြပါသည်။

## အခြားအလားအလာများ

**နောက်ဆုံးအနေဖြင့် QSEM လေ့လာမှုတွင်ယခင်လေ့လာမှုများ၌စူးစမ်းဖော်ထုတ်ထားသော အလားအလာများကိုအသေးစိတ်ထပ်မံလေ့လာဆန်းစစ်ထားပါသည်။**ဤနေရာတွင်ထူးခြားသောအလားအလာ(၃)ခုကိုမီးမောင်းထိုးပြထားပါသည်။

## မြေယာ

**ယေဘုယျအားဖြင့်မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည်ချောမွေ့စွာတိုးတက်နေသော်လည်းနယ်ပယ်များစွာအတွက်ထပ်မံထည့်သွင်းစဉ်းစားရန်လိုအပ်နေပါသည်။** ပထမအချက်မှာမြို့နယ်အချို့တွင်တိုးတက်မှုမရှိခြင်းကြောင့်ဒေသခံပြည်သူများအတွင်းစိတ်ပျက်မှုဖြစ်စေမည့်အလားအလာများရှိနေပါသည်။လူနည်းစုအုပ်စုများတည်ရှိမှုကိုအသိအမှတ်ပြုခြင်းသို့မဟုတ် ရေနံထွက်ရှိရန်အလားအလာရှိသည့်မြေများပိုင်ဆိုင်မှုကို အသိအမှတ်ပြုခြင်းကဲ့သို့သောအကြောင်း အရာပိုင်းဆိုင်ရာပြဿနာ များရှိနေခြင်းကြောင့်မြေယာမှတ်ပုံတင်ခြင်းကိုမြို့နယ်အချို့တွင်ဆောင်ရွက်ခြင်းမရှိပါ။ပုံမှန်မဟုတ်သည့်မြို့နယ်များကိုခွဲခြားထားရန်ညွှန်ကြားချက်များကလည်းဒေသခံပြည်သူများအကြားခွဲခြားဆက်ဆံရသည်ဟူသောသဘောထားအမြင်ကိုအားပေးနေသဖြင့်ဂရုစိုက်၍စဉ်းစားသင့်ပါသည်။ဒုတိယအချက်မှာမြေယာမှတ်ပုံတင်ခြင်းလုပ်ငန်း၏ကျယ်ပြန့်သောအကျိုးဆက်များနှင့်ပတ်သက်သည့်ကနဦးသာဓကများမှာစတင်လေ့လာသည့်အဆင့်တွင်သာရှိနေပါသေးသည်။ထိုအကျိုးဆက်များတွင်မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေရရှိရေးအတွက်မြေယာကိုအပိုင်းပိုင်းခွဲသည့်ပုံစံဖြင့်အလေ့အထများပြောင်းလဲလာခြင်းသို့မဟုတ်ပိုင်ဆိုင်ကြောင်းတောင်းဆိုနိုင်ရန်အတွက်မြေလွတ်မြေလပ်များတွင်ဝင်ရောက်ကျူးကျော်ခြင်းစသည်တို့ပါဝင်ခဲ့ပါသည်။ဤအလားအလာများကိုသောင့်ကြည့်လေ့လာသင့်ပြီးအရှိန်မြင့်တက်လာမှုများကိုဆန်းစစ်အကဲဖြတ်သင့်ပါသည်။ဤနယ်ပယ်နှစ်ခုလုံးအတွက်မြေယာစီမံခန့်ခွဲရေးနှင့်ပိုင်ဆိုင်မှုလျှော့ကျထားသည့်လုပ်ငန်းစဉ်များ၊ မြေယာဥပဒေသစ်တွင် ဖော်ပြထားချက်များနှင့်ပတ်သက်၍ ဒေသခံများသို့သတင်းအချက်အလက်များထောက်ပံ့ပေးရန်လိုအပ်နေပါသည်။

## လုပ်သားနှင့်စက်ယန္တရား

**လုပ်သားနှင့်ပတ်သက်သည့်အလားအလာများမှာယခင် QSEM လေ့လာမှုများ အရတွေ့ရှိချက်များနှင့်ဆင်တူပါသည်။**လယ်သမားများသည်အလုပ်များသည့်ရာသီများတွင်လုပ်သားရှားပါးသည့်ဖိအားကိုဆက်လက်ခံစားနေရပါသည်။ထို့ကြောင့်ဒေသများစွာတို့တွင်စက်ယန္တရားများအတွက်ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာခဲ့ကြောင်းရှုမြင်နိုင်ပါသည်။ဒေသများအလိုက်ကွဲပြားခြားနားမှုများရှိနေပြီး၊အထူးသဖြင့်အချို့ဒေသများတွင်စက်ယန္တရားအသုံးပြုမှုနည်းပါးသည့်အတွက်စက်မှုလယ်ယာကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုများဆက်လက်ရှိနေပါမည်။အထူးသဖြင့်စက်ယန္တရားများအားမျှတစွာအသုံးပြုစေရန်ရည်ရွယ်သည့်စီမံကိန်းများတွင်ဖြစ်ပါသည်။ဤအဆင့်တွင်စက်ယန္တရားများအသုံးပြုမှုတိုးတက်လာခြင်းကြောင့်လုပ်သားစျေးကွက်ကိုထိခိုက်စေသည်ဟူသောသက်သေသာဓကများမတွေ့ရှိရပါ။ လုပ်သားဈေးကွက်အပေါ်ပိုမိုကြီးမားသောသက်ရောက်မှုမှာကျပန်းလုပ်သားများအတွက်ရာသီချိန်ပြင်ပအချိန်များတွင်ကြိုတင်ခန့်မှန်းနိုင်သောအလုပ်အကိုင်အခွင့်အလမ်းများမရှိခြင်းဖြစ်ပါသည်။ ဤကဲ့သို့သောအချိန်များတွင် ဝင်ငွေဖြည့်ဆည်းပေးနိုင်မည့်အရင်းအမြစ်များကိုသတ်မှတ်ဖော်ထုတ်ရန်လိုအပ်နေကြောင်းကိုအလေးအနက်ထားရပါမည်။

## ငါးဖမ်းလုပ်ငန်း

**အသေးစားနှင့်တစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်သားများသည်အခြေအနေဆိုးရွားမှုကိုဆက်လက်ခံစားနေရဆဲဖြစ်ပါသည်။**QSEM လေ့လာမှုအကြိမ်တိုင်းတွင်အသေးစားနှင့် တစ်ပိုင်တစ်နိုင်ငါးဖမ်း လုပ်သားများ၏ပိုမိုဆိုးရွားလာနေသောအခြေအနေများကိုအလေးထားခဲ့ပါသည်။ထိုငါးဖမ်းလုပ်သားများအတွက်အထူးရည်ရွယ်၍အစိုးရစည်းကမ်းချက်များကိုဖြေလျှော့ပေးခဲ့လင့်ကစား၊ ယခု QSEM 4 လေ့လာမှုတွင်လည်းဆိုးရွားသောအလားအလာကိုဆက်လက်တွေ့ရှိရပါသည်။ဆိုးရွားသောအခြေအနေများမှာ (ဖြစ်နိုင်သည်မှာ) ရာသီဥတုပြောင်းလဲမှုကြောင့်ငါးသယံဇာတများ လျော့နည်းသွားခြင်းနှင့် ရေလမ်းကြောင်းများပြောင်းလဲသွားခြင်းကြောင့်အကျိုးသက်ရောက်နေဟန်ရှိပါသည်။ QSEM ကျေးရွာများတွင်ငါးဖမ်းခြင်းကိုမှီခိုနေရသည့်ကျေးရွာနည်းပါးပါသည်။သို့ဖြစ်၍ဤပြောင်းလဲမှုများကိုဖော်ပြရန်နှင့်ဤပြောင်းလဲမှုများကြောင့် ငါးဖမ်းဆီးရမှုလျော့နည်းသွားခြင်းသို့မဟုတ် အထောက်အကူပြု အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလျော့နည်းသွားခြင်းကို ဖော်ပြရန်အတွက်ကိန်းဂဏန်းအချက်အလက်များပိုမိုလိုအပ်ပါသည်။